7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်




# ၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၉)    2002 rw 7 wi pwixwa0on    ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် ၊ ဗုဒ္ဓဟူး ၊ (မေ ၇ ၊ ၂၀၁၄)


TRI LIVES BRILLIANTLY



*လှိုင်သာယာမြို့နယ်အတွင်းရှိ လိုင်းခန်းတွဲတစ်ခုတွင် ထမင်းစားနေသည့် ကလေးငယ်များအား မေလ၅ရက်ကတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## သမ္မတနှင့် ဝန်မင်းများ၏ ဒီဇိုင်နာ



**အေးသူစံ**

ဦးမောင်အေးသည် သမ္မတဦးသိန်းစိန်အတွက် အနောက်တိုင်းဝတ်စုံ ချုပ်ပေးသူဖြစ်သည်။ အစိုးရဝန်ကြီးအတော်များများမှာလည်း သူ့လက်ရာနှင့်မကင်း။ တစ်ချိန်က လျှမ်းလျှမ်းတောက် စစ်ဗိုလ်ချုပ်ကြီးများဖြစ်ကြသောဗိုလ်ချုပ်မောင်အေး၊ ဗိုလ်ချုပ်စောမောင်တို့အတွက်လည်း ချုပ်ပေးခဲ့ဖူးပြီ။

စာမျက်နှာ ၂ ››

# ဟင်းတစ်တုံး ပေါ်လစီနှင့် လူညှက်မျိုးဆက်

**ဥတ္တာကိုကို၊ ရဲနောင်**

ဂျပန်ငပုဟု မြန်မာတို့က နှိမ့်ချလှောင်ပြောင်ခေါ်ဝေါ်ခဲ့ကြသည့် ဂျပန်လူမျိုးတို့ကို ယခုအခါ ငပုဟု ခေါ်၍မရတော့ပေ။ မြန်မာလူမျိုးများသည် အာဟာရချို့တဲ့မှုကြောင့် လူကောင်သေးညှက်လာကြပြီး အရှေ့တောင်အာရှတွင် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအရ ကမ္ဘောဒီးယား၊ တီမောပြီးလျှင် မြန်မာက တတိယနေရာသို့ ရောက်နေသည်။

စာမျက်နှာ ၁၃ ››

## ကာကွယ်ရန် အချိန်ကျလာသော ဘာသာရေးအထွတ်အမြတ်များ

အချပ်ပို A1 ››



7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# သမ္မတနှင့် ဝန်မင်းများ၏ ဒီဇိုင်နာ

**အေးသူစံ**

ရှစ်ပေပတ်လည်အခန်းကျဉ်းလေးထဲက ဂျပန်ထုတ်အပ်ချုပ်စက်ပေါ်မှာ အင်္ကျီကော်လာစတစ်ကို သေသပ်စွာ ချုပ်လုပ်နေသူတစ်ဦး။ ပူပြင်းလွန်းသောရာသီကြောင့် မျက်နှာတစ်ပြင်လုံးတွင် ချွေးသီးချွေးပေါက်တွေကအပြည့်။ သို့သော်အထည်စကိုအနုပညာမြောက်စွာ ပုံဖော်နေသည့် သူ့လက်များ။ စက်နင်းနေသည့် ခြေထောက်များက စည်းချက်ညီညီ လှုပ်ရှားသက်ဝင်နေသည်။

သူကား စက်ချုပ်ဆရာ ဦးမောင်အေးပင်။ အနောက်တိုင်းဝတ်စုံနှင့် စစ်ယူနီဖောင်းများ ချုပ်ရာတွင် မြန်မာပြည်ရှိ နာမည်ကျော်စက်ချုပ်ဆရာများထဲမှ တစ်ဦးဖြစ်ပြီး နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အစိုးရဝန်ကြီးများအတွက် အနောက်တိုင်းဝတ်စုံများကို တာဝန်ယူချုပ်လုပ်ပေးလျက်ရှိသည်။

သမ္မတဦးသိန်းစိန်သည် ရန်ကုန်မြို့လယ်ကောင်က ဖက်ရှင်ပဲလေ့စ်အပ်ချုပ်ဆိုင်တွင် ပိတ်စနှင့်ကိုယ်တိုင်းတို့ကိုပေး၍ ပုံမှန်အပ်နှံလေ့ရှိပြီး ထိုဆိုင်က ဦးမောင်အေးလို ပညာရှင်ကို လခပေး၍ တစ်ဆင့်ပြန်လည်အပ်နှံလေ့ရှိသည်။

"သမ္မတကို တစ်ခါမှ ကိုယ်တိုင်မတိုင်းဖူးဘူး။ ဒါပေမဲ့ သူ့အတွက်ချုပ်ရတာများတော့ သူ့ကိုယ်တိုင်းကို အလွတ်တောင်ရနေပြီ။ အခုနောက်ဆုံးဂျပန်သွားတုန်းကအနောက်တိုင်းဝတ်စုံနှစ်စုံချုပ်ပေးထားတယ်"ဟု သမ္မတ၏ကိုယ်တိုင်းကိုနှုတ်က အလွတ်ရွတ်ပြရင်း ဦးမောင်အေးကပြောသည်။



*အပ်ချုပ်စက်တစ်လုံးနှင့်အမျိုးသားဝတ်အင်္ကျီတစ်ထည်ချုပ်နေသည့် ဦးမောင်အေး*

ဓာတ်ပုံ–ကျော်ဇင်သန်း

ဖက်ရှင်ပဲလေ့စ်က ဦးမောင်အေးထံ အပ်နှံချုပ်လုပ်စေသလိုသမ္မတအား စပွန်ဆာပေးချင်သူများ လာအပ်ကြသည်များလည်းရှိသည်။

"သမ္မတကိုယ်တိုင်းကို သိနေတော့ သမ္မတကို ကန်တော့ချင်တဲ့သူတွေက ချုပ်ပေးဖို့ လာအပ်တာလည်း ရှိပါတယ်"ဟု ၎င်းကဆိုသည်။

ယခင်စစ်အစိုးရလက်ထက် ဖက်ရှင်ပဲလေ့စ်ဆိုင်တွင် လက်ခစားဝန်ထမ်းလုပ်ခဲ့စဉ် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်အေး၊ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်စောမောင် အပါအဝင် စစ်ဗိုလ်ချုပ်ကြီးများအတွက် ယူနီဖောင်းဝတ်စုံများစွာချုပ်ပေးခဲ့ရသည်။

စစ်ဗိုလ်ချုပ်ကြီးများအတွက် ဝတ်စုံချုပ်ရာတွင် ကြုံတွေ့ခဲ့ရသည့် အမှတ်တရအဖြစ်အပျက်များကို သူကပြန်ပြောင်းပြောပြသည်။

"သူတို့ PSO တွေက မှာတာပဲလုပ်။ ဘာစကားမှ မပြောနဲ့ဆိုပြီး ပြောခွင့်လည်း မပေးဘူး။ ဗိုလ်ချုပ်ကြီးတွေကို ကိုယ်တိုင်း တိုင်း





*ဂျပန်ခရီးစဉ်အတွင်း သမ္မတဝတ်ဆင်ခဲ့သည့် အနောက်တိုင်းဝတ်စုံ*

နေချိန်မှာ စိတ်ပူတာ၊ စိုးရိမ်တာတော့မရှိပါဘူး။ ကျွန်တော့်ပညာကျွန်တော်ယုံတယ်”ဟု ယခု Right 2 အမည်ဖြင့် ကိုယ်ပိုင် အပ်ချုပ်ဆိုင်ကို အင်းစိန်ရွာမတွင် ဖွင့်လှစ်ထားသော ဦးမောင်အေးက ယုံကြည်မှုအပြည့်ဖြင့်ပြောသည်။

ထိုသို့နိုင်ငံ့ခေါင်းဆောင်ကြီးများ၏အဝတ်အစားများကိုဖန်တီးချုပ်လုပ်ပေးနေသော သာကေတသား ဦးမောင်အေးမှာ ငယ်စဉ်ကဖခင်၏ လက်ငုတ်လက်ရင်း ဖြစ်သောစက်ချုပ်အလုပ်ကိုလုံးဝစိတ်မဝင်စားပေ။ ကလေးသဘာဝလည်ရင်း ပတ်ရင်း ရပ်ကွက်အတွင်းရှိ မူးယစ်ဆေးဝါးရောင်းသည့် အိမ်ကို ဝင်ထွက်သွားလာမိရာမှ ဆေးခြောက်လာဝယ်သောလူမိုက်ကြီးများနှင့် ပေါင်းသင်းမိသည်။

အရွယ်နှင့် မလိုက် ဆေးခြောက်အသယ်အပို့လုပ်ခြင်းဖြင့်ငွေ လေးငါးခြောက်ကျပ် လွယ်လွယ်ကူကူရသည့်ဘဝကို သာယာခဲ့သည်။ လွယ်လွယ်ရ၊ လွယ်လွယ်ဖြုန်းရင်းက ရန်ကုန်ခါးပိုက်နှိုက်လောကတွင်လည်းကျင်လည်ခဲ့သည်။

၁၉၈၀ မှ ၈၈ ကာလအထိ ခါးပိုက်နှိုက်လောကတွင်“ကုလားမ ဟော့”ဆိုလျှင် မသိသူမရှိ။ ရန်ကုန်ကို ဒီလိုခါးစောင်းတင်ခဲ့သော မောင်အေးဖြစ်သည်။

ခါးပိုက်နှိုက်ဆရာတစ်ဆူဖြစ်သော်လည်း တစ်ခါမှ ခါးပိုက်နှိုက်မှုဖြင့် ထောင်မကျ။ ခိုးမှု၊ မသင်္ကာမှု၊ လူရိုက်မှုတို့ဖြင့်သာ ထောင်ကျခဲ့သည်။ ၁၉၈၈ အရေးအခင်းအပြီးတွင် ဆရာတော် ဦးဝိမာလနှင့်တွေ့ဆုံပြီးနောက် ဗုဒ္ဓ၏ အဆုံးအမများ၊ တရားတော်များကို ယုံကြည်သက်ဝင်လိုက်စားလာကာ ခါးလောကကို အပြီးတိုင်စွန့်လွှတ်၍ စက်ချုပ်ဆရာဘဝကိုသာယတိပြတ်ရွေးချယ်ခဲ့သည်။

သူချုပ်ပေးလိုက်သော ဝတ်စုံများကို အကြီးအကဲများက တစ်ခါမှ Complain မတက်ခဲ့ဖူးပေ။ သို့သော် မောင်အေးထံ အပ်နေရာမှအခြားလူကိုစက်ဆိုင်ကြီးများကပြောင်းအပ်လျှင်တော့ ပြဿနာတက်တတ်သည်ဟု ဆိုပါသည်။

“စက်ဆရာပြောင်းတာနဲ့လူကြီးတွေက ချက်ချင်းသိတယ်။ ဘောင်းဘီက ထိုင်လိုက်တာနဲ့ဖိနပ်အပေါ်တက်လာပြီး ခြေစွပ်ပေါ်လာတာတို့၊ ထိုင်ခါနီး ဘောင်းဘီဆွဲတင်ရတာတို့ဖြစ်တာပေါ့။

ကိုယ်ချုပ်ပေးထားတဲ့ သမ္မတတို့၊ ဝန်ကြီးဦးအုန်းမြင့်တို့၊ ဦးမြင့်လှိုင်တို့ဆို တီဗီမှာတွေ့ရင်တစ်ချိန်လုံးဂရုစိုက်ကြည့်တယ်။ ကိုယ်ချုပ်ပေးတာကို သူတို့ဝတ်ထားတာ ဘယ်နေရာလိုအပ်နေလဲ။ နောက်တစ်ခါ ဘယ်လိုပိုကောင်းအောင်ချုပ်မလဲ အမြဲလေ့လာတယ်”

သူ့လက်ရာကို လူကြိုက်များရခြင်းက ဂျပန်နည်းဖြင့် ပိတ်စညှပ်ခြင်း(Cutting) ပိုင်းကျွမ်းကျင်၍ ဖြစ်သည်။ Cutting ကျွမ်းကျင်သပ်ရပ်မှုကြောင့် သူချုပ်သည့်အနောက်တိုင်းဝတ်စုံများမှာ ခန္ဓာကိုယ်ပေါ်တွင် အမြဲသပ်ရပ်စမတ်ကျနေတတ်သည်။

စက်ဆရာဘဝအမှတ်တရအဖြစ်ဆုံးက ၁၉၈၄ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ၃၆ လမ်းထိပ်က အခမီးအပ်ချုပ်ဆိုင်တွင်အနောက်တိုင်း ဝတ်စုံလာအပ်သည်။ ထိုစဉ်ကမောင်အေးမှာ အခမီး၏ လက်ခစားစက်ချုပ်သမား။ ညနေမှလာအပ်သည့်ဝတ်စုံကို မနက်ဖြန်မနက် ၇ နာရီယူမည်ဆို၍ တစ်ညလုံး မအိပ်ဘဲ ချုပ်ပေးခဲ့ရသည်။

“မနက်ခြောက်ခွဲမှာ အင်ဒိုသမ္မတက လာဝတ်ကြည့်တယ်။ ကြိုက်လို့ Tailor ခေါ်ပါဆိုပြီး အဲဒီတုန်းက ဒေါ်လာတစ်ရာ မုန့်ဖိုးပေးသွားတယ်။ ဒါပေမဲ့ ကျွန်တော်က လက်ခစားဆိုတော့ အဲဒီပိုက်ဆံဆိုင်ရှင်ပဲယူထားတယ်”

သူချုပ်ပေးရသူထဲတွင် မင်းသားနေအောင်၊ လွင်မိုး၊ အဆိုတော် ဇော်ဝင်းထွဋ်၊ မျိုးကြီးတို့လို အနုပညာသမားများလည်း ပါဝင်သည်။

“၁၉၈၄ မှာ ရိုက်တဲ့ မီလာရှိကာစိုင်းဗေဒါတစ်ကားလုံး နေအောင်ဝတ်တဲ့အဝတ်အစားတွေ ကျွန်တော်ချုပ်ပေးခဲ့တာပေါ့”ဟု ဆိုသည်။

ထိတ်ထိတ်ကြဲလူကြီးပိုင်းနှင့်နာမည်ကျော်များအတွက် ဝတ်စုံချုပ်လုပ်ပေးရသော ဦးမောင်အေးတွင် ငွေကြေးဥစ္စာပိုင်ဆိုင်မှုကသိပ်များများစားစားမရှိ၊ နာမည်ကြီးဆိုင်ကြီးတွေကဲ့သို့ ငွေသိန်းထောင်ပေါင်းများစွာ မရင်းနှီးနိုင်၍ မောင်အေးအပါအဝင် စက်ဆရာပညာရှင်အချို့ယခုထိဆိုင်ကြီးတွေ၏ လက်ဝေခံအလုပ်သမားအဆင့်ကနေ မတက်နိုင်သေး။

အသက် ငါးဆယ်ကျော်စအရွယ်တွင် သားသမီးတွေ လက်လွှတ်သွားပြီဖြစ်၍ ဆိုင်ကြီးတွေမျက်နှာကြည့်ပြီး ဝန်ထမ်းဘဝဖြင့်မကျင်လည်လိုတော့။ ထမင်းတစ်နပ်အတွက် ရှစ်ပေပတ်လည် ဆိုင်ခန်းကျဉ်းလေးငှားပြီး တစ်နိုင်တစ်ပိုင်အပ်ထည်လေးများနားနားနေနေလက်ခံချုပ်ရင်း တစ်ဖက်ကရပ်ရေးရွာရေး၊ လူမှုရေးလုပ်သည်။လူကောင်းဖြစ်အောင်လမ်းညွှန်ပေးသော ဗုဒ္ဓအဆုံးအမကိုနာယူကျင့်ကြံအားထုတ်ပြီးဘဝကိုသက်သောင့်သက်သာဖြတ်သန်းရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

“ဆိုးခဲ့ဖူး၊ မိုက်ခဲ့ဖူးပြီ။အလုပ်တွေလည်း အများကြီး လုပ်ခဲ့ဖူးပြီ။ လူငယ်တွေကို မှာချင်တာကဆိုးတဲ့ မိုက်တဲ့ဘဝ ဘယ်တော့မှကောင်းကောင်း အိပ်လို့မပျော်၊ စားလို့မဝင်ဘူး။ ကျွန်တော့်လိုအသက်မွေးဝမ်းကျောင်းမတတ်လည်းသမ္မာအာဇီဝအလုပ်ကိုကြိုးစားကြည့်ကြပါ”




SAMSUNG
SUPER
SUMMER
SAVER
ကမ္ဘာအဆင့်မီ
ရေခဲသေတ္တာကို
ဒီနေ့ပဲအိမ်အရောက်
သယ်ဆောင်သွားလိုက်ပါ။
Promotion အစီအစဉ်မှာ ပါဝင်တဲ့ Samsung
Refrigerator ဝယ်ယူသူတိုင်းလက်ဆောင်ရမည့်အခွင့်အရေး
FREE
Luminarc
Crystal Jug
with 1 Door
Refrigerator
FREE
Mectronic
Safeguard
with 2 Door
Refrigerator
Samsung Brand Shop
တွေနဲ့ကိုယ်စားလှယ်ဆိုင်တွေမှာ
အခုပဲဝယ်ယူလိုက်ကြရအောင် . . .
ပစ္စည်းကျန်တဲ့အထိပဲနော်။
Promotion Lasts till 31st May.
Technology
that speaks for itself!
Digital inverter technology
keeps it fresh
Samsung Customer Contact Center Ph: (01) 2399888

Life
7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# နာဂအတွက် လမ်းနှင့်မီး

**နန်းအောင်**



*နန်းယွန်းနှင့် လဟယ်မြို့ကြား ကျေးရွာတစ်ရွာမှ ကလေးငယ်များအားတွေ့ရစဉ်*

ဓာတ်ပုံ – ကျင်းဆောင်

ခန္ဓာကိုယ်အောက်ပိုင်း လုံအောင်ကြေးမောင်းလေးဖြင့် အုပ်ကာ ကိုယ်လုံးတီးနီးပါး ကခုန်လေ့ရှိသော နာဂလူမျိုးများကို ပြည်တွင်းကသာမဟုတ် ကမ္ဘာကပါ သိကြသည်။

နာဂလူမျိုးများနေထိုင်သည့် လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်သုံးခုကိုစုပေါင်း၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟု သတ်မှတ်ထားသည်။ လက်ရှိတွင် မြို့နယ်ကြီးသုံးခုအပါအဝင် ဒုံဟီး၊ ပန်ဆောင်၊ ထန်ပါကွေ၊ မိုဝိုင်းလွတ်၊ ဆွမ္မရာဟူ၍ မြို့နယ်ခွဲ ငါးမြို့ကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

နာဂတောင်ပေါ်ဒေသဖြစ်သည့် နန်းယွန်း၊ ပန်ဆောင်ဒေသသို့ သွားလျှင် ကချင်ပြည်နယ်အတွင်းရှိ တနိုင်းမြို့မှ နာဂတောင်ပေါ်ခရီးစဉ်ကို စတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ တနိုင်းမြို့သို့ ရောက်လျှင် ခရီးသွားညှိသည်များ မိမိတို့တွင် ပါလာသည့် အထုပ်အပိုးများအား ဆိုင်ကယ်နောက်ခြမ်းတွင် တုပ်ချည်ကြရမည်ဖြစ်သည်။ အကြောင်းမှာ ဆိုင်ကယ်များ တောင်ပေါ်တက်သည့်အခါ နောက်သို့ ပြုတ်ကျမသွားအောင်ဖြစ်သည်။

နန်းယွန်း၊ လေရှီးနှင့် လဟယ်မြို့များတွင်မူ ပို့ဆောင်ဆက်သွယ်ရေးက သိပ်မဆိုးလှ။ ပန်ဆောင်ကဲ့သို့သော မြို့နယ်ခွဲ များအတွက်မူ အစစအရာရာ ခက်ခဲနေသေးသည်။

နန်းယွန်း၊ ပန်ဆောင်ဒေသသို့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ မိုင်နှစ်ရာခရီးကို သွားကြရမည်ဖြစ်ပြီး တနိုင်းမြို့အထိ မှန်လုံကားများဖြင့် သွားရောက်နိုင်သည်။ တနိုင်းမြို့မှ နန်းယွန်း၊ ပန်ဆောင်ဒေသကို ဆိုင်ကယ်များဖြင့်သာ အဓိက အားပြုသွားလာနေကြရသည့် ခရီးဖြစ်သည်။

တနိုင်းမြို့မှ ရှင်ဗွေယန်မြို့အထိ မိုင် ၆၀ ခရီး သွားရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မိုင် ၆၀ ကျော်ခရီးကို ဆက်သွားလျှင် ပန်ဆောင်ဒေသသို့ ရောက်ရှိမည်ဖြစ်သည်။ တနိုင်းမြို့မှ ပန်ဆောင်ဒေသအထိ ဆိုင်ကယ်ကယ်ရီခမှာ ပွင့်လင်းရာသီတွင် ရှစ်သောင်းကျပ်မျှရှိပြီး မိုးရာသီကာလ ခရီးသွားလျှင် ကျပ်တစ်သိန်းနှစ်သောင်းအထိ ပေးကြရသည်။

"ပွင့်လင်းရာသီမှာ သွားရင်တော့ ကယ်ရီခ နည်းနည်းသက်သာတာပေါ့။ မိုးတွင်းမှာ ခရီးသွားရင်တော့ ကယ်ရီခလည်း ပိုပေးရတယ်။ ကယ်ရီသမားတွေကလည်း စွန့်စွန့်စားစားနဲ့ သွားနေရတော့ ပိုပေးရတာပေါ့" ဟု ပန်ဆောင်ဒေသခံ ကိုလော်လော်က ပြောသည်။

**စာမျက်နှာ (၇)သို့**


# SUMMER GETAWAYS
## WITH ALL-IN FARES AND 30KG BAGGAGE ALLOWANCE

SINGAPORE
FROM USD 220
RETURN

DENPASAR | JAKARTA
SURABAYA | YOGYAKARTA
FROM USD 578
RETURN

CHENNAI | KOCHI
KOLKATA | MUMBAI
FROM USD 798
RETURN

ADELAIDE | BRISBANE
MELBOURNE | SYDNEY
FROM USD 1,128
RETURN

FRANKFURT | LONDON
FROM USD 1,268
RETURN

From now to 30 September 2014, transit in Singapore and receive a complimentary S$20 Changi Dollar Voucher for fabulous shopping and dining or exclusive access to the Ambassador Transit Lounge.



singaporeair.com

SILKAIR
SINGAPORE AIRLINES
A STAR ALLIANCE MEMBER

Fares are available from these authorised travel agents:

| | | | | | | | |
|---|---|---|---|---|---|---|---|
| AMTRA TRAVEL | TEL: 393 304, 393 035 | HTOO TRAVEL | TEL: 860 3766, 860 3767 | SAW PORN PHAN | TEL: 373 234, 224 883 | THAN THAN TRAVEL | TEL: 255 034, 255 035 |
| COLUMBUS TRAVEL | TEL: 229 245, 378 535 | NICE FARE TRAVEL | TEL: 393 088, 245 378 | SUN FAR TRAVEL | TEL: 243 993, 255 338 | WORLD CONNECT TRAVEL | TEL: 218 181, 218 182 |

All advertised fares are per person in Economy Class and include the price of the air ticket, associated taxes and surcharges, correct as at 24 April 2014. The fare to Singapore is available from now to 23 May 2014, for travel out of and into Yangon from now to 28 May 2014. The fares to all other destinations are available from now to 27 June 2014, for travel out of and into Yangon from now to 31 August 2014. All fares quoted are subject to seat availability and currency fluctuation. Fares are only available at the authorised travel agents listed above, and may be subject to additional service fees. Change of passenger name is not allowed but date changes are allowed, subject to an administrative fee. Tickets are non-refundable, cannot be used in conjunction with upgrade awards and are not interchangeable for travel on other airlines. Tickets are eligible for mileage accrual at 10% of the actual miles flown. Other terms and conditions apply. For special fares to other destinations, please check with the appointed travel agents.

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014




ချက်ကြရအောင်

ဝိုက်ဖီ



## မန်ကျည်းရွက်သနပ်

ဒီတစ်ပတ်တော့ ဝိုက်ဖီက မန်ကျည်းရွက်သနပ်သုပ်လေး လုပ်ထားပါတယ်။

မန်ကျည်းရွက်သနပ်လုပ်ဖို့ ရေနွေးကို ဆားထည့်ပြီး ဆူအောင်တည်ပြီး မန်ကျည်းရွက်အစိမ်းပေါ် လောင်းချပါ။ မန်ကျည်းရွက်နွမ်း (အဝါရောင်ဖြစ်) သွားရင် ရေစင်အောင်ညှစ်ပြီး ပလတ်စတစ်အိတ်ထဲ ထည့်ပြီး အထုပ်ကလေးတွေထုပ်ပါ။ ပြီးရင် အထုပ်ကလေးတွေကို ဆားရေနဲ့စိမ်ထား။ တစ်ပတ်လောက် ကြာရင် ထုတ်စားလို့ရပါပြီ။ ရေစိမ်ထားတဲ့ အတိုင်း အထုပ်ကလေးတွေကို နောက်နှစ်မန်ကျည်းရွက်ပေါ်ချိန် ထိ သိမ်းထားပြီး စားလို့ရပါတယ်။

မန်ကျည်းရွက်သနပ်ကို ကြက်သွန်နီ၊ မြေပဲ၊ ငရုတ်သီးစိမ်း၊ ဆီစိမ်းစမ်းပြီး သုပ်ရုံပါပဲ။

မန်ကျည်းရွက်သနပ်က ခုလိုသုပ်ရုံတင်က အသားဟင်းတစ်မျိုးမျိုးနဲ့ အချဉ်အစားထိုးတွဲဖက်ပြီး ချက်လို့လည်းရပါတယ်။






7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



စာမျက်နှာ (၅)မှ

## နာဂအတွက် လမ်းနှင့်မီး

ဒုတိယကမ္ဘာစစ်အတွင်း ဖောက်လုပ်ထားခဲ့သည့် ကမ္ဘာကျော်လမ်းမကြီးဖြစ်သည့် စတီးဝဲလ်လမ်းမခေါ် လီဒိုလမ်းမကြီးအတိုင်း သွားကြရမည်ဖြစ်ပြီး တောတောင်လျှိုမြောင်တွေကြားမြွေလိမ်မြွေကောက်ဖြင့် ဖောက်လုပ်ထားသည့် လီဒိုလမ်းမကြီး၏ တောတောင်သဘာဝရှုခင်းအလှများကို ဖြတ်သန်းသွားရမည်။

အိမ်ခြေပေါင်းငါးရာကျော်ခန့်ရှိသည့် မြို့နယ်ခွဲတစ်ခု ဖြစ်သော ပန်ဆောင်မြို့သည် ကမ္ဘာ့ဆက်သွယ်ရေး လမ်းမကြီး ဖြစ်သည့် လီဒိုလမ်းမကြီးပေါ်တွင် တည်ထားသည့်မြို့ငယ်လေးတစ်မြို့ဖြစ်သည်။ ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံ လီဒိုမြို့မှ မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြီးနား၊ မူဆယ်–လားရှိုးမှတစ်ဆင့် တရုတ်နိုင်ငံကူမင်းအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် အဓိက ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် တည်ရှိသော်လည်း နန်းယွန်း၊ ပန်ဆောင်ဒေသအတွက် လမ်းပန်းဆက်သွယ်ရေးမှာ ဖွံ့ဖြိုးမှု နောက်ကျနေဆဲဖြစ်သည်။

မြန်မာအစိုးရသစ်ပြောင်းလဲပြီးနောက်ပိုင်း သက်တမ်းသုံးနှစ်ကျော်ကာလအတွင်း ဒေသလမ်းတံတား ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော်လည်း ယနေ့အချိန်ထိ မြေသားလမ်း တိုးချဲ့အဆင့်သာရှိနေသေးသဖြင့် ဒေသခံ နာဂတိုင်းရင်းသားများမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုပြဿနာကို ရင်ဆိုင်နေရဆဲဖြစ်သည်။

“အရင်ကထက်စာရင်တော့ လမ်းပန်းဆက်သွယ်ရေး နည်းနည်းကောင်းလာတယ်လို့ ပြောလို့ရပေမယ့် ဒါကလည်း ပွင့်လင်းရာသီလောက်ပဲ အဆင်ပြေတာပါ။ ကျန်တဲ့အပိုင်းတွေမှာလည်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲလာတာမရှိသေးပါဘူး” ဟု ပန်ဆောင်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဦးစိမ်းမောင်က ပြောသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်ဖြစ်ပေါ်လာသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုပြဿနာကို အဓိကရင်ဆိုင်နေရခြင်းဖြစ်ပြီး မြစ်ကြီးနားဘက်မှ တင်သွင်းလာသည့် အဓိက လူသုံးကုန်ပစ္စည်းများကို ဒေသခံလူထုက ဈေးကြီးပေးကာ ဝယ်သုံးနေကြရသည်။

မြစ်ကြီးနား – မန္တလေးနှင့် ရန်ကုန်မြို့များတွင် ရေသန့်တစ်ဘူးကို ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူ၍ ရနိုင်သော်လည်း နန်းယွန်း၊ ပန်ဆောင်ဒေသတွင် ရေသန့်တစ်ဘူး ကျပ်တစ်ထောင် ပေးဝယ်ကာ ဝယ်သုံးနေရဆဲဖြစ်သည်။

လျှပ်စစ်မီးအတွက် မြို့ပေါ်ရပ်ကွက်များတွင် တစ်နေ့သုံးနာရီ မီးစက်မောင်းပေးလျက်ရှိသော်လည်း အခြေခံကျေးလက်ဒေသများတွင် မီးအလင်းရောင်ရရှိရန် ဖယောင်းတိုင်ကိုသာ အဓိကအားပြုနေရဆဲဖြစ်သည်။

“မြို့နယ်တစ်ခုထဲမှာ တောင်မှ မြို့ပေါ်ရပ်ကွက်တစ်ခုပဲ မီးရတယ်။ တခြားရပ်ကွက်တွေမှာက မီးမရဘူး။ လျှပ်စစ်မီးပြတ်တောက်သွားရင်လည်း ဒါကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးတာ ဘာမှမရှိဘူး”ဟုဦးစိမ်းမောင်က ပြောသည်။

မိသားစုဝင်ငွေအနည်းငယ်တတ်နိုင်သည့်သူများက ဆိုလာမီးများကို အသုံးပြုကြသော်လည်း ဆယ်အိမ်လျှင် သုံးအိမ်ခန့်သာ အသုံးပြုနိုင်ကြသည်။

“ဒီမှာက ဘာပဲဝယ်ဝယ် အနည်းဆုံးတန်ဖိုးကတော့ တစ်ထောင်ပေးရတယ်”ဟုပန်ဆောင်ဒေသခံ ကိုလော်လော်က ပြောသည်။

ပန်ဆောင်မြို့သည် မြန်မာ–အိန္ဒိယနယ်စပ်မြို့ဖြစ်သည့်အတွက် မိသားစုမီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ဆီ၊ ဆား၊ ကြက်သွန်နှင့် မုန့်ပဲသရေစာများကို အိန္ဒိယမှ အဓိကဝယ်ယူသုံးစွဲနေရခြင်းဖြစ်ပြီး အဝတ်အထည်နှင့် အခြားကုန်ပစ္စည်းများမှာ မြစ်ကြီးနားဘက်မှတင်သွင်းလာသည့် ကုန်ပစ္စည်းများကိုသာအဓိကအားထားနေကြရသည်။

ဒေသခံများအတွက် ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာမြေများရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်စားသောက်နိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဈေးကွက်မရှိခြင်းကြောင့် မိသားစုဝင်ငွေရရှိရန် အခက်အခဲများစွာရှိသည်။ မိသားစုတစ်စုတွင် ပျမ်းမျှလူတစ်ဦးဝင်ငွေမှာ နှစ်ရာကျပ်ဝန်းကျင်သာ ရှိသည်။

ယခင်က နာဂလူမျိုးများသည် ရေမြေဒေသတစ်ခုတည်းတွင် စုစည်းနေထိုင်ခဲ့ကြရာမှ ဦးနုလက်ထက်တွင် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ နယ်နိမိတ်စည်းမျဉ်းသတ်မှတ်ရာမှ နာဂလူမျိုးများသည် မြန်မာအိန္ဒိယနှစ်နိုင်ငံတွင် နေထိုင်ကြသည့် လူမျိုးအဖြစ် ရပ်တည်နေကြရသည်။ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေမှာ သုံးသိန်းခန့်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်နိုင်သည့် သဘာဝရှုခင်းအလှအပဝန်းကျင်များရှိသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် လာရောက်လည်ပတ်မှုမရှိသလောက်ပင်ဖြစ်သည်။

“အိန္ဒိယဘက်ကတော့ တစ်ခါတလေ လေးငါးယောက်တစ်ဖွဲ့ နေ့ချင်းပြန် အလည်လာကြတယ်။ သူတို့က နောင်ယန်းအင်းကို အဓိက စိတ်ဝင်စားပြီး အလည်လာကြတယ်။ ဒီဒေသကလည်း ခရီးသွားလာရေးလုပ်ငန်း လုပ်မယ်ဆိုရင် စိတ်ဝင်စားစရာကောင်းတဲ့ ဒေသတစ်ခုဖြစ်လာနိုင်တယ်” ဟု ဦးစိမ်းမောင်က ပြောသည်။

လက်ရှိအစိုးရလက်ထက်တွင် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး အဆောက်အအုံများအား တိုးချဲ့ဆောက်လုပ်ပေးနေသော်လည်း ဒေသတွင်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းအင်အားများစွာလိုအပ်မှုရှိနေသည့်အတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင်လည်း ဖွံ့ဖြိုးမှု နိမ့်ကျနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုနောက်အကျဆုံးဒေသဟု ဆိုသည့် ချင်းပြည်နယ်တွင် ပညာသင်နှစ် တစ်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသားဦးရေ တစ်ထောင်ကျော်အောင်မြင်လျက်ရှိသော်လည်း နာဂဒေသဖြစ်သည့် နန်းယွန်း၊ ပန်ဆောင်ဒေသများတွင် တစ်နှစ်လျှင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူဦးရေ သုံးဆယ်ပင်မပြည့်ဘဲရှိနေဆဲဖြစ်သည်။

အုပ်ချုပ်ရေးအာဏာအမြင့်ဆုံး နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အပါအဝင် လွှတ်တော်များတွင် နာဂတိုင်းရင်းသားများကိုယ်စား အသံထုတ်လာနိုင်ခဲ့သည်။

ထိုကဲ့သို့ နာဂဒေသအရေးကို ဆောင်ရွက်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိနေသော်လည်း သုံးနှစ်ခွဲကာလအတွင်း ထူးခြားမှု ကြီးကြီးမားမား ပြစရာမရှိပေ။

သို့သော် အဆိုပါလွှတ်တော်ကြီးမှ ဆုံးဖြတ်ပေးလိုက်သည့် ဝန်ထမ်းလစာတိုးမြှင့်ပေးလိုက်သည့် ဆုံးဖြတ်ချက်၏ နောက်ကွယ်မှ လိုက်လာသည့် ကုန်ဈေးနှုန်းမြင့်တက်လာမှု ပြဿနာကို နေပြည်တော်မှ မိုင်ပေါင်းရှစ်ရာကျော် ဝေးကွာသည့် ပန်ဆောင်မြို့လေးတွင်တော့ ခါးခါးသီးသီး ရင်ဆိုင်နေရပြီဖြစ်သည်။



7Day NEWS JOURNAL
Vol.13, No.9 ▪ MAY 7 , 2014

# ငြိမ်းချမ်းရေးနှေးနှေး၊ မြန်မြန်

▪အောင်သူရ



ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနေစဉ်

ဓာတ်ပုံ– အောင်သူရ

ဧပြီလကုန်ပိုင်းတွင် ထူးခြားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုနှစ်ခုရှိသည်။ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူးတူးစေးဖိုးက 'ဝ'ပြည်သွေး စည်းညီညွတ်ရေးပါတီနှင့် ရှမ်း ပြည်နယ်အရှေ့ပိုင်းဒေသ(၄) အဖွဲ့တို့ကိုတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ သွားရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ အဖွဲ့နှစ်ဖွဲ့စလုံးမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တစ်နိုင်ငံလုံးအပစ်ရပ်မူကြမ်းရေးဆွဲရေး ကျင်းပခဲ့သည့် ညီလာခံသို့ နှစ်ကြိမ်စလုံး တက်ရောက်ခြင်း မရှိခဲ့ပေ။

တွေ့ဆုံဆွေးနွေးအပြီး ဧပြီ ၂၆ ရက် ရက်စွဲဖြင့် ပူးတွဲကြေညာချက်နှစ်စောင် ထုတ်ပြန်ခဲ့ကြသည်။ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးနှင့် KNU ပူးတွဲထုတ်ပြန်ချက်တွင်ပြည်ထောင်စုအစိုးရနှင့်တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားနေသည့် ပဋိပက္ခများကိုနိုင်ငံရေးနည်းဖြင့် အပြန်အလှန်ဆွေးနွေးရန် တန်းတူညီတူညှိနှိုင်းဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းစွာဖြေရှင်းသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် သဘောတူသည်ဟု ပါရှိသည်။

ထို့အပြင် စစ်ရေးနည်းဖြင့် ပြဿနာများကို ဖြေရှင်းခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်ပျက်စီးစေသဖြင့် လုံးဝဆန့်ကျင်ကြောင်း နှစ်ဦးသဘောတူသည်ဟုလည်း ဖော်ပြပါရှိသည်။

အထူးဒေသ (၄) အဖွဲ့နှင့် KNU ပူးတွဲထုတ်ပြန်ချက်တွင်မူ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တန်းတူညီတူဆွေးနွေးညှိနှိုင်းခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းဖြင့် နိုင်ငံရေးဆွေးနွေးမှုပြုလုပ်မည်ဟုသဘောတူညီကြပါသည်ဟု ပါရှိသည်။

ထိုပူးတွဲကြေညာချက်နှစ်ခုနှင့် ပတ်သက်၍ "ငြိမ်းချမ်းရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သွားမယ်လို့ပြောတာပဲ"ဟု မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးဗဟိုဌာနမှ အပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးရာတွင် 'ဝ'ပြည်သွေး စည်းညီညွတ်ရေးတပ်မတော်နှင့် အထူးဒေသ (၄)အဖွဲ့တို့မှာ ပါဝင်လာနိုင်သည့်အနေအထားဖြစ်သည်။

အင်အားကြီးအဖွဲ့ နှစ်ခုဖြစ်သော 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် အထူးဒေသ (၄) အဖွဲ့တို့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးတွင် ပါဝင်လာနိုင်သော်လည်း အခြားအင်အားကြီးအဖွဲ့တစ်ဖွဲ့ဖြစ်သော ကချင်လွတ်မြောက်ရေးအဖွဲ့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် တပ်မတော်တို့ကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြား တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာနိုင်ကြောင်း မြန်မာ့အရေးလေ့လာသူအချို့က သုံးသပ်ကြသည်။

"မြန်မြန်သွားချင်တဲ့အဖွဲ့နဲ့ နှေးနှေးသွားချင်တဲ့အဖွဲ့တွေကြား နှစ်ဖွဲ့ဖြစ်သွားနိုင်တယ်"ဟု ဒေါက်တာ မင်းဇော်ဦးကပြောသည်။

လက်ရှိတွင်လည်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့ကြား အပစ်အခတ်ရပ်စဲရေးမူကြမ်းတစ်ခုရေးဆွဲရာတွင်သဘောထားကွဲလွဲမှုများရှိနေသည်။

"လက်နက်ကိုင်အဖွဲ့အစည်းတွေ ဆိုပေမဲ့ ယဉ်ကျေးမှု၊ လွတ်မြောက်နယ်မြေ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်စတဲ့ အကျိုးစီးပွားက မတူကြဘူး"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF) ဗဟိုကော်မတီဝင်ကိုလွမ်းဏီကသုံးသပ်သည်။

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့တက်လာပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ငြိမ်းချမ်းရေးဆွေးနွေးရန် ၂၀၁၁ ခုနှစ်ဩဂုတ်တွင် စတင်ကမ်းလှမ်းခဲ့သည်။ ထိုနောက် ၂၀၁၁ နှစ်ကုန်ပိုင်းမှစ၍ ရှမ်းပြည်အခြေစိုက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပဏာမအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့ကြသည်။

ကရင်အမျိုးသားအစည်းအရုံးနှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီတွင် ပဏာမအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုကဲ့သို့လက်မှတ်ရေးထိုးထားသော်လည်း တိုက်ပွဲများဖြစ်ပွားမှုရှိခဲ့သည်။

ထို့ကြောင့်ခိုင်မာသည့်အပစ်အခတ်ရပ်စဲရေးရရှိရန်အတွက် တိုင်းရင်းသားအားလုံးပါဝင်သည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ရန် ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းမှာစ၍ နှစ်ဖက်စလုံးက ကြိုးစားခဲ့ကြသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုပြီးမှသာ နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဆောင်ရွက်မည်ဖြစ်သည်။

လက်ရှိတွင်မူ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသော်လည်း ခိုင်မာမှုမရှိသဖြင့် စစ်ပြေးဒုက္ခသည်များ နေရာချထားရေး၊ မိုင်းရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။

အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများမပြုလုပ်နိုင်သဖြင့် အချို့သော အပစ်အခတ်ရပ်စဲရေးလုပ်ထားသော အဖွဲ့များမှ အောက်ခြေအဖွဲ့များမှာ စားဝတ်နေရေးအတွက် အချို့နေရာများတွင် ဆက်ကြေးကောက်ခြင်းများရှိလာကြသည်။

ထို့ကြောင့် တပ်မတော်နှင့် တိုက်ပွဲများမဖြစ်ပွားသော အဖွဲ့များက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်အား အမြန်ဆုံးလက်မှတ်ရေးထိုး၍ နိုင်ငံရေးဆွေးနွေးပွဲများစတင်ပြုလုပ်ချင်ကြသည်။ သို့သော်အချို့သော အဖွဲ့များကမူ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုရာတွင် နိုင်ငံရေးအာမခံချက်များ ရရှိပြီးမှ စာချုပ်တွင် လက်မှတ်ရေးထိုးချင်ကြသည့် သဘောရှိသည်။

"KNU ခေါင်းဆောင်တွေက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို လုပ်ချင်တဲ့သဘောရှိတယ်။ တစ်တိုင်းပြည်လုံး အပစ်အခတ်ရပ်စဲရေးကို မဖြစ်ဖြစ်အောင် ကြိုးပမ်းလုပ်မယ်ဆိုတဲ့ သဘောဖြစ်တယ်"ဟု နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဆောင်းပါးများ ရေးသားနေသူ သတင်းစာဆရာ စည်သူအောင်မြင့်က ပြောသည်။

ထို့ကြောင့် အင်အားကြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သော 'ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်အား KNU ကစည်းရုံးခဲ့ခြင်းဖြစ်သည်။ အခြားသောရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုမှာ လည်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်အမြန်ဆုံးလက်မှတ်ရေးထိုးလိုကြကြောင်း အဆိုပါအဖွဲ့ခေါင်းဆောင်များက ဆိုသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထဲတွင်'ဝ'ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် အထူးဒေသ (၄)အဖွဲ့တို့မှာ အင်အားကြီးအဖွဲ့အစည်းများ ဖြစ်ကြသည်။ တရားဝင်ထုတ်ပြန်ထားသော စာရင်းအရ 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်မှာ အင်အားသုံးသောင်းကျော်ရှိသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မူဝါဒခြောက်ချက်တွင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို တိတိကျကျ လိုက်နာရန်၊ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန် စသည့်အချက်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်အချို့က လက်မခံနိုင်သည့် အနေအထားရှိသည်။

အဆိုပါအချက်နှစ်ချက်နှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)ခေါင်းဆောင် နိုင်ဟံသာက "နိုင်ငံရေးအရ လက်နက်ချလိုက်တဲ့ပုံစံမျိုး ဖြစ်သွားမယ်" ဟု ပြောကြားခဲ့သည်။

ထို့အပြင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် ထည့်သွင်းအသုံးပြုသည့် စကားလုံးအသုံးအနှုန်းနှင့် ပတ်သက်၍ အငြင်းပွားလျက်ရှိနေကြသည်။

"ကိုယ့်ရပ်တည်ချက်ကို နှစ်ဖက်လုံးက ပြန်လည်သုံးသပ်ဖို့လို လိမ့်မယ်။ အထူးသဖြင့် တပ်မတော်ဘက်က"ဟု လူ့ဘောင်သစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်က အကြံပြုသည်။

သို့သော် KNU နှင့် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့တို့ တွေ့ဆုံပြီးနောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းတွင် ထူးခြားမှုများရှိခဲ့သည်။ လက်ရှိ တိုက်ပွဲများဖြစ်ပွားနေသော KIO အနေဖြင့် အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့သည်။

ထို့ကြောင့် မေလ ၁၃ ရက်တွင် တွေ့ဆုံဆွေးနွေးမည့် ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီတို့ ဆွေးနွေးပွဲသည် အရေးကြီးသော ဆွေးနွေးပွဲတစ်ခု ဖြစ်သည်။ ထိုဆွေးနွေးပွဲအခြေအနေကောင်းမှသာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့ ဆွေးနွေးပွဲမှာလည်းအခြေအနေကောင်းမည့် အနေအထားဖြစ်ပေသည်။

–တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်မူကြမ်းတစ်ခုရေးဆွဲရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ညီလာခံကို ၂၀၁၃ ခုနှစ် အောက်တိုဘာတွင် KIO ဌာနချုပ်လိုင်ဇာတွင်ကျင်းပခဲ့။

–ထိုညီလာခံမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)ကို ဖွဲ့စည်းခဲ့။မူကြမ်းတစ်ခုရရှိခဲ့

– ထိုညီလာခံမှ ရရှိခဲ့သည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးမူကြမ်းအား ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် နိုဝင်ဘာလဆန်းတွင် မြစ်ကြီးနားမြို့၌ ပထမဆုံးအကြိမ်ဆွေးနွေးခဲ့။

–ထို့နောက် KNU ထိန်းချုပ်နယ်မြေ လော်ခီးလားဒေသတွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး မူကြမ်းတစ်ခုရေးဆွဲရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ဒုတိယအကြိမ် ဆွေးနွေးခဲ့။

– ထိုဆွေးနွေးပွဲမှ ရရှိခဲ့သော မူကြမ်းအား ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်NCCT အဖွဲ့တို့ မတ်လတွင် ရန်ကုန်မြို့ မြန်မာ့ငြိမ်းချမ်း ရေးစင်တာတွင် ပထမဆုံးအကြိမ်ဆွေးနွေးခဲ့။

– ဒုတိယအကြိမ်အဖြစ် ဧပြီ ၅ ရက်တွင် ရန်ကုန်မြို့၌ ဆွေးနွေးခဲ့။

– မေလ ၁၉ ရက်တွင် တတိယအကြိမ်အဖြစ်ထပ်မံဆွေးနွေးရန် သဘောတူညီမှုရရှိထား။

# Health

7 DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014


ရဲနောင်

# မိခင်နို့ကို အေးခဲပြီး တိုက်သည့်နည်း

မွေးကင်းစမှ အသက် ၆လအထိ မိခင်နို့ရည်တစ်မျိုးတည်းသာတိုက်ကျွေးရမည်ဟု ကျန်းမာရေးပညာရှင်များက လမ်းညွှန်ထားသော်လည်း မည်သို့တိုက်ကျွေးရမည်ကို အသေးစိတ်မသိရှိသောကြောင့် မိခင်နို့တိုက်ကျွေးရေးတွင်အားနည်းချက်များရှိနေသည်။

မွေးပြီးတစ်နာရီအတွင်းမိခင်နို့တိုက်ကျွေးရမည်။ ရေနှင့်ဖြည့်စွက်စာများကို ကလေးအသက် ၆လအထိ မတိုက်ကျွေးရ။ နို့ဘူးနှင့် ချိုလိမ်များအသုံးမပြုရ၊ ကလေးငယ်ဆာသည့်အခါတိုင်း မိခင်နို့ကိုသာတိုက်ကျွေးရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် UNICEF တို့က မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရေးဆိုင်ရာ စည်းမျဉ်းများကို ချမှတ်ပေးထား၏။

"အသက် ၆လအထိ မိခင်နို့တစ်မျိုးတည်းတိုက်ရမယ်လို့ကြားဖူးတယ်။ ဒါပေမဲ့ ရုံးအလုပ်နဲ့ကအဆင်မပြေလို့ ရုံးသွားတဲ့အချိန်မှာ နို့မှုန့်ပဲတိုက်တယ်"ဟု အသက် ၅ လအရွယ် ကလေး၏ မိခင်ဖြစ်သူ ကုမ္ပဏီဝန်ထမ်း မရတနာက ပြောသည်။

မိမိ၏ရင်သွေးငယ်အားမိခင်နို့ကိုသာတိုက်ကျွေးလိုသော်လည်း ရုံးသွားချိန်တွင် မည်သို့ဆောင်ရွက်ရမည်ကိုမသိရှိသောကြောင့် နို့မှုန့်ကိုသုံးစွဲရခြင်းဖြစ်သည်ဟု မရတနာကဆိုသည်။

"အလုပ်လုပ်နေတဲ့မိခင်တွေမှာ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရေးမှာအဆင်မပြေမှုတွေရှိတယ်ဆိုတာ သိပါတယ်။ အလုပ်လုပ်နေတဲ့အချိန်မှာ ကိုယ့်ကလေးအတွက် အဆင်ပြေအောင်မိခင်နို့ကို သိမ်းဆည်းလို့ရတဲ့နည်းတွေရှိတယ်"ဟု ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်တစ်ဦးကပြောသည်။



*မိခင်တစ်ဦးမှ ၎င်း၏ နို့ရည်များအား ရင်သွေးငယ်ကို တိုက်ကျွေးရန် အေးခဲထားစဉ်*

ဓာတ်ပုံ – ကေသွယ်

သာမန်အခန်း အပူချိန်ဖြစ်သော ၇၃–၇၇ ဒီဂရီဖာရင်ဟိုက်တွင် အချိန်လေးနာရီ ရေခဲထည့်ထားသောရေခဲပုံးဖြင့်သိမ်းဆည်းပါက ၂၄နာရီ၊ အပူချိန် ၃၉ဒီဂရီဖာရင်ဟိုက်နှင့် အောက်ရှိသော ရေခဲသေတ္တာတွင် ၂ရက်မှ ၈ရက်အထိ၊ အပူချိန်သုညဒီဂရီဖာရင်ဟိုက်ရှိသော ရေခဲသေတ္တာတွင် ၃ လမှ ၄လနှင့် သုညဒီဂရီဖာရင်ဟိုက်အောက်ရှိသော ရေခဲသေတ္တာတွင် ၆လမှ ၁၂လအထိ မိခင်နို့ကို ထိန်းသိမ်းထားနိုင်သည်ဟု ကလေးသူငယ်ကျန်းမာရေးဆိုင်ရာ သုတေသနပြုမှုများတွင် ဖော်ပြထားသည်။

ဆက်သွယ်ရေးကုမ္ပဏီတစ်ခုတွင်အလုပ်လုပ်နေသည့်အသက်လေးလခွဲအရွယ် ကလေး၏ မိခင်ဖြစ်သူ မစန္ဒာက "ကုမ္ပဏီကို လာရင် ရေခဲပုံးလေးယူလာတယ်။ နို့တွေသက်ရင် ညှစ်ပြီးအဖုံးပါတဲ့ခွက်ထဲထည့်ပြီး ရေခဲသေတ္တာထဲမှာသွားထားတယ်။ ပြန်ရင် ရေခဲပုံးထဲထည့်ပြီး ပြန်သယ်သွားတယ်။ ကိုယ်က ဝန်ထမ်းဆိုတော့ ကိုယ့်ကလေးကိုမိခင်နို့တိုက်ရေးနဲ့ပတ်သက်ပြီး ကလေးအထူးကုကညွှန်တဲ့အတိုင်း လုပ်တာပါ"ဟု ပြောသည်။

သို့သော် ထိုကဲ့သို့ အအေးခံသိမ်းဆည်းထားသောမိခင်နို့ရည်အတွက် လိုက်နာရမည့်အချက်လည်းရှိနေပါသည်။ စတင်သိမ်းဆည်းသည့်အချိန်ကို အညွှန်းကပ်၍ မှတ်သားထားခြင်း၊ ရေခဲသေတ္တာထဲတွင် သိမ်းဆည်းသည့် မိခင်နို့ရည်ထည့်ထားသော ဘူးကို အဖုံးလုံအောင် ပိတ်ထားခြင်း၊ မိခင်နို့ရည်ဘူးတစ်ခုလျှင် သိမ်းဆည်းရမည့်ပမာဏမှာ ၂အောင်စမှ ၄ အောင်စအထိသာရှိရမည်ဟု သတ်မှတ်ထားသည့်အပြင် မိမိ၏ရင်သွေးအားတိုက်ကျွေးရာတွင် သိမ်းထားချိန်အကြာဆုံးဘူးကို ပထမဆုံးအသုံးပြုရမည်ဖြစ်ပြီးအနည်းငယ်ပူနွေးသောရေဖြင့် အအေးခံထားသောဘူးကို အပြင်ဘက်မှ လောင်း၍သာမန်အခန်းအပူချိန်ထိရောက်အောင် ပြုလုပ်ရမည်ဟု မိခင်နို့သိမ်းဆည်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသည်။

"မိခင်နို့ကိုညှစ်ပြီး အိမ်မှာထားခဲ့ခိုင်းတာ။ ဒါမှမဟုတ်အလုပ်ထဲကနေ အိမ်ကိုယူခိုင်းတာတွေရှိပါတယ်။ အရေးကြီးတာက သန့်ရှင်းမှုနဲ့ မိခင်နို့ကို မီးဖိုပေါ်တင်ပြီး အပူမပေးမိဖို့ပဲ"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာစည်သူက သတိပေးသည်။

မိခင်နို့တိုက်ကျွေးခြင်းမခံရသော ကလေးငယ်သည် မိခင်နို့တိုက်ကျွေးသည့် ကလေးငယ်နှင့် နှိုင်းယှဉ်လျှင် အဆုတ်ရောင်ဖျားနာရောဂါ(pneumonia) ဖြစ်ပွားနိုင်ခြေ ၁၅ရာခိုင်နှုန်းနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ရန် ၁၁ရာခိုင်နှုန်းပိုများနေသည်။ မိခင်နို့ရည်သည် ကလေးများအတွက် မည်သည့်ဖြည့်စွက်စာမျှ ထပ်မံမလိုသောပြီးပြည့်စုံသည့် အာဟာရရည်ဖြစ်သည်ဟု WHOက သတ်မှတ်ပေးထားသည်။

သို့သော် နာတာရှည်တီဘီရောဂါခံစားနေရသူများ၊ HIV/AIDS ဝေဒနာရှင်များ၊ မိခင်နို့တစ်ဝိုက်တွင် ကူးစက်ရောဂါဖြစ်နေသူများ၊အာဟာရချို့တဲ့သူများ၊ အသည်းရောင်အသားဝါရှိသူများနှင့် မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲထားသည့် မိခင်များတွင် အဆိုပါ မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးရေးအတွက် ခြွင်းချက်ဖြစ်သည်ဟု ဆိုသည်။

"ဆရာဝန်က အသက် ၆လအထိ မိခင်နို့တစ်မျိုးတည်းတိုက်လို့မှာထားတယ်။ ဒါပေမဲ့ တစ်လခွဲလောက်ကတည်းက ကျွန်မကလေးကို ထမင်းရယ်၊ မုန်လာဉနီရယ်၊ ပဲနီလေးရယ်ရောနယ်ပြီးကျွေးတယ်။ ပြီးတော့ အလုပ်ကလည်း မအားတော့ နို့မှုန့်နဲ့ နို့ဘူးပဲ အဓိကအားကိုးရတယ်"ဟု အသက် (၃၀)ကျော်အရွယ် မိခင်တစ်ဦးကပြောသည်။

မိခင်၏ နို့ရည်သည်ကလေးငယ်အတွက် ရောဂါကာကွယ်ပေးနိုင်သော အရာတစ်ခုတည်းသာမဟုတ်ဘဲ မိခင်နှင့် ကလေးငယ်ကြားဆက်ဆံရေးပိုမိုနွေးထွေးစေခြင်း၊ ကုန်ကျစရိတ်သက်သာခြင်းစသည့် ကောင်းကျိုးများကိုပေးစွမ်းနိုင်သည်ဟုဆိုသော်လည်းမြန်မာနိုင်ငံတွင် မွေးကင်းစမှအသက် ၆လအရွယ်ကလေးငယ်တစ်ရာတွင် ၂၄ဦးသာ မိခင်နို့တစ်မျိုးတည်းအပြည့်အဝတိုက်ကျွေးမှုကို ရရှိနေသည်ဟု UNICEF မြန်မာက သတိပေးမှု ပြုလုပ်ထားသည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# သားဖွားဆရာမများ အရည်အသွေးမြှင့်မည်

**ယမင်း**

**ရန်ကုန်၊ မေ-၃**

မြန်မာနိုင်ငံတွင် မိခင်နှင့် ကလေးသေဆုံးမှုနှုန်း လျော့ကျစေရန် ကမ္ဘာတစ်ဝန်းတွင် ကျင့်သုံးလျက်ရှိသော သားဖွားခြင်းဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း သားဖွားဆရာမအရည်အသွေးများ မြှင့်တင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် သားဖွားဆရာမများ၏ အခန်းကဏ္ဍမြှင့်တင်ရန် ၂၀၁၄ ခုနှစ် ဇွန်လ၌သားဖွားခြင်းနှင့်ဆိုင်သော အစီရင်ခံစာထွက်ရှိမည်ဖြစ်သည်။

သားဖွားဆရာမ အင်အား လုံလောက်မှုရှိစေရေး ကျေးရွာများတွင် သားဖွားဆရာမ တစ်ယောက်လျှင် အကူအရန်သားဖွား ဆရာမများထားရှိပေးခြင်း၊ ကျွမ်းကျင်သူများပေါ်ထွက်လာစေရန်အတွက် ယခင် ၁၈ လ တက်ရောက်ရသော သင်တန်းကို ၂ နှစ် သင်တန်းအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ခြင်းများ ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

အရည်အသွေးမြှင့်တင်ရာ၌ သားဖွားဆရာမများက ကျေးရွာများသို့ကွင်းဆင်း၍ကိုယ်ဝန်ဆောင် မိခင်ရှိ၊ မရှိ ရှာဖွေခြင်း၊ ကိုယ်ဝန်ဆောင်နေစဉ်နှင့် မွေးဖွားပြီးချိန်များတွင် ပြုစုစောင့်ရှောက်ခြင်း၊ မွေးဖွားပြီး အသက်(၁)နှစ်၊ (၂)နှစ်နှင့် (၅)နှစ်အောက် ကလေးများအား ပြုစုစောင့်ရှောက်ခြင်း၊ ကလေးသူငယ်များအား ကျောင်းတက်စဉ် အချိန်နှင့် အရွယ်ရောက်ပြီး အိမ်ထောင်ပြုသွားချိန်အထိ ၎င်းတို့၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူသည့် တစ်ပတ်လည်စက်ဝိုင်းပုံစံစနစ် ပြောင်းလဲသွားမည်ဖြစ်သည်။ လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌လည်း အဆိုပါစနစ် ကျင့်သုံးနေကြောင်း သိရသည်။

"တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်ရင် သားဖွားရာမှာ ဆရာမတွေ ပါဝင်နှုန်းက ၆၀ ရာခိုင်နှုန်းပဲ ရှိသေးတယ်။ ဒါကြောင့် ကျန်တဲ့ ၄၀ ရာခိုင်နှုန်းထဲကမှ ဆရာမအဟောင်းတွေ၊ အသစ်တွေနဲ့ လုပ်ရမယ့် တာဝန်တွေ၊ လိုအပ်နေတာတွေ၊ အရည်အသွေးမြှင့်သင်တန်းတွေ ပြန်ပေးဖို့ကို ဦးစီးဌာနက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် မကျွမ်းကျင်သော သားဖွားဆရာမများဖြင့် မွေးဖွားခြင်းကြောင့် မိခင်နှင့် ကလေးသေဆုံးမှုများ မြင့်တက်နေသည်ကို တွေ့ရှိရပြီး အရည်အသွေးမြှင့်တင်ပေးရန် မဖြစ်မနေ လိုအပ်နေကြောင်း UNFPAမှဌာနေကိုယ်စားလှယ်က ဆိုသည်။

"ကျေးလက်အောက်ခြေအထိ သားဖွားဆရာမများရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးဖို့လိုတယ်။ ဘာလို့ဆို ကိုယ်ဝန်ဆောင်မိခင်တစ်ရာမှာ၃၆ယောက်လောက်က မကျွမ်းကျင်တဲ့သူတွေနဲ့ မွေးဖွားနေရတယ်။ အဲဒီလိုမွေးရလို့ မိခင်သေဆုံးတာတွေ တွေ့ရတယ်။ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီးဌာနက လိုအပ်တာတွေကို ပံ့ပိုးပေးပြီး အလေ့အကျင့်ကို ပိုမိုကောင်းမွန်အောင် လုပ်ပေးမှ မိခင်သေဆုံးနှုန်းတွေ ကျလာမှာပါ" ဟု ၎င်းက တိုက်တွန်းပြောဆိုသည်။

ကျေးလက်များတွင် သေဆုံးနှုန်း မြင့်တက်နေရခြင်းမှာ အချို့ဒေသများသည် ဝေးလံသောကြောင့် လမ်းခရီး၌ ကြန့်ကြာမှုရှိခြင်းနှင့် ဆင်းရဲမွဲတေမှုများကြောင့် ကုသစရိတ်ခက်ခဲမှုများ ရှိနေခြင်းတို့ကြောင့် ဖြစ်သည်ဟု သားဖွားဆရာမအချို့က သုံးသပ်ပြောဆိုကြသည်။

"သေဆုံးတာက ပိုပြီးဝေးတဲ့ နေရာတွေမှာ မြို့ကိုသွားဖို့ အခက်အခဲရှိတယ်။ လမ်းခရီးက ကြန့်ကြာသွားတယ်။ ဆင်းရဲတဲ့သူတွေကျလို့ရှိရင် ရွာမှာကျတော့ တစ်ခါတလေဆိုရင် ကော်မတီအဖွဲ့ဝင်တွေရဲ့ အလှူငွေရှိရင် အဆင်ပြေတယ်။ မရှိရင် အဆင်မပြေဘူး။ ငွေရေးကြေးရေး ခက်ခဲကြတယ်။ အခုလို ဆရာမတွေရဲ့ အရည်အသွေး မြှင့်တင်ပေးမယ်ဆိုရင် ကျွမ်းကျင်သူတွေလည်း ရှိလာမယ်။ သားဖွားလောကအနေနဲ့လည်း ပိုကောင်းလာနိုင်ပါတယ်" ဟု ရောဝတီတိုင်း၊ ဖျာပုံမြို့ရှိ ကျေးရွာလေးရွာ၌ တာဝန်ကျနေသော သားဖွားဆရာမ ဒေါ်လှမြတ်မင်းက ပြောသည်။

မြန်မာနိုင်ငံတွင် လူဦးရေတစ်သောင်းလျှင် သားဖွားဆရာမ ၁ဒသမ၃ရာခိုင်နှုန်းသာရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ သတင်းထုတ်ပြန်ထားသည်။




# ယခုနှစ် ပထမသုံးလတွင် ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးရာခန့်ရှိ

**ရဲနောင်**

**ရန်ကုန်၊ မေ-၃**

ယခုနှစ် ပထမသုံးလအတွင်း ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ သုံးရာခန့်ရှိသည်ဟု ကျန်းမာရေးဦးစီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ၁၀၆ ဦး၊ ဖေဖော်ဝါရီတွင် ၈၅ ဦးနှင့် မတ်လတွင် ၁၀၀ ဦးခန့် ရှိနေသည်ဟု သိရသည်။

"သွေးလွန်တုပ်ကွေးရောဂါ မဖြစ်အောင် မသွန်မလဲနိုင်တဲ့ ရေစည်၊ ရေအိုးတွေကို အဘိက်ဆေးခတ်တဲ့အပေါ် ယုံကြည်မှု အားနည်းနေတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာမာလာစိုးက အမျိုးသားကျန်းမာရေးပြတိုက်တွင် ပြုလုပ်သော ကျန်းမာရေးဟောပြောပွဲတွင် ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ခြင်မှ တစ်ဆင့် ပေါက်ဖွားသော ပိုးလောက်လန်းမှ စတင်ဖြစ်ပွားသောကြောင့် ပိုးလောက်လမ်းနှိမ်နင်းရေးအတွက် ရေထည့်ထားသော အရာဝတ္ထုများနှင့် ရေတင်ကျန်နိုင်သော အရာများကို ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းသည့် အဘိက်ဆေးခတ်ခြင်းများ ပြုလုပ်ရန် လိုအပ်သည်ဟု ဆိုသည်။

"အခုက ရပ်ကွက်ထဲလိုက်ကြည့်ရင် ရေမြောင်းတွေက မစီးဘူး။ မြောင်းထဲမှာ ပိုးလောက်လမ်းတွေချည်းပဲ။ ခြင်ကလည်း အရမ်းပေါတယ်" ဟု လှိုင်သာယာမြို့နယ်မှ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့ဝင်တစ်ဦးက ပြောသည်။ ၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်တိုင်းအတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ လေးထောင်ကျော်ရှိပြီး ၃၂ ဦး သေဆုံးခဲ့ကြောင်း တစ်နိုင်ငံလုံးတွင် ဖြစ်ပွားသူ နှစ်သောင်းကျော်ရှိပြီး ၈၃ ဦး သေဆုံးခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါသည် Aedes (အေးဒီးစ်) အမျိုးအစားခြင်ကိုက်ရာမှ ဖြစ်ပွားနိုင်ပြီး ကိုယ်ပူခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်နှင့် ကြွက်သားများ နာခြင်းတို့ ပထမအဆင့်တွင် စတင်ဖြစ်ပွားကာ ဗိုက်အောင့်ခြင်း၊ အရေပြားတွင်အနီစက်များ ဖြစ်ပေါ်လာခြင်း၊ နှာခေါင်းနှင့် သွားဖုံးမှ သွေးထွက်ခြင်း၊ ကော်ဖီရောင်များ အန်ခြင်းများဖြစ်ပွားပါက ဆေးရုံသို့ ချက်ချင်းပြသရန် လိုအပ်သည်ဟု ကျန်းမာရေးပညာရှင်များက အကြံပြုသည်။

Regional
7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ၂၀၁၅ နွေရာသီတွင် မန္တလေး၌ မီးမပြတ်ရန် စီစဉ်

**အေးမွန်ရာပြည့်**
**မန္တလေး၊ မေ- ၃**

မန္တလေးတိုင်းဒေသကြီးအတွင်း လာမည့်နွေရာသီတွင် မီးမပြတ်စေရန် ယခုအချိန်မှစ၍ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်သည်။

ယခုနှစ်နွေရာသီကာလတွင် တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးပြတ်တောက်ခြင်းမရှိဘဲ အပြည့်အဝပေးထား သော်လည်း တစ်ခါတစ်ရံဓာတ်အားမနိုင်သည့်အချိန်များတွင် လျှပ်စစ်မီးခေတ္တပြတ်တောက်လေ့ရှိသည်။

ထို့ကြောင့် လာမည့် ၂၀၁၅ နွေရာသီတွင် ယင်းကဲ့သို့ မဖြစ်စေရေးအတွက် ဦးစားပေးပြင်ဆင်ရန် လိုအပ်ချက်များကိုလိုက်လံစာရင်းကောက်ယူမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်များမှ ပြင်ဆင်ရန်လိုအပ်နေသည့် ဓာတ်တိုင်များ၊ ကြွေသီးများ၊ ထရန်စဖော်မာများကို ဦးစားပေးအဆင့်သုံးဆင့်သတ်မှတ်ကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ ပုဂ္ဂလိကလျှပ်စစ်ကုမ္ပဏီများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စာရင်းပြုစုနေကြောင်း တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်ကပြောသည်။

“တိုင်တွေ၊ ထရန်စဖော်မာတွေ အသစ်လဲမှ မီးအပြည့်ပေးနိုင်မှာ။ အဲဒါတွေကိုလဲဖို့ ပိုက်ဆံဘယ်လောက်ကုန်မယ်တွက်ရမှာတွေရှိတာကြောင့် အခုကတည်းက စလုပ်နေရတာ”ဟု ၎င်းကပြောကြားသည်။

ယခုနှစ် နွေရာသီကာလတွင်လည်း တိုင်းဒေသကြီးတစ်ခုလုံးမှ မန္တလေးမြို့တစ်မြို့တည်းတွင်ပင် အသုံးပြုထားသည့် လျှပ်စစ်မဂ္ဂါဝပ်ပေါင်း ၂၀၀ ကျော်နေပြီဖြစ်သော်လည်းလာမည့်မိုးရာသီအထိ မီးလုံးဝပြတ်တောက်တော့မည် မဟုတ် ကြောင်း၊အကယ်၍ လျှပ်စစ်ဓာတ်အားဖြန့်ဝေရန်အခက်အခဲဖြစ်ခဲ့ပါကလည်း တိုင်းဒေသကြီးအတွင်းရှိနေသည့် စက်မှုလုပ်ငန်းများအားလုံးကို ညနေ ၅ နာရီမှ ည ၁၀ နာရီအတွင်း လျှပ်စစ်မီးမသုံးစွဲရန် မေတ္တာရပ်ခံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဦးကျော်မြင့်က ဆိုသည်။

# ပြည်မြို့ လမ်းမတော်လမ်းနှင့် ဈေးကြီးသို့သွားသည့် လမ်းနေရာအချို့တွင် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်

**ဇော်မင်းထိုက်**
**ပြည်၊ မေ-၃**

ပြည်မြို့တွင်ယာဉ်အသွားလာများသည့် လမ်းမတော်လမ်းနှင့် ပြည်ဈေးကြီးသို့သွားရာလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိကြောင်း သတင်းရရှိသည်။

ပြည်မြို့ ဈေးကြီးတွင် နယ်မြို့များမှ လိုင်းကားများဂိတ်ထိုးခြင်း၊ ပြည်မြို့တွင်း ယာဉ်လိုင်းများ ဈေးကြီးသို့လိုင်းကားဆွဲခြင်း၊ လမ်းမတော်လမ်း၊ လမ်းရှည်လမ်းတွင် ဘဏ်များရှိခြင်းနှင့် စီးပွားရေးအချက်အချာကျသဖြင့် ဈေးဆိုင်များ အဓိကထားအရောင်းအဝယ်လုပ်သည့်လမ်းဖြစ်သောကြောင့် ယာဉ်အသွားအလာများသည့် နေရာများဖြစ်ကြောင်း သိရသည်။




*ဆိုက်ကား၊ ကား၊ ဆိုင်ကယ်များနှင့် ယာဉ်ကြောကျပ်တည်းနေသည့် တစ်နေရာ*
ဓာတ်ပုံ – ဇော်မင်းထိုက်

“လမ်းမတော်လမ်းက တစ်လမ်းမောင်းပါ။ စည်းကမ်းမဲ့ရပ်တဲ့ယာဉ်တွေကြောင့်ဖြစ်တာ။ လမ်းမတော်မှာ ယာဉ်ရပ်မယ်ဆိုရင် ညာဘက်ဘေးကိုကပ်ရပ်ရမှာ။ ဒါပေမဲ့ ဘယ်ဘက်ခြမ်းက ဆိုင်တစ်ဆိုင်မှာ ကုန်တင်ချင်ရင် အဲဒီဘက်ခြမ်းကပ်ရပ်တော့ ယာဉ်နှစ်ထပ်ရပ်တာတွေဖြစ်ပြီး လမ်းတွေပိတ်တယ်။ ဒါမျိုးတွေကြောင့် လမ်းရှည်လမ်းတို့ လမ်းမတော်နဲ့ ဈေးအနီးကလမ်းတွေမှာ မကြာခဏဖြစ်နေတာ”ဟု ပြည်မြို့ဒေသခံယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ယာဉ်ကြော ရှုပ်ထွေးပြီး လမ်းပိတ်မှု မကြာခဏ ဖြစ်နေသည့်နေရာများမှာ ပြည်ဈေးကြီးနှင့်နီးသော ပွဲစားလမ်း၊ တရုတ်တန်းလမ်း၊ ကုန်သည်လမ်း၊ ဈေးလမ်း၊ ပန်းတဦးတန်းလမ်း၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ လမ်းမတော်လမ်း အစရှိသည်တို့ဖြစ်ကြောင်း သိရသည်။

ပြည်မြို့ လမ်းအချို့တွင် ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပွားနေခြင်းနှင့်ပတ်သက်ပြီး ပြည်ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းနိုင်ဦးက “ဒီကိစ္စက ယာဉ်ထိန်းတပ်ဖွဲ့တစ်ခုတည်းဖြေရှင်းလို့မရတဲ့ ကိစ္စပါ။ အခုဌာနဆိုင်ရာတွေ၊ ယာဉ်လိုင်းခေါင်းဆောင်တွေ ပူးပေါင်းပြီး ပြည်ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဖွဲ့ပြီး ပညာပေးနေတယ်။ ကာလကျော်လွန်ရင်တော့ အရေးယူဆောင်ရွက်တော့မယ်။ အခုတွေ့နေရတာက ဆိုင်တွေက လမ်းပေါ်ကို ဆင်းခင်းတယ်။ အဲဒီမှာ လမ်းသွားလမ်းလာတွေက လမ်းပေါ်ဆင်းလျှောက်တယ်။ ဈေးဝယ်လာသူတွေက ဆိုင်တွေရှေ့မှာ ဆိုင်ကယ်၊ ကား စတာတွေကို စနစ်တကျမရပ်ဘူး”ဟု ဆိုသည်။



7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ဟင်းတစ်တုံး ပေါ်လစီနှင့် လူညှက်မျိုးဆက်

ဥက္ကာကိုကို၊ ရဲနောင်

ဂျပန် ငပုဟု မြန်မာတို့က နှိမ့်ချလှောင်ပြောင် ခေါ်ဝေါ်ခဲ့ကြသည့် ဂျပန်လူမျိုးတို့ကို ယခုအခါ ငပုဟု ခေါ်၍မရတော့ပေ။ ဂျပန်လူမျိုးတို့သည် ငပုဘဝမှနေ လူကောင်ကြီးထွားသည့် လူမျိုးအဖြစ် မျိုးဆက်သစ်တို့ကို စနစ်တကျ မွေးထုတ်လာခဲ့ပြီး သူတို့ကို လှောင်ပြောင်ခဲ့ဖူးသည့် မြန်မာလူမျိုးတို့မှာ လူကောင်ညှက်သည့် လူညှက်မျိုးဆက်များ ဖြစ်လာခဲ့သည်။

ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းမှာ အာဟာရချို့တဲ့မှုနှင့် အစားအသောက်ပုံစံ စနစ်မကျမှုတို့ကြောင့်ဖြစ်သည်။ မိဘတို့က မိမိရင်သွေးကို အာဟာရပြည့်အောင် ကျွေးမွေးသည့်ပုံစံ မှားယွင်းခဲ့ခြင်း၊ အာဟာရဖြစ်အောင် မကျွေးမွေးနိုင်ခဲ့ကြခြင်းတို့ကြောင့် မျိုးဆက်အသီးသီးအလိုက် လူကောင်ညှက်သည့် လူမျိုးအဆင့်သို့ တဖြည်းဖြည်းရောက်ရှိလာခဲ့ခြင်းကလည်း အဓိက အကြောင်းတစ်ရပ်ပင်။

မြန်မာနိုင်ငံတွင် ကလေးငယ် အယောက်တစ်ရာလျှင် ၃၅ ယောက်က အာဟာရချို့တဲ့သည့် ဒဏ်ကို ခံစားနေကြရပါသည်။ ထိုအရေအတွက်တွင် ရှစ်ရာခိုင်နှုန်းသော ကလေးများက အလွန်စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ မြန်မာနိုင်ငံလူမျိုးများသည် အာဟာရချို့တဲ့မှုကြောင့် လူကောင်သေး ညှက်လာကြပြီး အရှေ့တောင်အာရှတွင် ကမ္ဘောဒီးယား၊ တီမောပြီးလျှင် မြန်မာက တတိယနေရာသို့ ရောက်နေသည်။

တစ်နှစ်လျှင် ကလေးငယ် သေဆုံးမှုနှုန်းအားလုံး၏ ၁၅ ရာခိုင်နှုန်းသည် အာဟာရ ချို့တဲ့၍ ဖြစ်သည်။

ထို့အပြင် အာဟာရ မပြည့်ဝခြင်းကြောင့် မြန်မာလူမျိုးတို့တွင် ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျမှုများ ဖြစ်ပေါ်နေပြီး နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတို့ ထိခိုက်နိုင်မည်ဟု ပညာရှင်များက ကိန်းဂဏန်းများဖြင့် ခန့်မှန်းထားသည်။ အာဟာရပြည့်ဝစွာ စားသုံးမှု ၁၀ ရာခိုင်နှုန်း မြင့်တက်လာပါက အခြေခံပညာအဆင့်ပြီးဆုံးမှု ၁၀ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ပြီး မူလတန်းအဆင့် ပြီးဆုံးမှု ၇၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည်။

“အာဟာရမပြည့်ဝမှုကြောင့် ရောဂါထူပြောတဲ့ ကလေးငယ်တွေ၊ ဉာဏ်ရည်ဉာဏ်သွေး မမီတဲ့ သားသမီးတွေကို မိဘတွေအနေနဲ့ မလိုချင်သလို တိုင်းပြည်အတွက်လည်း ဝန်ထုပ်ဝန်ပိုး ဖြစ်လာမှာကို မလိုလားဘူး” ဟု ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားအာဟာရနှင့် သုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာထင်လင်းက ပြောသည်။

မြန်မာနိုင်ငံမှ မိခင်တို့သည် ရင်သွေးကို ခြောက်လမပြည့်မီ မိခင်နို့တိုက်ကျွေးရန် ပျက်ကွက်လေ့ရှိကြသည်။ မွေးစမှ ခြောက်လအရွယ်အထိ မိခင်နို့တိုက်ကျွေးခြင်းကို ကလေးငယ်လေးဦးလျှင် တစ်ဦးသာ အပြည့်အဝ ရရှိကြသည်။ ကိုယ်ဝန်ဆောင်စဉ်ကာလတွင်လည်း အစားရှောင်သည့် ဓလေ့ကြောင့် မိခင်တို့မှာ သွေးအားနည်းရောဂါကို ခံစားကြရသည်။ အစားရှောင်သည့် ရိုးရာဓလေ့ထုံးစံတချို့ကြောင့် အာဟာရမပြည့်ဝသည့် ကလေးငယ်များ မွေးဖွားလာရသည်ဟု အာဟာရပညာရှင် ဒေါက်တာကျော်ဝင်းစိန်က ဆိုသည်။

မွေးဖွားလာသည့် ကလေးငယ်များကိုလည်း အာဟာရပြည့်ဝအောင် စနစ်တကျကျွေးမွေးရန်လည်း လိုအပ်လာပါသည်။

“မိဘတွေအနေနဲ့ ကိုယ့်ကလေးတွေ ဆွံ့အနားမကြားတွေ မလိုချင်ဘူး။ ဉာဏ်ရည်နိမ့်တဲ့ ကလေးတွေ မလိုချင်ဘူး။ ဒါပေမဲ့ သူတို့ရဲ့ အာဟာရပြည့်အောင် ကျွေးတဲ့ပုံစံက မှားနေတယ်။ အာဟာရပြည့်ဖို့ဆိုတာက ဇိကုပ်ပြီး နတ်ပြည်တင်လိုက်တာမျိုး မရဘူး။ နိစ္စဓူဝ လိုအပ်ချက်တွေ ဖြစ်တဲ့အတွက် နေ့တိုင်းလုပ်ရမယ်။ အစားအသောက်ပုံစံ ပြောင်းရမယ်” ဟု UNICEF မှ အာဟာရပညာရှင် ဒေါက်တာကျော်ဝင်းစိန်က ပြောသည်။

မြန်မာနိုင်ငံတွင် ထမင်းအဓိက ဟင်းတစ်တုံး ပေါ်လစီဖြင့် ကြီးပြင်းလာခဲ့ရသည့် မျိုးဆက်များက လူကောင်သေးပြီး ပိန်ညှက်သည့် လူမျိုးများအဖြစ်သို့ လျှော့ဆင်းလာစေခဲ့သည်။ ကလေးကို စည်းကမ်းရှိစေရန်ဟု အကြောင်းပြချက်ဖြင့် ဟင်းတစ်တုံး ပေါ်လစီကို ချမှတ်ခဲ့ကြသည်။ မတတ်နိုင်သည့် မိသားစုက ကလေးကို ဟင်းတစ်တုံးအနိုင်နိုင် မကျွေးနိုင်သည့် မိသားစုများစွာ ရှိနေချိန်မှာပင် တတ်နိုင်သည့် မိသားစုကလည်း စည်းကမ်းအရ ဟင်းတစ်တုံးသာ ကျွေးမွေးလေ့ရှိသည်။

ဟင်းများများစားသည့် ကလေးငယ်ကို အစားကြီးသည့်ကလေး၊ မိဘက စည်းကမ်းတကျ မသွန်သင်ထားသည့်ကလေးအဖြစ် သတ်မှတ်လေ့ရှိခဲ့သည်။ “အိမ်က ကလေးတွေကို စည်းကမ်းလုပ်ထားတယ်။ ဟင်းနဲ့ထမင်း တစ်ခါတည်း ပုံပေးလိုက်တယ်။ ထမင်းလိုရင် ထပ်ထည့်ပေးမယ်။ ဟင်းတော့ ထပ်မရဘူး။ ဟင်းကိုလည်း အများဆုံး နှစ်တုံးပဲ” ဟု မအူပင်မြို့နယ်မှ ကလေးလေးဦးမိခင် ဒေါ်ကြင်က ဆိုသည်။

လူကောင်ခပ်သေးသေးနှင့် အသက်(၂၁) နှစ်အရွယ် မောင်စိုးမြင့်ကလည်း “ငယ်ငယ်တုန်းက မှတ်မိသေးတယ်။ ဒါအပြီးပဲ ထပ်တောင်းလို့မရဘူးဆိုပြီး ထမင်းနဲ့ ဟင်းကို တစ်ခါတည်း ထည့်ပေးလိုက်တာ။ တစ်ခါတစ်ခါ စားကောင်းလို့ ထမင်းထပ်စားချင်ပေမယ့် ဟင်းထပ်မရတော့လို့ ရပ်လိုက်ရတာရှိတယ်။ ခုလို လူကောင်သေးနေတာကလည်း အဲဒီတုန်းက စားချင်သလို မစားခဲ့ရလို့ ထင်တာပဲ။ အဘွားတို့က ထမင်းတစ်မျိုးအဓိကသမားတွေလေ” ဟု ပြောသည်။

ကျန်းမာရေး အသိပညာရှိသည့်မိဘများကကလေးကိုကောင်းမွန်စွာ ကျွေးမွေး ပျိုးထောင်ကြသော်လည်း ကျန်းမာရေးအသိနည်းပါးသည့် မိဘများက ကိုယ့်ရင်သွေးကို စိုးရိမ်ပူပန်စိတ်ဖြင့် အစားအသောက်ချုပ်ချယ်လွန်းပါက ကြာလာလျှင် အာဟာရကို ထိခိုက်လာစေနိုင်သည်။

မွေးကင်းစ အရွယ်မှ နို့ချိုတိုက်ကျွေးချိန် ခြောက်လကျော်၍ ဖြည့်စွက်စာ စတင်ကျွေးချိန်သည် အရေးကြီးသည့် ကာလဖြစ်သည်။ ထို့အတွက် အသက်အရွယ်အလိုက် အာဟာရပြည့်ဝစွာ စားသောက်သည့် ဓလေ့ထွန်းကားရန် လိုအပ်ပါသည်။

၂၀၁၃ ခုနှစ်တွင် နောက်ဆုံးတွေ့ရှိချက်များအရ အသက်ငါးနှစ်အောက်ကလေးငယ် သေဆုံးမှုများ၏ ထက်ဝက်မှာ အာဟာရချို့တဲ့မှုကြောင့် ဖြစ်လာသည်။ ထိုအချက်များတွင် မွေးကင်းစမှ ခြောက်လအတွင်း မိခင်နို့တိုက်ကျွေးရန် ပျက်ကွက်ခြင်း၊ အစားအသောက်ကျွေးသည့် ပုံစံ နည်းလမ်းမကျခြင်းတို့ ပါဝင်ခဲ့သည်။



လှိုင်သာယာမြို့နယ်အတွင်း နေအိမ်တစ်အိမ်ရှိ ကလေးငယ်များ ထမင်းစားနေစဉ်

“ထမင်း အများကြီးစားရင် အားရှိတယ်။ ဒါပေမဲ့ ဟင်းအများကြီးစားရင် အားရှိတယ်လို့ ဘယ်မိဘကမှ မပြောဘူး။ အခု နောက်ပိုင်းမှ သိလာတာက အသားဓာတ်က ကလေးတွေအတွက် ကြီးထွားဖို့ အဓိကဆိုတာ။ ကျွန်တော်တို့ အမေတွေ၊ အဘိုး အဘွားတွေ တလွဲလုပ်ခဲ့တယ်” ဟု အရပ်ငါးပေသာရှိသည့် အသက် (၂၆)နှစ်အရွယ် ကိုစိုးလင်းက ပြောသည်။

ကျန်းမာရေး အသိပညာရှိသော်လည်း မတတ်နိုင်၍ မိမိတို့ကလေးငယ်များကို ကျွေးမွေးချင်စိတ်ရှိပါသော်လည်း အခြေအနေအရ မတတ်နိုင်ကြသူများလည်း ရှိနေသည်။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစားထဲမှ ပေါက်ဖွားလာသော ကလေးငယ်များက အာဟာရချို့တဲ့မှုဒဏ်ကို ပိုမိုခံစားခဲ့ကြရသည်။

“ကလေးမွေးပြီး ဒေသန္တရဆေးခန်းတွေရောက်တော့ အစာအုပ်စုတွေ ခွဲပြထားတယ်။ အဲဒါတွေကို မျှတအောင် ကျွေးရမယ်ပေါ့။ ဒါပေမဲ့ တစ်ခါမှ အဲဒီလို မကျွေးနိုင်ခဲ့ဘူး။ အသားပါရင် အသီးအရွက်က မပါဘူး။ တစ်ခါတစ်ခါကျတော့ အသီးအရွက်ကြော်လေး၊ ဟင်းချိုလေးနဲ့ပဲ တစ်မိသားစုလုံး စားကြတာ။ ကလေးတွေလည်း လူကြီးတွေအတိုင်း

> **အာဟာရပြည့်ဝစွာ စားသုံးမှု ၁၀ရာခိုင်နှုန်း မြင့်တက်လာပါက အခြေခံပညာအဆင့်ပြီးဆုံးမှု ၁၀ရာခိုင်နှုန်းမြင့်တက်လာမည်ဖြစ်ပြီး မူလတန်းအဆင့်ပြီးဆုံးမှု ၇၅ရာခိုင်နှုန်းအထိ ရှိလာမည်။**
>
> **ထို့အပြင် အာဟာရမပြည့်ဝခြင်းကြောင့် မြန်မာလူမျိုးတို့တွင် ဉာဏ်ရည်ဉာဏ်သွေး နိမ့်ကျမှုများ ဖြစ်ပေါ်နေပြီး နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးတို့ ထိခိုက်နိုင်မည်ဟု ပညာရှင်များက ကိန်းဂဏန်းများဖြင့် ခန့်မှန်းထားသည်။**

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014





ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

စားတာပဲ။ ထွေထွေထူးထူး လုပ်ပေးမနေနိုင်ဘူး”ဟု ကလေးလေး ဦးမိခင်ဒေါ်ဝင်းကြည်က ဆိုသည်။

ကလေးငယ်များကို ထမင်းကျွေးနေရုံမျှဖြင့် အာဟာရချို့တဲ့မှုများ ပပျောက်မသွားနိုင်ပါ။ ကျန်းမာရေးအသိပညာဖြင့် အစာအုပ်စုများ ခွဲပေးထားသည့်အတိုင်း အသား၊ ငါး၊ အသီးအရွက်များကို မျှတအောင် ကျွေးမွေးရန် အဓိကလိုအပ်ပါသည်။ သို့သော် အာဟာရပြည့်ဝစေရန် အစာအုပ်စုများကို စနစ်တကျ ကျွေးမွေးနိုင်ရေးအတွက် မိသားစုစားဝတ်နေရေး အခြေအနေများအရ ကျွေးနိုင်ခြေရှိ၊ မရှိမှာ မေးခွန်းထုတ်စရာ ဖြစ်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်း ပြည်သူလူထုကို အာဟာရ ပြည့်ဝရေးအတွက် နွားနို့များများ သောက်သုံးကြရန် တိုက်တွန်းခဲ့သည်။ ပြည်ပတွင် ကလေးငယ်များအတွက် အသက်အရွယ်၊ လသားအလိုက် ဖြည့်စွက်စာများ ရောင်းချသည်။ မြန်မာနိုင်ငံတွင်လည်း စီးတီးမတ်ကဲ့သို့ ဈေးဝယ်စင်တာများတွင် စတင်ရောင်းချနေပြီဖြစ်သော်လည်း ဝယ်ကျွေးနိုင်သည့် အနေအထားက လူနည်းစုသာဖြစ်သည်။

“ဒီမှာက ကြက်သားဟင်းချက်ရင်တောင် အာလူးတို့၊ ဘူးသီးတို့ များများရောပြီး ခွဲတမ်းနဲ့ကျွေးရတဲ့သူတွေ များတော့ အာဟာရမဖြစ်ဘူး။ ထမင်းဝရုံပေါ့။ အဓိကက မွေးစကတည်းက မျှတအောင်ကျွေးမှ အရပ်ရှည်တာ၊ သန်မာကြီးထွားတာတွေ ဖြစ်မှာပါ။ အိုဗာတင်းတို့ မိုင်လိုတို့ တိုက်သင့်ပါတယ်။ ဒါမှမဟုတ် သမ္မတကြီးပြောသလို နွားနို့တိုက်သင့်ပါတယ်။ မွေးစကတည်းက ကျွေးရင်တောင် မြန်မာတွေ ပြန်လည်ကြီးထွားဖို့အနှစ်နှစ်ဆယ်လောက် အချိန်ယူရဦးမှာပါ” ဟု သမီးတစ်ဦးဖခင်ဖြစ်သည့် ဆုပြည့်စုံထွန်းစာပေမှ ကိုမြင့်ထွန်းက သုံးသပ်သည်။

ခန္ဓာကိုယ်ပိန်ပါးသည့် အသက် ၁၀ နှစ်အရွယ် မောင်မင်းခန့်က “သားက ထမင်းနဲ့ဟင်းဆိုဟင်းအများကြီးစားချင်တာ။ မေကြီးက ဟင်းနည်းနည်းလေးပဲ ထည့်ပေးတယ်။ ထမင်းကုန်လို့ နောက်တစ်ပန်းကန်စားရင်လည်း ဟင်းနည်းနည်းလေးပဲ ထပ်ထည့်ပေးတယ်” ဟု သူ၏ ခံစားချက်ကို ပြောပြသည်။

ကလေးငယ်တို့အတွက် အစားစားချိန်၊ အိပ်ချိန်တို့ကို စနစ်တကျထားရှိ၍ ပြုစုပျိုးထောင်ခြင်းက ထိရောက်စေမည်ဖြစ်ပြီး အာဟာရမပြည့်သည့် အစားအစာများကို အလွယ်တကူ စားသောက်မှုများ လျော့ပါးစေရန်လည်း သတိပြုသင့်သည်။

အာဟာရ မပြည့်ဝသည့်အတွက် ကျန်းမာရေး ထိခိုက်လာစေပြီး နေ့စဉ်ဘဝတွင် မကူးစက်နိုင်သည့် နာတာရှည်ရောဂါများ၊ လူကြီးများတွင်သာမက လူငယ်များမှာပါဖြစ်ပွားလာနေသည်ဟုကျန်းမာရေး ဦးစီးဌာနမှ သိရသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် ကလေးငယ် ကိုးသိန်းမွေးဖွားပြီး သုံးနှစ်မတိုင်မီမှာပင် ကလေးငယ် ၃၇၀၀ ပြန်လည်ဆုံးပါးသွားသည်ဟု သိရသည်။

“အသက် သုံးနှစ်အထိ ရက်တစ်ထောင် Rule ဆိုတာရှိတယ်။ သုံးနှစ် အတွင်းမှာ အစားအသောက်ကျွေးတဲ့ပုံစံကို ဂရုစိုက်ရမယ်။ နောင်နှစ် ၂၀၊ ၃၀ မှာ ဖြစ်လာမယ့် ပညာရေး၊ ကျန်းမာရေးက အဲဒီသုံးနှစ်နဲ့ပဲဆိုင်တယ်။ ကလေးကို ထမင်းကျွေးနေရုံ၊ အစာကျွေးနေရုံနဲ့ အာဟာရချို့တဲ့မှုပျောက်မသွားဘူး။ အသားငါးအသီးအရွက်တွေကို မျှတအောင်ကျွေးတတ်ဖို့လိုတယ်” ဟု ကျန်းမာရေးဝန်ကြီးဌာန၊ အာဟာရဖွံ့ဖြိုးရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ထင်လင်းက မှတ်ချက်ပေးသည်။

ထမင်းအဓိက၊ ဟင်းတစ်တုံးပေါ်လစီဖြင့် ကလေးငယ်များကို ပြုစုပျိုးထောင်၍ မရတော့ပါ။ အာဟာရပြည့်ဝသည့် အစာအုပ်စုများကို စနစ်တကျကျွေးမွေးပျိုးထောင်ရန် လိုအပ်နေပါပြီ။

ကလေးငယ်ကို ဆီးထုပ်တစ်ရာတန်တစ်ထုပ် ဝယ်ကျွေးမည့်အစား ကြက်ဥတစ်လုံးဝယ်ကျွေးခြင်းက ပိုမိုအကျိုးရှိစေပါလိမ့်မည်။ မြန်မာတို့ထက် ခေါင်းတစ်လုံးနိမ့်သည့် ဂျပန်ငပုများသည် မြန်မာတို့ထက် ခေါင်းနှစ်လုံးကျော်လွန်သွားပါပြီ။ အယောက်တစ်ရာလျှင် သုံးဆယ့်ငါးယောက်က အာဟာရချို့တဲ့ကာ အရပ်ပုလာသည့် အခြေအနေကို ကျော်လွှား၍ မျိုးဆက်ကို ပြန်လည်မြှင့်တင်ရန် မိဘတိုင်း၏ တာဝန်ဖြစ်ပါသည်။ ။

## ကလေးငယ်များအား နည်းစနစ်မှန် အစားအသောက်ကျွေးမွေးခြင်း


- ဆန်၊ ဂျုံ၊ ပဲ၊ အာလူးတို့ဖြင့် ပြုလုပ်ထားသော အစားအသောက်များ
- အသီးအရွက်နှင့် သစ်သီးများ နေ့စဉ်ကျွေးမွေးရန် မမေ့ပါနှင့်။
- ခန္ဓာကိုယ်ကြီးထွားစေသည့် အသား၊ ငါး များများကျွေးပါ။ (မှတ်ချက်။ ။ တစ်ပတ်လျှင် ငါးစားရန် အနည်းဆုံး နှစ်ရက်သတ်မှတ်ထားပါ)
- နွားနို့၊ ဒိန်ချဉ်တို့ သောက်ရန် အရေးကြီးပါသည်။
- သကြားဓာတ်၊ ဆားဓာတ်နှင့် အဆီအဆိမ့်ပါသော အစားအစာများလည်း အနည်းငယ်ကျွေးရန် လိုအပ်ပါသည်။
- ရေများများတိုက်ရန် မမေ့ပါနှင့်။

## များများစားစေရန် အချက်များ

- ဆာတဲ့အချိန်မှာ ကျွေးပါ။
- သင့်ကလေး ဘာစားချင်လဲမေးပါ။
- စားချင်စဖွယ် ပြင်ဆင်ထားပါ။
- စားသောက်နေလျှင် ရုပ်မြင်သံကြား မဖွင့်ထားပါနှင့်။
- အကျိုးမပြုသည့် သရေစာစားခြင်း နည်းအောင်လုပ်ပါ။

SIDE BAR

# ကိုယ့်ပန်းကန်ထဲမှာ ဘာတွေ ရှိရမလဲ




**ထားထားမြင့်**

အခြားနိုင်ငံက မိန်းကလေးများနှင့် နှိုင်းယှဉ်ပါက မြန်မာမိန်းကလေးများက ခန္ဓာကိုယ် သေးသွယ်ပိန်လှီပါသည်။

ယနေ့ခေတ်ကား ပိန်ပိန်သွယ်သွယ်များ ခေတ်စားသော်လည်း အာဟာရချို့တဲ့ပြီးပိန်ခြင်း၊ သွေးအားနည်းခြင်းတို့မှာ ကောင်းသည့် လက္ခဏာ မဟုတ်ပါ။ အထူးသဖြင့် ပိန်တာချင်း အတူတူ အမဲသားအစားများသော ဗီယက်နမ်၊ ထိုင်း၊ မလေးရှား အမျိုးသမီးလေးများက ပါးမှာ သွေးရောင်လွှမ်းနေပြီး မြန်မာမလေးများက ဖျော့တော့သွေးအားနည်းနေတာကို တွေ့ရသည်။

မြန်မာပြည်မှာ မိန်းကလေးအများစုက အမဲသားမစားသူ အတော်လေးများသည်။ အရသာခြောက်ပါးထဲမှာ မြန်မာတွေက ချဉ်ငန်စပ်ကို ပိုနှစ်သက်တတ်သည်။ ဒေါ်မျိုးမျိုးအေးက ရန်ကုန်မှ မီဒီယာကုမ္ပဏီတစ်ခုက မန်နေဂျာဖြစ်သည်။ သူက ဘာကိုမဆို ငရုတ်သီးစပ်စပ် ထည့်စားသည်။ ချဉ်ငန်စပ်အသားပေးထားသော စားစရာများကို ကြိုက်သည်ဟု ဆိုသည်။

“မနက်စာကို ခေါက်ဆွဲသုပ်၊ ကြာဆန်သုပ်၊ မုန့်ဟင်းခါးလိုမျိုးကို စားတယ်။ ထမင်းစားချိန်မှာ အိမ်ကို ကိုယ်ကြိုက်တဲ့ဟင်းတွေ ချက်ခိုင်းပြီးစားတယ်။ အများအားဖြင့်တော့ ချဉ်ဟင်းနဲ့ ငရုတ်သီး အညာထောင်း၊ ဟင်းခါးနဲ့ ပုစွန်ချဉ်ကြော်၊ ချဉ်ပေါင်ကြော်၊ ရှောက်သီးသုပ်၊ မရမ်းသီးထောင်း၊ ငါးပိချက်လိုဟင်းတွေပေါ့။ အသားဟင်းကို အသားတစ်တုံးလောက်ပဲအရည်များများနဲ့ နယ်ပြီး ငါးပိရည်၊ တို့စရာများများနဲ့ စားတယ်”

ညနေစာကို ဒေါ်မျိုးမျိုးက မြို့ထဲရုံး ပတ်ပတ်လည်က ဝက်သားတုတ်ထိုး၊ ကော်ပြန့်ကြော်၊ လက်ဖက်ထမင်း၊ ဆီချက်၊ ရှမ်းခေါက်ဆွဲများ စားတတ်သည်။ အသီးအနှံကတော့ ကြုံမှစား၏။ ဒိန်ချဉ်လို နို့ထွက်ပစ္စည်းလည်း တစ်ခါတလေသာ စား၏။ သားငါးကဲ့သို့ ပရိုတင်းဓာတ်ရသည့် ပဲအမျိုးမျိုးကိုမူ ပုန်းရည်ကြီးသုပ်နှင့် လက်ဖက်ထဲထည့်သည့် ပဲကြော်တို့လောက်သာ စားသည်။ အားလုံးခြုံရလျှင် အာဟာရဖြစ်တာမဖြစ်တာထက် ကြုံသည့်အစာနှင့် ကြိုက်တာကိုသာ ဒေါ်မျိုးမျိုးအေးက စားနေခြင်းဖြစ်သည်။

အသားငါးထက် ဟင်းသီးဟင်းရွက် များများမစားသော ဒေါ်မျိုးမျိုးအေးက အဝလွန်ခြင်း မရှိ။ ခန္ဓာကိုယ် သွေးသွယ်သော်လည်း မကြာခဏ သွေးအားနည်းပြီး ခေါင်းမူးတတ်သည့် ရောဂါရှိသည်။ ဆရာဝန်ကိုသွားပြသည့်အခါ သူ့ကို အမဲသားကဲ့သို့ သွေးအားကောင်းစေသော အရာများနှင့် ပဲ၊ ပဲပြား၊ ငါးတို့ကို စားခိုင်းသည်။

“အမဲသားကတော့ ကိုယ်မှ မစားတာ။ ပဲကျတော့လည်း သိပ်မကြိုက်ဘူးလေ”

အမဲသားနှင့် အသားငါး အစားနည်းတာချင်း အတူတူ ရိုးရာအစားအစာတွင် ပရိုတင်းခေါ် အသားဓာတ်ပါသည့် ပဲအစားများသော အိန္ဒိယနိုင်ငံရှိ အမျိုးသမီးများက မြန်မာအမျိုးသမီးများထက် ပိုပြီး ကျန်းမာသန်စွမ်းသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ မိန်းကလေးများကို အခြားသွေးအားနည်းစေသည့် အချက်တစ်ခု ရှိပါသေးသည်။

ထိုအချက်မှာ လက်ဖက်သုပ်နှစ်ခြိုက်စွာ စားသုံးခြင်း ဖြစ်ပါသည်။ လက်ဖက်သည် ကဖင်းဓာတ်ပါဝင်ရုံသာမက ခန္ဓာကိုယ်ထဲရှိ သံဓာတ်ကို စုပ်ယူသဖြင့် လက်ဖက်အစားများသော သူများသည် သွေးအားနည်းရောဂါကို ဖြစ်စေနိုင်၏။ ထိုအကြောင်းကို ၂၀၀၇ ခုနှစ် ဝန်းကျင်တွင် မြန်မာနိုင်ငံ ဆေးသုတေသနအဖွဲ့ (အောက်မြန်မာပြည်) က လေ့လာပြီး ညီလာခံတွင် စာတမ်းဖတ်ကြားခဲ့ပြီး ဖြစ်သည်။ အထူးသဖြင့် လက်ဖက်သုပ်ကို ထမင်းနှင့် မကြာခဏ တွဲစားခြင်းသည် သံဓာတ်အားနည်းပြီး သွေးအားနည်းစေသည့် အကြောင်းတစ်ရပ်ဖြစ်သည်ဟု အဆိုပါ စာတမ်း၌ ရေးသားထားသည်။ မြန်မာ့ ဆေးပညာမှာလည်း လက်ဖက်သည် ချုပ်တတ်သော သဘောရှိသည်ဟု ပါထားရာ သဘောချင်းအတူတူပင် ဖြစ်သည်။

“အဲဒီလိုဆိုရင်တော့ ဒုက္ခပဲ။ ကျွန်မက လက်ဖက်ကို တစ်ရက်ခြားလောက် စားနေတာ”

ရန်ကုန် အမေရိကန်စင်တာ၌ အင်္ဂလိပ်စာသင်တန်း တက်နေသူ လက်ဖက်သုပ်ကြိုက်သည့် မဝေဝေခိုင်က ပြောခြင်းဖြစ်သည်။ သူ့အကြိုက် အစားအစာက လက်ဖက်သုပ်၊ အကင်မျိုးစုံနှင့် ရခိုင်မုန့်တီဟု ပြောကြားသည့် မဝေဝေခိုင်က သူစားသည့် အစားအစာတွင် မည်သည့်အခါမျှ အသားဓာတ်မည်မျှ၊ ဗီတာမင်မည်မျှ၊ ကယ်လိုရီမည်မျှဆိုတာကို မတွက်ချက်ကြည့်ပါဟု ဆိုသည်။

ကော်ဖီမစ်များကိုလည်းတစ်နေ့ကို ငါးခါလောက် အနည်းဆုံး သောက်တတ်သူဖြစ်သဖြင့် ညအိပ်မပျော်သည့် ရောဂါခံစားနေရသည်မှာလည်း ကြာပြီဟု ပြောသည်။

မြန်မာလူမျိုးတွေနှင့် ပြောင်းပြန်ဖြစ်နေသော နေရာက အမေရိကန်နှင့် အနောက်နိုင်ငံများ ဖြစ်သည်။ ထိုနိုင်ငံများမှာတော့ အသားနှင့် နို့ထွက်ပစ္စည်းများကို လူတွေက အလွန်အကျွံ စားနေကြသဖြင့် အသားကို လျှော့စားရန်နှင့် ဟင်းသီးဟင်းရွက်နှင့် ဆန်လိုသီးနှံတွေကို စားရန် တိုက်တွန်းနေရပါသည်။ အမေရိကန် စားသောက်ဆိုင်များတွင် လူကြိုက်များသော အမဲသားစတိတ်ခေါ် အမဲသား မကျက်တကျက်မှာ မြန်မာအခြင်အတွယ်အားဖြင့် တစ်ခါတစ်ရံ နှစ်ဆယ်သားခန့်ရှိပြီး မြန်မာပြည်မှာဆို မိသားစုတစ်နပ်စာ စားကြသည့် အနေအထားခန့်ရှိသည်။

အမေရိကန် ဆယ်ကျော်သက်လူငယ်တစ်ဦးကမူ ထိုအမဲသားကင်တစ်တုံးကို အခြားအစားအစာများနှင့် တွဲဖက်ပြီး တစ်ခါစားသာ စားကြလေသည်။

**စာမျက်နှာ(၁၉) သို့**

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ထားဝယ်မြို့ပြစီမံကိန်းအတွက် သိမ်းထားပြီး လုပ်ငန်းမစသေးသော လယ်များတွင် ရေနက်ကွင်းစပါးများစိုက်ပျိုး

**စိုးမိုးအောင်**

**ထားဝယ်၊ မေ- ၅**

ထားဝယ် မြို့ပြစီမံကိန်း ဧရိယာတွင်ပါဝင်ပြီး စီမံကိန်း မစတင်ရသေးသော လယ်ကွင်းများတွင် ရေနက်ကွင်း စိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ထားဝယ်မြို့ ဆန်းချီရပ်ကွက်တွင် မြို့ပြစီမံကိန်းအတွက် သိမ်းဆည်းထားသော လယ်ကွင်းများအနက် အကောင်အထည်မဖော်ရသေးသည့် လယ်များ မိုးရာသီ၌ ရေနစ်မြုပ်ခြင်းမရှိစေရန် ရေနက်ကွင်းစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးနေကြောင်း သတင်းရရှိသည်။



*လယ်ကွင်းများအတွင်း တည်ဆောက်ထားသော ဝန်ထမ်းအိမ်ရာများ* ဓာတ်ပုံ – စိုးမိုးအောင်

ထိုလယ်ကွင်းများ ပတ်ဝန်းကျင်တွင် ပေ ၄၀၊ ၆၀ လမ်းမကြီးများဖောက်လုပ်ရန် မြေသားတာပေါင်များဖောက်ထားသောကြောင့် ရေမြောင်းများ ပိတ်ဆို့နေပြီး မိုးတွင်းကာလများတွင် ရေကြီးနိုင်သောကြောင့်အဆိုပါစိုက်ပျိုးနည်းကို အသုံးပြုခြင်းဖြစ်သည်။

“ကျွန်တော့်လယ်ပတ်လည်ဆိုရင် မြေပေါင်တွေဖြစ်ကုန်ပြီ။ မိုးရာသီရောက်မှစစိုက်ရင်အောင်မြင်မှာမဟုတ်ဘူး။ ဒါကြောင့် လူကြီးတွေက ဒီလိုနေရာတွေမှာ ရေနက်ကွင်းစိုက်ပျိုးနည်းနဲ့ စိုက်လို့ရတယ်ဆိုလို့ စမ်းသပ်စိုက်ပျိုးတာပါ”ဟု မေလ ၃ ရက်တွင် စတင်စိုက်ပျိုးခဲ့သော လယ်သမားဦးကြူလွင်က ပြောကြားသည်။

အဆိုပါလယ်ကွင်းများသည် နှစ်စဉ်ရေနစ်မြုပ်ခြင်းမရှိဘဲ အထွက်နှုန်းကောင်းကြောင်း သိရသည်။ စီမံကိန်းအတွက် သိမ်းယူထားသော လယ်မြေများတွင် နှစ်စဉ်မိုးစပါးနှင့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးနေသော်လည်း ယင်းနေရာမှ လယ်ပိုင်ရှင်များအားမိုးစပါးငွေများ ထုတ်ချေးခြင်းမရှိတော့ကြောင်း သိရသည်။

ရေနက်ကွင်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးအောင်မြင်ထားသော စပါးများသည် အထွက်နှုန်းလျော့နည်းသော်လည်း မိုးတွင်းကာလများတွင် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်သောကြောင့် ယခုရာသီသီးနှံစိုက်ပျိုးရသော လယ်သမားများလည်း အဆိုပါနည်းဖြင့် မိုးစပါးများကို စိုက်ပျိုးသွားမည်ဖြစ်သည်။

မြို့ပြစီမံကိန်းအဖြစ် သိမ်းယူထားသောလယ်မြေဧရိယာများတွင် ဝန်ကြီးအိမ်ရာများ၊ ဝန်ထမ်းအိမ်ရာများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်ထားပြီး ကျန်ဧရိယာများကို လမ်းဖောက်လုပ်ထားခြင်းဖြစ်သည်။

အဆိုပါနေရာများသိမ်းဆည်းခံလယ်သမားများအတွက် နစ်နာကြေးများနှင့် ပြန်လည်နေရာချထားပေးခြင်းများမရှိသေးသောကြောင့် စီမံကိန်းအကောင်အထည်မဖော်ရသေးသည့် လယ်မြေနေရာများတွင်မိုးစပါးများ နှင့် ရာသီသီးနှံများကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

# တတိယအကြိမ် ပြည်ဘားကမ့်ကျင်းပမည်


**ဇော်မင်းထိုက်**

**ပြည်၊ မေ-၅**

ပြည်မြို့တွင် တတိယ အကြိမ်မြောက် ပြည်ဘားကမ့် (PYAY BARCAMP–2014) ကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ဇွန်လ ၂၁ ရက်နှင့် ၂၂ ရက်များ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“အရင် အကြိမ်တွေကျင်းပတုန်းကအတိုင်းပဲလုပ်သွားဖို့ရှိတယ်။ နည်းပညာဆိုင်ရာတွေကို တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆွေးနွေးဖလှယ်ကြတာပဲ။ မည်သူမဆိုလာရောက် လေ့လာဆွေးနွေးနိုင်တယ်။ ပြည်ဘားကမ့်ဆိုရင် တစ်နှစ်ထက် တစ်နှစ် ပိုမိုစိတ်ဝင်စားလာတာတွေ့ရပြီး ဒုတိယအကြိမ်တုန်းကဆို တက်ရောက်သူတစ်ထောင်ကျော်တယ်”ဟု ပြည်ဘားကမ့်ဖြစ်မြောက်ရေးအဖွဲ့မှ ကိုရဲမြင့်အောင်က ပြောသည်။

၂၀၁၄ ပြည်ဘားကမ့်ကိုပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဆောင်ရွက်ခြင်းဖြစ်ပြီး သတင်းနှင့် နည်းပညာဆိုင်ရာ ပညာရပ်များ၊ စိုက်ပျိုးရေးနည်းပညာဆိုင်ရာများ၊ ကျန်းမာရေးနည်းပညာဆိုင်ရာများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာပညာရပ်များ အစရှိသည်တို့ကို ဟောပြော၊ ဆွေးနွေး၊ ဖလှယ်သွားမည်ဖြစ်ကြောင်း သိရသည်။



FUMO ENGINEERING
sole distributor for spirax sarco
SEEKING

FOR STEAM SYSTEMS DEPARTMENT

CHIEF ENGINEER - Full Time

Job Details
- Manage a team of engineers working with Spirax Sarco and related boiler products
- Site inspections followed by reasoned recommendations of boilers to clients from our range of suppliers
- Inspection and quality control of goods, services and working conditions

Requirements
- Minimum 5 years experience in operation, maintenance and repair of boiler auxiliary systems/equipment
- Expert understanding and wide, up-to-date knowledge on boilers
- Veteran leadership and supervisory skills

SALES MANAGER - Full Time

Job Details
- Visit potential customers on site inspection with technical team
- Keep in touch with and foster a great relationship with customers
- Formulate all sales policies, practices and procedures
- Develop specific plans to ensure revenue growth in all product fields
- Manage personnel and develop sales and sales support staff
- Ensure sales are closed

Requirements
- Minimum 5 years experience in engineering sales and marketing
- Proven track record of excellent sales results
- Exceptional social talent and people skills
- Exceptional ability to close sales
- Relentless passion for growth and success

FUMO
Excellence in industrial engineering

AOSmith. oilon ADAMSON CleaverBrooks MAXON A Honeywell Company ENTOLETER AERCO elliott TANDEX CB NATCOM GOODWAY Fulton ASGA

Application & Resume to:
admin@fumoengineering.com
Contact Number – +959 5416 852

# Education

7 DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014




*အင်တာနက်သုံးစွဲနေသူတစ်ဦး*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် လာမည့်ပညာသင်နှစ် ဖွင့်နိုင်ဖွယ်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၃**

လွန်ခဲ့သည့် ပညာသင်နှစ်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်တွင် ကြေညာထားခဲ့ပြီး ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့သည့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်ကို လာမည့်ပညာသင်နှစ်တွင် ဖွင့်လှစ်နိုင်ဖွယ်ရှိကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောသည်။

အိန္ဒိယနိုင်ငံ အကူအညီဖြင့် မန္တလေးမြို့တွင် အသစ်ဖွင့်လှစ်မည့် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (MIIT)တည်ဆောက်မည့် မြေနေရာအခက်အခဲကြောင့် လွန်ခဲ့သည့် ပညာသင်နှစ်က ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့ပေ။

“၂၀၁၄ ဒီဇင်ဘာမှာဖွင့်မယ့် ပညာသင်နှစ်မှာတော့ မီနိုင်မယ် ထင်တယ်။ အခုကတော့ အဆောက်အအုံဆောက်တုန်းပဲ။ နေရာပြဿနာအခက်အခဲရှိခဲ့တယ်။ ဒါပေမဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ် လုပ်ပေးလိုက်လို့ တော်တော်အဆင်ပြေသွားပြီ။ ဆောက်လုပ်ရေးတော့ စနေပြီ။ ခြံဝန်းတွေခတ်ပြီးတော့ ထူးကုမ္ပဏီက စဆောက်နေပြီ။ လာမယ့်နှစ် မပြီးတောင်မှ ပြီးသလောက်ကို ကျွန်တော်တို့ သင်လို့ရအောင်လုပ်မှာပါ” ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဆိုသည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်သို့ တက္ကသိုလ်ဝင်စာမေးပွဲ၌ စုစုပေါင်းရမှတ် ၄၈၀ နှင့်အထက် ရရှိသူများလျှောက်ထားနိုင်မည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲစစ်ဆေး၍ အောင်မြင်သူများကိုသာ ဝင်ခွင့်လက်ခံသွားမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်တွင် ကြေညာခဲ့သည်။

တက္ကသိုလ်ဝင်ခွင့်အတွက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် လျှောက်လွှာများ ထုတ်ယူရမည့်ရက်ကို ကြေညာမည်ဖြစ်ပြီး တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရန် သတ်မှတ်ထားခြင်းကြောင့် စိတ်ဝင်စားသူ ကျောင်းသားနှင့်မိဘများကစောင့်ဆိုင်းခဲ့ကြသော်လည်း တက္ကသိုလ်ဖွင့်လှစ်နိုင်မှုမရှိခဲ့ပေ။

## အမျိုးသားပညာရေး ဥပဒေကြမ်း ပြင်ဆင်ရေး လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် NNER တွေ့ဆုံဆွေးနွေးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၃**

ပြည်သူ့လွှတ်တော်က အတည်ပြုထားသော အမျိုးသားပညာရေး ဥပဒေကြမ်း ပြင်ဆင်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံဆွေးနွေးနေကြောင်း ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) မှ သိရသည်။

အမျိုးသားပညာရေး ဥပဒေကြမ်းတွင် ဗဟိုအုပ်ချုပ်မှုစနစ်များ ပါဝင်နေခြင်းနှင့် အခြားသဘောထားကွဲလွဲမှုများကြောင့် ကျောင်းသားသမဂ္ဂများ၊ ဆရာ၊ ဆရာမများအသင်း၊ အရပ်ဘက်ပညာရေးအဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားသည့် NNER က ကန့်ကွက်ထားသည်။

“အဓိကက အမျိုးသားလွှတ်တော်မှာ အချက်ကျကျ တင်ပြနိုင်ဖို့ ပြင်ဆင်နေတာပါ။ အခုက အမျိုးသားလွှတ်တော် အမတ်နှစ်ယောက်နဲ့ တွေ့နေတယ်။ နောက်ပါတီအသီးသီးက ပညာရေးစိတ်ဝင်စားတဲ့ အမတ်တွေကို ဖိတ်ပါမယ်” ဟု NNER အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) အနေဖြင့် အမျိုးသားပညာရေး ဥပဒေကြမ်းတွင် ပြင်ဆင်လိုသော အချက်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ရှင်းလင်းတင်ပြနေခြင်းဖြစ်သည်။

ယခုအမျိုးသားပညာရေး ဥပဒေကြမ်းကို ပြီးခဲ့သည့် ပြည်သူ့လွှတ်တော်၌ အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ တင်ပြထားပြီး လာမည့် မေလနောက်ဆုံးပတ်တွင် အတည်ပြုနိုင်ရန် ဆောင်ရွက်နေကြသည်။

အစိုးရနှင့် လွှတ်တော်တို့သည် နိမ့်ကျနေသော ပညာရေးစနစ်ကို မြှင့်တင်ရန် အမျိုးသားပညာရေးဥပဒေကို အလျင်အမြန်အတည်ပြုနိုင်ရေး စီစဉ်လျက်ရှိသော်လည်း ပညာရေးတွင် တိုက်ရိုက်သက်ဆိုင်သူများနှင့် ပြည်သူလူထု၏သဘောထားအကြံဉာဏ်များကို လျစ်လျူရှုခဲ့ကြောင်း တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းက ကြေညာခဲ့သည်။

အမျိုးသားပညာရေး ဥပဒေကြမ်းအရ အမျိုးသားပညာရေးကောင်စီကို ဒုသမ္မတတစ်ဦးက ဥက္ကဋ္ဌအဖြစ်နှင့်ပြည်ထောင်စုဝန်ကြီးများက အဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီးကျောင်းအားလုံးကို ဥပဒေနှင့်အညီဖြစ်စေရန်ငါးနှစ်အတွင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရေးသားထားသည်။

## အိန္ဒိယအစိုးရက မြန်မာအိုင်တီ ကျောင်းသား ၃၀ ဦးအား ဘွဲ့လွန်ပညာသင်ဆုပေး

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၃**

အိန္ဒိယနိုင်ငံရှိ နိုင်ငံတကာသတင်းအချက်အလက်နည်းပညာအင်စတီကျူ့ဒ်၊ ဘင်ဂလော (IIITB) တွင် ဆော့ဖ်ဝဲဖွံ့ဖြိုးမှုသင်တန်းတက်ရောက်ရန် မြန်မာအိုင်တီကျောင်းသား၊ ကျောင်းသူ ၃၀ ဦးအားအိန္ဒိယအစိုးရကပညာသင်ဆုပေးအပ်လိုက်သည်။



အဆိုပါဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အိန္ဒိယနိုင်ငံတွင် ခြောက်လနှင့် မြန်မာနိုင်ငံတွင်သုံးလကြာတက်ရောက်ပညာသင်ယူရမည်ဖြစ်ပြီး ဘွဲ့ရပြီးခါစကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

“သူတို့က ဘွဲ့လွန်ဒီပလိုမာပေးဖို့ ကမ်းလှမ်းတာပေါ့။ သူတို့လိုချင်တာက ဘွဲ့ရပြီးခါစ ကျောင်းသားတွေပါ။ အဲဒါ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက အဆိုပြုရတာပေါ့။ အမှန်အတိုင်းက ဝန်ကြီးဌာနက တစ်ဝက်၊ အပြင်ကတစ်ဝက် အဆိုပြုတာပါ။ ဒါပေမဲ့ အိန္ဒိယဘက်ကငယ်ရွယ်တဲ့သူတွေလိုချင်တာဖြစ်လို့ ဝန်ကြီးဌာနဘက်က အရေအတွက်ကို လျှော့ချလိုက်တယ်။ အခုဆို ဝန်ကြီးဌာနက ငယ်ရွယ်တဲ့ ဆရာမတွေငါးဦးလောက်ပဲပါတယ်”ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆော့ဖ်ဝဲနည်းပညာဘွဲ့လွန်သင်တန်းသည် အလုပ်အကိုင်အခွင့်အလမ်းအတွက် ဦးတည်သင်ကြားပို့ချခြင်းဖြစ်ပြီး သင်တန်းပြီးဆုံးပါက ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ကြောင်း အိန္ဒိယသံရုံးကဆိုသည်။

အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံထောက်ပံ့ကူညီရန် ကတိပြုထားသည်။




7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ဂျပန်အစိုးရ ပညာသင်ဆုအစီအစဉ်များ လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂**

ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်များတွင်လူမှုရေးသိပ္ပံ၊ သဘာဝသိပ္ပံ၊ နည်းပညာနှင့် အထူးသင်တန်းဘာသာရပ်များ သွားရောက်သင်ယူနိုင်သော ၂၀၁၅ ပညာသင်ဆုအစီအစဉ်များကို ဂျပန်အစိုးရက ကြေညာထားသည်။

ဂျပန်နိုင်ငံ၏ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန (MEXT) က မြန်မာအပါအဝင် နိုင်ငံတကာမှ ကျောင်းသားများအတွက် ပညာသင်ဆုအစီအစဉ် လေးမျိုး လျှောက်ထားရန် ဖိတ်ခေါ်ထားခြင်း ဖြစ်သည်။




ပညာသင်ဆုလျှောက်ထားသူများအနေဖြင့် ဂျပန်ဘာသာစကားကို လေ့လာသင်ယူရန် စိတ်ဝင်စားရမည်ဖြစ်ပြီး ပညာသင်နှစ်မှာ သုံးနှစ်မှ ငါးနှစ်ထိ ကြာမြင့်မည်ဖြစ်ကာ နိုင်ငံမဲ့သူများလည်း လျှောက်ထားနိုင်မည် ဖြစ် သည်။

သုတေသနကျောင်းသားများ၊ ဘွဲ့ကြိုကျောင်းသားများ၊ နည်းပညာကျောင်းသားများနှင့် အထူးသင်တန်းကျောင်းသားများအတွက် ဂျပန်အစိုးရက ပညာသင်ဆုထောက်ပံ့ခြင်းဖြစ်ပြီး ကနဦးစစ်ဆေးမှုကို မြန်မာနိုင်ငံ၊ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း (MAJA) က ဆောင်ရွက်မည် ဖြစ်သည်။

ဂျပန်အစိုးရ၏ ပညာသင်ဆုအစီအစဉ်အတွက် www.mext.go.jp/english တွင် အသေးစိတ်ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ပြီး မေလ ၁၆ ရက်နောက်ဆုံးထား၍ MAJA တွင် လူကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။

# စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းစင်တာ ဒီဇင်ဘာတွင် ဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂**

စင်ကာပူ-မြန်မာအသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းကိုလာမည့် ဒီဇင်ဘာတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး စင်ကာပူနိုင်ငံမှ သင်တန်းဆရာများ လာရောက်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ သိရသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးပြီးနောက် ရန်ကုန်မြို့၊ နတ်မောက်လမ်းရှိ စက်မှုလက်မှုအထက်တန်းကျောင်းတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်နေခြင်း ဖြစ်သည်။

"စင်ကာပူအိုင်တီအီးနဲ့လက်မှတ်ထိုးလိုက်ပြီးတော့နတ်မောက်မှာရှိတဲ့ စက်မှုလက်မှု အထက်တန်းကျောင်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပေးမယ်။ စင်ကာပူ-မြန်မာအသက် မွေးဝမ်းကျောင်းစင်တာဖွင့်မယ်။ဒီဇင်ဘာမှာ ဖွင့်မယ်။ အများကြီးတော့ ခေါ်မှာမဟုတ်ဘူး။ အဲဒီကရတဲ့ ဒီပလိုမာလက်မှတ်က တကယ်ကျွမ်းကျင်ရမယ်"ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ကျော်မြတ်က ပြောကြားသည်။

စင်ကာပူ-မြန်မာအသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းတွင် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှု၊ အီလက်ထရစ်ကယ်နှင့် အီလက်ထရွန်နစ်၊ စီမံခန့်ခွဲမှုနှင့် အင်ဂျင်နီယာဝန်ဆောင်မှု ဘာသာရပ်ကို သင်ကြားပို့ချမည် ဖြစ်သည်။

ယင်းတန်းကျောင်းတွင် စင်ကာပူနည်းပညာ အင်စတီကျုဒ် (ITE) မှ သင်ရိုးရေးဆွဲ၍ စင်ကာပူနိုင်ငံမှ ဆရာများ လာရောက်မည် ဖြစ်သလို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာများကလည်း တွဲဖက်သင်ကြားမည် ဖြစ်သည်။




ရွှေဖူဂျီထီးစက်ရုံ — အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄

ဝင်ရင်းဖြန့်ချိရေးဆိုင် — တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၄၅၃

ဖူဂျီရှော့ဝင်းစင်တာ — အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၀၁၃၀၊ ၀၁ - ၃၈၀၁၃၁

K&K စတိုး — အမှတ်(၄၅/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉

ဖူဂျီရှော့ဝင်းစင်တာ ဝင်ရင်း — အမှတ်(၄၉၂/၄၉၄) လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၇၇၈၀

ဖူဂျီရှော့ဝင်းစင်တာ ဆိုင်ခွဲ (၁) — အမှတ်(၀-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ငံတော်လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၁၅၊ ၀၉ - ၉၁၀၂၉၉၆

ဖူဂျီရှော့ဝင်းစင်တာ ဆိုင်ခွဲ (၂) — အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား၊ ဂုံကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၃၄၁၊ ၀၂ - ၇၆၃၄၂

ဖူဂျီရှော့ဝင်းစင်တာ ဆိုင်ခွဲ (၃) — အမှတ်(၁၀/၁-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၃၄၅၅၉၊ ၀၂ - ၆၈၃၂၇

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



# မြန်မာလုပ်သား ၂၀ ကျော်ကို တရားမဝင်စေလွှတ်ခဲ့သော ထိုင်းကုမ္ပဏီ အမည်ပျက်စာရင်းသွင်းမည်

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၅**

ထိုင်းနိုင်ငံရှိ ကျောက်မီးသွေးစက်ရုံသို့ မြန်မာအလုပ်သမား ၂၀ ကျော်အား တရားမဝင်ပို့ဆောင်ခဲ့သည့် တရားဝင်ထိုင်းကုမ္ပဏီပွဲစားကို အေဂျင်စီအသင်းချုပ်က အမည်ပျက်စာရင်း သွင်းမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ပြီးခဲ့သည့်မတ်လက မြန်မာအလုပ်သမား ၁၂၆ ဦးကို ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးကုမ္ပဏီသို့ တရားဝင်စေလွှတ်ခဲ့ရာ အလုပ်သမား ၂၇ ဦးကို မြန်မာဘက်မှ နယ်ပွဲစားက မြန်မာအေဂျင်စီမသိအောင် ယင်းကုမ္ပဏီမှ ထိုင်းပွဲစားဖြင့် ပူးပေါင်း၍ မြန်မာအစိုးရ တားမြစ်ထားသည့်ထိုင်းနိုင်ငံတောင်ပိုင်းရှိကျောက်မီးသွေးစက်ရုံသို့တရားမဝင် ပို့ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။



*အထည်ချုပ်စက်ရုံတစ်ခုတွင် လုပ်ငန်းခွင်ဝင်နေသော စာချုပ်သမများ*

nationmultimedia.com

“အဲဒီမစ္စတာဝီရိဝစ်ကို အမည်ပျက်စာရင်း (Black List) သွင်းဖို့စီစဉ်နေတယ်။ သူတို့က ဆောက်လုပ်ရေး မပို့ဘဲ ကျောက်မီးသွေးစက်ရုံပို့လိုက်တော့။ အေဂျင်စီနဲ့ သံအရာရှိတို့စစ်ဆေးတုန်းကတော့ ဆောက်လုပ်ရေးလုပ်ငန်းသွားပြတာ။ နောက်မှ ဟိုတစ်နေရာ၊ ဒီတစ်နေရာခွဲပို့လိုက်တာ။ အခုဒီကပွဲစားမကလည်း ထွက်ပြေးနေတယ်။ ကိစ္စက မပြီးပြတ်သေးလို့အမည်စာရင်းမသွင်းသေးတာ”ဟု ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ အထွေထွေအတွင်းရေးမှူး ဦးထင်ကျော်က ပြောသည်။

အေဂျင်စီအသင်းချုပ်က ထိုင်းအစိုးရ တရားဝင်အသိအမှတ်ပြုထားသည့် ထိုင်းပွဲစားအား အမည်ပျက်စာရင်းသွင်းရန် စီစဉ်ခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ထိုင်းနိုင်ငံရှိ အီတာလျံကုမ္ပဏီမှ အလုပ်သမားခေါ်ယူခန့်အပ်သည့် မစ္စတာအန်ဖွန်အား ပထမဆုံးအဖြစ် အမည်ပျက်စာရင်းသွင်းခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အလုပ်သမားခေါ်ယူရာတွင် ယခင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီနှင့် ဆက်လက်မလုပ်ကိုင်ဘဲ အခြားအေဂျင်စီများကိုပါချိတ်ဆက်၍ လုပ်သားခေါ်ယူခဲ့သောကြောင့် လုပ်သားများ ဖောင်းပွခဲ့ပြီး အခက်အခဲများဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင်နယ်ပွဲစားကိုယ်စားလှယ်များသည် လုပ်သားရှာဖွေပြီး လိုင်စင်ရ အေဂျင်စီများကို ချိတ်ဆက်၍ လုပ်သားစေလွှတ်မှုများပြုလုပ်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၎င်းတို့က အေဂျင်စီအမည်ခံပြီး တရားမဝင် လုပ်သားပို့ဆောင်မှုများပြုလုပ်သောကြောင့် မကြာခဏပြဿနာဖြစ်ပွားလျက်ရှိသည်။

ထို့ကြောင့် သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာနက အေဂျင်စီများအနေဖြင့် တရားဝင်ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည့် နယ်ကိုယ်စားလှယ်များ စာရင်းကိုတင်သွင်းရမည်ဟု ယခင်က ထုတ်ပြန်ထားသော်လည်း ယခုအခါ ယင်းညွှန်ကြားချက်ကို တင်းကျပ်စွာ ဆောင်ရွက်နိုင်ရန် စာရင်းထပ်မံကောက်ခံထားကြောင်း သတင်းရရှိသည်။

“နယ်ကိုယ်စားလှယ်နာမည်စာရင်း တင်ပြဖို့ ဝန်ကြီးဌာနက စာရင်းကောက်ခိုင်းထားတယ်။ အရင်ကတည်းက လုပ်ခဲ့ပေမယ့် အခုပြန်ပြီး စာရင်းတွေကောက်တာ။ ဒီအေဂျင်စီမှာ ဒီနယ်ပွဲစားမရှိဘူးဆိုရင် လူမှောင်ခိုသဘောဖြစ်တာပေါ့။ အခုနယ်ပွဲစားတွေက မှန်မှန်ကန်ကန်နဲ့ အလုပ်မလုပ်တော့ မကောင်းဘူးပေါ့”ဟု ၎င်းက ပြောသည်။

နယ်ပွဲစားများသည် အလုပ်သမားတစ်ဦးလျှင် ငွေကျပ် သုံးသိန်းမှ လေးသိန်းအထိ အဆမတန်တောင်းခံ၍ လုပ်သားများ ပို့ဆောင်လျက်ရှိကြောင်း သိရသည်။ အစိုးရက ထိုင်းနိုင်ငံသို့ (MOU) စနစ်ဖြင့် တရားဝင် သွားရောက်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းသာ အေဂျင်စီအားဝန်ဆောင်ခအဖြစ် ပေးရမည်ဖြစ်ပြီး ထိုင်းနိုင်ငံအတွင်း ကုန်ကျစရိတ်အတွက် ဘတ်တစ်သောင်းသာ ထပ်မံပေးဆောင်ရမည်ဟု သတ်မှတ်ထားသည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
အထက်တန်းစာရေးမ (၂) ဦး
၉ တန်းအောင် (သို့) ၁၀ တန်း၊ (၂၅) နှစ်အောက်၊ P/P ကာလာဓာတ်ပုံတစ်ပုံနှင့် ကိုယ်ရေးရာဇဝင်အချက်အလက်အပြည့်အစုံနှင့် (၁၇.၅.၂၀၁၄)ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ ရန်ကင်း၊ မြောက်ဒဂုံ၊ တောင်ဥက္ကလာပ၊ တာမွေမြို့နယ်များကို ဦးစားပေးမည်။
လစာ–ရှစ်သောင်းကျပ်။
ဖုန်း–၀၉–၃၁၃၁၄၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**
အင်္ဂလိပ်စာ၊ ကွန်ပျူတာကျွမ်းကျင်သော ရုံးဝန်ထမ်း (၃) ဦး
ရန်ကုန်မြို့တွင်း စာဝေ၊ စာကောက် ဝန်ထမ်း (၁၀) ဦး
ယာဉ်မောင်း (၃) ဦး
DPEX–Myanmar Co.,Ltd
ဖုန်း–၀၁ ၂၅၁၈၃၂

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း မ (၅) ဦး
မင်္ဂလာဈေး(သို့) တော်ဝင်စင်တာနှင့် နီးသူဦးစားပေးမည်။
ဖုန်း–၀၉ ၃၀၃၂၅၈၇၈

---

**အလိုရှိသည်**
Glory Education Centre အတွက်
Teachers (Female)
Chemistry (1) Post
Bio (1) Post
Study Guide (2) Post (Female)
PH:09 421097439

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း မ (၂) ဦး
ယာဉ်မောင်း ကျား (၂) ဦး
Myanmar Power Generator Co.,Ltd
PH:09 5013784

---

**ဝန်ထမ်းအလိုရှိသည်**
Sales & Marketing Staff M/F (2)
Reserch/Marketing Staff M/F (6)
Data Input Staff M/F (2)
Japanese Translator M/F (1)
Email:info@saga–agp.com
PH:09 448027677

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၂) ဦး
အမှတ် (၃၈)၊ ၅ လွှာ၊ ရွှေသရဖီရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ ဖုန်း–၀၁ ၅၃၀၇၁၃

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် မ (၂) ဦး
လက်ချုပ်ဝန်ထမ်း မ (၁) ဦး
Mademoselle Fashion
အမှတ် (၇၃)၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၅၁၅၄၉၈၅

---

**ဝန်ထမ်းအလိုရှိသည်**
Administration Executive M/F (3)
Student Relationship Officer M/F (3)
Training Expert M/F (5)
Certified Public Accountants
ဒုတိယထပ်၊ ၃၈ လမ်းဈေး၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။
PH:01 383871

---

**ဝန်ထမ်းအလိုရှိသည်**
Admin Manager M/F (1) Post
Admin Staff F (2) Posts
Marketing Staff F (2) Posts
HR Staff F (1) Post
Receptionist F (1) Post
Email–sagemyanmar5@gmail.com
PH:–09 31047872

---

**အလိုရှိသည်**
၉၊ ၁၀ တန်း Study Guide လုပ်လိုသူများ အလိုရှိသည်။
ဖုန်း–၀၉ ၇၃၁၁၈၆၃၁

---

**ဝန်ထမ်းအလိုရှိသည်**
Marketing ကျား/မ (၁၀) ဦး
အခန်း (၂၀၁)၊ အမှတ် (၅)၊ ပေလီကွန်ဒို၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း–၀၉ ၄၂၀၀၁၆၆၁၅

---

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် မ (၃) ဦး
pattern ကျွမ်းကျင် မ (၁) ဦး
More and More Fashion
အမှတ် (၄၅)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်။

---

**အလိုရှိသည်**
International School မူလတန်းကျောင်းသားအတွက် အိမ်လိုက်သင်နိုင်သော ကျူရှင်ဆရာအလိုရှိသည်။
ဖုန်း–၀၉ ၄၂၁၀၉၀၃၁၃

---

**ဝန်ထမ်းအလိုရှိသည်**
Auto CAD, 3ds Max, Revit Full time /Part time သင်ကြားပြသနိုင်သူ ဆရာ၊ ဆရာမများ အလိုရှိပါသည်။
Email:ctmyanmar@gmail.com
ဖုန်း–၀၉ ၂၅၀၆၅၁၀၇၄

---

**ဝန်ထမ်းအလိုရှိသည်**
Project Manager M (1) Post
Project Engineer M (3) Posts
3 to 5 years working experience.
ME/BE/B.Tech/G.T.I
http://www.gewarzoe.com
gewarzoe@gmail.com
PH:09 250374120

---

**ဝန်ထမ်းအလိုရှိသည်**
မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁) ဦး
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
ဖုန်း–၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**
Dream City Computer
စာစီစာရိုက်ကျွမ်းကျင်သူ (၂) ဦး
အလုပ်သင်(ပညာသင်) (၂) ဦး
အမှတ် (၃၃၉) ပ–ထပ်၊ ဗိုလ်အောင်ကျော်လမ်း (အထက်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉ ၇၃၀၅၂၄၃၃

---

**ဝန်ထမ်းအလိုရှိသည်**
EVA Company Limited
Factory Manager M (1) Posts
Sale Marketing M (1) Posts
Cashier F (2) Posts
Driver M (2) Posts
Email:evamyanmar@gmail.com
No. 22/23,De Pae Yin Wun Htauk U Myae Road, Hlaing Thar Yar Insustry Zone (3), Hlaing Thar Yar Township.

---

**အလိုရှိသည်**
ကျောင်းကား(အဲကွန်းမှန်လုံ) မောင်းရန် (ဃ)လိုင်စင်နှင့်အထက်ကိုင်ဆောင်သူ (၁) ဦး၊ နံနက်ပိုင်းနှင့် ညနေပိုင်းကျောင်းချိန် နှစ်ချိန်အတွက် ပို့ကြိုဆောင်ရွက်ရမည်။ ကနဦးလစာ– (ကျပ်တစ်သိန်းခွဲ)။
ဖုန်း–၀၉ ၇၃၀၇၀၄၉၇

---

**ဝန်ထမ်းအလိုရှိသည်**
HR Manager M/F (1)
Sales/Marketing Manager M/F (1)
အမှတ် (၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်။ ဖုန်း–၀၉ ၇၃၁၉၂၉၃၅

---

**ဝန်ထမ်းအလိုရှိသည်**
Sale Service Office M/F (5)
Sale & marketing Exective M/F (3)
Driver M (1)
Email:hr.natray@gmail.com
ဖုန်း–၀၁ ၆၅၆၅၈၆

---

**ဝန်ထမ်းအလိုရှိသည်**
Marketing M (3) Posts
Driver M (2) Posts
No(111), 22nd, Str:(Upper) Lathar, Township. PH:01 378273

---

**အလိုရှိသည်**
Taxi နေ့မောင်း တစ်လက်ကိုင်အလိုရှိသည်။ မြန်မာမီနီ/စပေါ် တစ်သိန်း၊ အုံနာကြေး ရှစ်ထောင်။
ဖုန်း–၀၉ ၇၃၀၂၃၈၆၉

---

**အလိုရှိသည်**
2007 Probox DX (1.3) အိမ်ပေးမည်။ တစ်လက်ကိုင်၊ စပေါ်– သုံးသိန်း၊ တစ်နေ့–တစ်သောင်း။
ဖုန်း–၀၉ ၈၆၁၁၀၅၂

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# "မီးပြတ်တာနဲ့ ဘာကြောင့် ပြတ်တယ်ဆိုတာ ရပ်ကွက်ထဲမှာ လော်စပီကာနဲ့ လိုက်အော်အသိပေးတယ်"

## ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တွေ့ဆုံခြင်း

**သိမ့်သိမ့်စိုး**

ရာသီဥတုပူပြင်းလာခြင်းနှင့်အတူ လျှပ်စစ်မီးပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်နေသောကြောင့် မီးပြတ်ရခြင်း အကြောင်းရင်းနှင့် လျှပ်စစ်မီးပေးဝေနိုင်မည့် အခြေအနေကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တွေ့ဆုံမေးမြန်းထားသည်များထဲမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒီနှစ်နွေရာသီမှာ လျှပ်စစ်မီးကိုအပြည့်အဝပေးမယ်လို့ လျှပ်စစ်ဌာနက ကြိုတင်ထုတ်ပြန်ထားပေမယ့် ဒီနွေအဝင်ကစလို့ မီးခဏခဏ ပြတ်နေတာ ဘာကြောင့်ပါလဲ။**

မီးခဏခဏ ပြတ်တယ်ဆိုတာက ထရန်စဖော်မာတွေပျက်တာတွေ၊ မီးကြိုးတွေ ချို့ယွင်းတာတွေ၊ Undergroundတွေ ပွင့်ထွက်တာတွေတို့ကြောင့်ဖြစ်ရတာပါ။ Underground တွေဆိုအပြင်ကလည်း ပူတယ်။ အထဲကလည်း သူ့အပူရှိန်ကလည်းရှိတယ်။ သုံးအားလည်းများလာပြီး Underground တွေ ပျက်နေလို့ မီးကပြတ်တာ။ မဟုတ်ရင်အကုန်လုံးအပြည့်ပေးနိုင်တယ်။ မပေးနိုင်လို့ ပြတ်တာမဟုတ်ဘူး။

**မီးက ခဏခဏကိုပြတ်နေတာဆိုတော့ အဲဒီလို Underground ပျက်တာက ရန်ကုန်မှာဘယ်နှနေရာလောက် ပြုပြင်ထားပြီးပြီလဲ။**

အဲဒါကတော့ အကြိမ်ရေတော့ မမှတ်မိဘူး။ ဖြစ်တာကတော့ ခဏခဏကိုဖြစ်နေတာ။အဲဒါမျိုးခဏခဏဖြစ်နေလို့သာမီးဖြတ်နေရတာ။

**မီးလာတဲ့အချိန်တွေလည်း လာရုံပဲလာတယ်။ လာသာလာတယ်။ မီးအားနည်းလွန်းလို့ ဘာမှလုပ်လို့မရဘူးလို့ ပြောနေတာတွေရှိတယ်။ အဲဒါကောဘာကြောင့်ပါလဲ။**

မီးအားနည်းတယ်ဆိုတာက အသုံးများလို့ မီးအားတွေလျော့သွားတာ။ အဲဒါတွေကို ပြန်ဖြည့်ပေမယ့် အချိန်မီပြန်မဖြည့်နိုင်တာတွေကြောင့်လည်းပါတယ်။ ထရန်စဖော်မာတွေအနီးမှာရှိတဲ့လူတွေကတော့ မီးအားပြည့်တာများတယ်။ ထရန်စဖော်မာနဲ့ ဝေးတဲ့သူတွေကတော့ ကြားထဲမှာလည်း မီးသုံးအားကများတဲ့အတွက် အတက်အကျများတဲ့ သဘောပါ။ ထရန်စဖော်မာတွေ ပျက်တာကလည်း ရန်ကုန်မှာ နေရာတော်တော်များများ ဖြစ်နေကြတယ်။ နောက်ရန်ကုန်မှာ အော်တိုထရန်စဖော်မာတွေအသုံးများလာတာကြောင့်လည်းပါတယ်။ အော်တိုထရန်စဖော်မာက မီးအားလျော့သွားတယ်ဆိုရင်လည်းသူတို့ကမီးအားကိုထိန်းဆွဲထားလိုက်တော့ ကျန်တဲ့လူတွေက မီးအားလျော့သွားတဲ့သဘောပဲ။

**ဒီနှစ်မီးအပြည့်အဝပေးမယ် လို့ ပြောထားတာက လူနေအိမ်ရော၊ စက်မှုဇုန်တွေရော ပေးနေတာလား။**

အခုဇုန်တွေကိုလည်းအပြည့်ပေးထားတာပဲ။ ဒီနှစ်က လူတွေရော ဇုန်တွေကိုရော မီးအပြည့်ပေးသွားမှာပါ။ မနှစ်ကဆို ဇုန်တွေကို တစ်လလောက်က လုံးဝပိတ်လိုက်ပြီး သုံးလလောက်အလှည့်ကျပဲပေးနိုင်တယ်။ ဒီနှစ်ကတော့ အပြည့်ပေးသွားမှာပါ။

**မီးပြတ်မယ်ဆိုရင် တစ်ခါတလေ အစိုးရပိုင်မီဒီယာတွေကနေရှင်းပြတာရှိတယ်။ ဖုန်းဆက်မေးနိုင်တယ်လို့လည်း ပြောထားတာ ရှိတယ်။ ဒီရက်ပိုင်း မီးတွေကွက်ကျားပြတ်နေတာတော့ရှင်းပြတာမတွေ့ဘူး။ပြည်သူကိုဘာကြောင့် ပြတ်တယ်ဆိုတာကို နေရာအလိုက် ရှင်းပြဖို့အတွက်ဌာနအနေနဲ့ ဘယ်လိုမူဝါဒမျိုးချထားပါသလဲ။**

အခုမီးပြတ်တောက်မှုဖြစ်တာနဲ့ ရပ်ကွက်တွေထဲမှာ လော်စပီကာနဲ့ ဘာကြောင့်ပြတ်တယ်၊ ဘာလုပ်နေတယ်ဆိုတာကို ပြည်သူလူထုကိုအသိပေးထားတယ်။ မဟုတ်ရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုပြောရင် သူကအကုန်လိုက်မပြောနိုင်လို့ စပီကာနဲ့လိုက်အော်ခိုင်းတာတွေလုပ်နေတယ်။ ဘာပဲလုပ်လုပ်၊သစ်ပင်ပဲခုတ်ခုတ် ၊ကြိုးပဲပြင်ပြင်ဘာကြောင့်ဆိုတာ လိုက်ပြောနေတယ်။

**အဲဒီလိုလိုက်ပြောတာက ပြတ်ပြီးမှလိုက်ပြောတာလား။ ဘယ်အချိန်တွေမှာ ပြောမှာလဲ။ ကြိုတင်ပြောမယ့် အစီအစဉ်တွေကော လုပ်ထားတာမျိုးရှိပါသလား။**

သစ်ပင်တွေ ဘာတွေခုတ်မယ်။ ကြိုပြင်မယ်ဆိုရင်တော့ဘာကြောင့်မီးပြတ်မယ်။ ဘယ်အချိန်ပြီးမယ်။ ဘယ်အချိန်ဆိုမီးပြန်ရမယ်။ ဘယ်လောက်ကြာမယ်ဆိုတာမျိုးတွေက မပြတ်ခင်၊ မလုပ်ခင်မှာ လိုက်ပြောတာပါ။ တခြားကြောင့် ပြတ်တာကတော့ ဘာကြောင့်ပြတ်တာ၊ဘယ်နေရာမှာပြတ်တာ၊ ခန့်မှန်းဘယ်အချိန်ပြန်ရမယ်ဆိုတာကို လိုက်ပြောပါတယ်။

**မနှစ်က မီးသုံးစွဲအားက နွေရာသီမှာ ၈၅၀မဂ္ဂါဝပ်လောက်ပဲရှိတာ။ နှစ်တိုင်းသုံးစွဲအားတက်တယ်ဆိုတော့ ဒီနှစ်အများဆုံးသုံးစွဲအားက ဘယ်လောက်ရှိသွားပြီလဲ။ ဘယ်လောက်ထိဖြစ်လာမယ်လို့ ခန့်မှန်းထားလဲ။**

ဒီနှစ် နွေရာသီမှာ အမြင့်ဆုံးက ပြီးခဲ့တဲ့အပတ်ကပဲ ၉၇၂မဂ္ဂါဝပ်ထိရှိသွားပြီ။ လျှပ်စစ်အနေနဲ့က ဒီနှစ်မဂ္ဂါဝပ်တစ်ထောင်လောက်ထိရှိမယ်လို့ မနှစ်ကတည်းကခန့်မှန်းထားပါတယ်။

**လက်ရှိသုံးအားကိုဌာနကအပြည့်ပေးနိုင်တယ်လို့ ပြောထားတော့ နောက်သုံးစွဲအား တက်လာမယ့် မဂ္ဂါဝပ်တွေအတွက်ရော လျှပ်စစ်ဌာနကပေးနိုင်မယ်လို့ ထင်လား။ ကြိုတင်ပြင်ဆင်ထားတာတွေ ရှိလား။**

ဌာနက မဂ္ဂါဝပ်တစ်ထောင်ကျော်ထိတောင် ဒီနှစ်တွေအမြင့်ဆုံးသုံးအားရှိမယ်လို့ ခန့်မှန်းထားတော့ အဲဒီအတွက်ပါပြင်ဆင်ထားတဲ့အတွက် ထပ်တက်လာမယ်ဆိုရင်တောင်ပေးနိုင်ပါတယ်။မီးကတော့ဖြတ်ဖို့လုံးဝမရှိဘူး။ အလှည့်ကျပေးဖို့လည်း လုံးဝမရှိဘူး။အဲဒါတော့ အာမခံတယ်။

**တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဓာတ်အားထုတ်လုပ်မှုပိုင်းက အခုနွေရာသီမှာ ဘယ်လောက်ထိ ထုတ်လုပ်ထားနိုင်သလဲ။**

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီနွေမှာအမြင့်ဆုံးထုတ်လုပ်နိုင်တဲ့ ဓာတ်အားက မဂ္ဂါဝပ် ၂၀၀၀ လောက်ထိ ထုတ်လုပ်နိုင်ပါသေးတယ်။

**လက်ရှိရန်ကုန်မှာ ပုဂ္ဂလိကမီးပေးရေးအတွက် ချပေးထားတဲ့ မြို့နယ်ကောရှိနေပြီလား။**

ပုဂ္ဂလိကကို ရန်ကုန်မှာလုပ်ကိုင်ခွင့်ချထားပေးတာ တောင်ဒဂုံမြို့နယ်တစ်ခုတည်းပဲရှိပါသေးတယ်။ ဒါကလည်း ဖြန့်ဖြူးရေးပိုင်းတစ်ခုတည်းကိုပဲ ပေးရသေးတယ်။ ကျန်တဲ့ကုမ္ပဏီတွေကို မပေးရသေးဘူး။ ညှိနှိုင်းနေဆဲပဲ။

**တစ်နှစ်ပတ်လုံး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မီးအပြည့်ပေးနိုင်မယ်လို့ကော ပြောလို့ ရပါသလား။**

ဒီနှစ် ၂၀၁၄ကတော့ မီးအပြည့်ပေးနိုင်တယ်။ တစ်နိုင်ငံလုံးကို အပြည့်အဝပေးနိုင်ပါတယ်။

**မီးပြတ်ရင် ကြိုးလဲတာတို့၊ သစ်ပင်ခုတ်တာတို့ပဲပြောနေတော့ အဲဒီကြိုးလဲတာတွေ၊ သစ်ပင်ခုတ်တာတွေပြင်တာက ဘယ်တော့လောက်ပြီးနိုင်မယ်လို့ပြောလို့ရပါသလဲ။**

အဲဒါကတော့ လုပ်နေရဦးမှာပဲ။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးဆို အများကြီးပဲဟာကို။ တောက်လျှောက်လဲနေရဦးမှာပဲ။ ဘယ်တော့ပြီးမယ်လို့ မပြောနိုင်သေးဘူး။



**နှစ်စဉ်က နွေရာသီမှာရေခန်းလို့ ဓာတ်အားထုတ်လုပ်မှုတွေ ကျသွားတာကြောင့် မီးလျှော့ပေးရတယ်လို့ ပြောလေ့ရှိတော့ ဒီနှစ်ကော ရေအားထုတ်လုပ်မှုကနေ ဘယ်လောက်လျော့သွားတယ် ပြောလို့ရလဲ။**

ဒီနှစ်ကတော့နွေလည်းတတ်နိုင်တာကို သူတို့ထုတ်ပေးနိုင်ပါတယ်။ ဒီနှစ်ကတော့ ရေကျန်သေးတယ်။ ကျမသွားဘူး။ ဘာလို့လဲဆိုတော့ ရေဝင်အားကောင်းထားလို့။

**မိုးဦးနောက်ကျလို့ ရေအားလျော့ရင် မီးပြတ်တာတွေဖြစ်လာနိုင်သလား။**

ကိစ္စမရှိဘူး။ဒီနှစ်ကတော့မီးပေးနိုင်တယ်။မိုးကျတဲ့အထိလည်းပေးနိုင်ပါတယ်။မိုးနောက်ကျမယ့်အတွက် ပုဂ္ဂလိကနဲ့တွဲပြီးတော့ (IPP)ပေါ့။ ပုဂ္ဂလိကနဲ့တွဲပြီးတော့ သဘာဝအင်ဂျင်စက်တွေလည်း လုပ်ထားတယ်။

**ဒီပုဂ္ဂလိကနဲ့တွဲပြီးတော့(IPP)လုပ်ထားတဲ့ သဘာဝအင်ဂျင်စက်တွေက ဘယ်နေရာတွေမှာ တပ်ဆင်ထားတာလဲ။**

ဒါတွေက လှော်ကား၊ အလုံ၊ ရွာမ၊ သာကေတတွေမှာ တပ်ဆင်ထားတယ်။ ပြီးတော့ ထိုင်းနိုင်ငံက လှူတဲ့ ၁၂၀မဂ္ဂါဝပ်နှစ်လုံးထဲက တစ်ခုကလည်း ရွာမမှာအခုလည်း ပတ်နေပြီ။

**ကျေးဇူးတင်ပါတယ်။** ။

ကဲပါဗျာ !
ခိုင်ခိုင်ကျော် ထမင်းဆိုင်မှာ လိုက်ကျွေးပါ့မယ်...
သန့်ရှင်းမှု ၊ အစားအစာဘေးကင်းလုံခြုံမှု ၊ အရသာ ၊ အရည်အသွေးထိန်းသိမ်းနိုင်မှုအတွက် ထိုင်းနိုင်ငံ Unilever Food Solutions က မြန်မာနိုင်ငံအတွက် Brand Embassador
ခန့်အပ်ပြီး ၄င်း၏ အကြံပြုချက်အရ Central Kitchen ဖြင့် ချက်ပြုတ်ပြင်ဆင် ရောင်းချလျက်ရှိသော . . .
ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
ထိုင်း ၊ စက်ပူတို့မှ မှာယူတင်သွင်းထားသော ထမင်းဘူးများဖြင့် မှာယူသည့်နေရာသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါသည်။ ပူနွေး လတ်ဆတ်၍ သန့်ရှင်းသော ထမင်းဘူးများကို အသင့်စားသုံးနိုင်ရန် ဈေးကားများဖြင့် ညနေ (၄း၃၀)နာရီတွင် မြို့နယ်များ၌ လှည့်လည်ရောင်းချလျက်ရှိပါကြောင်း စားသုံးသူ မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။
ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ (Breakfast) - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဗေဒကျောင်း သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၄၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen၊ ရန်ကုန်တက္ကသိုလ်။
ကျိုက်ထိုဆိုင်ခွဲ - ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း၊ မိုင်တိုင် (၁၀၆)မိုင် (၅)ဖာလုံ၊ အေးရိပ်ငြိမ်ရပ်။

စာမျက်နှာ(၁၃) မှ

## ကိုယ့်ပန်းကန်ထဲမှာ ဘာတွေရှိရမလဲ

ထို့ကြောင့် အမေရိကန်စိုက်ပျိုးရေးဌာနက ကိုယ့်ပန်းကန်အမည်နှင့် တစ်နေ့ကို လူတစ်ယောက်အတွက် ကျန်းမာရေးနှင့် ညီညွတ်အောင်စားသင့်သော အစားအစာအချိုးအစားများကို ဒီဇိုင်းရေးဆွဲတီထွင်ပေးထား၏။

ကိုယ့်ပန်းကန် နေ့စဉ်အစားအသောက်ပုံစံအပိုင်းများတွင် ဟင်းသီးဟင်းရွက်၊ အသီး၊ သီးနှံ၊ အသားဓာတ်ပါသော အစားအစာ၊ နို့ထွက်ပစ္စည်းအတွက် ခွက်တစ်ခုတို့ ပါဝင်သည်။ အပိုင်းအသီးသီးမှာ သတ်မှတ်ထားသော အရောင်ရှိသည်။ ဟင်းသီးဟင်းရွက်ကို အစိမ်းရောင်၊ အသီးများကို အနီရောင်၊ ဆန်ဂျုံလိုသီးနှံများအတွက် လိမ္မော်ရောင်၊ အသားဓာတ်အတွက် ခရမ်းရောင်နှင့် နို့ထွက်ပစ္စည်းများအတွက် အပြာရောင်ဖြင့် ကိုယ်စားပြုထားသည်။ ထို့ကြောင့် အဆိုပါ ကိုယ့်ပန်းကန်သင်္ကေတကို တစ်ချက်ကြည့်လိုက်ရုံဖြင့် ဘယ်အစားကို ဘယ်လောက်စားရမည်ဆိုသည်ကို သိနိုင်သည်။

ကိုယ့်ပန်းကန်စားသောက်ပုံစံအချိုးအစားအရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံက ပန်းကန်ပြားတစ်ဝက်ရှိရမည်ဖြစ်သည်။ ဆန် (သို့မဟုတ်) ဂျုံက ပန်းကန်ပြား၏ လေးပုံတစ်ပုံရှိရမည်ဖြစ်ပြီး အသားကတော့ ကျန်တစ်ပုံရှိရမည်ဟု အချိုးအစားကိုပါ ဖော်ပြထားသည်။ အဆီဓာတ်နည်းသော နို့လည်းတစ်ခွက်ပါရမည်ဖြစ်သည်။

နေ့စဉ်စားသော မိမိစားသောက်သည့် ပန်းကန်ထဲတွင် အဆိုပါ အစားအစာများကို ကိုယ်စားပြုသော အရောင်ငါးမျိုး ပါရမည်ဟု အမေရိကန် အာဟာရပညာရှင်များက ပြောထားသည်။ အဆိုပါ ငါးမျိုးထဲက အရောင်အားလုံး ပြည့်စုံပါဝင်ခြင်းမရှိပါက အချိန်ကြာလာသည်နှင့်အမျှ ကိုယ့်အတွက် လိုအပ်သော အာဟာရ လုံလောက်မှုမရှိသဖြင့် အာဟာရချို့တဲ့သည့်အဖြစ်ကို ရောက်မည်၊ ကျန်းမာရေး ထိခိုက်မည်ဟု ထောက်ပြထားသည်။

သွေးအားနည်းရောဂါကို ခံစားနေရသော ဒေါ်မျိုးမျိုးအေးက သူ၏ စားသောက်မှုပုံစံကို ပြောင်းဖို့ ကြိုးစားနေပါသည်။ အမဲသားနှင့် အခြားအသားများကို သိပ်မကြိုက်သဖြင့် အသားဓာတ်အတွက် ပဲပြားနှင့် ပဲအမျိုးမျိုးကို အစားထိုးစားကြည့်သည်။ အစမှာတော့ စားနေမကျပေမယ့် ယခုတော့ အဆင်ပြေပါပြီဟု ရှင်းပြသည်။

"ရခိုင်မုန့်တီတို့၊ ရှောက်သီးသုပ်တို့လိုတော့ ကိုယ့်အကြိုက်တော့မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ပဲပြားသုပ်လည်း စားကောင်းပါတယ်။ ကျန်းမာရေးဆိုတော့ အကျင့်လုပ်ပြီး စားရတာပဲ"

# စားအုန်းဆီဈေး ပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၅**

သင်္ကြန်ဈေးကွက် အရှိန်ဖြင့် ဈေးဆွဲတင်ထားသော စားအုန်းဆီဈေးများမှာ ဝယ်လိုအားကျဆင်းခြင်းကြောင့် ဈေးနှုန်းများ ဆက်လက်ကျဆင်းနေကြောင်း စားအုန်းဆီဈေးကွက်မှ သတင်းရရှိသည်။

"အခုအချိန်က ကျောင်းဖွင့်ရာသီနားနီးလာပြီဆိုတော့ နယ်တွေမှာကလည်း ကျောင်းအပ်စရာကိစ္စတွေရှိလာပြီဆိုတော့ ဝယ်လိုအားတွေက သင်္ကြန်မတိုင်မီဈေးကွက်နဲ့ဆို ဝယ်အားက ထက်ဝက်လောက်ကိုကျသွားတဲ့အတွက် ဈေးတွေ ကျနေတာပါ"ဟု ဆီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

စားအုန်းဆီဈေးနှုန်းများမှာ သင်္ကြန်မတိုင်မီတွင် အလှူအတန်းပွဲများနှင့်ဝယ်လိုအားကောင်းသော ကာလဖြစ်ခြင်းကြောင့် တစ်ပိဿာလျှင် ကျပ် ၁၅၇၀ နီးပါးရှိနေရာမှ ကျပ် ၁၀၀ ကျော်ဆွဲတင်လိုက်၍ ကျပ် ၁၆၈၀ကျော်ထိ ဈေးနှုန်းများမြင့်တက်သွားခဲ့သည်။

ပြည်တွင်းစားဆီဈေးနှုန်းများမှာ သင်္ကြန်ပြီးကာလတွင် တစ်ပိဿာလျှင် ကျပ် ၁၆၂၀ နီး ပါးရှိနေရာမှ ယခုရက်ပိုင်းတွင် တစ်ပိဿာကျပ် ၁၅၆၀ ထိ ဈေးနှုန်းများကျဆင်းလာခဲ့သည်။

ထို့အပြင် ယခင်က အဖမ်းအဆီးများကြောင့် နယ်စပ်မှ ဝင်ရောက်သောပုံးဆီအချို့ဝင်ရောက်မှုနည်းခဲ့သော်လည်း ယခု နောက်ပိုင်းကာလတွင် ပုံးဆီ ဝင်ရောက်မှုမှာလည်းပုံမှန်ပြန်လည်ဝင်ရောက်လာနေပြီဖြစ်ကြောင်းဆီကုန်သည်အချို့ကဆိုသည်။

နိုင်ငံတကာဆီဈေးကွက်တွင် ဈေးနှုန်းများစွာ ပြောင်းလဲခြင်းမရှိသော်လည်း ပြည်တွင်း ဈေးကွက်၏ ဝယ်လိုအား၊ ရောင်းလိုအားကြောင့်သာ ကုန်သည်များ ဈေးဆွဲတင်၊ ဆွဲချလုပ်နေသည့်အတွက် ဈေးကျနေဆင်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ယခုဆီဈေးကျဆင်းချိန်တွင်လည်း နိုင်ငံတကာဆီဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းခြင်းမရှိဘဲ ပြည်တွင်းဆီဈေးနှုန်းသာ ကျဆင်းနေခြင်းဖြစ်ကြောင်း ဆီလုပ်ငန်းရှင်များကဆိုသည်။ မေလမှစ၍ ဇွန်၊ ဇူလိုင် သုံးလဆက်တိုက် ဆီဝယ်လိုအားများ ကျဆင်းတတ်သည့် အတွက် ဆီဈေးနှုန်းများမှာ နိုင်ငံခြားဈေးများစွာ မြင့်တက်ခြင်းမရှိပါက ဈေးနှုန်းများဆက်လက် ကျဆင်းနိုင်သေးကြောင်းကုန်သည်အချို့ကခန့်မှန်းပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 265,000 |
| Galaxy S3 | 335,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 485,000 |
| Galaxy Mega 5.8 | 315,000 |
| Galaxy Note II | 415,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 390,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 780,000 |
| iPhone 5s(16GB) | 680,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 300,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မေလ (၃) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

အထက်ပါဈေးနှုန်းများမှာ မေလ (၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၅၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ်(ဂပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၇,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၈၅ |
| ထုံး(ဂပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၂၈၀ |
| အိမ်ရိုက်သံ (1"–1") | တစ်ပိဿာ | ၁,၅၈၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၃) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဧယာ) | တစ်ပြည် | ၇၀၀–၉၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၃၀–၁၄၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၁၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၇,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၈,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မေလ (၃) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Apr (23) | 815 | 940 | 920 | 950 |
| Apr (24) | 815 | 940 | 920 | 950 |
| Apr (25) | 815 | 940 | 920 | 950 |
| Apr (26) | 815 | 940 | 920 | 950 |
| Apr (27) | 815 | 940 | 920 | 950 |
| Apr (28) | 815 | 940 | 920 | 950 |
| Apr (29) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6'' | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3'' | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

# မီဂါလောင်းလျာမြို့မဟာ၏ ရင်ဖွင့်သံ

မြင့်မိုရ်ဆွေ




ကျွပ်နာမည်က ရန်ကုန်။ ကျွပ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်တဲ့ အလောင်းမင်းတရားကြီး ကိုယ်တိုင်တည်ဆောက်ပြီး ကင်ပွန်းတပ်ခြင်းခံရတဲ့မြို့ပါ။ ရတနာပုံမန္တလေးဆိုတာ ကုန်းဘောင်မင်းဆက် (၁၀) ဆက်မြောက်ဘုရင်ကတည်ထောင်တဲ့မြို့မို့ ကျွပ်ထက်အများကြီးဂျူနီယာကျပါတယ်။ အခုကျွပ်က လူဦးရေရှစ်သန်းဝန်းကျင်ရှိနေပြီး သဘာဝလူဦးရေတိုးနှုန်း (၂ဒသမ၅)ရာခိုင်နှုန်းနဲ့ နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ ကျွပ်ဟာ မီဂါစီးတီး (Mega City) ဖြစ်တော့မှာပါ။ မြန်မာနိုင်ငံရဲ့ပထမဆုံး မီဂါစီးတီးဖြစ်မှာမို့ ဂုဏ်ယူမိပါတယ်။ကမ္ဘာပေါ်မှာ မီဂါစီးတီး ၃၀ ရှိတဲ့အနက် လက်ရှိအာဆီယံနိုင်ငံထဲမှာ အင်ဒိုနီးရှားနိုင်ငံက ဂျကာတာလူဦးရေ ၂၄ ဒသမ၆သန်း၊ ဖိလစ်ပိုင်နိုင်ငံက မနီလာလူဦးရေ ၂၂ဒသမ၂ သန်းနဲ့ ထိုင်းနိုင်ငံက ဘန်ကောက်လူဦးရေ ၁၄ ဒသမ ၅ သန်း ဆိုပြီး မြို့(၃)မြို့ပဲ မီဂါစီးတီးဖြစ်သေးတယ်။ ကျွပ်က လူဦးရေ ၁၀သန်းနဲ့ စတုတ္ထမြောက်အာဆီယံရဲ့ မီဂါစီးတီးဖြစ်လာမှာ သေချာသလောက်ရှိနေပြီ။ ဒါကြောင့် ကျွပ်ကို မီဂါစီးတီးလောင်းလျာအဖြစ် အလေးထားရှုမြင်ကြစေချင်တယ်။ ဒါပေမဲ့ တခြားမီဂါစီးတီးတွေနဲ့ယှဉ်ရင် ကျွပ်က စုတ်ပြတ်နံ့ချာတဲ့ မီဂါစီးတီးလုံးဝမဖြစ်ချင်ဘူး။ နိုင်ငံနဲ့လူမျိုးဂုဏ်ကို မြှင့်တင်နိုင်တဲ့ မီဂါစီးတီးပဲဖြစ်ချင်ပါတယ်။ အခုလက်ရှိ မီဂါလောင်းလျာဖြစ်တဲ့ ကျွပ်ဘဝမှာမကျေနပ်တာတွေအများကြီးရှိနေပါတယ်။ အဲဒါတွေကိုကြုံတင်ပြီး ရင်ဖွင့်ပြလိုက်ချင်တယ်ဗျာ။

ပထမဆုံးရင်ဖွင့်ချင်တာက မြန်မာနိုင်ငံမှာ ဘာသာရေးအရ ကျွပ်ဟာ အဆင့်အတန်းအမြင့်မားဆုံးမြို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်မှာစွန့်ကြဲပေးသနားတော်မူတဲ့ ဆံတော်အစစ်ကိုဌာပနာပြီး တည်ထားတဲ့ 'လေးဆူဓာတ်ပုံ ရွှေတိဂုံ'ဆိုတာ ကမ္ဘာပေါ်မှာရှာကြည့်ရင် တခြားဘယ်ဗုဒ္ဓဘာသာနိုင်ငံမှာမှမရှိပါဘူး။ ကျွပ်ဆီမှာပဲရှိတယ်။ ကျွပ်ဆီက ရွှေတိဂုံစေတီကိုပုံတူယူပြီး အင်ဒိုနီးရှားမှာတည်ကြ၊ မွမ်ဘိုင်းမှာတည်ကြ၊ နောက်ပြီး နေပြည်တော်ဆိုတဲ့ နောက်ပေါ်တဲ့ရွှေကြာပင်မှာတည်ကြတာ ကျွပ်သဘောကျ နှစ်ခြိုက်ပါတယ်။ ဒါပေမဲ့ ရွာလွန်ရွက်တိုက်ဆိုတာလို ရုပ်မြင်သံကြားကနေပြီး နေပြည်တော်မှာ နောက်မှတည်တဲ့ ပုံတူဘုရားကိုအရင်ဆုံးအပူဇော်ခံရအောင်ထုတ်လွှင့်ပြသနေတဲ့ အစီအစဉ်ကိုမြင်တွေ့ရလေတိုင်း ကျွပ်စိတ်မကောင်းဖြစ်မိတယ်။ မြတ်ဗုဒ္ဓရဲ့ဆံတော်အစစ်ကို အနှိုင်းမဲ့အပူဇော်ခံအဖြစ် အမြဲထာဝရဦးထိပ်ရွက်မထားနိုင်ကြတော့ဘူးလား။ ဦးစားပေးမပူဇော်လိုကြဘူးလားလို့ ပြတ်ပြတ်သားသားမေးချင်တယ်ဗျာ။

ရှိသေးတယ်ဗျ။ ကျွပ်ဆီမှာ သက်တော်ထင်ရှားဆံတော်တွေကိန်းဝပ်ရာ ဘုရားစေတီကြီးအထင်အရှားရှိပါလျက်နဲ့ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးမှ ထွက်ပေါ်လာတဲ့ စွယ်တော်ကို တရုတ်နိုင်ငံကနေ ငွေကုန်ကြေးကျခံပြီး အကြီးအကျယ်ပင့်ဆောင်ပူဇော်နေကြတာ တစ်ကြိမ်တစ်ခါဆိုထားပါတော့။ နှစ်ကြိမ်နှစ်ခါဆိုတော့ နည်းနည်းလွန်လွန်းရာကျနေပြီလို့ ကျွပ်ခံစားရတယ်။ ကျွပ်ဆီမှာ အနှိုင်းမဲ့ဗုဒ္ဓအမွေအနှစ်ရှိနေတယ်ဆိုတာ ထာဝစဉ်မမေ့ကြဖို့ အထူးသတိပေးချင်ပါတယ်။ အထူးသဖြင့် ကျွပ်ဆီကဗုဒ္ဓဆံတော်ဟာ တရုတ်နိုင်ငံက စွယ်တော်ထက် တန်ခိုးအရာ၊တန်ဖိုးအရာအဘက်ဘက်ကသာလွန်တယ်ဆိုတာကို ပြောချင်တယ်။ အသိခေါက်ခက်အဝင်နက်နေရင်တော့ နောက်တစ်ခါပင့်ကြဦးပေါ့ဗျာ။

ဘာသာရေးနဲ့ ပတ်သက်လို့ ပြောပြီးတဲ့နောက် မီဂါလောင်းလျာ ကျွပ်ဘဝမှာကြုံတွေ့နေရတဲ့ အိမ်ရာပြဿနာကိုရင်ဖွင့်ပြချင်တယ်။ ကျွပ်ရဲ့အရိပ်ကိုခိုလှုံနေတဲ့ပြည်သူရှစ်သန်းမှာ (၂၃)ရာခိုင်နှုန်းက လစဉ်မိသားစုဝင်ငွေသုံးသိန်းအထက်ရရှိပြီး ၇၇ ရာခိုင်နှုန်းက လူဆင်းရဲတွေဗျ။ အခုတန်ဖိုးမျှတဆိုပြီး အိမ်ရာတွေဆောက်တာ၊ လစဉ်ဝင်ငွေ သုံးသိန်းအထက် လူတွေအတွက် ဆိုတော့ ကျန်တဲ့ ၇၇ရာခိုင်နှုန်းခန့်ကိုပစ်ပယ်ထားရာမရောက်ပေဘူးလား။ တန်ဖိုးနည်းအိမ်ရာ လို့င်သာယာဆိုတာလည်း တစ်ခန်းကို သိန်း ၁၂၀ ကျသင့်ပြီး မန္တလေးမှာက သိန်း ၁၀၀ အောက်ဆိုတော့ ကျွပ်ကရှက်ဖို့ကောင်းနေပြီ။ ကျွပ်ရှေ့ကပြောခဲ့သလို မန္တလေးဆိုတာ ကျွပ်ထက် အများကြီးဂျူနီယာကျပါတယ်။ ဒါပေမဲ့ မန္တလေးမှာ တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီဖြစ်တဲ့ မန်းမြန်မာက ၂၅ ထပ်မြင့်တဲ့ အထပ်မြင့်အဆောက်အအုံကြီးကို ဈေးချိုမှာ ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ကျွပ်ဆီမှာ ဘယ်တိုင်းရင်းသားစစ်စစ်ကမျှ ၂၅ ထပ်မပြောနဲ့ ၂၀ တောင် မဖွင့်လှစ်နိုင်သေးတာ ရင်နာဖို့ကောင်းတယ်။ ရောဝတ်နဲ့ရတနာအိမ်ရာက ၁၈ ထပ်ဆိုတာကလည်းလူကြီးတွေရွှေညာဏ်တိမ်းပါးပြီး အထပ်မှားသွားလေသော တန်ဖိုးနည်းအိမ်ရာလို့ ကင်ပွန်းတပ်ရမလိုဖြစ်နေပါပြီ။ မ.ဆ.လခေတ်က ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီးတစ်ဦးက'တပင်တိုင်ယိမ်း'ဆိုပြီး တီထွင်ကပြခဲ့ပါတယ်။ တပင်တိုင်အကဆိုတာ တစ်ဦးတည်းကလို့'တပင်တိုင်'ဆိုပြီး ခေါ်ဝေါ်တာကိုစတန့်ထွင်ပြီး ယိမ်းအကလုပ်ရမလားဆိုပြီး အဲဒီတုန်းက ခေါင်းဆောင်ကြီးကိုယ်တိုင် ပြစ်တင်ဝေဖန်ခဲ့တယ်ဆိုပါတယ်။ အခုတော့ အထပ်မြင့်ရင်ဈေးမြင့်မယ်ဆိုတာကို ထောက်ပြပြီး ဘယ်ခေါင်းဆောင်ကမှ မဝေဖန်ကြတာတော့ အံ့ပါလေရော။ ကျွပ်ဆီမှာ တကယ်ပဲ 'ထပ်မြင့်တန်ဖိုးနည်းအိမ်ရာ'ရယ်လို့ ပေါ်ပေါက်လာရင်တော့ 'ယုန်ချိုလိပ်မွေးပုစွန်သွေး'ဆိုတာလို အုတ်အော်သောင်းတင်း ဖြစ်ကုန်မှာ အမှန်ပဲ။

နောက်တစ်ခုက ကျွပ်ရဲ့ (၇၈၄) စတုရန်းကီလိုမီတာကျယ်တဲ့မြေပေါ်မှာ စံမမီအဆင့်နိမ့်အိမ်ရာ (Slums)တွေနဲ့ ကျူးကျော် (squatters) အိမ်ရာတွေက ငါးသိန်းခန့်အထိရှိမယ်ထင်ပါတယ်။ လူဦးရေရှစ်သန်းအနက် ၃၀ ရာခိုင်နှုန်းဖြစ်တဲ့ ၂ ဒသမ ၇ သန်းခန့်ဟာ အဲဒီနေရာတွေမှာ နေနေကြရတယ်လို့သိရပါတယ်။ အထူးသဖြင့် ကျူးကျော်အိမ်ရာတွေကြောင့်ကျွပ်ဘဝဟာမနီလာ၊ မွမ်ဘိုင်း၊နယူးဒေလီ တို့လို မီဂါစီးတီးဘဝမျိုးရောက်သွားမှာအလွန်စိုးရိမ်မိပါတယ်။ အင်အားသုံးဖယ်ရှားခံရတဲ့ ကျူးကျော်အိမ်ရာနေပြည်သူတွေရဲ့ သောကမျက်ရည်ပေါက်များဟာ ကျွပ်ရဲ့ရင်ဘတ်ပေါ် မိုးလိုရွာချလာမှာကိုလည်း မခံစားနိုင်ပါဘူး။ ကျွပ်ကိုအနီးကပ်စီမံခန့်ခွဲတဲ့ တိုင်းဒေသကြီးအစိုးရသာမက ပြည်ထောင်စုအစိုးရဟာ ဒီပြဿနာကိုကရုဏာတရားဖက်ပြီး ဦးစားပေးညှိနှိုင်းဖြေရှင်းပေးဖို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ သုံးနှစ်ကြာအစိုးရသက်တမ်းကာလအတွင်း ကျွပ်ရဲ့မြေပေါ်မှာ တန်ဖိုးနည်းအိမ်ရာ တစ်ခန်းမျှတောင် ဈေးဦးမပေါက်နိုင်တာ ဝမ်းနည်းစရာပါပဲ။ ပထမဆုံးဈေးဦးပေါက်တဲ့အခန်းကိုရွှေချထားလိုက်ချင်ပါရဲ့။ ယခင်အစိုးရလက်ထက်က မြို့ပြစီမံကိန်းအတွက် မြေသိမ်းကိစ္စတွေနဲ့ပတ်သက်ပြီး မိကျောင်းကန်နဲ့ မြန်မာ့ဂုဏ်ရောင်ရပ်ကွက်က ဆန္ဒပြမှုတွေဟာ အကြိမ်ပေါင်းများစွာ ထပ်ခါတလဲလဲဖြစ်နေပါပြီ။ လမ်းဘေးပလက်ဖောင်းပေါ်မှာအိပ်ပြီး ဒီနေရာဖျက် ဟိုနေရာ၊ ဟိုနေရာဖျက် ဒီနေရာ အကြိမ်ကြိမ်အခါခါဆန္ဒပြနေတဲ့မြင်ကွင်းက ကျွပ်မြေပေါ်မှာ အလွန်ပဲအကျည်းတန်လှပါတယ်။ အစိုးရအနေနဲ့ တောင်းဆိုတာတွေပေးနိုင်၊ မပေးနိုင်။ မပေးနိုင်ရင်လည်း ဘာကြောင့်ဆိုတာ ခိုင်ခိုင်မာမာပြတ်ပြတ်သားသားကြေညာချက်တစ်ရပ်ထုတ်ပြန်ပေးဖို့အချိန်တန်နေပါပြီ။ ကျွပ်ရဲ့မီဂါလောင်းလျာဘဝမှာ အိမ်ရာဖွံ့ဖြိုးရေးဆိုတာ အတိတ်ကအရိပ်တွေကြောင့် မတိုးသာ၊ မဆုတ်သာနဲ့ တစ်လစ်ကြီးဖြစ်နေသမျှ အေးချမ်းသာယာပြီး နှစ်လိုဖွယ်ကောင်းတဲ့ရန်ကုန် (Peaceful and Beloved Yangon) ဆိုတာ လုံးဝမဖြစ်လာနိုင်ပါဘူး။

ကျယ်ဝန်းလှတဲ့ ကျွပ်ရဲ့မြို့ပြနေရာကို ဆင်းရဲချမ်းသာမရွေး၊ အာဏာရှိသူ၊ မရှိသူမရွေး မြို့ပြပြည်သူအားလုံး မျှမျှတတ ခွဲဝေနေထိုင်ခွင့်ရရှိကြစေချင်ပါတယ်။ မြို့ပြမြေပိုင်ရှင်လူတန်းစားသစ် (New urban Landlord Class) ကို မွေးဖွားပေးတဲ့ မီဂါလောင်းလျာကြီးဖြစ်အောင် ဝိုင်းလုပ်နေတဲ့ လူတွေကို ဟန့်တားပေးကြပါ။ အရေးပေးကြပါ။ အဲဒီလူတွေကို ကျွပ်ရဲ့ကျောပေါ်က ခါချပစ်နိုင်ပါမှ ကမ္ဘာ့ကုလသမဂ္ဂကလိုလားတဲ့ 'လူတိုင်းအတွက်အိမ်ရာ' (Adequate Housing For all) ဆိုတာ အမှန်တကယ်ဖြစ်လာမှာပါ။ **စာမျက်နှာ(၃၂) သို့**

# Technology

7 DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014



*PCO ဖုန်းဆက်နိုင်သော တစ်နေရာကိုတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## PCO ဖုန်းဝန်ထမ်းများ အလုပ်အကိုင်အခက်ကြုံနိုင်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၄**

ပြည်တွင်း၌ မိုဘိုင်းဖုန်းအသုံးပြုသူများလာသည့်အတွက် PCO ဖုန်းများအား အသုံးပြုမှုနှုန်းမှာ ယခင်ကထက် နည်းလာသောကြောင့် PCO ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာနယ်ပယ်များတွင် ပြန်လည်လုပ်ကိုင်နိုင်ရန် မိမိ အရည်အသွေးကို တိုးတက်ရန် ကြိုးစားဖို့လိုအပ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှမိုဘိုင်းအင်ဂျင်နီယာမှူး ဦးငွေသောင်းကပြောသည်။

လက်ရှိတွင် PCO ဖုန်းများအားလူစောင့်စရာမလိုဘဲ ငွေဖြည့်ကတ်ကဲ့သို့ ကတ်မျိုးဖြင့် ပြောဆိုနိုင်မည့် ကတ်ဖုန်းများအဖြစ် ပြောင်းလဲ၍ အဆင့်မြှင့်တင်ရန် စီစဉ်နေသည့်အတွက် ယခုကဲ့သို့ တိုက်တွန်းပြောကြားခြင်း ဖြစ်သည်။

“PCO ဝန်ထမ်းတွေကို သက်ဆိုင်ရာနယ်ပယ်မှာ ပြန်ပြီး ခန့်သွားဖို့ဆိုရင် သတ်မှတ်ထားတဲ့ အရည်အချင်းလေးတွေရှိတယ်။ ဥပမာ–ကွန်ပျူတာကျွမ်းကျင်အောင် သင်တန်းတက်တာမျိုး၊ ကိုယ့်ရဲ့အရည်အသွေးကို တိုးတက်အောင် ကြိုးစားစေချင်ပါတယ်”ဟု ဦးငွေသောင်းကပြောကြားသည်။

နိုင်ငံတစ်ဝန်းတွင် အသုံးပြုနေသည့် PCO ဖုန်းများအား ကတ်ဖုန်းစနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် နေပြည်တော်ရှိ မြို့နယ်အချို့တွင် စတင်၍ လေ့လာမှုများပြုလုပ်နေပြီး အဆင်ပြေပါက ပြောင်းလဲအသုံးပြုရန် စီစဉ်သွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်းဌာနမှ သတင်းရရှိသည်။

“ကတ်ဖုန်းတွေကို ဆီးဂိမ်းမှာတော့ နေပြည်တော်မှာ စမ်းပြီး အသုံးပြုခဲ့တယ်။ လက်ရှိမှာတော့ ဘယ်နေရာတွေမှာ သုံးရင်အဆင်ပြေမလဲဆိုတာ လေ့လာနေပါတယ်”ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်းဌာနမှ ဒုအင်ဂျင်နီယာချုပ် ဦးသိန်းဟုတ်ကပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း PCO စခန်းပေါင်း တစ်သောင်းနှစ်ထောင့်ငါးရာကျော်ချထားပေးပြီး ဝန်ထမ်းပေါင်း နှစ်ထောင်ကျော်နှင့် လည်ပတ်လျက်ရှိကာ အချို့သော PCO ဖုန်းများမှာ လုပ်ငန်းအဆင်မပြေ၍ ပြန်အပ်သည့်များရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

## အင်တာနက်ဖုန်းခေါ်ဆိုနိုင်မည့် MyanTalk ဝန်ဆောင်မှု စတင်သုံးစွဲနိုင်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၄**

အွန်လိုင်းနှင့်သာမကအင်တာနက်မရသည့် နေရာများတွင်လည်း မိုဘိုင်းဖုန်းဖြင့် နိုင်ငံပေါင်း ၂၀၀ ကျော်သို့ တိုက်ရိုက်ဖုန်းခေါ်နိုင်ပြီး မိုဘိုင်း SMS ပေးပို့ခြင်းများဆောင်ရွက်နိုင်သည့် အင်တာနက်အခြေပြုဝန်ဆောင်မှု MyanTalk ကို စတင်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

MyanTalk ဝန်ဆောင်မှုကို ဧပြီလအတွင်း စတင်သုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာသို့ မိုဘိုင်းဖုန်းခေါ်ဆိုနိုင်သည့် ဝန်ဆောင်မှု (VOIP) ဖြစ်ရာ ကမ္ဘာနိုင်ငံအသီးသီးမှလည်း မြန်မာနိုင်ငံသို့ ဈေးနှုန်းသက်သာစွာဖြင့် အပြန်အလှန်ဖုန်းခေါ်ဆိုမှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း Myan Talk မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“လုပ်တာကတော့ သင်္ကြန်ပြီးလောက်ကတည်းက စသုံးလို့ရတာ။ နိုင်ငံခြားကို ဖုန်းခေါ်ဆိုလို့ရမယ်။ SMS လည်း ပို့လို့ရမယ်။ ကမ္ဘာနိုင်ငံအနှံ့ကလည်း ဒီကိုဖုန်းခေါ်ဆိုလို့ရမယ်။ အင်တာနက် မရှိဘဲ အသုံးပြုလို့ရတဲ့ Phone to Phone ဝန်ဆောင်မှုတွေလည်း ပါမယ်” ဟု ၎င်းကပြောသည်။

GSM, WCDMA, CDMA 800 MHz, CDMA 450 MHz နှင့် MECTel အမျိုးအစားမိုဘိုင်းဖုန်းများ အားလုံး MyanTalk အကောင့်ရှိရုံဖြင့်အွန်လိုင်း SMS ပေးပို့နိုင်မည်ဖြစ်ပြီး အကောင့်မှတ်ပုံတင်ပြုလုပ်ရာတွင် ပထမဦးဆုံးစမ်းသပ်ခေါ်ဆိုမှုအတွက် မြန်မာကျပ်ငွေ ၁၀၀ ထည့်သွင်း ပေးထားပြီး အသုံးပြုလိုသည့် ငွေပမာဏကိုသာ ကြိုတင်ထည့်သွင်းပေးရမည်ဖြစ်သည်။

MyanTalk ဝန်ဆောင်မှု အသုံးပြုလိုပါက www. Myantalk.com တွင် ငွေဖြည့်သွင်းရမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် ငွေဖြည့်သွင်းနိုင်ကာ မိမိဖြည့်သွင်းလိုသည့် ငွေပမာဏကို အဆိုပါဝက်ဘ်ဆိုက်တွင် ရွေးချယ်ရမည်ဖြစ်ရာ MyanPay ဖြင့် အွန်လိုင်းငွေပေးချေပြီးသည်နှင့် တစ်ပြိုင်နက် မိမိအကောင့်ထဲသို့ ဖြည့်သွင်းပြီးဖြစ်ရာ အသုံးပြုနိုင်ပြီဖြစ်သည်။

အင်တာနက်မှတစ်ဆင့် ဖုန်းခေါ်ဆိုနိုင်သည့်အပြင် အင်တာနက်မရှိသည့်နေရာများတွင်လည်း ဖုန်းခေါ်ဆိုနိုင်ရန် စီစဉ်ထားခြင်းဖြစ်ပြီးသုံးစွဲပုံအဆင့်ဆင့်ကို www. myantalk.com တွင် ကြည့်ရှုနိုင်မည်ဖြစ်ရာ အဆိုပါဝန်ဆောင်မှုနှင့်ပတ်သက်၍ support@ myantal.com (သို့)ဖုန်း–၀၉၇၃၁ ၃၅၅၈၅ သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဖုန်းခေါ်ဆိုမှုများသည် မလေးရှားနိုင်ငံသို့ တစ်မိနစ်လျှင် ၁၁ ကျပ်၊ စင်ကာပူနိုင်ငံသို့ တစ်မိနစ်လျှင် ၈ ကျပ်၊ တရုတ်နိုင်ငံသို့ တစ်မိနစ်လျှင် ၈ ကျပ်၊ ထိုင်းနိုင်ငံသို့ တစ်မိနစ်လျှင် ၁၁ ကျပ်ကျသင့်မည်ဖြစ်ပြီး အခြားသော နိုင်ငံများ၏ ကျသင့် ငွေများကိုလည်း ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။



# ကမ္ဘာနှင့်အဝန်း သင်ပုန်းကွန်ပျူတာများ အရောင်းထိုင်းသွားဟု စစ်တမ်းများတွင် ဖော်ပြ

**နယူးယောက်**

တစ်ကမ္ဘာလုံးဆိုင်ရာသင်ပုန်းကွန်ပျူတာဈေးကွက်မှာ ကာလရှည်ကြီးထွားမှုအဆုံးသတ်ပြီး ၂၀၁၄ ခုနှစ်အစောပိုင်းတွင် အရောင်းထိုင်းသွားကြောင်းမေလ၁ရက်စစ်တမ်းတစ်ခုအရ သိရသည်။

အသစ်မိတ်ဆက်ထားသော ပြောင်းလဲအသုံးပြုနိုင်သည့် တစ်ကိုယ်ရေသုံးကွန်ပျူတာများအပါအဝင် သင်ပုန်းကွန်ပျူတာများမှာ ၂၀၁၄ ပထမသုံးလပတ်ကာလအတွင်း စုစုပေါင်း အလုံးရေ ၅၀ ဒသမ ၄ သန်းသာရောင်းချခဲ့ရသည်ဟု ယင်းစစ်တမ်းအရသိရသည်။

ယင်းအရေအတွက်မှာ ယမန်နှစ်ပထမသုံးလပတ်ကာလကရောင်းအားထက် ၃ ဒသမ ၉ ရာခိုင်နှုန်း ပိုများလာပြီး ၂၀၁၃ခုနှစ်စတုတ္ထ သုံးလပတ်ကာလ အပါအဝင် အဝယ်လိုက်သော အားလပ်ရက်ရာသီရောင်းအားထက် ၃၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်။

လူအများမှာ မျက်နှာပြင်ပိုကျယ်သောစမတ်ဖုန်းများ (သို့မဟုတ်) သင်ပုန်းကွန်ပျူတာနှင့် စမတ်ဖုန်းပေါင်းစပ်ထားသည့် Phablet များကို သင်ပုန်းကွန်ပျူတာများအစား အသုံးပြုမှုပိုများလာသဖြင့် သင်ပုန်းကွန်ပျူတာ ဈေးကွက်ထိခိုက်ခဲ့ရသည်ဟု ယင်းစစ်တမ်းကဖော်ပြသည်။

သင်ပုန်းကွန်ပျူတာရောင်းအားမှာ ၂၀၁၃ ခုနှစ်အတွင်းက ၅၀ ရာခိုင်နှုန်းရောင်းအားတက်လာခဲ့သော်လည်း နောက်ပိုင်းတွင် ရောင်းအားနှေးကွေးသွားပုံပေါ်သည်။ ပထမသုံးလအတွင်း iPad အလုံးရေ၁၆ဒသမ၄သန်း ရောင်းချထားသည့် Apple ကုမ္ပဏီမှာ သင်ပုန်းကွန်ပျူတာအများဆုံးရောင်းချရသည့် ကုမ္ပဏီအဖြစ်ရှိနေဆဲဖြစ်သည်။ သို့သော် ယင်းကုမ္ပဏီ၏ဈေးကွက်ဝေစုမှာ ၂၀၁၃ ခုနှစ်အစောပိုင်းက ၄၀ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၃၂ ဒသမ ၅ ရာခိုင်နှုန်းသို့ကျဆင်းသွားခဲ့သည်။

ဆမ်ဆောင်းကုမ္ပဏီက သင်ပုန်းကွန်ပျူတာအလုံးရေ ၁၁ ဒသမ ၂ သန်းရောင်းချရပြီး ဈေးကွက်ဝေစု ၂၂ ဒသမ ၃ ရာခိုင်နှုန်းရယူထားနိုင်သည်။ ယင်းကုမ္ပဏီ၏ဈေးကွက်ဝေစုမှာ လွန်ခဲ့သောနှစ်ကထက် ၃၂ ရာခိုင်နှုန်းကျဆင်းသွားခြင်းဖြစ်သည်။

—*Ref: AFP*








fb.com/netmonday

# ပထမဆုံးတနင်္လာတိုင်းနည်းပညာဖလှယ်နိုင်မည့် Net Monday တယ်လီနောလုပ်ဆောင်

**ဆွေမွန်**

**ရန်ကုန်၊ မေ-၅**

နိုင်ငံတကာနည်းပညာကုမ္ပဏီကြီးများမှ ပညာရှင်များဖိတ်ခေါ်ပြီး ပြည်တွင်းနည်းပညာကျွမ်းကျင်သူများနှင့် ဆွေးနွေးမှုများပြုလုပ်နိုင်သည့် Net Monday အမည်ဖြင့် နည်းပညာဖလှယ်ပွဲကိုလစဉ်တိုင်း၏ ပထမဦးဆုံးတနင်္လာနေ့များတွင် တယ်လီနောမြန်မာမှ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Net Monday နည်းပညာဆွေးနွေးဖလှယ်ပွဲကို လတိုင်း၏ ပထမဦးဆုံးတနင်္လာနေ့တွင် ပြုလုပ်မည်ဖြစ်ပြီး လက်ရှိတွင်နှစ်ကြိမ်တိုင်ပြုလုပ်ပြီးဖြစ်ရာ တတိယအကြိမ်အဖြစ် မေလ ၁၂ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း တယ်လီနောမြန်မာ၏ ပြန်ကြားရေးတာဝန်ခံကိုစိုးသူထွန်းကပြောသည်။

“နောက်လတွေမှာလည်း လတိုင်းလုပ်သွားမှာပါ။ နိုင်ငံတကာကနည်းပညာကျွမ်းကျင်တဲ့သူတွေနဲ့ မြန်မာနိုင်ငံက ကွန်ပျူတာပညာရှင်တွေနဲ့ ပေးတွေ့ပြီးဆွေးနွေးဖို့ လုပ်ပေးတာပါ။ အရင်နှစ်လကလအစရဲ့ တနင်္လာနေ့မှာလုပ်ဖြစ်ခဲ့ပေမယ့် အခုလမှာတော့ ဒုတိယပတ်ကို နောက်ဆုတ်သွားတယ်” ဟု ၎င်းကပြောသည်။

ဆွေးနွေးပွဲအတွက် စာရင်းပေးသွင်းနိုင်ပြီဖြစ်ပြီးငါးရက်လက်ခံမည်ဖြစ်ရာ HTC နှင့် Huawei ကိုယ်စားလှယ်နှစ်ဦး မိုဘိုင်းအင်တာနက်အသုံးဝင်ပုံများနှင့်ပတ်သက်ပြီး ‘Internet In Your Pocket’ ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် Net Monday တွင် ဖေ့စ်ဘွတ်ခ်မှ ကိုယ်စားလှယ်တစ်ဦးနှင့် ဒုတိယအကြိမ်တွင် Google မှ အာရှပစိဖိတ်ဒေသထုတ်ကုန်ဆိုင်ရာအကြီးအကဲ လာရောက်၍ ဆွေးနွေးခဲ့ကြပြီး ကွန်ပျူတာပညာရှင် ၄၀ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

Net Monday သို့တက်ရောက်လိုသူများသည် http://netmonday.doattend.com/တွင် စာရင်းပေးသွင်းပြီး https://www.facebook.com/netmonday တွင် Net Monday နှင့်ပတ်သက်၍ ဝင်ရောက်ကြည့်ရှုနိုင်သည်။

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ရာဇဝင်တွင်သော မင်းကောရာဇ် နှစ်ပါး

**ချမ်းငြိမ်း**




ကမ္ဘာ့ရာဇဝင်တွင် အလက်ဇန္ဒားသည်ဂရိတ်၊ အသောက၊ ဂျူးလိယက်ဆီဇာ၊ ဂျင်ဂျစ်ခန်နှင့် နပိုလီယံတို့သည် ထင်ရှားသော စစ်ဘုရင် စစ်သူရဲကောင်းများဖြစ်ခဲ့သည်။ အလက်ဇန္ဒားသည်ဂရိတ်သည် ဂရိအင်ပါယာ၊အသောကဘုရင်သည် မောရိယ(အိန္ဒိယ) အင်ပါယာ၊ ဂျူးလိယက် ဆီဇာသည် ရောမအင်ပါယာ၊ ဂျင်ဂျစ်ခန်သည် မွန်ဂိုအင်ပါယာကို ထူထောင်ခဲ့ပြီး ပြင်သစ်စစ်ဘုရင် နပိုလီယံသည် ဥရောပတိုက်ကြီးတစ်ခုလုံးလိုလို သိမ်းပိုက်ခဲ့သော ဘုရင်ကောရာဇ်ဖြစ်ခဲ့သည်။

ထိုစစ်ဘုရင်ကြီးများသည် စစ်ပွဲပေါင်းမြောက်မြားစွာ ဆင်နွှဲပြီး အောင်ပွဲအလီလီရကာ အင်ပါယာကြီးများကို သူ့ခေတ်သူ့ကာလအလျောက် သမိုင်းတွင် ထူထောင်ခဲ့ကြသော မင်းကောရာဇ်များဖြစ်ခဲ့သည်။ ထိုဘုရင်ကောရာဇ်များထဲတွင် အထူးခြားဆုံးမှာ အသောကဘုရင်ဖြစ်သည်။အသောကဘုရင်သည် ကမ္ဘာတွင် စစ်အောင်နိုင်ပြီးနောက် စစ်ပွဲများကို ရပ်တန့်ခဲ့သည့် တစ်ပါးတည်းသော ဘုရင်ကောရာဇ်ဖြစ်ပါသည်။ ထို့အပြင် အသောကဘုရင်သည် ကောရာဇ်မင်းချင်းအတူတူ ကမ္ဘာ့ရာဇဝင်တွင် လူသားကောင်းကျိုးအများဆုံးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သော မင်းကောရာဇ်လည်းဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဂရိဘုရင်အလက်ဇန္ဒားသည် အက်ဒရာတစ်ပင်လယ်မှ အိန္ဒုမြစ်သို့တိုင် အရောက်လှမ်းပြီး ဂရိအင်ပါယာထူထောင်နိုင်ခဲ့သော်ငြားစစ်ပွဲများအောင်နိုင်ပြီး သေရည်အရက်သောက်စားရာမှ အသက် (၃၃) နှစ် ငယ်ငယ်ရွယ်ရွယ်အချိန်မှာပင် ဘေဘီလုံမြို့၌ နတ်ရွာစံခဲ့သည်။ အလက်ဇန္ဒားနတ်ရွာစံပြီးနောက် ၎င်း၏အင်ပါယာသည်တစ်မုဟုတ်ချင်း ပြိုကျပျက်စီးသွားခဲ့သည်။ ဂျူးလိယက်ဆီဇာသည်လည်း ဘုန်းတန်ခိုးနေလတောက်ပချိန်တွင် အီဂျစ်အလှဘုရင်မ ကလီယိုပါထရာနှင့်တွေ့ပြီး အာသာရမက်ငမ်းငမ်းဖြင့် အချိန်ကုန်လွန်နေရာမှ ၎င်းအာဏာကြီးထွားလာခြင်းကို မရှုစိမ့်သည့်လူယုံပုရောဟိတ်များ လက်ချက်ဖြင့် နတ်ရွာလားခဲ့သည်။ မြင်းသည်တော် အရိုင်းအစိုင်းများကို အုပ်ချုပ်ခဲ့သော မွန်ဂိုဘုရင် ဂျင်ဂျစ်ခန်သည် ယဉ်ကျေးမှုလုံးလုံးမရှိ ရက်စက်ကြမ်းကြုတ်သော စစ်ဘုရင်တစ်ပါးအဖြစ်သာ အနိစ္စရောက်ခဲ့သည်။စစ်ဘုရင်နပိုလီယံသည်ကား တိုက်ပွဲအလီလီတိုက်ရင်း ဝါတာလူးစစ်ပွဲရှုံးနိမ့်ရာမှ စိန့်ဟယ်လီနာကျွန်းသို့ပို့ဆောင်ခံရကာ မသေခင်အရှုးသဖွယ် ခံစားခဲ့ရသည်။ အသောကဘုရင်မှာကား စစ်ပွဲမှသေကျေပျက်စီးမှုများကို သတိသံဝေဂရပြီး အချိန်မီပြင်ဆင်ကာဗုဒ္ဓသာသနာအကျိုးသယ်ပိုးရင်း နန်းသက်(၃၈)နှစ်တိုင်တိုင် စံမြန်းသွားသော တစ်ပါးတည်းသော မင်းကောရာဇ်ဖြစ်ခဲ့သည်။

**သီရိဓမ္မာသောကမင်း(ဝါ) အသောကဘုရင်**

မြန်မာလူမျိုးတို့ သိသော သီရိဓမ္မာသောကမင်း(ဝါ)အသောကဘုရင်သည် မောရိယမင်းဆက်တည်ထောင်သူစန္ဒရဂုတ္တမင်းကြီး၏မြေးတော်ဖြစ်သည်။ယေရှုခရစ်မပေါ်ထွန်းမီ ၂၆၈ နှစ်တွင် ဘုရင်ဖြစ်လာပြီး အိန္ဒိယတိုက်ကြီးတစ်ခုလုံးကို ၎င်း၏ အင်ပါယာအဖြစ် သွတ်သွင်းခဲ့သော ရှင်ဘုရင်တစ်ပါးဖြစ်ခဲ့သည်။ အသောက ဘုရင်သည် အိန္ဒိယတိုက်သာမက အာရှအလယ်ပိုင်းထိ နယ်ပယ်ချဲ့ထွင်ပြီး ကျန်ရှိနေသေးသော အရှေ့အာရှနှင့် တောင်ပိုင်းဒေသများကိုအင်ပါယာထဲသွတ်သွင်းရန် စစ်ပွဲအကြိမ်ကြိမ်တိုက်ခဲ့သည်။ထိုသို့တိုက်ခိုက်ရင်း အိန္ဒိယအရှေ့ပင်လယ်ကမ်းခြေတွင်ရှိသော ကလိင်္ဂပြည်ကိုဝင်တိုက်ရာ၌ အခက်အခဲကြုံတွေ့ရလေသည်။ တိုင်းပြည်ငယ်သာဖြစ်သော်လည်း ကလိင်္ဂတိုင်းသူ ပြည်သားများသည် ရဲရဲဝံ့ဝံ့အသက်အသေခံ၍ အသောကဘုရင်၏တပ်များကို ခုခံတိုက်ခိုက်လေရာ စစ်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ရသည်။ သို့ရာတွင်အင်အားချင်းမမျှတ၍ ကလိင်္ဂပြည်သည်နောက်ဆုံးတွင် အသောကလက်အောက်သို့ ကျရောက်ခဲ့ရသည်။ ဤတွင် အသောကဘုရင်သည် ပြင်းထန်လွန်းသော စစ်ပွဲမှ စစ်အနိဋ္ဌာရုံများကိုမြင်တွေ့ပြီး ကြီးစွာတုန်လှုပ်သွားလေသည်။ စစ်ပွဲတွင် ကလိင်္ဂစစ်သည်နှင့်ပြည်သူပြည်သား တစ်သိန်းကျော်အသက်ဆုံးရှုံးခဲ့ရပြီး လူပေါင်းတစ်သိန်းငါးသောင်းကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာခဲ့ကာ ခြေပြတ် လက်ပြတ်ဖြင့် ဒုက္ခသည်သောင်းပေါင်း များစွာကို အသောကဘုရင် မြင်တွေ့ပြီး သတိသံဝေဂရကာ ထိုမှစ၍ စစ်ပွဲကို လုံးလုံးစွန့်ခွာသော ဘုရင်ဖြစ်ခဲ့သည်။ထို့နောက်အသောကဘုရင်သည် နန်းစံသက်ကာလ တစ်လျှောက်လုံး ဗုဒ္ဓဘာသာ၏ သားတပည့်တစ်ဦးအဖြစ် ခံယူကာ ပြည်သူပြည်သားများကို စောင့်ရှောက်ခဲ့လေသည်။ အသောကဘုရင်နန်းစံသက်တစ်လျှောက်တွင် အိန္ဒိယနိုင်ငံ(အိန္ဒိယတိုက်) သည် ပျော်မွေ့ဖွယ်အကောင်းဆုံးသော နှစ်ကာလများဟု သမိုင်းဆရာများ အဆိုရှိခဲ့သည်။ အသောကဘုရင်သည် ဗုဒ္ဓသာသနာပြန့်ပွားလေအောင် နိုင်ငံအရပ်ရပ်၌ ကျောက်တိုင်များထွင်းထုကာ ကျောက်စာများရေးထိုးခဲ့သည်။ ထိုကျောက်စာ အချို့သည် နှစ်ပေါင်း နှစ်ထောင်ကျော်လာသည့်တိုင်ယနေ့အချိန်အထိ မြင်တွေ့နိုင်ဆဲဖြစ်သည်။ အသောက ဘုရင်သည် ဗုဒ္ဓသာသနာ ပြန့်ပွားစေရေးသာမက ပြည်သူပြည်သားများ စားဝတ်နေရေးပြေလည်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ရုံမျှမက လမ်းပန်းဆက်သွယ်ရေးနှင့် တိုင်းပြည်တိုးတက်စေရေးအတွက် တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။ ထို့အပြင် ကမ္ဘာ့ ပထမဦးဆုံးသော တိရစ္ဆာန် ဆေးကုသရေးနှင့်ပြုစုစောင့်ရှောက်ရေးအတွက် စီမံ ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့သောရှင်ဘုရင်သည် နှစ်ပေါင်းနှစ်ထောင်ကျော်ကြာသည့် တိုင်နှောင်းလူတို့၎င်း၏အမည်ကိုမမေ့သေး။ကောင်းမှုကုသိုလ်ဖြင့်ကျော်စောထင်ရှားဆဲဖြစ်ပါသည်။

**တရုတ်ဘုရင်ရှီဟွမ်တီ**

အသောကဘုရင်နှင့်ခေတ်ပြိုင် တစ်ပြိုင်တည်းလိုလို တရုတ်ပြည်ကို အုပ်ချုပ်ခဲ့သူမှာနာမည်ကျော် တရုတ်ကောရာဇ်ရှီဟွမ်တီဖြစ်သည်။ တရုတ်ပြည်တွင် နှစ်ပေါင်းထောင်ချီ၍ တရုတ်ဘုရင်တစ်ပါးပြီးတစ်ပါးအုပ်ချုပ်မင်းလုပ်ခဲ့ပြီး ရှီဟွမ်တီမတိုင်မီ'ချောင်' မင်းဆက်သည် နှစ်ပေါင်း ၈၇၆ နှစ်တိတိကြာခဲ့သည်။ ထို့နောက် ဘီစီ ၂၄၆ တွင်နန်းတက်လာသော ဝင်ကျင်အမည်ရှိ နောင်တစ်ချိန်သမိုင်းတွင်လူသိများသည့် ရှီဟွမ်တီဘုရင်သည် သူတလူငါတမင်း အုပ်ချုပ်နေသော ပြည်နယ်များကို တိုက်ခိုက်သိမ်းပိုက်ပြီး ကျယ်ပြောသော တရုတ်ပြည်ကြီးကို စုစည်းနိုင်ခဲ့သည်။ ထို့နောက် ၎င်း၏လက်ထက်တွင် တရုတ်ပြည်၌ ဆိုးရွားသောအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပါသည်။ ရှီဟွမ်တီသည် နန်းတက်လျှင် တက်ချင်း ရှေးတရုတ်မင်း အဆက်ဆက်တို့ အုပ်စိုးခဲ့သည်ကို ပယ်ဖျက်ပြီး တရုတ်ပြည်၏ ပထမဆုံးသော မင်းကောရာဇ်အဖြစ် ခံယူလေသည်။ တရုတ်ပြည်ကြီးနှင့်ပတ်သက်၍ သမိုင်းတွင်သူ့မတိုင်မီမည်သည့်အချက်အလက်မှမရှိစေရဟုဆိုကာ သမိုင်းမှတ်တမ်းရေးထိုးထားသောစာအုပ်များ၊အစီရင်ခံစာများ၊ ဘာသာရေး ကျမ်းဂန်များအားလုံးကို မြေလှန်မီးရှို့ပစ်လေသည်။ အထူးသဖြင့် တရုတ်ပြည်သူများကိုးကွယ်သော ကွန်ဖြူးရှပ်စ်နှင့်လာအိုဇူဝါဒ သဘောတရားစာအုပ်များကို အစုလိုက်အပုံလိုက် မီးတင်ရှို့သည်။ စာအုပ်ပိုင်ဆိုင်သူ မည်သူ့ကိုမဆို သေဒဏ်ပေးမည်ဟု အမိန့်ထုတ်ပြန်သည်။ ထိုအမိန့်တော် အတိုင်းပင် ကွန်ဖြူးရှပ်စ်ပညာရှင် ၄၆၀ ကျော်အား အရှင်လတ်လတ်မြေမြှုပ်စီရင်ခဲ့ပါသည်။ ရှီဟွမ်တီလက်ထက်တွင် တရုတ်နိုင်ငံတစ်ဝန်းရှိ သိန်းနှင့်ချီသော စာအုပ်စာတမ်းများ၊ ပေမူများမီးရှို့ခံရပြီး ပညာရှင်အများ အပြားဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသည်။ ရှီဟွမ်တီသည် မင်းကောရာဇ်တစ်ပါးဖြစ်သည်နှင့်အညီ ကမ္ဘာ့သမိုင်းဝင် မိုင်ပေါင်းလေးထောင်ကျော်ရှည်လျားသော မဟာတံတိုင်းကြီးကို ဆောက်လုပ်ခဲ့သည်။ 'မဟာတံတိုင်းမရောက်ငြား ယောကျ်ားဘသားမဖြစ်ငြား' ဟူသည့်အဆိုပင် ပေါ်ထွန်းခဲ့သောကြီးကျယ်မြင့်မားသည့်မဟာတံတိုင်းကြီးသည် ရှီဟွမ်တီ၏ စိတ်ကူးစိတ်သန်းကြောင့် ပေါ်ထွက်လာသော တံတိုင်းကြီးဖြစ်သည်။

**စာမျက်နှာ(၃၂) သို့**

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်

(ယခင်အပတ်မှအဆက် . . . )

**အခန်း(၃၃)**
**သက်ခိုင်၏ လင်းယုန်ငှက်ပုံပြင်**
**၂၀၁၄ ခုနှစ်၊ မေလ။**

မကြာမတင်ရက်ပိုင်းက ကျွန်တော့်ဈေးဆိုင်မှာကိုသက်ခိုင်ရှိနေစဉ် ထိုင်းရဲအယောင်ဆောင် နှစ်ဦးရောက်လာကာ ထုံးစံအတိုင်း ငွေညှစ်လေရာ ကိုသက်ခိုင်နှင့် ထိပ်တိုက်တိုးလေသည်။ အဆိုပါ လူလတ်ပိုင်းထိုင်းနှစ်ဦးကို ကိုသက်ခိုင်က ပုလိပ်စစ်ပြန်စစ်နေ၏။ ကျွန်တော်ကား သူတို့အပြန် အလှန်ပြောဆိုနေကြသည်ကို ယောင်နနဖြင့်ဘေးမှ ငေးကြည့်နေသည့် ပွဲကြည့်ပရိသတ်သာဖြစ်သည်။ ဝီစကီနှစ်လုံးဖြင့် ပြဿနာပြေလည်သွားခဲ့သော်ငြား ကိုသက်ခိုင်သည် မျက်မှောင်ကြုတ်လျက် တစ်စုံတစ်ခုကိုမကျေမချမ်းဖြစ်နေဟန်ရှိလေသည်။

"တော်တော် တရားကျဖို့ကောင်းတဲ့ လူဗျာ"

"ဘယ်သူတုံးဗျ"

"ဒီမောင်တွေကို ရဲအယောင်ဆောင်ခိုင်းပြီးလွှတ်လိုက်တဲ့ ထိုင်းရဲဗိုလ်မှူး 'ချိုင်း'ပေါ့"

"သူတို့ကို ချိုင်းလွှတ်လိုက်တာ သေချာရဲ့လားဗျာ။ ခင်ဗျားနဲ့ချိုင်းဒီလောက်ခင်မင်နေတာ။ လွဲနေရင် မျက်နှာပူစရာဖြစ်နေပါ့မယ်"

"ရမ်းသန်းစွပ်စွဲနေတာ မဟုတ်ဘူးကိုယ့်ဆရာ။ မနေ့ညက ချိုင်းကျွန်တော့်ဆီ ထူးထူးခြားခြား ဖုန်းဆက်တယ်။ ခင်ဗျားသူငယ်ချင်းဆိုင် ဘယ်အချိန်ပိတ်သတုံးတဲ့။ ဖြစ်ချင်တော့ အခု သူလွှတ်လိုက်တဲ့ တစ်ကောင်ဟာ ဆူရတ်ဌာနီက ကျွန်တော့်မိတ်ဆွေထိုင်းထောက်လှမ်းရေးဗိုလ်မှူးကြီး ဝပ်ဆာဝပ်ရဲ့တပည့်ဖြစ်နေတယ်။ ခင်ဗျား သတိထားမိလား။ နေကာမျက်မှန်တပ်ထားတဲ့ကောင်ပေါ့။ သူက ကျွန်တော့်ကို မှတ်မိနေတော့ အိုးတိုးအမ်းတမ်းဖြစ်နေတယ်။ ဖြစ်မှာပေါ့။ ညစာစားပွဲတစ်ခုမှာ ဆုံခဲ့ဖူးတာကိုး။ လက်စသတ်တော့ ချိုင်းဟာထိုင်းရဲဗိုလ်မှူးကလိမ်ကကျစ်ပဲ"

"ဒါဆို ရဲအယောင်ဆောင်မှုန်း သိသိကြီးနဲ့ ခင်ဗျားက အကောင်းစားဝီစကီနှစ်လုံး ဘာကြောင့် အဆုံးခံလိုက်ရတာတုံး"

"တုံးချက်ဗျာ။ ကိစ္စတစ်ခုကိုဖြေရှင်းရာမှာ ကယ်ပေါက်ထားရတယ်ဗျ။ မင်းတို့လူလိမ်တွေပဲဆိုပြီး ခံတွန်းပစ်လိုက်ရင် နောက်ဆက်တွဲအဖြစ် ခင်ဗျားဟာ သူတို့ရဲ့ရန်သူစာရင်းဝင်သွားမယ်။ နယ်မြေမပိုင် စစ်မနိုင်ဘူးတဲ့ဗျာ။ ဖူးခက်မြေနဲ့ မကင်းနိုင်သေးသရွေ့ ဒါမျိုးတွေ ကြုံနေရဦးမှာပါပဲ"

"ကဲပါဗျာ။ ဝီစကီနှစ်လုံးနဲ့ ကျွန်တော်လည်း မွဲမသွားပါဘူး။ တရားသဘောအတိုင်းသာရှိပါစေတော့"

"အရေးထဲ အရိယာလောင်းကြီးက တရားပြန်ဟောနေပါရောလား။ ကိစ္စတစ်ခုကို ဆင်ခြင်သုံးသပ်ရာမှာ ဓမ္မကြောင်းအမြင်တစ်ခုတည်းနဲ့ မပြည့်စုံပြန်ပါဘူး။ လောကကြောင်း၊ ဓမ္မကြောင်း ဆက်စပ်ဆင်ခြင်နိုင်ရင် အကောင်းဆုံးပေါ့ဗျာ။ ဒီလူဟာ ဒီအလုပ်မျိုး မလုပ်သင့်တာအမှန်ပဲဗျာ။ ကျွန်တော်နဲ့ဆို မိသားစုချင်းပါ အဆမတန်ရင်းနှီးတယ်။ သူအခက်အခဲကြုံတိုင်း ကျွန်တော်ထောက်ပံ့နေခဲ့တာ ခုနစ်နှစ်လောက်ရှိပြီ။ ဒီကိစ္စကို သူ့မိန်းမသိရင်တောင် လင်မယားနောင်ဂျိန်ပလေးလောက်တယ်။ ကျွန်တော်အမုန်းဆုံးက သူတို့နိုင်မယ်ထင်တဲ့သူကို မတော်မတရားနိုင်ရာစားလုပ်ချင်တဲ့ စိတ်ဓာတ်ပဲ။ လူ့သိက္ခာဆိုတာ ဘာမှန်းမသိတဲ့လူနဲ့ ငါပေါင်းသင်းမိပါပကောလားလို့တောင် ကိုယ့်ကိုယ်ကိုယ် ပြန်အပြစ်တင်မိတယ်။ တကယ်တော့ ကျွန်တော်ဒီကနေလှမ်းပြီးစီမံခန့်ခွဲနေတဲ့ ဗမာပြည်ထဲက ရောမစီမံကိန်းတွေမှာ ချိုင်းကို ထည့်သုံးဖို့အထိ ရည်ရွယ်ထားခဲ့တာဗျာ။ ဒါကြောင့်လည်း လောကနီတိမှာ.. သူယုတ်မာကို အချစ်မလွန်ရာ သူယုတ်မာသည် ထိပ်တင်ခေါင်းရွက် မြှောက်စားခံရသော်လည်း မချေမငံဆူဆူညံညံ ပြုတတ်၏။

မြွေသည် အမျက်လွန်၏။ မြွေထက် သူယုတ်မာသည်ပို၍ အမျက်လွန်၏။ မြွေကို မန္တန်ဆေးဝါးဖြင့် ငြိမ်းစေနိုင်သော်လည်း သူယုတ်မာကို ငြိမ်းစေနိုင်သည့်ဆေးမရှိချေလို့ ဆိုခဲ့တာကလား။ တကယ်တော့ သူယုတ်မာဆိုတာ လောကကြီးမှာ မရှိအပ်ဘူးဗျ။ စကားမစပ် ကျွန်တော်ကြားဖူးတဲ့ ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြချင်သေးတယ်။ သမားရိုးကျဇာတ်လမ်းတွေနဲ့ ကွဲထွက်နေတာတော့ အမှန်ပဲဗျာ"

"ဘယ်လိုဇာတ်လမ်းပါလိမ့်။ လုပ်ပါဦးဗျ"

ကျွန်တော့်ဆိုင်တွင်းမှာ ဈေးဝယ်လေးငါးဦးခန့်ရှိနေ၏။ အချို့ကား တောင်လျှောက်မြောက်လျှောက်ဖြင့် အလိုရှိသည့်ပစ္စည်းကို ရှာဖွေနေကြသည်။ ကျန်သူတို့ကား မြန်မာစာတန်းထိုးဗီဒီယိုခွေတို့ကို လှန်လှောနေကြ၏။ ကျွန်တော်သာမက အဆိုပါဈေးဝယ်တို့ပါ ကိုသက်ခိုင်၏ ဇာတ်လမ်းကို မသိမသာနားစွင့်လျက်ရှိကြသည်။

"တစ်ခါတုန်းက ဘုရင့်အာဏာရှင်ပါးကွက်သား အဘိုးအိုတစ်ယောက်ရှိသတဲ့ဗျ။ တစ်နေ့တော့ ပြည့်ရှင်ဘုရင်ဟာ အသက်(၂၀)အရွယ် လူငယ်တစ်ဦးကို လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှုစတဲ့ ပြစ်မှုတစ်ပြုံတစ်မကြီးကျူးလွန်တာကြောင့် တောင်စွယ်နေကွယ်ရင် သတ်စေလို့အမိန့်ချပြီး အာဏာပါးကွက်သားကို အဲဒီအဘိုးအိုဆီကိုအပ်သတဲ့။ ဖြစ်ချင်တော့ အဲဒီပြစ်ဒဏ်ကျလူငယ်ကို သတ်ရမယ့်နေ့ရက်ဟာ အာဏာပါးကွက်သားအဘိုးအိုရဲ့ အသက်(၆၀)ပြည့်တဲ့နေ့နဲ့ ထူးထူးခြားခြားတိုက်ဆိုင်နေတယ်။ ဒီတော့ အဘိုးကြီး စဉ်းစားခန်းဝင်မိရောဆိုပါတော့။

'အင်း။ ငါဟာလူမှန်းသိကတည်းက အာဏာပါးကွက်သားအဖြစ် ပြစ်ဒဏ်ကျတရားခံတွေကို သတ်ခဲ့ရတာ မနည်းလှတော့ဘူး။ ငါ့အကုသိုလ်နှယ်ကြီးလိုက်တာ။ ငါသေရင် ဒီအကုသိုလ်တွေနဲ့ အပွါယ်ငရဲကိုကျမှာမလွဲဘူး။ ဒီတော့ မသေခင် ပြုခဲ့တဲ့ အကုသိုလ်တွေအတွက်ပြေရာပြေကြောင်းကောင်းမှုတစ်ခုခုတော့ လုပ်ဦး လေမှ'လို့တွေးမိတယ်။

"ဒီလိုစဉ်းစားခန်းဝင်နေတုန်း တောင်စွယ်နေကွယ်ဖို့ အချိန်နီးလာတာကြောင့် သူလက်စတုံးရမယ့် အကျဉ်းသားလူငယ်ကို အချုပ်ခန်းထဲကနေထုတ်လာတဲ့ အခါ အဲဒီလူငယ်ရဲ့ မျက်နှာကို သေချာကြည့်မိရင်း "ဪ.. တကယ့်ကလေးအရွယ်ပါလား။ ဒီအရွယ်ဟာ လည်ဖို့ပတ်ဖို့ပျော်ပါး ဖို့လောက်သာ နားလည်သေးတဲ့ အရွယ်။ ဘယ်လိုအတိတ်ကံကြောင့်များ သုသာန်ထုတ် ဓားခုတ်သတ်စေ အမိန့်ချခံရတာပါလိမ့်။ တကယ်ဆို သူ့အရွယ်ဟာ လောကကြီးမှာ ကောင်းရာကောင်းကြောင်းတွေ၊ ပျော်ရွှင်စရာတွေ အများကြီးလုပ်နိုင်၊ ခံစားနိုင်သေးတဲ့အရွယ်ကောင်းပဲ။ ငါ ဘယ်လိုများကူညီနိုင်ပါ့မလဲ"ဆိုပြီး သက်ပြင်းအကြိမ်ကြိမ်ချရင်း အတွေးရှည်ကြီးတွေးနေမိရာကနေ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သတဲ့။

"အာဏာပါးကွက်သားအဘိုးအိုရဲ့ ဆုံးဖြတ်ချက်ကတော့ ရာဇဝတ်သားတရားခံကို သူ့သဘောနဲ့သူ သေဒဏ်ကလွှတ်ပေးဖို့၊ မင်းနေပြည်တော်နဲ့ဝေးရာမှာ ထွက်ပြေးခိုအောင်းတိမ်းရှောင်ခိုင်းဖို့ပါပဲ။ တရားခံကိုလွှတ်ပေးမှုနဲ့ ကျခံရမယ့်သေဒဏ်ကိုလည်း သူမျှော်လင့်ထားပြီးပါပြီ။ ဒါနဲ့ အဘိုးအိုဟာ လူငယ်ကို ကြေးတိုက်ကနေထုတ်ပြီး ကိုယ်လက်သန့်စင်စေတယ်။ ရာဇဝတ်မှုတရားခံအနေနဲ့ ဝေးရာကိုဒရောသောပါးပြေးရလွှားရမှာမို့ အားအင်ရှိအောင် အိမ်ကအဘွားအိုထုပ်ပေးလိုက်တဲ့ ထမင်းထုပ်ကိုလည်း တစ်ဝက်ခွဲ၊ နှစ်ပုံပုံပြီးစားစေဖို့ ပြင်ဆင်ပေးသတဲ့ဗျာ။ ထမင်းထုပ်ထဲက ထမင်းတစ်ဝက်စီနဲ့ ပါလာတဲ့အသားတုံးနှစ်တုံး တစ်ယောက်တစ်တုံးစီဆိုပါတော့။ ရာဇဝတ်သားလူငယ်ဟာ မင်းမိန့်သေဒဏ်ကနေ လွတ်မယ်လို့လည်းဆိုရော ဝမ်းအသာကြီးသာနေရင်း အဘိုးအိုချကျွေးတဲ့ သူ့ဝေစုထမင်းတစ်ဝက်နဲ့အသားတုံးတစ်တုံးကိုအရင်ဆုံး အငမ်းမရစားပစ်လိုက်တယ်။ အဘိုးအိုကတော့ သူပြုဆဲဒါနကုသိုလ်အတွက် တစိမ့်စိမ့်ပီတိဖြစ်ရင်း ထမင်းတောင်မစားနိုင်သေးဘဲ တရားခံလူရွယ်ရဲ့ အပြုအမူကို ရှေ့တည့်တည့်ကထိုင်ပြီး အသေးစိတ်ကြည့်ရှုနေမိသတဲ့။

"ဒီအချိန်မှာပဲ လူရွယ်ဟာ သူ့ဝေစုအသားတစ်တုံးလည်းကုန်ရော အဘိုးအိုရဲ့ ဝေစုအသားတစ်တုံးကိုပါ ဆတ်ခနဲလှမ်းယူ၊ ပါးစပ်ထဲထိုးသွင်းပြီး အပြောင်ရှင်းလိုက်ရောတဲ့ဗျ။ ဒီအခါ အဘိုးအိုဟာ ရုတ်ခြည်းမှင်တက်မိသွားရာကနေ တစ်ခဏတာတွေခနဲ စဉ်းစားလိုက်ပြီး လူငယ်ကို ချက်ချင်းဖမ်းချုပ်၊ ကြေးတိုက်ထဲပြန်သွင်းလိုက်ရောတဲ့။ ပြီးတော့ အဘိုးအိုက စကားတစ်ခွန်းဆိုတယ်။

'မင်းဟာ ငါ့မြေးအရွယ်ပဲ။ မင်းဘယ်လောက် ဆိုးသွမ်းခဲ့ သလဲ။ အပြစ်မဲ့တဲ့သူတွေကို ဘယ်လောက်ဒုက္ခပေးခဲ့သလဲ။အသေးစိတ် ငါမသိပေမယ့် မင်းရဲ့အသိဉာဏ်ဟာ အသားတစ်တုံးနဲ့အသက်တစ်ချောင်း ဘယ်အရာကတန်ဖိုးပိုရှိမှန်းမသိလောက်အောင် နုံချာညံ့ဖျင်းလှတယ်။ ဒါကြောင့် မင်းလိုလူစားမျိုးတွေ လောကကြီးမှာ အသက်ဆက်ရှင်နေခဲ့မယ်ဆိုရင် လောကကြီး ဘယ်နည်းနဲ့မှ မအေးချမ်းနိုင်ဘူး။ မင်းဟာ သေဒဏ်နဲ့ တကယ့်ကိုထိုက်တန်တဲ့ ရာဇဝတ်သားမို့ မင်းကို ငါကိုယ်တိုင်တောင်စွယ်နေအကွယ်မှာမြို့ပြင်ထုတ် ဓားနဲ့မသေမချင်း ခုတ်သတ်မှသာ လောကကောင်းကျိုးဆောင်ရွက်ရာ ကျပေတော့မယ်။ ဒါဟာ လူအများအတွက် ငါရဲ့အသက်(၆၀)ပြည့်တဲ့နေ့မှာအပြုသင့်ဆုံးဒါနပါပဲ'...တဲ့ဗျ။ နောက်ဆုံးဇာတ်လမ်းချုပ်ရရင်လူရွယ်လည်း နေကွယ်ချိန်မှာအသက်နဲ့ကိုယ်အိုးစားကွဲရောဆိုပါတော့ဗျာ"

"အေးဗျာ။ ဇာတ်လမ်းကတော့ အဆန်းပဲ။ ခင်ဗျားပြောမှ သတိရမိသေးတယ်။ မကြာခင်က နစ်မြုပ်သွားတဲ့ကိုရီးယားအပန်းဖြေသင်္ဘောရဲ့ တာဝန်အရှိဆုံးပုဂ္ဂိုလ် သင်္ဘောကပ္ပတိန်ဟာ ကျောင်းသားတွေကို နစ်လှဆဲဆဲ သင်္ဘောပေါ်မှာ ငြိမ်ငြိမ်ဆိမ်ဆိမ်နေခဲ့ကြဖို့မှာပြီး သူကတော့ ကိုယ်လွတ်ရုန်းသွားခဲ့တာ။ အင်တာနက်သတင်းတွေမှာ ဖတ်လိုက်မိသေးတယ်ဗျ။ ဒီလူကိုလည်း လူယုတ်မာစာရင်းမှာ ထည့်ရမယ်ထင်ပါရဲ့"

"အင်း..သူ့ထက်အဆပေါင်းများစွာ ယုတ်မာတဲ့သူတွေရှိခဲ့ပါသေးတယ်ဗျာ။ ဟိုးအဝေးကြီးမှာ မဟုတ်ပါဘူး"

"ဘယ်သူတုံးဗျ။ ကျွန်တော်တို့နဲ့နီးစပ်တဲ့ သူတွေများဖြစ်နေသလား"

"သေချာတာပေါ့ဗျာ။ ဘာကြာသေးလို့လဲ။ လွန်ခဲ့တဲ့ခြောက်နှစ် ဒီလိုနေ့ရက်မှာ ဗမာပြည်ကိုဝင်မွှေခဲ့တဲ့ နာဂစ်မုန်တိုင်းကို ခင်ဗျား မှတ်မိဦးမယ်ထင်ပါရဲ့"

"မှတ်မိပါသော်ကောဗျာ။ လူတွေသေလိုက်တာမှ သောက်သောက်လဲ။ တစ်သိန်းကျော်ဆိုလား"

"အမှန်တော့ နာဂစ်မှာ ဘယ်လောက်အသေအပျောက်ရှိတယ်ဆိုတာ ဘယ်သူမှ အတိအကျမသိနိုင်ပါဘူးဗျာ။ တစ်သိန်းခွဲလောက်သေပြီး ငါးသောင်းကျော်ပျောက်ဆုံးခဲ့တယ်ဆိုတာလည်း ဗမာအစိုးရအဘော်ပါ။ ပြန်တွေးလေ စိတ်ထိခိုက်စရာကောင်းလေပဲဗျာ။

**အချပ်ပို** (A3) **သို့**

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ကြည့်ပေး၊ ကြည့်နေ၊ ပြီးတော့ ကြည့်သေ

မောင်သာချို




(တစ်)

သူ သူ့အလုပ်တွေကို လက်စသတ်လိုက်တော့ ညနေ ခြောက်နာရီကျော်ပါပြီ။ သည်အိမ်သို့ မနက်တော်တော်စောစော ကတည်းကပင်လျှင် သူရောက်ရှိ ၍ လာခဲ့ခြင်း ဖြစ်ပါသည်။ မနက်စောစောအိပ်ရာကထ၊ကိုယ်လက်သန့်စင်၊ အမေအိုနှင့် အဖေမရှိတော့သော ကလေးသုံးယောက်အတွက်မရှိ ရှိတာကလေးများနှင့် တစ်နေ့တာ စားဖို့၊ သောက်ဖို့ စီစဉ်ပေးပြီးသည့်နောက် အိမ်ဘက်ကို တစ်ချက်လှည့်ခဲ့ပါဦးဟု အမှာရှိသော ထိုအိမ်သို့ ရှစ်နာရီဝန်းကျင်မှာ သူရောက်ပါသည်။ အလုပ်လုပ်ဖို့။ ဟုတ်ပါသည်။ အလုပ်လုပ်ဖို့ပါ။ဘာအလုပ်လဲဟုတော့ မမေးနှင့်။ ခေါင်းစဉ်တပ်ရခက်သည့်အလုပ်။ အစုံ။

အဝတ်လျှော်တာ ပါပါသည်။ မီးပူတိုက်တာပါပါသည်။ ငါးကိုင်၊ ဖားကိုင်၊ ဟင်းသီးဟင်းရွက်ခြွေတာ၊ ဆိတ်တာ၊ ငရုတ်သီးထောင်းတာ၊ ပန်းကန်ဆေးတာ ပါပါသည်။ တံမြက်စည်းထလှည်းတာ၊ အိမ်ထတိုက်တာ၊ ဖျာတွေနေပူထုတ်လှန်းတာမျိုးလည်းပါပါသည်။ တစ်ခါတစ်ခါ အိမ်ထောင်ပရိဘောဂတွေ ဟိုနားရွှေ့၊ သည်နားရွှေ့လုပ်တာမျိုး၊ ကော်ဖီမစ်ပြေးဝယ်ခိုင်းတာမျိုး၊ ခြင်ဆေးခွေပြေးဝယ်ခိုင်းတာမျိုးတွေလည်း ပါပါသည်။

ဒါ့ကြောင့် သူ့အလုပ်က ခေါင်းစဉ်တပ်ရခက်သည့်အလုပ်။ အစုံ။သည်ရပ်ကွက်ကလေးထဲမှာ သူ့အတွက် အားလပ်ရက်မရှိ။ တစ်အိမ်မဟုတ်၊ တစ်အိမ်မှာ သူရောက်နေတတ်မြဲဖြစ်ပါသည်။

အခုညနေခြောက်နာရီ ဝန်းကျင်မှာ သူ့အလုပ်တွေကို လက်စသတ်လိုက်ပြီး ပြန်တော့မယ်ဟု အိမ်ရှင်ကို နှုတ်ဆက်တော့ အိမ်ရှင်က 'ဟဲ့ပြောဦး၊ ငါဘယ်လောက်ပေးရမှာလဲ' ဟုဆိုပါသည်။ သူ့အဖြေက ထုံးစံအတိုင်းပဲပေါ့။

"ကြည့်ပေး အစ်မရယ်"တဲ့။

ကြည့်ပေး၊ ဟုတ်ပါသည် ကြည့်ပေး။ ဘယ်လောက်မှန်းလဲမသိ။ အိမ်ရှင်ထိုးထည့်ပေးလိုက်သော ပိုက်ဆံအလိပ်ကလေးက တစ်ထောင်လည်း ဖြစ်နိုင်၊ နှစ်ထောင်လည်း ဖြစ်နိုင်၊သုံးထောင်လည်းဖြစ်နိုင်ပါသည်။အလုပ်ချိန်သတ်မှတ်ချက်မရှိ။ အလုပ်အမျိုးအစား သတ်မှတ်ချက်မရှိ။ အစုံလုပ်။ အနည်းအများကြည့်ပေး။

မြန်မာပြည်မှာ ကြည့်ပေးတွေက တော်တော်များပါသည်။ ဘွားအေလုပ်သူက စားသောက်ဆိုင်ကောင်တာရှိရာဆီသို့ မြေးငယ်ကလေးကို စားပွဲထိုးအဖြစ်ခေါ်လာတော့လည်းကြည့်ပေးတဲ့။ မြောင်းဖော်၊ မြက်ရှင်း၊ ခြံစည်းရိုးပြန်မတ်ပေးသည့် ဦးကြီးကလည်း ကြည့်ပေးတဲ့။

ကမ္ဘာ့နိုင်ငံများ၌ အနိမ့်ဆုံးလစာဘယ်လောက်ဟု သတ်မှတ်နေကြချိန်မှာ ကျွန်တော်တို့တွေက အခုထိ ကြည့်ပေးကြတုန်း။ သဒ္ဒါသလောက် စွန့်ကြပါဆိုသည့်သဘော။ လူ့ဂုဏ်သိက္ခာပွန်းပဲ့လွန်းလိုက်တာ။

(နှစ်)

ဂျာမနီအဓိပတိ အင်ဂျလာမာကယ်လ်ကတော့ အမျိုးသမီးဖြစ်ပြီး တော်တော့ကို ပြတ်သားပါသည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စကာဂျာမနီနိုင်ငံ၌ အခြေခံလစာ ၁ နာရီကို ၁၁ ဒသမ ၇၅ ဒေါ်လာ သတ်မှတ်လိုက်ခြင်းပင်ဖြစ်ပါသည်။ အစိုးရအဖွဲ့ကလည်းယင်းကိုလက်ခံပါသည်။ မျှတသော ဝင်ငွေနှင့် လူ့ဂုဏ်သိက္ခာအတွက်ဆိုသောစကားက ကျွန်တော်တို့ကို ကျော့ချမ်းစေပါသည်။ လူသည် သူ့အလုပ်အတွက် ဂုဏ်သိက္ခာရှိသော ဝင်ငွေကို ရရှိရန် လိုအပ်ပါသည်။ ကြည့်ပေးလို့မရ။ တစ်နာရီ ၁၁ ဒသမ ၇၅ ဒေါ်လာဆိုတော့ မြန်မာငွေ တစ်သောင်းလို့ပဲဆိုပါတော့။

အမေရိကန်နိုင်ငံကလည်း အခြေခံအကျဆုံးလစာကို တစ်နာရီ ၁၀ ဒေါ်လာ အထက်ပဲသတ်မှတ်ထားပါသည်။

ဂျပန်နိုင်ငံက အခြေခံလစာ ၁ နာရီ ယန်း ၈၅၀။ တစ်ယန်းကို တစ်ဆယ်ဖြစ်ရာ မြန်မာငွေကျပ် ၈၅၀၀။

ထိုင်းကမူ တစ်နေ့ဘတ် ၃၀၀။ တစ်ဘတ်ကို ကျပ် ၃၀ ဝန်းကျင်ဖြစ်သဖြင့် တစ်ရက်ကျပ် ၁၀၀၀၀ ဆိုသည့် သဘော။

နိုင်ငံအသီးသီးတို့သည် မိမိတို့၏ ဓနဥစ္စာဆူကြွံနိမ့်မြင့်ကို လိုက်၍ အခြေခံလစာ နှုန်းထားများကွာခြားနိုင်ပါသည်။ သို့သော် အရေးအကြီးဆုံးအချက်က ထိုအခြေခံလစာဖြင့် ထိုမိသားစု အခြေခံစားဝတ်နေရေးဖူလုံ၏၊ မဖူလုံ၏ဟူသော ကိစ္စ။ ကြည့်ပေးလို့တော့ မဖြစ်တန်ရာ။

(သုံး)

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ် ဇူလိုင် ၁၂ ရက်က အနည်းဆုံးလုပ်ခငွေကြေးဥပဒေကို ပြဋ္ဌာန်းလိုက်ပြီးဖြစ်ပါသည်။ သို့သော် အခြေခံလစာမည်မျှ ဟူသည်ကိုမူ ယခုထိ မဆုံးဖြတ်ရသေးပါ။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(ယာယီ) က ၂၀၁၃ ခုနှစ်တုန်းဆီက အခြေခံလစာ ကျပ် ၇၀၀၀ ဖြစ်သင့်ကြောင်း တောင်းဆိုသံများကို ကြားလိုက်ရပါသည်။တစ်ဖန်ယခု ၂၀၁၄ ၌ တစ်ရက် ကျပ် ၈၅၀၀ ဖြစ်သင့်ကြောင်းတောင်းဆိုထားသည်ဟုလည်း သတင်းတွေထုတ်ပြန်ထားကြပါသည်။

လက်ရှိကုန်စျေးနှုန်းကို မသိကျိုးကျွန်မပြုဘဲ၊ မမြင်ယောင်၊ မကြားယောင်မဆောင်ဘဲ၊ မျက်စိစုံမှိတ်မထားဘဲ အလုပ်လုပ်သော ပြည်သူလူထုဘဝလုံခြုံမှုရရှိစေသော အခြေခံလစာကို အစိုးရက သတ်မှတ်ပေးနိုင်ရန် အလွန်လိုအပ်ပါသည်။

ဟောင်ကောင်က လာသော သတင်းတစ်ရပ်၌ သူတို့၏ အိမ်မွေးခွေးများကို ကျောင်းပေးရန်၊ ခွေးမစင်စွန့်ပြီးပါက တစ်ရှူး(Tissue)ဖြင့် ခွေးဖင်ကို သုတ်ပေးရန် လစာငွေ ဒေါ်လာ ၅၀၀ ဖြင့် အလုပ်သမားအလိုရှိကြောင်း ခေါ်နေပုံကို တွေ့ရတော့ ကျွန်တော် အံ့ဩမိပါသည်။

ပဒေသရာဇ်ခေတ်က သခင်နှင့် ကျွန်၏ ဆက်ဆံမှုမျိုးဖြင့် ခိုင်းချင်တာခိုင်းပြီး ကြည့်ပေးကြသော အလုပ်မျိုးမှာ လူ့ဂုဏ်သိက္ခာကို ထိပါးစေပါသည်။ လုပ်ခလစာဟူသည်မှာ သနားသဖြင့် စွန့်ကြဲပေးကမ်းသော အရာမဟုတ်ပါ။ ထိုက်တန်စွာ ချီးမြှင့်ရသော ငွေဖြစ်ပါသည်။

ကြည့်ပေးသော ငွေကလေးဖြင့် ကြည့်နေကာ ကြည့်သေကြရသော အနေအထားမျိုးတွေက လွန်မြောက်သင့်ပါပြီ။

ကဲ၊ ဘယ်လောက်ပေးကြမလဲတဲ့။ လူထုက မေးထားသည့် မေးခွန်း။ ဖြေဆိုရန်မှာမူ အစိုးရ၏ ကိစ္စ။ ။

## JOB VACANCY

Shin Nippon Airtech( Singapore) Pte. Ltd. is the leading Mechanical and Electrical engineering company and specialize in design, supply and installation of Building services systems in Japan and Asia. We have now established the Myanmar Branch office and looking for the competent, efficient and energetic persons for the following position.

**Assistant Engineers( Mechanical/Electrical)**

**Responsibilities**

- Obtain the quotation from vendors for tender submission on Mechanical and Electrical projects
- Able to read and interpret Mechanical/Electrical drawings and prepare BOQ for the project tendering
- Supervise a group of technicians and general workers from Sub contractors at job sites
- Coordination with main contractor/ other contractors for Services installation matters in the project
- Testing and commissioning of Mechanical and Electrical equipment and system
- Work closely and collaboratively with other team members in the company to achieve project target and cost efficiency

**Requirement**

- Possess Degree/Diploma in Mechanical/Electrical with minimum three years of work experience in the position applying for.
- Knowledge of mechanical and electrical equipment/standard/code of practice
- Computer literate and able to use MS office software, knowledge in application of AUTOCAD software will be added advantage.
- Able to communicate in English with expatriate staff effectively
- Able to work independently and with initiative
- Able to work at the assigned project site in Yangon and other cities


Interested candidates are requested to send their Resume, current and expected salaries to recruitmentsnk.mmr@gmail.com by 15 May 2014.

We regret that shortlisted candidates will only be contacted for the interview.

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငှုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဒ္ဓိ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006




# မရည်ရွယ်ပေမယ့် တကယ်သေပေါင်းများလှပြီ

**အာဝါသ**

"ကျွန်တော်တို့မှာ အလုပ်သမားတွေကို အမြန်ဆုံးဆွဲထုတ်လို့ရမယ့် နိုင်ငံတကာမှာလို ခေတ်မီဟိုက်ဒရောလစ်ကိရိယာတွေမရှိလို့ ကွန်ကရစ်တွေဖြတ်ပြီးရတဲ့နည်းနဲ့ ဆွဲထုတ်ခဲ့ရတယ်"

တကယ်တော့ ဒီစကားကို ပြောခဲ့သူဟာ အစိုးရဝန်ကြီးတစ်ပါးမဟုတ်သလို ကုမ္ပဏီပိုင်ရှင်သူဌေးကြီး တစ်ယောက်လည်း မဟုတ်ပါဘူး။ ဧပြီ ၂၆ရက် ညနေက အလုံမြို့နယ်မှာ တိုက်ဟောင်းတစ်လုံးဖြိုဖျက်တဲ့ လုပ်ငန်းခွင်အတွင်းရုတ်တရက်ပြိုကျလာတဲ့ကွန်ကရစ်ချပ်တွေအောက် ပိမိနေသူတွေကိုကယ်တင်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ စမ်းချောင်းမြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ရဲသူရိန်သိန်းမြင့် ပြောကြားခဲ့တာဖြစ်ပါတယ်။

အဲဒီတပ်ဖွဲ့ဝင်နဲ့ အပေါင်းအပါတွေဟာ သေဘေးနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အလုပ်သမားတွေကို ရှင်လိုရှင်ငြားဆိုပြီး ခဲယဉ်းစွာကယ်တင်ခဲ့ကြပေမယ့်လည်းဝမ်းနည်းစရာကောင်းတာက နေရာမှာတင် နှစ်ဦးသေဆုံးပြီးနောက်တစ်ဦးကတော့ ဆေးရုံအရောက်မှာ ထပ်မံသေဆုံးသွားရတယ်။ အသက်တွေက ၁၉နှစ်၊ ၂၃နှစ်၊ ၂၆နှစ်။ နှမြောဖို့ကောင်းလိုက်တာ။

လူ့မှန်သမျှ တစ်နေ့သေကြရမယ့် သေမျိုးချည်းဖြစ်တာမို့ သေရုံမျှလောက်ကို အဆန်းတကြယ်လုပ်ပြီး ပြောမနေချင်ပေမယ့် ကျွန်တော်တို့အားလုံးအတွက်သေရတဲ့ အကြောင်းရင်းနဲ့ သေပုံသေနည်းတွေဟာ တစ်နည်းမဟုတ်တစ်နည်းနည်းအရေးပါနေမှာဖြစ်တဲ့ အလျောက်လျစ်လျူမရှုနိုင်ပါဘူး။

အခုဖြစ်ပွားခဲ့တဲ့ တိုက်ဟောင်းပြိုကျတဲ့ဖြစ်ရပ်မှာ အများအားဖြင့် ကြားရနိုင်တဲ့အယူအဆသုံးမျိုးကိုခန့်မှန်းမိပါတယ်။ အဲဒါတွေက ကံဆိုးလို့။ ပေါ့ဆလို့။ မတော်တဆတိုက်ဆိုင်သွားလို့ဆိုတာတွေပဲဖြစ်ပါတယ်။ ကျွန်တော့်သဘောပြောရရင် အဲဒါတွေအားလုံးတစ်ခုမှ မမှားဘူးဆိုတာ သဘောတူချင်ပေမယ့် ဒါထက်နက်တဲ့အကြောင်းတစ်ခုလည်းရှိနေသေးတာတွေ့ရလို့ပါ။ အောက်ပါသုံးသပ်ချက်အမြင်ဟာ အခုပေါ်ပေါက်ခဲ့တဲ့ ဝမ်းနည်းစရာဖြစ်ရပ်နဲ့ ပတ်သက်လို့ပဲ လက်တွေ့ကယ်ဆယ်ရေး ဆောင်ရွက်မှုတွေအတွင်းတွေ့ရှိရချက်ကို နောက်ထပ်သက်ဆိုင်ရာအရာရှိတစ်ဦးထုတ်ဖော်ခဲ့တာမို့ ဆင်ခြင်ကြည့်စေချင်ပါတယ်။

သူက"ကျွန်တော်တို့ရောက်တဲ့အချိန်မှာ တစ်ယောက်ကဆေးရုံရောက်သွားပြီ။ ဒီအပျက်အစီးကြားထဲကနေ အလောင်းနှစ်ခုကို ဆွဲထုတ်ခဲ့ရပါတယ်။ ဖြိုတဲ့လုပ်ငန်းမှာထားသင့်တဲ့ လုံခြုံရေးအစီအမံတွေအားနည်းလို့ အခုလိုဖြစ်တယ်လို့သုံးသပ်လို့ရပါတယ်"တဲ့။

အဲဒါအခင်းဖြစ်ပွားပြီးပြီးချင်း မီဒီယာတွေကို ရှင်းပြခဲ့တာ။ ဟုတ်ပါတယ်။ "အတွေ့အကြုံဟာ အကောင်းဆုံးအရာ"ဆိုတဲ့ ဖွင့်ဆိုမှုတစ်ခုရှိထားတဲ့အတိုင်းဆို ကျွမ်းကျင်ရာနယ်ပယ်က အဲဒီအရာရှိပြောကြားခဲ့တဲ့ စကားဟာပစ်ပယ်ဖို့မကောင်းသလို တကယ်လည်းမကြာခဏဆိုသလို ဖြစ်ပွားခဲ့၊ ဖြစ်ပွားနေဆဲမတော်တဆမှုအများစုကိုပြန်ကြည့်တဲ့အခါ သမာရိုးကျမဆန်တဲ့ အားနည်းချက်တွေကို အံ့သြဖွယ်ကောင်းလောက်အောင် တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်နားလည်ထားသလိုပြောရရင် မတော်တဆမှုဆိုတာ မကြာခဏဖြစ်ရတာမျိုးမဟုတ်သလို မှားပြီးရင်းထပ်ထပ်မှားနေတာမျိုးလည်း လုံးလုံးမဟုတ်ပါဘူး။ မတော်တဆမှုတစ်ခုဟာ အကြိမ်ကြိမ်အခါခါထပ်ဖြစ်နေပြီဆိုရင် အဲဒါပေါ့ဆမှုရှိလို့ပဲဆိုတာ သေချာနေပါတယ်။ ပေါ့ဆမှုကို ထပ်မံစစ်ဆေးကြည့်လိုက်တဲ့အခါမှာတော့ အလေးဂရုမပြုခဲ့မှုတွေကြောင့်ဆိုတာ ပေါ်ပေါက်ပါတော့တယ်။တစ်နည်းပြောမယ်ဆို အလေးဂရုမပြုမှုဆိုတာ ဒါလုပ်ရင် ဒီလိုဖြစ်နိုင်တယ်ဆိုတာနဲ့ ဒီလိုလုပ်ငန်းခွင်မျိုးမှာ ဒီလိုအန္တရာယ်တွေရှိလာနိုင်မယ်မှန်းသိသိကြီးနဲ့ လိုအပ်တဲ့ကြိုတင်ကာမှုတွေကို စီမံဆောင်ရွက်ဖို့ပျက်ကွက်ခဲ့တာမျိုးမို့ ရည်ရွယ်ချက်မပါတဲ့သာမန်မတော်တဆမှုတွေလောက် ခွင့်လွှတ်စရာမကောင်းပါဘူး။တရားစီရင်ရေးနယ်ပယ်မှာ သဘာဝအလျောက်ပေါ်ပေါက်ဖြစ်ပွားတတ်တဲ့ ရာဇဝတ်မှုထက် သိလျက်နဲ့တမင်ရည်ရွယ်ပြီး ကြိုတင်ကြံရွယ်ချက်မကင်းတဲ့ကျူးလွန်မှုတွေက အပြစ်ပိုကြီးလေးတယ်ဆိုတာ ဒါမျိုးပဲဖြစ်မယ်ထင်ပါတယ်။

ပြီးခဲ့တဲ့ တစ်လောက မလေးရှားလေယာဉ် ပျောက်ဆုံးမှုနဲ့ တောင်ကိုရီးယားသင်္ဘောနစ်မြုပ်မှုတွေဟာ အသက်သေဆုံးမှုတွေများပြားခဲ့တာတော့မှန်ပေမယ့် ဒါဟာစဉ်ဆက်မပြတ်ဖြစ်ပွားနေတာမျိုးမဟုတ်သလို နောင်တော့သူတို့ဒီလိုကြေကွဲစရာအဖြစ်ဆိုးမျိုးကရှောင်ရှားနိုင်အောင် စနစ်တကျကြပ်မတ်ကာကွယ်သွားတော့မယ်ဆိုတာ ကျွန်တော်တို့ယုံကြည်လို့ရပါတယ်။ ဒါပေမဲ့ သူတို့နဲ့ ကျွန်တော်တို့ မတော်တဆမှုကြိမ်နှုန်းအရန္တိုင်းယှဉ်လိုက်တဲ့အခါကျွန်တော်တို့ဆီက နိုင်ငံကျော် ရန်ကုန်–နေပြည်တော်–မန္တလေးအမြန်လမ်းမကြီးဟာ မြေးအဘိုးမကကွာခြားနေတာကိုတွေ့ကြရပါမယ်။

သက္ကရာဇ် ၂၀၀၉ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီးကတည်းက ဒီနေ့အထိ စံချိန်စံနှုန်းမမီတဲ့ လမ်းအင်္ဂါရပ်တွေအပြင် အပြစ်အနာအဆာတွေများလွန်းနေမှု၊ ကူညီကယ်ဆယ်ရေးအစီအမံတွေအားနည်းခဲ့မှု၊ ယာဉ်ကြံ့ခိုင်ရေးအတွက် လိုအပ်တဲ့ ထိန်းသိမ်းစစ်ဆေးခြင်းတွေမရှိမှု **စာမျက်နှာ(၃၂) သို့**

# Business

7DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014




တရုတ်နိုင်ငံ ချုန်ရှာမြို့ရှိ လမ်းဆုံတစ်နေရာ

TRUTH-OUT.ORG

# တရုတ်၏ ပုလဲသွယ်စီမံကိန်းတွင် မြန်မာပါဝင်


**ထားထားမြင့်**


မေ-၅

မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကို စွမ်းအင်ရော မဟာဗျူဟာအရပါ စိုးမိုးမည့် တရုတ်အစိုးရ၏ ပုလဲသွယ်စီမံကိန်းအတွင်းက နိုင်ငံတစ်ခုဖြစ်ကြောင်း လန်ဒန် ဘရုနယ်တက္ကသိုလ် နိုင်ငံတကာ နိုင်ငံရေးရာပညာရှင် ဒင်နီယယ် ဂျော့ခ်တော် ရေးသားသော စာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ပုလဲသွယ်စီမံကိန်းတွင်ပါကစ္စတန်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာနှင့် မော်လ်လဒိုက်နိုင်ငံများ ပါဝင်သည်။ ယင်းနိုင်ငံများ၏ ဒေသဆိပ်ကမ်းများတွင် တရုတ်နိုင်ငံကရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး ရေတပ်အင်ပါယာပိုင်နက်အဖြစ် ပြုလုပ်သွားရန်ကြိုးစားနေသည်။ ထို့ကြောင့် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများကိုမြန်မာနိုင်ငံရှိ စစ်တွေဆိပ်ကမ်းအပါအဝင်ဒေသဆိပ်ကမ်းများတွင် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားသည်ဟု အဆိုပါစာတမ်းတွင် ရှင်းပြထားသည်။

အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းနှင့် ကော့ဇဘားတွင် တရုတ်နိုင်ငံကလုံခြုံရေး အစီအစဉ်များ တိုးမြှင့်ချထားသလို မြန်မာနိုင်ငံကိုကိုးကျွန်းတွင်လည်း စောင့်ကြည့်စခန်းတစ်ခုကို တရုတ်အစိုးရက အခြေချထားသည်ဟု နိုင်ငံရေးသုတေသီ ဒင်နီယယ် ဂျော့ခ်တော်က ဆိုပါသည်။ ထို့အပြင် အိန္ဒိယသမုဒ္ဒရာတစ်ဖက်က မော်လ်လဒိုက်ကျွန်းစုနိုင်ငံတွင်လည်းတရုတ်ရေတပ်သင်္ဘောများ လောင်စာဆီဖြည့်တင်းရန် ရေတပ်စခန်းများချထားရေး သဘောတူညီချက်လည်း ရရှိပြီးဖြစ်သည်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံတွင် စွမ်းအင်အရရော စီမံကိန်းအရပါ အသေအချာပြင်ဆင်တွက်ချက်ထားသော်လည်း လက်ရှိ မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးလှုပ်ရှားမှုများကြောင့် စီမံကိန်းအချို့ ပျက်စီးထိခိုက်ခဲ့ရသည်။ သို့သော်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်သော မူဝါဒကို တရုတ်အစိုးရက ပြုပြင်ပြောင်းလဲပြီး ပုံစံတစ်မျိုးဖြင့် ခြေကုပ်ခိုင်မာရန် အပြင်းအထန် ကြိုးစားလျက်ရှိနေကြောင်း နိုင်ငံရေးပညာရှင်များက ပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၈ | ၉၆၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၁ | ၇၇၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၂၃ | ၁၃၂၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇၅ | ၂၉. ၉၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၂ | ၁၅၄ | ကျပ် |

၂၀၁၄ မတ်လ ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း


| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၂၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၀၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၁၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၅၉၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀.၁၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၂၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၉.၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၆၅၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၃၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၅၂၅.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၆၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၄၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၇၇၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၅၃၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၉၆၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၅.၈၃၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၇.၉၀ |
| ရေနံစိမ်း | စည် | ၁၀၈.၅၇ |
| ငွေ | အောင်စ | ၁၉.၄၃ |
| ကြေးနီ | ပေါင် | ၃.၀၈ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၆၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# အပူရှိန်မြင့်သောကြောင့် ကြက်ဥ၊ ဘဲဥ ဈေးတက်



ဓာတ်ပုံ – နစ်ကီ

**ယမင်း၊ ရဲနိုင်**

**ရန်ကုန်၊ မေ-၅**

အပူရှိန်မြင့်၍ ကြက်ခြံများ၌ ကြက်များသေဆုံးမှုများလာခြင်းကြောင့် အခြေခံစားသောက်ကုန်ဈေးကွက်တွင်ကြက်ဥဈေးမြင့်လာကြောင်း သတင်းရရှိသည်။

"ကျွန်မတို့ဆိုရင် ကြက်အကောင်ရေ တစ်ထောင်နဲ့ တစ်သောင်းကြားမှာမွေးတယ်။ အခုတစ်လောကြက်အကောင်ရေ ၄၀ လောက်သေတယ်။ ပြီးတော့ အရင်က ဥကြီးကြီး ဥရင် အခုကသေးပြီး ရှုံ့သွားတယ်။ အဲဒါရာသီဥတုပူလို့ ဖြစ်တာလို့တော့ တိရစ္ဆာန်ဆရာဝန်တွေက ပြောတယ်။ ခြံသမားတွေ ရှုံးနေလို့ ကြက်ဥဈေးကတော့ မကျဘူး။ ထပ်တက်လာဖို့ပဲရှိတယ်"ဟု ပဲခူးမြို့ အင်းတကော်ကျေးရွာ၊ တောင်သုံးလုံးမှ ကြက်ခြံပိုင်ရှင် မခင်လေးက ပြောသည်။

ကြက်ခြံများတွင် အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက်တွင် အပူဒဏ်စတင်ခံစားနေရပြီး မတ်လပိုင်းမှ စတင်၍ အပူချိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်သို့ ကျော်လွန်ခဲ့သည့်အတွက် အသေအပျောက်များလာခြင်းဖြစ်သည်ဟု ကမ္ဘာ့တိရစ္ဆာန်ဆေးကုသရေး ၂၀၁၄ အထိမ်းအမှတ်ပညာရပ်ဆိုင်ရာဟောပြောပွဲတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်အသင်းမှ ဒေါက်တာ ကိုကိုကြီးက သုံးသပ်ပြောဆိုခဲ့သည်။

"ကြက်ဥဈေးက တက်ဖို့ရှိတယ်။ ရာသီဥတုပူလို့ ကြက်တွေအသေများတယ်ကြားတယ်။ ပြီးတော့ ကြက်ဥက အခြေခံလူတန်းစားတွေ စားတာများတော့ ရောင်းအားကရှိတယ်။ လက်ရှိက ကျဖို့မရှိသေးဘူး။ တက်ဖို့ပဲ ရှိမယ်"ဟု လှည်းတန်းဈေးရှိ သရဖီကုန်ခြောက်အရောင်းဆိုင်ရှင် ဒေါ်အိအိဖြူကပြောသည်။

ကြက်ဥ၊ ဘဲဥများသည် အခြေခံလူတန်းစားအများစု စားသုံးကြပြီး သကြၤန်မတိုင်မီကပင် ဈေးနှုန်းများမြင့်တက်နေခဲ့ရာ ယခုအချိန်ထိ ဈေးနှုန်းပြန်လည်ကျဆင်းမှုမရှိဘဲ မြင့်တက်နေသည့်အတွက် စားသုံးသူများအတွက် ထိခိုက်မှုရှိလာကြောင်း အိမ်ရှင်မအချို့က ဆိုသည်။

"ကြက်ဥက ၁၅၀ ကျပ်တက်ပိုတက်မယ်ဆိုရင် စားမနေတော့ဘူး။ အိမ်မှာက မိသားစု ငါးယောက်လောက်ရှိတော့ တစ်ယောက်တစ်လုံးနှုန်းနဲ့ ဆိုရင်တောင် ငွေတစ်ထောင်လောက်ကျနေပြီ။ တခြားအသားတွေဝယ်ပြီးတော့ပဲ နည်းနည်းစီပဲ မျှစားတော့မယ်"ဟု ရန်ကင်းမြို့နယ်၊ မိုးကောင်းရပ်ကွက်နေ ဒေါ်သန္တာကပြောသည်။

အလားတူ ဘဲများသည်လည်း နွေရာသီဖြစ်ခြင်းကြောင့် ဥ မဥခြင်း၊ ဥနှုန်းများ လျော့ကျသွားခြင်းတို့ကြောင့် ဘဲဥဈေးမြင့်ပြီး အမြတ်နည်းနေသည်ဟု မြောက်ဒဂုံမြို့နယ် ဖြိုးစံပယ်ဈေးမှ ကြက်ဥ၊ ဘဲဥရောင်းချသူ တစ်ဦးကပြောသည်။

လက်ရှိတွင် ကြက်ဥဈေးအပေါ်မူတည်၍ အမြင့်ဆုံး ၁၅၀ ကျပ် မှ အနိမ့်ဆုံး ကျပ် ၁၃၀ ဈေးရှိပြီး ဘဲဥဈေးမှာ အမြင့်ဆုံး ကျပ် ၁၇၀ မှ အနိမ့်ဆုံး ကျပ် ၁၅၀ ရှိသည်။




# Scania နှင့် Volvo ကား ကုမ္ပဏီများ အဝေးပြေးလမ်းများတွင် ရွေ့လျားအလုပ်ရုံများ စတင်ထားရှိ

**မိုးညို**

**ရန်ကုန်၊ မေ-၅**

ပြည်ပမှ ဘတ်စ်ကားတင်သွင်းသည့် ကုမ္ပဏီကြီးများက အဝေးပြေးဂိတ်များတွင် ရွေ့လျားအလုပ်ရုံ(workshop) များစတင်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်–မန္တလေး–နေပြည်တော်ကဲ့သို့ အဓိကကျသော မြို့များ၏ ကားဂိတ်များတွင် ထားရှိပေးပြီး လမ်းခရီး၌ ယာဉ်တစ်စုံတစ်ရာစက်ချို့ယွင်းပါက အနီးစပ်ဆုံးရှိမြို့မှအဖွဲ့ကလာရောက်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း Scania ဘတ်စ်ကားများတင်သွင်းသည့် အောင်တံခွန်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကပြောသည်။

"ဂိတ်ကနေ ကားမထွက်ခင်မှာလည်း Service Team က ကြည့်ပေးတယ်။ ကြံ့ခိုင်မှုမပြည့်ရင်ထွက်ခွင့်မပေးဘူး"ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးတွင် လိုက်လံပြင်ဆင်ပေးရန် မိုဘိုင်းအဖွဲ့များ ထားရှိပေးနေပြီဟု VOLVO ဘတ်စ်ကားကြီးများတင်သွင်းနေသည့် UMG ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့ကားတွေကိုဝယ်တဲ့ ဂိတ်တွေမှာ ဆားဗစ်အဖွဲ့တွေ ထားပေးတယ်။ လိုအပ်ရင် လိုက်လံပြင်ဆင်ဖို့အတွက်ပါ"ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

အဝေးပြေးခရီးသွားကားအများစုမှာ ယခင်ဘတ်စ်ကားအဟောင်းကြီးများ အသုံးပြုမှုများပြားနေပြီး ကားအသစ်ဝယ်ယူပြေးဆွဲနေသည့် ယာဉ်ပိုင်ရှင်များသာ အဆိုပါဝန်ဆောင်မှုကို ရရှိနိုင်မည်ဖြစ်သည်ဟု ၎င်းဝန်ဆောင်မှုပေးသည့်ကုမ္ပဏီများက ပြောသည်။

လက်ရှိမြန်မာတစ်နိုင်ငံလုံး၌ နေ့စဉ်အဝေးပြေးယာဉ်အစီးရေ ၁၀၀၀ ကျော်က ခရီးစဉ်များ ပြေးဆွဲပေးနေပြီး ၁၀ ရာခိုင်နှုန်းမှာ ကားအဟောင်းများအသုံးပြုသည့်အတွက် ကြံ့ခိုင်မှုအားနည်းကြောင်း မထသ(အဝေးပြေး)က ပြီးခဲ့သည့် ဧပြီက အဝေးပြေးယာဉ်လိုင်းများနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။



# ဥရောပစီးပွားရေးနှင့် ယူရိုငွေတန်ဖိုး

ကြည်နေဝင်းမင်း

မကြာသေးမီက အဖွဲ့ဝင်နိုင်ငံအချို့၏ စီးပွားရေး ပြန်လည်ဦးမော့လာသော်လည်း ယူရိုဇုန်၏ စီးပွားရေးမှာ နွံအိုင်ထဲမှ ရုန်းမထွက်နိုင်သေးပေ။ ယူရိုဇုန်တစ်ခုလုံး၏ နှစ်စဉ် ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (GDP) မှာ တစ်ရာခိုင်နှုန်းကျော်သာရှိသည်။ ဂျာမနီနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာပင် ၂ ရာခိုင်နှုန်းအောက်သာရှိပြီး ပြင်သစ်၊ အီတလီ၊ စပိန်နိုင်ငံတို့တွင် စီးပွားရေးကျဆင်းနေဆဲဖြစ်သည်။ ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းကြောင့် ယူရိုဇုန်၏ အလုပ်လက်မဲ့နှုန်းမှာ ၁၂ ရာခိုင်နှုန်းအထိ မြင့်မားနေသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းနှင့် အလုပ်လက်မဲ့နှုန်းမြင့်မားခြင်းစသော ပြဿနာနှစ်ခုတည်းသာ ယူရိုဇုန် ရင်ဆိုင်နေရသည်မဟုတ်ပါ။ နှစ်စဉ်ငွေကြေး ဖောင်းပွမှုနှုန်းမှာ သုညဒသမ ၅ ရာခိုင်နှုန်းအောက်သာရှိပြီး သုညရာခိုင်နှုန်းနား အလွန်နီးကပ်နေ၍ သေးငယ်သော ထိတ်လန့်မှုရှိလျှင်ပင် အနုတ်လက္ခဏာနယ်ပယ်အတွင်း ချဉ်းနင်းဝင်ရောက်ပြီး ဈေးနှုန်းကျဆင်းမှုဆီ တောက်လျှောက် ဆင်းသွားနိုင်သော အန္တရာယ်ရှိသည်။ ငွေနှင့်ဈေးနှုန်းအရပ်ရပ် တန်ဖိုးကျဆင်းမှု (Deflation) မှာ မိသားစုများနှင့် ကော်ပိုရေးရှင်း ကြွေးမြီများ၏ တန်ဖိုးအမှန်ကို မြင့်တင်ခြင်းဖြင့် စုပေါင်းဝယ်လိုအားကို အားနည်းသွားစေနိုင်သည်။

ဝယ်လိုအားနည်းခြင်းက တစ်ဖန် (ကုန်ပစ္စည်းနှင့်ငွေ) တန်ဖိုးများ ကျဆင်းမှုကို လျင်မြန်သွားစေနိုင်ပြီး ဈေးနှုန်းများအားလုံး သွက်သွက်ခါကျဆင်းနိုင်သည်။

စီးပွားရေးပညာရပ်တွင် ရောဂါအားလုံးကို ကုသနိုင်သော ဆေးဝါး၊ ကုစားနိုင်သော နည်းလမ်း မရှိပါ။ သို့သော် ယူရိုငွေလဲနှုန်း ဆိုကြပါစို့။ ၁၅ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့လျှင် ယူရိုဇုန် လောလောဆယ်ကြုံတွေ့နေရသော စီးပွားရေး ပြဿနာအများအပြားကို ကုစားနိုင်ပါသည်။ အားနည်းသော (တန်ဖိုးကျဆင်းနေသော) ယူရိုငွေကြောင့် သွင်းကုန်များအတွက် ကုန်ကျစရိတ်များလာပြီး ပို့ကုန်များ၏ ဈေးနှုန်းကို မြင့်စေနိုင်သည်။ ယင်းအတွက် ယူရိုဇုန်၏ ပျမ်းမျှငွေကြေးဖောင်းပွမှုကို တွန်းတင်နိုင်သည်။ ငွေတန်ဖိုးချခြင်းဖြင့် ပို့ကုန်များ ပိုမိုထုတ်လုပ်ရန် လှုံ့ဆော်ပြီး ပြည်တွင်းထုတ်ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို သွင်းကုန်များဖြင့် အစားထိုးရန် အားပေးပြီး ယူရိုဇုန်၏ ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးနိုင်သည်။ ယင်းအတွက် ယူရိုဇုန်အတွင်း ယှဉ်ပြိုင်မှုကို မထိခိုက်စေဘဲ ယူရိုဇုန်ကုန်သွယ်ရေးထက်ဝက်ကို ကိုယ်စားပြုသော ကျန်ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံသည့် ပြင်ပငွေကြေး မျှခြေကို သိသိသာသာ တိုးတက်လာစေနိုင်သည်။

ဥရောပဗဟိုဘဏ်ဥက္ကဋ္ဌမာရီယိုဒရာဂီကလည်း လွန်ခဲ့သော သုံးနှစ်အတွင်း ယူရိုငွေတန်ဖိုး တက်လာမှုမှာ ဈေးနှုန်းအရပ်ရပ် တန်ဖိုးကျဆင်းမှု အန္တရာယ်ရှိကြောင်း အလေးအနက်ပြောကြားသည်။ သို့သော် ၂၀၁၂ ခုနှစ် ဇူလိုင်လ ၎င်း၏နာမည်ကျော် ကြေညာချက်ဖြစ်သော ဥရောပဗဟိုဘဏ်အနေဖြင့် ယူရိုငွေကို နည်းမျိုးစုံဖြင့် ကာကွယ်သွားမည်ဆိုပြီး ယင်းနှင့်အတူ ယူရိုဇုန်နယ်ပယ်အတွင်း စီးပွားရေးကျပ်တည်းနေသော နိုင်ငံများတွင် အတိုးနှုန်းများ အောင်မြင်စွာ လျှော့ချနိုင်ခဲ့ခြင်းမှာလည်း လက်ရှိယူရိုငွေတန်ဖိုး တက်မှုကို ဖြစ်ပေါ်စေသော အကြောင်းအရာတစ်ခုဖြစ်သည်။

ယနေ့ဆိုလျှင် မစ္စတာ ဒရာဂီ၏ ထုတ်ပြန်ကြေညာချက်များက သော်လည်းကောင်း၊ အမေရိကန်စတိုင် ငွေသင့်နိုင်သော ပိုင်ဆိုင်မှု (ရှယ်ယာဘွန်း)များကို အလုံးအရင်းဖြင့် ဝယ်ယူမည့် အလားအလာကပင် ယူရိုငွေ အားနည်းသွားစေရန်၊ သို့မဟုတ်ပါကလည်း ငွေကြေးဖောင်းပွမှုကို ပစ်မှတ်ထားနေသော ၂ ရာခိုင်နှုန်းဆီ ပြန်ရောက်ရန် မစွမ်းနိုင်ပေ။ ထို့အတွက် လက်တွေ့ကျသော မေးခွန်းမှာ ယူရိုငွေတန်ဖိုးကို အသင့်အတင့်လျှော့ကျစေပြီး တည်ငြိမ်မှုရှိသော အခြေအနေကို မည်သို့ဆက်လက်ထိန်းသိမ်းမည်နည်းဟူ၍ ဖြစ်သည်။

ယူရိုငွေတန်ဖိုး ကျဆင်းစေရေး နည်းလမ်းတစ်ခုအဖြစ် ဥရောပဗဟိုဘဏ် (ECB) က အရေးအတွက်အားဖြင့် သက်သာရာ ရစေခြင်း (ဈေးကွက်အတွင်း ငွေကြေးပေါများစေခြင်း) နည်းလမ်းကို ထောက်ခံအားပေးနေသဖြင့် အမေရိကန်နိုင်ငံတွင် ငွေကြေးဖောင်းပွမှုနှင့် ဒေါ်လာငွေတန်ဖိုးအပေါ် ကန်ဗဟိုဘဏ်က မည်သို့သက်ရောက်မှုဖြစ်စေခဲ့သည်ကို လေ့လာသင့်ပါသည်။

တိုတိုပြောရလျှင် ယင်းအကြောင်းအရာနှစ်ရပ်စလုံးအပေါ် ကန်ဗဟိုဘဏ်၏လုပ်ရပ်မှာ သက်ရောက်မှု နည်းနည်းပါးပါးသာ ရှိခဲ့သည်ဟူ၍ဖြစ်သည်။ ကုန်သွယ်ရေး ထိန်းညှိပြီးနောက် စစ်မှန်သော ကန်ဒေါ်လာတန်ဖိုးမှာ ၂၀၀၇ ခုနှစ်က တန်ဖိုးအတိုင်းပင်ဖြစ်သည်။ ထိုအချိန်က စီးပွားရေးကျကပ် မဆိုက်ရောက်မီဖြစ်သည်။ အကျပ်အတည်းအဆိုးရွားဆုံးအချိန် ၂၀၀၈ ခုနှစ်က တစ်ကမ္ဘာလုံးက ရင်းနှီးမြှုပ်နှံသူများက ဒေါ်လာနှင့် သတ်မှတ်ထားသော တန်ဖိုးသင့်နိုင်သည့် ပစ္စည်းများအတွက် လုံခြုံစိတ်ချမှုရှာဖွေလာသဖြင့် ဒေါ်လာငွေတန်ဖိုး အနည်းငယ် တက်ခဲ့သည်။ သို့သော်လည်း ၂၀၀၉ ခုနှစ်တွင် မူလတန်ဖိုးသို့ ပြန်ရောက်သွားခဲ့သည်။ ကန်ဗဟိုဘဏ်၏ အရေအတွက်အားဖြင့် သက်သာရာရစေခြင်း (QE) ကာလသုံးနှစ် တစ်လျှောက် ကန်ဒေါ်လာငွေ တန်ဖိုးတည်ငြိမ်ခဲ့သည်။ ကန်ဗဟိုဘဏ်၏ တန်ဖိုးသင့်နိုင်သော ပစ္စည်းဝယ်ယူမှု ကန်ဒေါ်လာ တစ်ထရီလီယံကျော်ခဲ့သော ၂၀၁၃ ခုနှစ်က အမှန်တကယ်ကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့သည်။

မှန်ပါသည်။ ထိုကာလအတွင်း အခြားအကြောင်းချင်းရာများကလည်း ဒေါ်လာငွေတန်ဖိုးအပေါ် သက်ရောက်မှုရှိခဲ့သည်။ သို့သော် ယင်းကာလအတွင်း ကန်ဒေါ်လာ တန်ဖိုးအတက်အကျ ပုံစံကိုကြည့်လျှင်ပင် ယူရိုငွေတန်ဖိုးလျှော့ကျရေး ဥရောပဗဟိုဘဏ်က အဆိုပြုထားသော တန်ဖိုးသင့်နိုင်သော ပစ္စည်းများ အလုံးအရင်းဖြင့် ဝယ်ယူမှု (asset buying) နည်းလမ်းအတွက် ရည်ညွှန်းစရာအထောက်ကူမဖြစ်ပေ။ ထို့အပြင် အမေရိကန်ဗဟိုဘဏ်၏ အရေအတွက်အားဖြင့် သက်သာရာရစေခြင်း (QE) အစီအစဉ်မှာ ငွေကြေးဖောင်းပွမှုနှုန်းကို တိုးတက်မလာစေခဲ့ပေ။ စားသုံးသူဈေးနှုန်းညွှန်းကိန်းမှာ ၂၀၁၀ ခုနှစ်က ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၂၀၁၁၊ ၂၀၁၂ ခုနှစ်အတွင်း ပိုမိုများပြားလာခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင်မူ ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ ပြန်လည်ကျဆင်းလာခဲ့သည်။

သို့ဖြစ်၍ ဥရောပဗဟိုဘဏ်အနေဖြင့် ယူရိုငွေတန်ဖိုးကို လျှော့ချလိုက်ပြီး ယူရိုဇုန်၏ ရေတိုငွေကြေးဖောင်းပွမှုနှုန်းကို တိုးတက်စေချင်ပါက တစ်ခုတည်းသော ယုံကြည်စိတ်ချနိုင်သောနည်းလမ်းမှာ ငွေကြေးဈေးကွက်အတွင်း တိုက်ရိုက်ကြားဝင်ကိုင်တွယ်ခြင်းဖြစ်သည်။ ယင်းမှာ ယူရိုငွေများကို ရောင်းချပြီး အခြားငွေကြေး အများအပြားကို ဝယ်ယူခြင်းပင်ဖြစ်သည်။ ယူရိုငွေတန်ဖိုး ကျဆင်းရေး တိုက်ရိုက်ဝင်ရောက်ကိုင်တွယ်မှုမှာ ကမ္ဘာ့အခြားဒေသများတွင် စိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သော်လည်းယင်းမှာဥရောပစီးပွားရေးအနာဂတ်အတွက် ယူရိုငွေ၏ ယှဉ်ပြိုင်စွမ်းက အရေးပါပုံကို အမေရိကန်နှင့် ကမ္ဘာ့အခြား နေရာများမှ မူဝါဒချမှတ်သူများ အသိအမှတ်ပြုသင့်ကြပါသည်။

*—Ref: A Weaker Euro for a Stronger Europe by : Martin Feldstein*



## 7DAY BOOK REVIEW

# ကိုယ်ရယ် မင်းရယ် ဒေါ်အောင်ဆန်းစုကြည်ရယ် (ဘစီ)



ခေတ်သည် ပြောင်းလဲလျက်ရှိသည်ဟု ဆိုသည်။ သို့သော် ပြည်သူလူထုက ပြောင်းလဲမှုကို သိသိသာသာ မမြင်ရ။ အချို့နေရာများတွင် နှစ်ပေါင်းများစွာက အတိုင်းပင် မလှုပ်မယှက်။ မည်သို့ပင်ဖြစ်စေ ခေတ်များ၏ ပုံရိပ်ကို သတင်းစာဆရာ၊ စာရေးဆရာများနှင့် ကဗျာဆရာများက နှစ်သက်ရာစာပေပုံသဏ္ဍာန်ဖြင့် ရေးခြစ်ခဲ့ကြ၏။ အချို့က ကဗျာဖြင့်၊ အချို့ကဝတ္ထုတို၊ အချို့ကအက်ဆေး၊ ဆောင်းပါးစသည်ဖြင့် ...။ ထိုထိုစာပေတို့သည် နောင်တစ်ချိန်ဝယ် သမိုင်းကိုပြောပြပါလိမ့်မည်။

စာရေးသူဘစီကတော့ ခေတ်ကို သရော်သည့်ဘက်မှ မျက်နှာမူ၏။ သရော်စာသည် စာပေပုံသဏ္ဍာန်ထဲတွင် ခက်ခဲသော ဟန်လည်းဖြစ်သည်။ သရော်စာ ရေးသားရာတွင် လှောင်ပြောင် ကဲ့ရဲ့သည့် အစွန်းနှင့် ရှုတ်ချဆဲရေးသည့် အစွန်းနှစ်ဖက်သို့ မကျွံစေရန် ကလောင်ကို ချွန်းအုပ်နိုင်ရသည်။ သို့မှသာ သရော်စာသည် ပြောင်မြောက်၏။ ဘစီသည် သူ၏ ကလောင်ကို ကျွမ်းကျင်စွာ ချွန်းအုပ်နိုင်သည်ဟုဆိုရပေမည်။ သူ၏သရော်စာများတွင် ခေတ်ကို ပြုပြင်စေလိုသောဆန္ဒနှင့် တိုင်းပြည်အတွက် အားမလိုအားမရသောလောဘစွဲများ ရှိသော်လည်း ဒေါသမသင့်။ အကောင်းသို့သာ ဦးတည်၏။ ထိုကြောင့်လည်းဘစီ၏ သရော်စာများကို ဖတ်ရှုပြီးနောက် သူဆိုခဲ့သည့်အတိုင်း တိုင်းချစ်ပြည်ချစ် သရော်စာများအဖြစ် လက်ခံမိလေသည်။

“တစ်ခါက တပ်မတော်သားဖြစ်ခဲ့တဲ့ ကျုပ်တို့ရဲ့ သမ္မတဟာ တပ်မတော်အပေါ်မှာ အတော်ပဲ သံယောဇဉ်ကြီးပုံရတယ်။ အမေရိကန်ခရီးစဉ် တစ်လျှောက်မှာ ကြုံရင်ကြုံသလို တပ်မတော်ရဲ့ အရေးကြီးတဲ့ကဏ္ဍကို မမေ့မလျော့ ထည့်ပြောခဲ့တာ တွေ့ရတယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုတဲ့အတိုင်း မိမိအသက်မွေးဝမ်းကျောင်းခဲ့တဲ့ အလုပ်နဲ့ အဖွဲ့အစည်းကို မမေ့လျော့တာဟာ ကောင်းတဲ့အချက်ပဲပေါ့ဗျာ” ဆိုသည့် ထေ့တေ့တေ့ရေးဟန် . . .။

“ဟိုဟိုဒီဒီမှာ ဝန်ကြီးတစ်ဦးက ဟာသပြက်လုံး တစ်ခွန်းတစ်စလောက်များ ပြောတာကြားရပြီလားဆို ထမင်းမစားရပေမယ့် ရယ်ရတာကြောင့် ဗိုက်ဝသွားတာပဲ။ ဝန်ကြီးမင်းများရဲ့ ဟာဒယရွှင်ဆေးတစ်ခွက်ဟာ ကျုပ်တို့ကို တစ်ရက်လောက်ပဲ အသက်ပိုရှည်ဦးတော့ တွက်ခြေကိုက်ပါတယ်။ ဒါကြောင့် ဝန်ကြီးမင်းများခင်ဗျား ပြည်သူတို့ အကျိုးငှာ ရယ်စရာလေးများကို မကြာမကြာပြောပေးကြပါ” ဆိုသည့် ခနဲ့တဲ့တဲ့ ဆိုဟန် . . . ။

“နွေဦးပေါက်မှာ လက်ပံတွေ ပွင့်ကြတယ် မဟုတ်လား။ လက်ပံတွေ ရဲရဲနီပွင့်ချိန်ဆိုရင် ကျုပ်တို့ ကျေးလက်မှာတော့ ခွေးရူးတွေပေါတဲ့ အချိန်ဗျ။ နွေဦးကာလ မြူတွေလည်းထ၊ လက်ပံတွေလည်း ပွင့်၊ ခွေးတွေလည်း ရူးကြတယ်ဆိုပါတော့။ ဒါ့ကြောင့် ကျုပ်ဘကြီးကို မြန်မာ့နွေဦးဆိုတာ ကျုပ်တို့ရွာမှာလို လက်ပံပွင့်ချိန်နဲ့ တူတယ်ဗျာလို့ ပြောလိုက်ရင် ဘကြီးဟာ ဒက်ခနဲ သဘောပေါက်သွားမှာပဲ။ ကဲ...ကျုပ်ရဲ့ မြန်မာ့နွေဦး ဋီကာဟာ မရှင်းပါလားခင်ဗျာ”ဆိုကာ မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ အခြေအနေများကို ငေါ့တော့တော့ သရော်ဟန်က စာဖတ်သူကို စဉ်းစားလေပြုံးရလေလေ အရသာတွေ့စေနိုင်ပါလိမ့်မည်။ 7Day သတင်းစာတွင် ရေးသားခဲ့သော သရော်စာများကို စုစည်းထုတ်ဝေခြင်းဖြစ်ပြီး သရော်စာကြိုက်သူ ပရိသတ်အတွက် ချင်ခြင်းပြေစေမည့် စာတစ်အုပ်ဖြစ်ပါလိမ့်မည်။ တိုးမြစ်စာအုပ်တိုက်က တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### သံလွင်ဆီ၏သမိုင်းကြောင်း

သံလွင်ပင်များကို စိုက်ပျိုးမှုဓလေ့မှာ မည်သည့်အချိန်က စတင်သည်ဟု မသိရသော်လည်း ဘီစီ ၆၀၀၀ ခန့်ကပင် ဆိုင်းနိုင်းကျွန်းဆွယ်နှင့် အစ္စရေးမှသည် ယနေ့ခေတ်သစ် တူရကီနေရာအထိ လီဗန်တိုင်းကမ်းခြေတစ်လျှောက် စိုက်ပျိုးခဲ့ကြသည်ဟု ယူဆကြသည်။ ရှေးဟောင်းသုတေသန အထောက်အထားများအရ ဘီစီ ၄၅၀၀ ခန့်တွင် ယနေ့အစ္စရေးနိုင်ငံနေရာရှိ ကန်နန်နိုက်ဒေသတွင် သံလွင်ပင်မှ သံလွင်ဆီထုတ်ယူပြီး သုံးစွဲနေကြပြီဆိုသည်။ ရှေးဂရိနှင့် ရောမဟောင်းလျာများတွင်လည်း သံလွင်ဆီမှာ မပါမဖြစ်ဖြစ်သည်။ ဂရိခေတ် အေသင်ဟူသည့်အမည်မှာ သံလွင်ဆီနှင့်ပင် သက်ဆိုင်နေသည်ဟု ယူဆကြသည်။ သံလွင်ပင်ဟုခေါ်သည့် (အေသင်နာ) နတ်သမီးကို ကိုးကွယ်ရသည်ကို နှစ်သက်ကြသောကြောင့် ဖြစ်သည်ဆိုသည်။ သံလွင်ဆီကို အလှကုန်ပစ္စည်းများတွင် အသုံးပြုကြသည်မှာ ဘီစီ ၇ ရာစုခန့်မှ ဟယ်လင်းနစ်မြို့ပြနိုင်ငံများတွင် စတင်လာကြသည်ဆိုသည်။

—Ref: Wiki

# တစ်ပတ်တာကံကြမ္မာ

မေ ၇ ရက်မှ မေ ၁၃ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

မိမိအမည်ကိုအလွဲသုံးစားလုပ်၍ အနှောင့်အယှက်ပေးသောသူများ၊ ဒုက္ခပေးသူများနှင့်တွေ့မည်။ ပြဿနာအခက်အခဲအချို့ရင်ဆိုင်ဖြေရှင်းရမည်။ အလုံးစုံအဆင်ပြေသွားမည်။ လက်လွှန်ထားသောငွေကြေးများပြန်ရမည်။ ကြန့်ကြာနေသောရပိုင်ခွင့်များ ပြန်ရမည်။ အချိန်ရွှေ့ဆိုင်း၍လုပ်ကိုင်သောကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ လုပ်ငန်းတွင်မြုပ်နေသောငွေများပြန်ရမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ဆန့်ကျင်ဘက်ပဋိပက္ခများကြားမှ တိုးတက်မည်။ အလုပ်အကိုင်ကံကောင်းမည်။ ရည်မှန်းချက်သစ်များလက်တွေ့ဆောင်ရွက်နိုင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ပညာအတတ်နှင့်ကောင်းကျိုးပေးမည်။ မိသားစုနှင့် ပတ်သက်သောသတင်းစကားကောင်းများကြုံမည်။ လုပ်ကိုင်ဆောင်ရွက်မှုများမှ ထူးခြားသောအကျိုးဆက်ရမည်။ ငွေကြေးအတွက် ဆောင်ရွက်ခြင်းများအဆင်ပြေမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အရာရာကိုယ်တိုင်ဆုံးဖြတ်ပါ။ သူတစ်ပါးအပေါ်ယုံကြည်အားထား၍မသင့်။ မည်သည့်ကိစ္စမဆို ကိုယ်တိုင်လေ့လာပြီးမှဆုံးဖြတ်ပါ။ သတင်းမှားများအပေါ် အခြေတည်ဆောက်ရွက်မိ၍ အချိန်ကုန်လူပန်းဖြစ်တတ်သည်။ မတော်တဆထိခိုက်မှုသတိပြုပါ။ ယာဉ်ကားများအရှိန်ပြင်းစွာမောင်းနှင်ခြင်းရှောင်ပါ။ စက်ပစ္စည်းချို့ယွင်းမှုကြောင့် အန္တရာယ်ကြုံတတ်သည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လုပ်ဆောင်သမျှ တလွဲတချော်ဖြစ်နေမည်။ အထင်မှားမှုများဖြေရှင်းရမည်။ အတိုက်အခံကြားမှ တိုးတက်မှုရှာဖွေရမည်။ အနီးကပ်လူဒုက္ခပေးတတ်သည်။ စကားကတိမတည်သောသူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ စီစဉ်ထားသည်ကတစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်မည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ငွေကြေးကိစ္စသတိနှင့်ဆောင်ရွက်ပါ။ ပြဿနာဖြစ်နေသောသူများကိစ္စလိုက်လံဖြေရှင်းပေးရမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အလုပ်အကြံအစည်များအောင်မြင်မည်။ ငွေကြေးကိစ္စဆောင်ရွက်မှုမှန်သမျှ သတိရှိပါ။ အညံ့အဆိုးများကင်းလွတ်သွားလင့်ကစား အနီးကပ်လူယုံဒုက္ခပေးတတ်သည်။ ရင်းရင်းနှီးနှီး မိဘကျေးဇူးမကင်းသောသူတစ်ဦးမှ လူရှုပ်ကားပွဲစားများနှင့်ပူးပေါင်းမိပြီး မိမိကိုပင်လိမ်ညာဒုက္ခပေးခြင်းပြုလိမ့်မည်။ ဤရက်အတွင်းမည်သူ့ကိုမှမယုံသင့်ပါ။ အသေးစားကိစ္စမှအစ ကိုယ်တိုင်ဆောင်ရွက်ပါ။ ကျန်းမာရေးသတိရှိပါ။

### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

ဆောင်ရွက်နေသောကိစ္စတစ်ခုအားအဆုံးသတ်၍ အသစ်တစ်ခုစတင်ရန်ဆောင်ရွက်ရမည်။ ငွေကြေးကိစ္စ၊ စကားပြောရမည်။ ရင်းနှီးသောသူများနှင့်အတိုက်အခံပြောရမည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စကြုံမည်။ ခြံ၊ ကား၊ အခန်း အလဲအလှယ်၊ အပြောင်းအလဲရှိမည်။ ရပ်ဝေးနှင့်ဆက်သွယ်ပြီးလုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ အရွေးရခက်အောင်အခွင့်အရေးနှစ်မျိုးပေါ်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

ထူးခြားသောအပြောင်းအလဲများဖြစ်ပေါ်မည်။ ရည်မှန်းချက်သစ်များအောင်မြင်မည်။ ပေါ်ပေါက်လာသောအခြေအနေများကိုအသုံးချပြီး တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ မူလစီစဉ်ထားသည်များနှင့် လက်တွေ့ဆောင်ရွက်နေမှုများကွာဟနေမည်။ နေရာအပြောင်းအလဲရှိမည်။ လူသစ်၊ ဝန်းကျင်သစ်များနှင့်ဆက်ဆံပြီး တိုးတက်သောအနေအထားများကြုံမည်။ လူယုံဒုက္ခပေးတတ်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

ကြန့်ကြာနေသောရပိုင်ခွင့်အတွက် ပြောဆိုရမည်။ ပြောဆိုဆောင်ရွက်မှုများအောင်မြင်မည်။ ပြဿနာဟောင်းများဖြေရှင်းအဆင်ပြေမည်။ အနေအထိုင်၊ အစားအသောက်ပေါ့ဆ၍ ရောဂါဝေဒနာဟောင်းများပြန်လည်ပေါ်ပေါက်ဆေးကုသမှုခံရမည်။ ရင်းနှီးသောသူများနှင့်စကားများရမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်အောင်မြင်မှုရမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အလိုပြည့်စုံမည်။ ရည်မှန်းချက်အောင်မြင်မည်။ လုပ်ငန်းစီးပွားတိုးတက်မည်။ ယှဉ်ပြိုင်ဆောင်ရွက်မှုများမှ တက်လမ်းရမည်။ စီစဉ်ဆောင်ရွက်သောကိစ္စ၊ စတင်လိုက်သောကိစ္စမှန်သမျှမှ ထူးခြားသောအကျိုးဆက်များရရှိမည်။ လုပ်ငန်းတိုးတက်မည်။ အရေးပါသောတာဝန်သစ်များကိုင်တွယ်ရမည်။ အသွင်သစ်ပြောင်း၍ လုပ်ရန်ကြံစည်ချက်အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စများပြောဆိုအောင်မြင်မည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

ထူးခြားသောတက်လမ်းများကြုံမည်။ ငွေကြေးအကုန်အကျများမည်။ တစ်ခုထက်မကသောကိစ္စများတာဝန်ယူဆောင်ရွက်ရမည်။ အတတ်ပညာကိုအကြောင်းပြုပြီး တိုးတက်မှုရမည်။ အကြံသစ်များနှင့်လုပ်ကိုင်ခြင်း အောင်မြင်ဆောင်ရွက်နိုင်မည်။ လုပ်သမျှလူသိရှင်ကြားဖြစ်မည်။ လျှို့ဝှက်၍မရ။ ကိုယ့်အပေါ်အများတကာစောင့်ကြည့်နေရသောအနေအထားကိုရောက်ရှိမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

လူယုံဒုက္ခပေးတတ်သည်။ အတွင်းစကား၊ လျှို့ဝှက်ချက်များသူတစ်ပါးမသိအောင်လုပ်ကိုင်ထားသည်များပေါက်ကြားတတ်သည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့နိုင်သည်။ စေတနာက ဝေဒနာဖြစ်မည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ စေတနာအပေါ်တန်ဖိုးမထားသောသူများနှင့်တွေ့တတ်သည်။ အထင်အမြင်လွဲမှားခံရခြင်းအပေါ်ဖြေရှင်းရမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)


အခက်အခဲများကင်းစင်သွားမည်။ ရည်မှန်းချက်များအောင်မြင်မည်။ အညံ့အဆိုးကင်းစင်မည်။ ငြိမ်းချမ်းသောအနေအထားကောင်းများရရှိမည်။ မိတ်ဆွေကောင်းတိုးပွားမည်။ အကြီးအကဲများထံမှ အထောက်အကူရမည်။ ပြောရေးဆိုရေးအောင်မြင်မည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ လူလွတ်များ၊ စေ့စပ်အိမ်ထောင်ပြုမည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများဖြစ်ပေါ်မည်။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၈၂)



## အလျားလိုက်

၂။ အိန္ဒိယနယ်စပ်တွင် လက်နက်များဖြင့် ဖမ်းဆီးခံရသူများ
၇။ ခရီးသွားလုပ်ငန်းအတွက် ပြဿနာရှိသော ဗီဇာစနစ်
၉။ ယမန်နှစ်က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ခဲ့သော မုန်တိုင်းငယ်တစ်ခု
၁၀။ ပါမောက္ခချုပ်ပြောင်းသော တက္ကသိုလ်
၁၁။ ကြမ္မာဆိုးသင်္ဘောနစ်မြုပ်မှုဖြစ်ခဲ့သောနိုင်ငံ
၁၂။ အမေရိကန်နိုင်ငံသားများကို ပြန်ပေးဆွဲကြရန်ပြောသူ

## ဒေါင်လိုက်

၁။ လောင်းရိပ်အောက် ရောက်နေသောဘဏ်
၃။ ဗဟိုဘဏ်ကထိန်းချုပ်သော ကိစ္စရပ်တစ်ခု
၄။ ဗြိတိန်ဝန်ကြီးချုပ်ဟောင်းတစ်ဦး
၅။ သတင်းစာများအတွက် အရေးပါသောကိစ္စ
၆။ အလုပ်လက်မဲ့အများအပြားဖြစ်နေသူများ
၈။ ဘာသာရေးကို နိုင်ငံရေးတွင် အသုံးချလျှင် လမ်းကြောင်းလွဲမည်ဟုပြောသူ

**Smart Dictionary ကံထူးသူ**

၁။ စိမ့်စိမ့်သူ၊ ၁၁/ကတလ(နိုင်)၀၀၄၃၁၂

**ကျန်အဖြေမှန်သူများ**

၂။ ရာဇာဘို၊ ၁၂/တမန(နိုင်)၁၁၆၆၂၂
၃။ သန်းနိုင်၊ ၁၁/သတန(နိုင်)၀၈၀၆၇၆
၄။ ဦးအောင်လှ၊ ၁၂/ဒပန(နိုင်)၀၁၈၃၅၄
၅။ ဒေါ်စန်းစန်းမြင့်၊ ၈/မကန(နိုင်)၀၂၉၈၀၃
၆။ ဦးစိန်လှိုင်၊ ၈/မကန(နိုင်)၀၆၄၈၇၅
၇။ မရွှန်းပပဖြိုး၊ ၈/မကန(နိုင်)၂၂၀၅၀

**ပဟေဠိ အမှတ်စဉ်(၂၈၁)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ..........................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၇) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၉-၅-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

**ဤအစီအစဉ်ကို** SMART **Electronic Dictionary** **မှ ပံ့ပိုးကူညီပါသည်။** ဘွားထူးသူ



**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ရောင်းမည်**

ကုန်စုံဆိုင်ဖွင့်ရန် အလွန်ကောင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်း၊ မြေကွက်အမှတ်(၃၁၉)၊ မြေတိုင်းအမှတ်-၃ (စီ-၃)၊ ပေ(၂၅×၅၅)၊ လုံးချင်းနှစ်ထပ်တိုက်၊ ရောင်းဈေး- ကျပ်သိန်း ၁,၇၀၀။

ဖုန်း-၀၉-၇၃၀၀၆၃၇၆

**Study and Guide အိမ်လိုက်သင်သည်**

တက္ကသိုလ်ဝင်တန်း တစ်ဘာသာချင်း သီးသန့်၊ ဘာသာစုံ Study and Guide အိမ်လိုက်သင်သည်။ အိမ်ဝိုင်းများ သီးသန့် မေးခွန်းဟောင်းနှင့်တကွ လိုက်သင်ပေးသည်။

ဖုန်း-၀၉-၄၂၂၂၀၅၇၉၈

**အိမ်နှင့်ခြံရောင်းမည်**

(၁၃)ရပ်ကွက်၊ အရှေ့ဒဂုံ၊ ပေ(၂၀×၆၀)၊ မီးပါ၊ ဆည်တော်(၁)လမ်း၊ တောင်မြောက်လမ်းဆုံအနီး။

ဖုန်း-၀၉-၂၅၀၃၇၀၇၃၅

**သင်ကြားသည်**

9, 10 တန်း Guide သင်ကြားပေးသည်။

ဖုန်း-၀၉-၅၀၅၆၂၀၄

**Beauty Queen Beauty Sloon**

သင်တန်းသူလက်ခံသည်။ ဘာသာစုံ ကျွမ်းကျင် (၆)လပြတ် (၃)သိန်း။ နေ၊ စား စီစဉ်ပေးမည်။

ဖုန်း-၀၉-၇၃၀၄၉၂၉၅

**အမြန်ရောင်းမည်**

တိုက်အမှတ်(၃၂၆)၊ သုမင်္ဂလာလမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ကြိုးတံတားဈေးအနီး၊ ပေ(၂၀×၆၀)၊ တစ်ထပ်တိုက်၊ ရေ၊ မီးပါ။ သိန်း(၃၅၀) အလျှော့အတင်းရှိ။

ဖုန်း-၀၉-၄၂၀၀၃၀၄၈၂

**မြေကွက်အမြန်ရောင်းမည်**

လှိုင်သာယာ၊ ရွှေလင်ပန်း၊ (၂၃)ရပ်ကွက်၊ ကမ်းပတ်လမ်းမပေါ်၊ ပေ(၄၀×၆၀)၊ ပါမစ်မြေကွက်၊ ရောင်းဈေး- သိန်း(၅၀၀) ညှိနှိုင်းဈေး။

ဖုန်း-၀၉-၄၅၀၀၆၅၁၁၅

**တိုက်ခန်းကြိုပွဲ့ဖွင့်ရောင်းမည်**

တိုက်(၃၈)၊ ခြေရင်းခန်း၊ ပထပ်(ထပ်ခိုး)၊ ပေ(၁၀×၄၀)၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ ဘူတာရုံလမ်း၊ အထက(၁)လှိုင်အနီး၊ ဈေးနီး၊ ကျောင်းနီး၊ ရောင်းဈေး- ၂၂၅ သိန်း (ညှိနှိုင်းဈေး)။

ဖုန်း-၀၉-၄၂၀၀၃၀၄၈၁၊
၀၉-၄၂၃၆၈၀၄၉၄

**Sa Yar Htunn Linn Aung (MC-BTech)**

7,8 တန်း Eng;/Math, 9, 10 တန်း Bio/Eco ဘာသာစုံအိမ်လိုက်သင်သည်။

ဖုန်း-၀၉ ၄၃၀၂၆၈၂၉

**သင်ကြားပေးသည်**

အလယ်တန်း၊ အထက်တန်း ဘာသာစုံ၊ အိမ်အရောက် ဂိုက်လုပ်ပေးသည်။

ဖုန်း-၀၉ ၃၆၁၂၀၉၅၇

**သင်ကြားပေးသည်**

၉ တန်းမှ ၁၀ တန်းဘာသာစုံအိမ်အရောက်သင်ကြားပေးသည်။ ၅ တန်းမှ ၈ တန်းအထိ Grammar,English, Maths သီးသန့်သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၃၀၈၆၁၂၃

**လှူဒါန်းနိုင်ပါသည်**

ကျောင်းအဝင်မုခ်ဦး လှူဒါန်းလိုသူများဆရာတော်နှင့် ဆက်သွယ်ပါ။ အောင်ဆုပန်စာသင်တိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်။

ဖုန်း-၀၉ ၇၃၀၈၉၆၈၀

**ဆရာရန်နိုင် DRAGON KING**

ကွန်ဖူး၊ ဗန်ဒို၊ ထိုက်ကျိုအထူးသင်တန်းကျောင်း။ အမှတ် (၃၆၉)၊ (၆ လွှာ)၊ မဟာဗန္ဓုလလမ်းမကြီးနှင့် ဆိပ်ကမ်းသာလမ်းထောင့် (ကားမှတ်တိုင်အနီး)။

ဖုန်း-၀၉ ၅၀၁၆၆၂၃

**သင်ကြားပေးသည်**

Pratical A+ နှင့် Networking အပါအဝင် ဖုန်း Root လုပ်နည်းများကို 50000 ကျပ်နှင့် သင်ပေးမည်။ ဆရာ ဦးလ TLCC (သိမ်ဖြူကွင်းရှေ့ရန်ကုန်)

ဖုန်း-၀၉ ၅၁၉၆၀၆၇

**ငှားမည်**

alphard, Mart X လချုပ်၊ နယ်၊ မြို့ တွင်းငှားလိုပါသည်။

ဖုန်း-၀၉ ၄၉၆၀၃၀၉၁

**ငှားမည်**

စာသင်ခန်း အချိန်ပိုင်းငှားမည်။ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမထိပ်။

ဖုန်း-၀၉ ၅၀၉၆၇၉၄

**ရောင်းမည်**

Wingroad 108-TAXI DD, 8 . . . . . (88 သိန်း)။ ဖုန်း-၀၉ ၄၂၂၄၅၁၀၁၀

**ရောင်းမည်**

ယနေ့ကမ္ဘာတွင် ခေတ်စားနေသော Modern Abstract ပန်းချီကားများအား ဈေးနှုန်းသင့်တင့်စွာဖြင့် ရောင်းချပေးမည်။ ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ငှားမည်**

တိုက်ခန်းကျယ်ငှားမည်။ ငါးလွှာ၊ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့။

ဖုန်း-၀၉ ၂၅၄၁၇၇၇၅၀

**ငှားလိုသည်**

နိုင်ငံခြားသားများအတွက် အဆင်ပြေသော လစာ သိန်း ၂၀ မှ ၂၀၀ ကြားလုံးချင်းအိမ်များ၊ ကွန်ဒိုများ ငှားလိုသည်။ အိမ်ရှင်ကိုယ်တိုင်ဆက်သွယ်လျှင် အကျိုးဆောင်ခပေးရန် မလိုပါ။ ဆက်သွယ်ရန်-

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**

(၂၀×၆၀) တိုက်ခန်းပါ၊ အိမ်ခြံမြေ၊ မြောင်းတကာ-စက်မှုဆုံလမ်း ရန်ကုန်-ပြည် ကားလမ်းနှင့် မနီးမဝေးနေရာသန့် ရောင်းဈေး-သိန်း (၁၅၀)။

ဖုန်း-၀၉ ၄၅၀၀၀၂၃၉၁

**ကူညီပေးပါမည်**

အတန်းပညာမပြီးဆုံး၍ အလုပ်မရဘဲ စိတ်ဓာတ်ကျနေသော လူငယ်များဆက်သွယ်ပါ။ ကူညီပေးပါမည်။

ဖုန်း-၀၉ ၃၁၀၅၅၇၉၃

**ဆက်သွယ်နိုင်ပါသည်**

မြို့တွင်းမြို့ပြင်ယာဉ်မောင်းအလိုရှိပါက ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၂၅၀၄၉၉၅၁၁

**ဝန်ဆောင်မှု**

ဆိုင်ခန်း၊ ရုံးခန်း၊ လုံးချင်း၊ ကွန်ဒိုများ ငှားမည်။ ငှားသူအကျိုးဆောင်ခပေးရန် လုံးဝမလိုပါ။

ဆက်သွယ်ရန် -

ဖုန်း-၀၉ ၄၃၀၈၃၀၈၃၇၈၁

**သင်ကြားပေးသည်**

၁၀ နှစ်နီးပါးခန့်ရှိ သင်ကြားခဲ့သော ဆရာမက သူငယ်တန်းမှ န၀မတန်းအထိ ဘာသာစုံ အိမ်လိုက်သင်ကြားပေး၊ လေ့ကျင့်မှုလမ်းညွှန်ပေးသည်။

ဖုန်း-၀၉ ၄၂၀၁၂၁၄၅၉

**သင်ကြားနိုင်ပါသည်**

၉တန်းနှင့် ၁၀ တန်း ဂိုက်သင်ကြားပေးသည်။

ဖုန်း-၀၉ ၂၅၀၁၄၈၉၇၂၊ ၅၀၅၆၂၀၄

**သင်ကြားပေးသည်**

အင်္ဂလိပ်စာကို အခြေခံမှစ၍ လေ့လာချင်သူများ၊ အင်္ဂလိပ်စာကို အခက်အခဲရှိသော ကလေးများအတွက် International School မှ အတွေ့အကြုံရှိ၊ ဝါရင့် ဆရာမကြီးကိုယ်တိုင် တစ်ဦးချင်း၊ ဝိုင်းဖြင့် အိမ်လိုက်သင်သည်။

ဖုန်း-၀၉ ၅၀၃၀၉၄၃

**အင်တာနက်အသုံးပြုနည်း**

အင်တာနက် အသုံးပြုတတ်စေရန်အတွက် သင်တန်းပေးသည်။ အင်တာနက်သဘော၊ သဘာဝ၊ အသုံးချနည်း၊ ခေတ်မီစွာ သုံးစွဲစေရန် သင်ကြားပေးသည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ကူညီပေးပါသည်**

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ စီမံကိန်း(အလုပ်ရရှိရေး) အိမ်၊ ခြံ၊ မြေ၊ ကားအမြန်ဆုံးရောင်းထွက်ရေးအတွက် ဂမ္ဘီရပညာရှင်ကြီးမှ မေတ္တာဖြင့် ကူညီပေးနေပါပြီ။

ဖုန်း-၀၉ ၇၃၀၉၂၄၉၆

**Queen Fashion (ဒေါ်တင့်တင့်)**

ဖက်ရှင်ဒီဇိုင်း(တစ်ဘာသာ) တစ်ပတ်၊ အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း (တစ်လ)။ အပ်ချုပ်သင်တန်း

အမှတ်-၃၇၊ ၃လွှာ၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း- ၀၉ ၅၁၃၂၃၇၃

**မြတ်ဒါနပြုပါရစေ**

မည်သို့လုပ်ရမည်မသိဖြစ်နေသော လူနာများကို၊ နှလုံးသားစစ်၊ ပါရဂူမြောက် ဆေးသိပ္ပံဖြင့်၊ တတ်သမျှကူပါမည်။ နိုင်သမျှလည်း ဆေးဝါးလှူပါမည်။ အတွေ့အကြုံရှိသမျှဖြင့်လည်း အကြံကောင်းပေးဝေမျှပါသည်။ ဖုန်း-၀၁ ၅၃၈၀၂၀

**ရောင်းမည်**

Canon iR 2016, Canon NP 3050 မိတ္တူစက်၊ ကာလာပရင်တာ ခြောက်ရောင် တစ်လုံး၊ လေးရောင် တစ်လုံး၊ laser Printer တစ်လုံး၊ ကွန်ပျူတာ သုံးလုံး၊ 6 KV မီးအားမြှင့်စက် တစ်လုံးနှင့် မိတ္တူဆိုင်ဖွင့်ရန် ပစ္စည်းအစုံ။ ရောင်းဈေး-ကျပ်သိန်း (၂၀)။

ဖုန်း-၀၉ ၂၅၄၁၀၈၆၇၃

**ငှားမည်**

Light Truck အငှားလိုက်သည်။ မြို့တွင်း၊ မြို့ပြင် ခရီးဝေး။

ဖုန်း-၀၉ ၅၁၆၁၇၇၁

**ရောင်းချပေးသည်**

အိမ်(သို့) ရုံးခန်းများမှ ဝယ်ယူလိုသော ကွန်ပျူတာပစ္စည်းနှင့် Desktop များကို လိုက်လံတပ်ဆင်ရောင်းချပေးသည်။

ဖုန်း-၀၉ ၄၂၀၁၀၉၀၅၀

7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

**စာမျက်နှာ(၂၀) မှ**

## မီဂါလောင်းလျာမြို့မဟာ၏ ရင်ဖွင့်သံ

ဒီနေရာမှာ အိမ်ရာတွေ၊ မြေကွက်ဖော်ထုတ်မှုတွေ အသစ်အသစ် အကောင်အထည်ဖော်ဖို့ မြေတွေရှာနေပြီဆိုရင် ကျုပ်ရဲ့ Greater Yangon နယ်နိမိတ်ထဲမှာသိမ်းပြီးသားလယ်မြေဧက (၅၀၀၀)ခန့်ကို ကန်ထရိုက်လယ်ယာဆိုပြီး ကုမ္ပဏီကြီးတွေလယ်စိုက်ခွင့်ပေးထားတာ ရပ်နားဖို့ကောင်းပါပြီ။ ဒီအတိုင်းခွင့်ပြုထားရင်တော့ ကမ္ဘာပေါ်မှာ 'မြို့ထဲလယ်ရောက် စပါးပေါက်'တဲ့ မီဂါစီးတီးအဖြစ် ကမ္ဘည်းမော်ကွန်းတင်ခံရမှာသေချာနေပါပြီ။

ကျုပ်ရဲ့အခြေခံအဆောက်အအုံတွေကိုလည်းကြည့်ပါဦး။ မူလက လူသုံးသောင်းနေဖို့တည်ဆောက်ထားတဲ့မြို့လယ်ဒေသမှာ အထပ်မြင့်တွေစုပြုံပြီး မဆောက်ကြဖို့ တောင်းပန်ချင်ပါတယ်။ လျှပ်စစ်မီးကြိုးတွေက အင်္ဂလိပ်ခေတ်ကသွယ်တန်းထားတာကို ယခုအထိ သုံးစွဲနေကြရတုန်းပါပဲ။ လမ်းတွေ၊ ရေမြောင်းတွေ၊ ပလက်ဖောင်းတွေ၊ မိလ္လာစနစ်တွေအားလုံးက အကန့်အသတ်များစွာ ရှိနေတာမို့ ကျုပ်အနေနဲ့မနိုင်ဝန်ကို နှစ်ပေါင်းများစွာထမ်းထားရတာ နားလည်ပေးကြစေချင်ပါတယ်။ ဒုတိယ ဗဟိုစီးပွားရေးဇုန်ဆိုတဲ့ အိပ်မက်ကိုလည်း အမြန်ဆုံးလက်တွေ့အကောင်အထည်ဖော်ပေးကြစေချင်ပါတယ်။ နောက်ပြီး ယာဉ်ကြောပိတ်ဆို့နေတဲ့ ကျုပ်ရဲ့လမ်းမကြီးတွေပေါ်ကို ကြည့်လိုက်ပါဦး။ မော်တော်ယာဉ်တွေရဲ့ ၅၀ ရာခိုင်နှုန်းနီးပါးက တက္ကစီအငှားယာဉ်တွေဖြစ်နေပါတယ်။ သေ သေချာချာစိစစ်မှုမရှိဘဲ ဒီအတိုင်းလွှတ်ထားရင် နောင်သုံးနှစ်အတွင်းကျုပ်ရဲ့ လမ်းတွေပေါ်က မော်တော်ယာဉ် ၇၅ ရာခိုင်နှုန်းဟာ အငှားယာဉ်တွေ ဖြစ်မှာသေချာနေပြီ။ ဘယ်လို မူဝါဒနဲ့တင်သွင်းခွင့်ပြုတာလဲ။ ပွင့်လင်းမြင်သာမှုကောရှိရဲ့လား ဆိုတာမေးချင်ပါတယ်။ နောက်ပြီးကျုပ်ဆီက အရည်ကျိုမယ့်ကားစုတ်တွေက ပြည်ပကတင်သွင်းမယ့် ကားသစ်တွေထက်ဈေးကြီးနေတာဘယ်လိုမှကြားလို့ မလျော်တဲ့ကိစ္စပါ။ ဘူးတောင်းနစ်လို့စောင်ခြမ်း(အိုးကွဲ)ပေါ်တဲ့ မီဂါလောင်းလျာဖြစ်ရတာရှက်စရာကောင်းပါတယ်။ အငှားယာဉ်တွေနဲ့ပတ်သက်ပြီး ကျုပ်ဆီမှာ မီတာစနစ်ကို ဒီတစ်သက်အကောင်အထည်ဖော်နိုင်ကြဦးမှာလားဆိုတာကိုလည်း မေးချင်ပါတယ်။ မီတာစနစ်မကျင့်သုံးတဲ့အတွက် တန်ရာတန်ကြေးထက်ပိုပေးကြရတဲ့အပြင် လမ်းပေါ်မှာရပ်ပြီးဈေးဆစ်ကြ၊ ညှိနှိုင်းကြလို့ နောက်ကယာဉ်တွေပိတ်ဆို့ကုန်တာလည်း နေ့စဉ်နှင့်အမျှနေရာတိုင်းမှာ တွေ့မြင်နိုင်ကြပါတယ်။

နောက်တစ်ချက်ကအထပ်မြင့် အဆောက်အအုံတွေကို လမ်းဆုံလမ်းခွအချက်အချာ ကျတဲ့မြေနေရာတွေမှာ ဆောက်လုပ်ခွင့်ပြုတာဟာလည်း ယာဉ်ကြောပိတ်ဆို့မှုဖြစ်အောင် တိုက်ရိုက်အားပေးရာရောက်ပါတယ်။ ဥပမာ လေဟာပြင်ဈေးနေရာ၊ ကမ္ဘာအေးဘုရားလမ်းနဲ့ ဆရာစံလမ်းစုံမီးပွိုင့် ထောင့်လိုနေရာတွေမှာ အထပ်မြင့်တိုက်ကြီးတွေဆောက်လာရင်အထပ်ပိုမိုမြင့်မားတာနဲ့ အမျှ အဲဒီအဆောက်အအုံက နေ့စဉ်ယာဉ်အဝင်အထွက်ကြောင့် လမ်းမပေါ်ကယာဉ်ကြော တစ်ခုလုံးမလှုပ်မသွေပိတ်ကုန်မှာ အလွန်သေချာပါတယ်။ထူးခြားတဲ့ မြေအနေအထားကိုမကြည့်ဘဲ အထပ်မြင့်ဆောက်နိုင်တဲ့ဇုန်ဆိုတိုင်း ခွင့်ပြုလို့မဖြစ်ပါဘူး။ နောက်ပြီးကျုပ်ရဲ့နယ်နိမိတ်ထဲမှာ မော်တော်ဆိုင်ကယ်လုံးဝမစီးရဘူးလို့ သတ်မှတ်ချက်ရှိပေမယ့် နေ့ရောညပါ ပြောင်ပြောင်တင်းတင်းချိုးဖောက်နေကြတာအများကြီးပါပဲ။ ယာဉ်တိုက်မှုတွေလည်း သိသိသာသာ တိုးပွားနေပါတယ်။ ဦးထုပ်လုံးဝမဆောင်းဘဲလမ်းမကြီးတွေအန္တိ အပြားမှာ မောင်းနှင်နေတဲ့ ဆိုင်ကယ်တွေကို ဘယ်သူမှအရေးယူမှုမရှိကြပါဘူး။ ဒီလိုယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှုတွေကို ဥပဒေအရအရေးယူမှုမပြုဘဲလစ်လျူရှုမှုတွေကြောင့် မီဂါစီးတီးဖြစ်ရမှာကို ကျုပ်တွေးပြီးရင်လေးမိပါရဲ့။

နောက်ဆုံးပြောချင်တာကတော့ ကျုပ်ဟာ နောင် ၁၀ နှစ်ဝန်းကျင်ကာလအတွင်း Green မီဂါစီးတီးဘဝကို ထည်ထည်ဝါဝါနဲ့ ကူပြောင်းသွားချင်ပါတယ်။ မြို့ချင်းယှဉ်ရင် ဟိုမြို့အောက်ကျို့ရ၊ ဒီမြို့အောက်ကျို့ရနဲ့မြို့ပုံမလှ၊ မြို့ဂုဏ်မကြွတဲ့ မီဂါစီးတီးဒုက္ခသည်ကြီးဘဝကို တွန်းမပို့လိုက်ကြပါနဲ့လို့ပါပဲဗျာ . . . ။



JOKE

### စည်းကမ်း

ဗိုလ်သင်တန်းကျောင်းတွင် သင်တန်းဆရာဖြစ်သော တပ်ကြပ်ကြီး ဂျိမ်းသည် ဗိုလ်လောင်းများကို ထမင်းစားဆောင်သို့ ခေါ်လာပြီး အောက်ပါအတိုင်းပြောသည်။

"ဒီထမင်းစားဆောင်မှာ လိုက်နာရမယ့် စည်းကမ်းချက်သုံး ချက်ရှိတယ်။ အဲဒါတွေကတော့ ပါးစပ်ပိတ်ထား၊ စားစရာရှိတာစား၊ ပြီးရင်ထပြန် ဆိုတာတွေပဲ"ဟု ပြောကာ သင်တန်းသားများစည်းကမ်းနားလည်စေရန် တပ်ကြပ်ကြီးဂျိမ်းက ထပ်မေးသည်။

"ကဲ ပထမဆုံးစည်းကမ်းချက်ကဘာလဲ"

"ပါးစပ်ပိတ်ထား၊ တပ်ကြပ်ကြီးဂျိမ်း"ဟု ဗိုလ်လောင်းများက ပြိုင်တူဖြေကြားကြပါသည်။

### လေ့ကျင့်ရေး

စစ်စခန်းတစ်ခုတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သေနတ်ပစ်လေ့ကျင့်ရေးကွင်းသို့ သွားရောက်ခြင်းအစီအစဉ်ကို ဖျက်သိမ်းလိုက်သော်လည်း နှစ်စဉ်ကြံ့ခိုင်မှုအစီအစဉ်ကို ဆက်လုပ်သည်။ ဤတွင် စစ်သားတစ်ဦးက ယခုလို ပြောလိုက်သည်။

"အင်း၊ စစ်တပ်က ငါတို့သေနတ်ပစ် ဘယ်လောက်ကောင်းသလဲဆိုတာ စိတ်ဝင်စားပုံမရဘဲ ငါတို့ဘယ်လောက်ကောင်းကောင်းပြေးနိုင်သလဲဆိုတာ ပိုပြီး စိတ်ဝင်စားကြပုံပဲ"ဟူ၏။

**စာမျက်နှာ(၂၃) မှ**

## ရာဇဝင်တွင်သော မင်းကောင်း နှစ်ပါး

ဆောက်လုပ်စဉ်ကာလက မြောက်မြားစွာသော လူ့အသက်များကို စတေးခဲ့ရသည်။ ရှီဟွမ်တီသည် ကြီးကျယ် မြင့်မြတ်သော ၎င်း၏ တရုတ်မင်းဆက်ကို ထူထောင်ရန် ကြံစည်ခဲ့သော်လည်းကွယ်လွန်ပြီး သုံးနှစ်အကြာမှာပင် မင်းဆက်ပြတ်ခဲ့ သည်။ တရုတ်ရာဇဝင်တွင် အတိုဆုံးသောမင်းဆက်လည်းဖြစ်ခဲ့သည်။ ရှီဟွမ်တီမရှိသောအခါ တရုတ်ပြည်သူပြည်သားများသည် မြှုပ်နှံသိမ်းဆည်းထားသော ကျမ်းဂန်များကိုအသီးသီးဖော်ထုတ်ကာ မူလအတိုင်း ပြန်လည်ကိုးကွယ်ခဲ့ကြသည်။ ရှီဟွမ်တီကွယ်လွန်သည်မှာနှစ်ပေါင်း နှစ်ထောင်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သမိုင်းတွင် စာပေကျမ်းဂန်များကို မီးရှို့ဖျက်ဆီးသူ၊ ပညာရှိများကို လုပ်ကြံသတ်ဖြတ်ခဲ့သူမင်းဆိုးမင်းညစ်အဖြစ် နှောင်းလူတို့သတ်မှတ်ခြင်း ခံရလေသည်။

**အသောကကျောက်စာတိုင်ကမ္ဗည်း**

အသောကဘုရင်မင်းမြတ်သည် အိန္ဒိယနိုင်ငံတစ်ဝန်း ၎င်း၏ ဆောင်ရွက်ပုံများ၊ ဗုဒ္ဓဘာသာအပေါ် ယုံကြည်သက်ဝင်မှု၊ နိုင်ငံသားများအပေါ်ထားရှိသည့် သဘောထားနှင့် အနာဂတ်သာသနာအရေးနှင့်ပတ်သက်၍ ကျောက်စာများရေးထိုးခဲ့ရာ သမိုင်းတွင် **အသောကကျောက်စာ** ဟု ထင်ရှားခဲ့သည်။ အသောကဘုရင်သည် ၎င်း၏လက်ထက် တိုင်းပြည်သာယာဝပြောပုံ၊ ပြည်သူတို့အပေါ်ထားရှိသည့် သဘောထားများကို ကျောက်စာရေးထိုးခဲ့ရာ၌ ကျောက်စာတစ်နေရာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ **ပွဲတော်တည်နေသည့်အခါဖြစ်စေ၊ အဆောင်တော်ကူးနေသည့်အခါဖြစ်စေ၊ ယာဉ်ရထားပေါ်ရောက်နေသည့်အခါဖြစ်စေ၊ နန်းဥယျာဉ်ထဲ ရောက်နေသည့်အခါဖြစ်စေ၊ မည်သည့်အချိန်မဆို၊ မည်သည့် နေရာမဆို၊ ဘုရင့်အထောက်တော်များသည် ပြည်သူ့အရေးအခင်းဖြစ်ပါက ငါ့ကိုအမြဲမပြတ် သတင်းကြားလျှောက်နေရမည်။ အခက်အခဲ တစ်စုံတစ်ရာပေါ်ပေါက်လာပါက အချိန်မရွေး၊ နေရာမရွေး ငါ့ကိုသံတော်ဦးတင်ရမည်။ အကြောင်းမူကား ငါသည် ပြည်သူ့အကျိုးအတွက် အလုပ်လုပ်နေခြင်းကြောင့်ဖြစ်သည်**ဟု တိုင်းပြည်အုပ်ချုပ်ပုံနှင့်ပတ်သက်၍ ရေးထိုးခဲ့သည်။ ထင်ရှားသော အဓိကကျောက်စာတိုင်တွင်ကား **ဘာသာအယူဝါဒတိုင်းသည် အကြောင်းတစ်ကြောင်းမဟုတ် တစ်ကြောင်းကြောင့် လေးစားအပ်၏။ လူသည်အခြားဘာသာ အယူဝါဒကို လေးစားသမှုပြုခြင်းအားဖြင့် မိမိဘာသာအယူဝါဒကို မြှင့်တင်ပေးရာရောက်၏။ တစ်ပြိုင်နက်တည်းမှာပင် အခြားပုဂ္ဂိုလ်များ၏ ဘာသာအယူဝါဒများကိုလည်း အကျိုးပြုရာရောက်ပေသည်**ဟု ကျောက်စာ၌ ရေးထိုးထားပါသည်။

အသောကကျောက်စာတိုင်ကိုပမာပြု၍ ဗုဒ္ဓသာသနာအလံ လွှင့်ထူထားသော အဖွဲ့အစည်းမှ ရဟန်းရှင်လူများ ဆင်ခြင်သတိရှိစေချင်ပါသည်။

**ရည်ညွှန်း**

၁။ Glimpses of world History (Nehru)

၂။ အသောကမင်းတရားကြီး၏ အတ္ထုပ္ပတ္တိနှင့်ကမ္ဗည်းကျောက်စာ

**စာမျက်နှာ(၂၆) မှ**

## မရည်ရွယ်ပေမယ့် တကယ်သေပေါင်းများလှပြီ

ယာဉ်ပိုင်ရှင်တွေနဲ့ယာဉ်လုပ်သားတွေရဲ့ ပေါ့ဆမှုတွေရော၊ မထီမဲ့မြင်ပြုခဲ့မှုတွေကြောင့်ပါ ဝမ်းနည်းစရာဖြစ်ရပ်ဆိုးတွေနဲ့ကြိမ်ဖန်များစွာကြုံခဲ့ကြရပြီးဖြစ်တဲ့တိုင်ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်ကဆိုရင်လည်း ယာဉ်တိမ်းမှောက်မှုပေါင်း၂၅၉ခုမှာ သေဆုံးသူ ၁၁၃ဦးနဲ့ ထိခိုက်ဒဏ်ရာရရှိသူ ၆၂၅ ဦးရှိခဲ့သလို ယခုနှစ်လေးလ တာကာလအထိ ဆိုရင်လည်း ယာဉ်တိုက်မှုပေါင်း ၁၁၅မှုမှာသေဆုံးသူ ၆၂ဦးနဲ့ ၂၈၆ ဦးဒဏ်ရာ ကိုယ်စီရခဲ့ပြီးပြီမို့ ဒီလိုသာလျှော့ရဲရဲ၊ ပေါ့ပျက်ပျက်အမူအကျင့်တွေနဲ့ ဆက်လက်စခန်းသွားနေကြလို့တော့(လွဲပါစေ)အကောင်းဘက် ဦးလှည့်ဖို့မရှိဘဲ အဆိုးတွေဘက်ကိုသာ စံချိန်ချိုးသွားနိုင်မယ့် အလားအလာပါ။

ကျွန်တော်တို့ရဲ့ခွင့်မလွှတ်နိုင်စရာအမှားတွေထဲမှာအဆိုးဆုံးလို့ပြောရမှာက လူကိုလူလိုတန်ဖိုးမထားမှုတွေပဲဖြစ်လိမ့်မယ်ဆိုတာ ရင်ဖွင့်ချင်သေးတယ်။ ဒီအချက်ကိုတော့ ဧပြီ ၁၂ရက်က အမြန်လမ်းမှာကားချင်းတိုက်ပြီး မီးလောင်ခဲ့တဲ့ အဖြစ်ဆိုးအတွင်းရှင်းရှင်းကြီးမြင်လိုက်ရတာ စာဖတ်သူမိတ်ဆွေတွေလည်း သတိပြုမိခဲ့ကြပြီးဖြစ်နိုင်ပါတယ်။

ခေတ်မီခရီးသည်တင် မော်တော်ယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေက အရေးပေါ်အခြေအနေမှာ တန်ဖိုးရှိတဲ့ လူ့အသက်တွေဆုံးရှုံးခြင်းမရှိရလေအောင် ဘယ်လိုပဲအမြော်အမြင်ကြီးစွာနဲ့ "ကယ်ပေါက်(အရေးပေါ်ထွက်ပေါက်)"တွေစီမံထားပေးလိုက်ပေမယ့်(တောင်ပြာတန်းယာဉ်ပေါ်က)ကျွန်တော်တို့ခရီးသွားပြည်သူတွေခမျာ ကြားပင်မကြားဖူးခဲ့ရုံမကမှန်ခွဲဖို့ တူရှိမှန်းကိုပါ မြင်လည်းမမြင်ဖူး၊ သိလည်းမသိခဲ့ကြပါဘူးတဲ့။ ဒီလိုနဲ့ ကံကောင်းထောက်မစွာ ရှာတွေ့ခဲ့တဲ့ အပေါက်သေးသေးလေးကနေ ဖျတ်လတ်သူတွေက အသက်လုခုန်ချဆင်းပြေးနိုင်ခဲ့ကြတဲ့တိုင် ကံဆိုးသူခုနစ်ဦးမှာတော့ အရှင်လတ်လတ်ကြီးမီးသင့်သေဆုံးခဲ့ရတယ်။

ဒီဖြစ်ရပ်တစ်ခုလုံးနဲ့ဆက်စပ်လို့ မြို့တွင်းသွားအထူးကားအတော်များများမှာ တွေ့နေရဲ့ ခရီးသည်ထိုင်ခုံပြန်ပြင်ဖွဲ့စည်းထားပုံတွေကို ကြည့်မယ်ဆိုရင်လည်း ထိုင်တော့ဒူးမလွတ်၊ ဆင်းမယ်လုပ်တော့ ထွက်မအောင်ကျဉ်းကျပ်နေမှုမျိုးတွေဟာ မြန်မာပြည်ကစီးပွားရေးလုပ်ငန်းရှင်တွေ၊တချို့သောကုမ္ပဏီပိုင်ရှင်နဲ့သူဌေးကြီးတွေအပါအဝင်ဦးဆောင်မှုနဲ့ စီမံခန့်ခွဲမှုအခန်းကဏ္ဍကိုတာဝန်ယူထားသူတွေအနေနဲ့ ကိုယ်ကျိုးအတ္တအတွက် ရနိုင်စရာအမြတ်အစွန်းကိုသာအဓိကအာရုံစိုက်ပြီး ကိုယ့်အပေါ်အကျိုးပြုနေတဲ့ လက်အောက်ဝန်ထမ်းနဲ့ ကျေးဇူးရှင်ပြည်သူလူထုတွေရဲ့အဖိုးတန်ဘဝတွေအပေါ်တော့ အလေးလည်းမထား၊ စာနာတရားလည်းနည်းပါးကြတာဖော်ပြဝန်ခံနေသလိုပါ။

ဒါကြောင့်လည်း အခုအလုံက တိုက်ပြိုတဲ့ဖြစ်ရပ်မှာ လက်တွေ့ကယ်ဆယ်ရေးလုပ်ငန်းစဉ်အတွင်း ကိုယ်တိုင်ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြတဲ့အရာရှိတွေမှတ်ချက်ပြုကြသလို ဘေးအန္တရာယ်ကျရောက်တဲ့အခါ အရေးပေါ်မဖြစ်မနေသုံးစွဲရမယ့်အကူကိရိယာတွေရှိမနေဘူးဆိုတာနဲ့ဘေးကင်းလုံခြုံရေးအစီအမံတွေအားနည်းလှတယ်ဆိုတဲ့ထောက်ပြသုံးသပ်ခဲ့မှုတွေဟာ ခြွင်းချက်မရှိ လျော်ကန်နေတာတွေရပါတယ်။

ဘယ်လိုပဲဖြစ်ပါစေ မတော်တဆမှုဆိုတာတွေအစားစား၊ အပြားပြားရှိနိုင်တဲ့အနက်က သာမန်အခန့်မသင့်လို့ပေါ်ပေါက်လာရတဲ့ သမားရိုးကျဆန်ဆန်ဖြစ်ပွားမှုမျိုးထက်ပယောဂမကင်းတဲ့ တာဝန်မဲ့မှုတွေကြောင့်တော့ ဘယ်သူတစ်ဦးတစ်ယောက်အပေါ်မှ မနစ်နာ၊ မဆုံးရှုံးစေသင့်သလို ဒါ့အပြင်လည်းမတော်တဆမှုတိုင်းဟာ တမင်မရည်ရွယ်ခဲ့ရိုးအမှန်ဖြစ်နေတဲ့တိုင် တကယ်သေကျေပျက်စီးခဲ့ရတဲ့ အသက်၊အိုးအိမ်၊ စည်းစိမ်တွေ နည်းပဲမနည်းလှတော့ဘူးဆိုတာ သတိပေးတင်ပြလိုခြင်းသာ အရင်းခံစေတနာဖြစ်ကြောင်းပါ။

Environment

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014

# မြန်မာရေခဲတောင်များ အရည်ပျော်မှု စောင့်ကြည့်ရန်လို

ခိုင်ခိုင်စိုး

ရန်ကုန်၊ မေ-၃

ရာသီဥတုပြောင်းလဲခြင်းကြောင့် အပူချိန်များ မြင့်တက်လာ၍ ရေခဲတောင်ပြိုကျသည့်ဖြစ်စဉ်များရှိနေရာ မြန်မာနိုင်ငံရှိ ရေခဲတောင်များမှာလည်း အရည်ပျော်မှုရှိ၊ မရှိ တိုင်းတာမှု ပြုလုပ်ရန်လိုကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များကပြောကြားသည်။

နိုင်ငံတကာတွင် ရေခဲတောင်များ အရည်ပျော်ခြင်းကို အဖွဲ့အစည်းအချို့က တိုင်းတာခြင်း၊ ကောင်းကင်ဂြိုဟ်တုမှ တစ်ဆင့် ဓာတ်ပုံရိုက်၍ ရေခဲအနည်းအများကို စောင့်ကြည့်တိုင်းတာခြင်းများရှိသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ရာသီဥတုပူပြင်းလာသော်လည်း ရေခဲတောင်များကို စနစ်တကျတိုင်းတာသည့် စနစ်မရှိသေးကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

“ကမ္ဘာကြီးက ပူနေတယ်ဆိုတော့ ရေခဲတောင်တွေက အရည်ပျော်မှာပဲဆိုတာ သိတော့ သိကြတယ်။ သိပေမယ့်လည်း မှန်းပြောနေရတာကိုး။ စနစ်တကျတိုင်းတာဖို့ကတော့ အဲဒီဘက်မှာလုပ်ဖို့လိုတယ်”ဟု ဒေါက်တာထွန်းလွင်ကပြောသည်။

“ခါကာဘိုရာဇီဆိုရင် ပူတာအိုမှာရှိတဲ့အတွက် အဲဒီနေရာရဲ့ အပူချိန်က မြင့်ပေမယ့်ရေခဲတောင်ရဲ့ အပူချိန်က တူချင်မှတူမှာ။ နိုင်ငံတကာမှာလို စနစ်တကျတိုင်းမယ်ဆိုရင်တော့ အတိအကျ သိမှာပါ” ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်ဒေါက်တာဦးသိန်းအောင်က ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်



*ဂမ်လန်ရာဇီရေခဲတောင် တစ်နေရာ* ဓာတ်ပုံ – GamlangRazi FB

လည်း တောင်တက်အားကစားနည်းသည် ယခင်ထက် ဖွံ့ဖြိုးလာရာ ထိုသို့စနစ်တကျတိုင်းတာမှုရှိပါက တောင်တက်သမားများအတွက် အကာအကွယ်ဖြစ်စေနိုင်ကြောင်း တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း(သဘာဝခေါ်သံဖောင်ဒေးရှင်း) ဥက္ကဋ္ဌ ဦးမျိုးသန့်ကပြောသည်။

“စနစ်တကျတိုင်းတာတာရှိရင်တော့ တက်တဲ့အခါ အန္တရာယ်ကင်းကင်းနဲ့ တက်နိုင်တာပေါ့။ ရာသီဥတုက ပြောင်းလဲနေတာ ရေခဲပျော်တာတွေကတော့ အရင်ထက်များလာမှာ”ဟု ၎င်းကဆိုသည်။

ပြီးခဲ့သည့် ဧပြီလက ဧဝရက်တောင်တွင် ရေခဲတောင်ရုတ်တရက် ပြိုကျမှုကြောင့် ဒေသခံလမ်းပြ ၁၃ ဦး သေဆုံးပြီး ၃ ဦး ပျောက်ဆုံးကာ ဧဝရက်တောင်သမိုင်းတစ်လျှောက်အဆိုးရွားဆုံး လူသေဆုံးမှုဖြစ်ပွားခဲ့သည်။

ထို့အပြင်မြန်မာနိုင်ငံတွင် ခါကာဘိုရာဇီရေခဲတောင်ကို အမြင့်ဆုံးဟု သတ်မှတ်ထားသော်လည်း ဒုတိယအမြင့်ဆုံးတောင်ဟု သတ်မှတ်ထားသော ဂမ်လန်ရာဇီရေခဲတောင်ကို ၂၀၁၃ ဩဂုတ်တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာ–အမေရိကန် ချစ်ကြည်ရေးတောင်တက်အဖွဲ့ခေါင်းဆောင်အမေရိကန် နိုင်ငံသားအင်ဒီတိုင်စန်က ဂမ်လန်ရာဇီတောင်သည် ခါကာဘိုရာဇီတောင်ထက် ပိုမြင့်ကြောင်းAPသတင်းဌာနအားပြောကြားသည်။

ယခင်သတ်မှတ်ချက်များအရ ခါကာဘိုရာဇီရေခဲတောင်သည် ၁၉,၂၉၆ ပေ မြင့်မားပြီး ဂမ်လန်ရာဇီ ရေခဲတောင်သည် ၅,၈၇၀ မီတာ၊ (၁၉,၂၅၄ ပေ) အမြင့်ရှိသည်။ ထို့ကြောင့် တရားဝင်ထုတ်ပြန်ချက်များအရ ခါကာဘိုရာဇီတောင်က ဂမ်လန်ရာဇီတောင်ထက် ၄၂ ပေ ပိုမြင့်သော်လည်း “တောင်အမြင့်ကို အတိအကျသိဖို့က ရာသီဥတုအခြေအနေတစ်ခုတည်းမှာတောင် နှစ်ခုလုံးကို တစ်ပြိုင်နက်တည်းတိုင်းရမှာ။ အရင်တိုင်းထားတာရှိပေမယ့် လက်ရှိရာသီဥတုအခြေအနေတွေကြောင့် ကွာခြားသွားတာတွေလည်းရှိနိုင်တယ်”ဟု ဦးမျိုးသန့်ကပြောသည်။

# EIA မှန်ကန်စွာ လုပ်ဆောင်ခြင်းရှိ၊ မရှိ စောင့်ကြည့်မည့်အဖွဲ့ ဖွဲ့စည်းမည်

အိဖြူမွန်

ရန်ကုန်၊ မေ-၃

အစိုးရသို့တင်ပြရသည့် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများမှန်ကန်စွာလုပ်ဆောင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လေ့လာရန် ပညာရှင်များအဖွဲ့ကိုဖွဲ့စည်းသွားမည် ဖြစ်ကြောင်းဒီရေတောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (ဖရီဒါ)မှ ဦးအုန်းကပြောသည်။

“အသင်းက EIA လုပ်ပေးမှာမဟုတ်ပါဘူး။ ခွင့်ပြုချက်ရထားတဲ့ EIA တွေမှန်ကန်မှုရှိ၊ မရှိကိုစောင့်ကြည့်လေ့လာသွားမှာပါ။ အဲဒီလိုစောင့်ကြည့်မယ့် တတိယအဖွဲ့အစည်းကို အသင်းကဖွဲ့ပေးထားမှာပါ။ လိုအပ်တဲ့နည်းပညာဆိုင်ရာ ပညာရပ်တွေကိုတော့ အီးယူတို့၊ အမေရိကန်တို့က သင်တန်းလာပေးမယ်”ဟုဦးအုန်းကပြောသည်။

ခွင့်ပြုပြီးစီမံကိန်းလုပ်ငန်းများ၏ ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများ၊ ခွင့်မပြုရသေးသည့် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းများသမာသမတ်ရှိ၊ မရှိကို တတိယအဖွဲ့အစည်းအနေဖြင့် အကျိုးအမြတ်မယူဘဲ စောင့်ကြည့်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။ တွေ့ရှိချက်များကို အများမြင်သာအောင် မီဒီယာများမှ တစ်ဆင့် ပြသမည်ဖြစ်၍ထိုသို့လုပ်ဆောင်ရခြင်းမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုလျော့ပါးစေရေးနှင့် အစိုးရလည်ပတ်နေသည့် လုပ်ငန်းစဉ်များကောင်းမွန်စွာလုပ်ဆောင်စေရေးအတွက် ရည်ရွယ်ကြောင်းဦးအုန်းကပြောသည်။

အပြုသဘောဆောင်သောအဖွဲ့အဖြစ် ရပ်တည်မည်ဖြစ်သောကြောင့် ပတ်ဝန်းကျင် ထိခိုက်မှု စစ်တမ်းများစိစစ်သည့်အချိန်တိုင်း ကုမ္ပဏီနှင့်အစိုးရကိုအကြောင်းကြားသွားမည်ဖြစ်ပြီး အစိုးရထံခွင့်ပြုချက်တင်ထားပြီဖြစ်ကြောင်းဦးအုန်းကပြောသည်။

စီးပွားရေးလုပ်ငန်းရှင်နှင့် အစိုးရအကြား တတိယအဖွဲ့အစည်းအနေဖြင့် အခကြေးငွေယူ၍ ပတ်ဝန်းကျင် ထိခိုက်မှုစစ်တမ်းလုပ်ဆောင်ပေးမည့် ကုမ္ပဏီ ၂၀ ခန့်ရှိသည်။

# အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့်ထုတ်ရန် စီစဉ်နေ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ကြန့်ကြာဟုဆို

အိဖြူမွန်

ရန်ကုန်၊ မေ-၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေထွက်ရှိလာသည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်သော်လည်း နည်းဥပဒေထွက်ရှိရန် ကြန့်ကြာနေရခြင်းမှာ အင်္ဂလိပ်ဘာသာဖြင့် တင်ထားသည့် နည်းဥပဒေကို အတည်မပြု ရသေးသောကြောင့် ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

“နည်းဥပဒေကို ပြည်ထောင်စုအစိုးရက ခွင့်ပြုလိုက်ပါပြီ။ အင်္ဂလိပ်ဘာသာနဲ့ ရှေ့နေချုပ်ရုံးကို တင်ထားတဲ့နည်းဥပဒေတည်းဖြတ်နေလို့ နောက်ကျနေခြင်းဖြစ်ပါတယ်။ မကြာမီထွက်ဖို့ရှိပါတယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပြောသည်။

အဆိုပါနည်းဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်ပြခဲ့ပြီး လွှတ်တော်က ရက်ပေါင်း ၉၀ အတွင်း ပြင်ဆင်ချက်တစ်စုံတစ်ရာ မှတ်ချက်ပေးခြင်းမရှိသောကြောင့် ဥပဒေထုတ်ပြန်ရန်သာကျန်ရှိပြီး ထုတ်ပြန်ရန်ကြန့်ကြာနေရခြင်းမှာ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ပြန်မည်ဖြစ်သောကြောင့် လက်ရှိတွင် မထုတ်ပြန်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေမှာ ပြည့်စုံလုံလောက်မှုမရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက ဝေဖန်ထားသည်။ ထိုသို့ ဝေဖန်ထားသော်လည်း ထွက်ရှိလာမည့် နည်းဥပဒေတွင် လိုအပ်ချက်များပါလာမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက မျှော်လင့်ထားသည်။

“ထွက်ပြီးတဲ့ ဥပဒေမှာတော့ လိုအပ်တာတွေ အများကြီးပဲ။ နည်းဥပဒေမှာတော့ ဘာတွေပါသင့်သလဲ အကြံပေးထားတယ်။ ကိုယ်အကြံပေးထားတဲ့အတိုင်းသုံးတာ၊ မသုံးတာ သူ့သဘောပါပဲ”ဟု ဖရီဒါအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးအုန်းက ဆက်လက်ပြောကြားသည်။

မေလတွင် ကျင်းပမည့် ပထမအကြိမ် လွှတ်တော်ဒသမအစည်းအဝေးတွင် ဥပဒေထွက်ရှိသည်မှာ ကြာမြင့်ပြီဖြစ်သော်လည်း နည်းဥပဒေမထွက်ရှိသေး၍ဥပဒေများထွက်ရှိရန် လွှတ်တော်အမတ်အချို့ တိုက်တွန်းသွားမည်ဟု သတင်းရရှိသည်။

# Tourism

7DAY NEWS JOURNAL

Vol.13, No.9 • MAY 7 , 2014


# မြိတ်ကျွန်းစုများသို့ ရွက်လှေခရီးသည် ဝင်ရောက်မှုမြင့်တက်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၃**

မြိတ်ကျွန်းစုများသို့ ရွက်လှေစီးကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုမှာ ယခုနှစ်တွင် လူဦးရေ တစ်ထောင်နီးပါး မြင့်တက်လာကြောင်း ကော့သောင်းမြို့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သတင်းရရှိသည်။

"အများဆုံးကတော့ ရနောင်းဘက်ကလာတာများတယ်။ မြန်မာဘက်ကလာတဲ့သူတွေလည်းရှိတယ်"ဟု ကော့သောင်းမြို့ ဟိုတယ်/ခရီးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအရာရှိ ဦးလွှမ်းမိုးက ပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကုန်တွင် မြိတ်ကျွန်းစုများသို့ ရွက်လှေစီးကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ နှစ်ထောင်ကျော်ရှိခဲ့ပြီးယခင် ၂၀၁၂-၁၃ ဘဏ္ဍာနှစ်ကထက် တစ်ထောင်ကျော်မြင့်တက် လာသည်ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စာရင်းများအရ သိရသည်။

ကမ္ဘာလှည့် ခရီးသည်များသည် မြိတ်သို့ ထိုင်းနိုင်ငံ၊ ရနောင်းဘက်မှ အဓိကဝင်ရောက်ရခြင်းမှာ မြန်မာနိုင်ငံတွင်းမှ မြိတ်မြို့သို့လာရောက်ရန် သွားရေးလာရေး အခက်အခဲများရှိနေခြင်းနှင့် အချိန်ကြာမြင့်ခြင်းတို့ကြောင့် ဖြစ်သည်ဟု ဦးလွှမ်းမိုးက သုံးသပ်သည်။

ရန်ကုန်မှ ကော့သောင်းလေယာဉ်စရိတ်သည် ဘန်ကောက်မှ ရနောင်းလေယာဉ်စရိတ်ထက် သုံးဆခန့်များနေသည့် အချက်မှာလည်း ရနောင်းမှ ဝင်ရောက်သူများခြင်း၏ အချက်တစ်ချက်ဖြစ်သည်ဟု Asia Whale ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူဦးဇော်ဝင်းကိုက ပြောသည်။

မြိတ်ကျွန်းစုဒေသများသို့ သွားလာရေး အဆင်ပြေမည်ဆိုပါက ပြည်ပခရီးသွားများသာမက ပြည်တွင်းမှ သွားရောက်သူများပါ မြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအသင်း ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က သုံးသပ်ဖူးသည်။

များသောအားဖြင့် ဥရောပနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ကြပြီး ရွက်လှေစီးခရီးသည်များအပြင် ရေငုပ်ခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ ငှက်ကြည့်ခြင်းတို့အတွက် လာရောက်လည်ပတ်သူများလည်း ရှိကြသည်။

# အာဆီယံလေကြောင်းပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ မြန်မာအိမ်ရှင်အဖြစ်ကျင်းပမည်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၃**

အာဆီယံလေကြောင်း ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ (၂၉) ကြိမ်မြောက်အစည်းအဝေးကို မြန်မာနိုင်ငံက ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အာဆီယံ လေကြောင်းပို့ဆောင်ရေးအလုပ်အဖွဲ့(ATWG) အစည်းအဝေးကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းတို့မှ တာဝန်ယူကျင်းပခြင်းဖြစ်သည်။

(၂၉) ကြိမ်မြောက် ATWG အစည်းအဝေးကို မေလ ၅ ရက်မှ ၉ ရက်အထိ ချက်ထရီယံဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ယင်းအစည်းအဝေးတွင် (၂၅)ကြိမ်မြောက်အာဆီယံလေကြောင်းလိုင်းများ အစည်းအဝေး(AAM)လည်း ပါဝင်မည်ဖြစ်ကြောင်းMAIလေကြောင်းလိုင်းမှ သတင်းရရှိသည်။

အာဆီယံလေကြောင်းလိုင်းများမှ လူဦးရေ ၂၀၀ ခန့်တက်ရောက်မည်ဖြစ်ပြီး ဒေသတွင်းလေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆွေးနွေးမည်ဖြစ်သည်။

"ဒီအစည်းအဝေးမှာပါမယ့် အာဆီယံလေကြောင်းလိုင်းများအစည်းအဝေးမှာ အာဆီယံနိုင်ငံတွေက လေကြောင်းလိုင်းတွေအကုန်ပါမယ်။ မြန်မာကို မပြေးဆွဲတဲ့ လာအိုလေကြောင်းလိုင်းမျိုးက အစတက်မယ်"ဟု MAI မှ တာဝန်ရှိသူ ဒေါ်အေးမရသာက ဆိုသည်။

ယင်းအစည်းအဝေးတွင် နိုင်ငံအသီးသီးမှ လေကြောင်းဆိုင်ရာအခက်အခဲနှင့် အတွေ့အကြုံများကို ဆွေးနွေးကြမည်ဖြစ်ပြီး အာဆီယံ လေကြောင်းလိုင်းများ အစည်းအဝေးဖြစ်၍ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများပါဝင်မည်မဟုတ်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ပြည်တွင်း ပြည်ပ ပြေးဆွဲနေသော လေကြောင်းလိုင်း ကိုးလိုင်းရှိပြီး နိုင်ငံတကာမှ ပျံသန်းပြေးဆွဲသော လေကြောင်းလိုင်း ၂၄ လိုင်းရှိသည်။

၂၀၁၄ခုနှစ်မတ်လကလည်း မြန်မာနိုင်ငံတွင် မြန်မာမြို့ပြလေကြောင်း ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (MCADC) ကို ပထမဦးဆုံးကျင်းပခဲ့ပြီး နိုင်ငံတကာမှ လေကြောင်းလိုင်းကြီးများနှင့် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများလည်း ပါဝင်ဆွေးနွေးခဲ့သည်။

မြန်မာအပါအဝင် အာဆီယံနိုင်ငံများ လေကြောင်းပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း(AAITP) ကို ၂၀၁၃ မှ ၂၀၁၆ အထိ အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပြီး ယင်းစီမံကိန်းအတွက် အီးယူ(ဥရောပသမဂ္ဂ) မှ ယူရိုငွေ ငါးသန်းကို လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ အာဆီယံနိုင်ငံများလေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ချုပ်ဆိုခြင်းစသည့် ကဏ္ဍများအတွက် ၂၀၁၃ ခုနှစ် ဇွန်လက ထောက်ပံ့ခဲ့သည်။




*ချင်းပြည်နယ်ဖလမ်းမြို့ အဝင်ကိုတွေ့ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

# ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ဒေသခံများအားဟိုတယ်/ခရီးသင်တန်းပို့ချမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၃**

ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်စပ်ပုဂ္ဂလိကလုပ်ငန်းရှင်အသင်းများ ပူးပေါင်း၍ ဒေသခံများအားသင်တန်းပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိမှာ ချင်းပြည်နယ်က လူငယ်တွေက သူတို့ရဲ့ ဇာတိမြေကို စွန့်ခွာပြီး အခြားနေရာတွေမှာ သွားပြီး အလုပ်လုပ်နေကြရတယ်။ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် ပြည်နယ်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ဒေသခံတွေလည်း အလုပ်အကိုင်ရလာမှာဖြစ်တဲ့အတွက် ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ လုပ်ဆောင်ရတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်ကပြောသည်။

ချင်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်လုပ်ငန်းဆိုင်ရာ အခြေခံသင်တန်း၊ ဧည့်လမ်းညွှန်သင်တန်းနှင့် စားသောက်ဆိုင်လုပ်ငန်းသင်တန်းတို့ကို ပို့ချပေးသွားမည့်အပြင် ရန်ကုန်နှင့် မန္တလေးတို့တွင် သင်ကြားပေးနေသည့် B.A TOURISM သင်တန်းကိုလည်း တက်ရောက်ခွင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အရင်တုန်းက ချင်းပြည်နယ်ကို သွားပြီး လည်ပတ်မယ်ဆိုရင် ခွင့်ပြုချက်တင်ပြီးမှ သွားလို့ရတယ်။ အခုဆိုရင် ခွင့်ပြုချက်တင်စရာမလိုတော့ဘူး။ ဒါကိုသိတဲ့သူနည်းသေးတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း အရင်ကထက် ကောင်းလာပြီဖြစ်တဲ့အတွက် နောက်ပိုင်းမှာ လာရောက်လည်ပတ်သူဦးရေပိုပြီးများလာတော့မှာပါ" ဟု ဒေါက်တာအောင်မြတ်ကျော်ကရှင်းပြသည်။

ချင်းပြည်နယ်၌ ဟိုတယ်အနေဖြင့် ဖွင့်လှစ်ထားခြင်းမရှိသေးသည့်အတွက် ဟိုတယ်တစ်လုံးတည်ဆောက်ရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ တည်းခိုရန် တည်းခိုရိပ်သာ သုံးလုံးသာရှိသေးကြောင်း သိရသည်။


၂၀၁၃ ခုနှစ်အတွင်း၌ ချင်းပြည်နယ်နတ်မတောင်၊ ကန်ပက်လက်နှင့် မင်းတပ်သဘာဝအခြေခံ ခရီးသွားဒေသများသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်ဦးရေတစ်ထောင်ဝင်ရောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ငါးရာသာဝင်ရောက်ခဲ့သောကြောင့် ခရီးသွားဝင်ရောက်မှုနှုန်းမှာ နှစ်ဆခန့်တိုးလာကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# Cartoon
































7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# “ယူကရိန်းမှာ ပြည်တွင်းစစ် မဖြစ်နိုင်ပါဘူး”



## မေလ ၂၅တွင် သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်မည့် ယူကရိန်းဝန်ကြီးချုပ်ဟောင်း တိုင်မိုရှန်ကိုနှင့်တွေ့ဆုံခြင်း

ကျော်မျိုး

ယူကရိန်းဟာ အခုလ ၂၅ ရက်မှာပဲ သမ္မတရွေးကောက်ပွဲကို ကျင်းပတော့မှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်ပြီး မကြာခင်က သမ္မတယာနူကိုဗစ်ချ် ပြုတ်ကျပြီးနောက်မှ ထောင်ကပြန်လွတ်လာတဲ့ အတိုက်အခံခေါင်းဆောင် ယူလီယာတိုင်မိုရှန်ကိုဟာလည်း ဒီရွေးကောက်ပွဲမှာ ဝင်ပြိုင်ဖို့ ရှိနေပါတယ်။ မစ္စစ်တိုင်မိုရှန်ကိုဟာ ယူကရိန်းရဲ့ ဒီမိုကရေစီ လှုပ်ရှားမှုတစ်ခုဖြစ်တဲ့ ၂၀၀၄ လိမ္မော်ရောင်တော်လှန်ရေးမှာပါဝင်တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၂၀၀၇ ကနေ ၂၀၁၀ အထိ ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲမှာ ရှုံးနိမ့်ပြီးနောက် ၂၀၁၁ မှာ လာဘ်စားမှုနဲ့ စွပ်စွဲခံရကာ ထောင်ဒဏ်ချမှတ်ခံခဲ့ရသူ ဖြစ်ပါတယ်။ အခုတော့ ခရိုင်းမီးယားပြဿနာအလွန်၊ ယူကရိန်းအရှေ့ပိုင်းမှာ ခွဲထွက်လိုသူတွေနဲ့ ရင်ဆိုင်နေရပြီး ရုရှားနဲ့ ဆက်ဆံရေးတင်းမာနေတဲ့ ယူကရိန်းနိုင်ငံရေးလောကကို တခြားသမ္မတလောင်းတစ်ဦးဖြစ်သူ ပတ်ထရိုပိုရိုရှင်ကိုနဲ့အတူ ဝင်ပြိုင်မှာဖြစ်ပါတယ်။ သူ့ကို ယူရိုသတင်းဌာနက တွေ့ဆုံမေးမြန်းခဲ့တာကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

**ယူကရိန်းရဲ့ အခြေအနေဟာတော်တော်လေး ခက်ခဲနေပါတယ်။ ရုရှားနဲ့တင်းမာမှုရှိတာ၊ စစ်ဖြစ်နိုင်တဲ့ ခြိမ်းခြောက်မှုရှိတာ၊ (သို့မဟုတ်) အနည်းဆုံးတော့ပြည်တွင်းစစ်ဖြစ်နိုင်တဲ့ ခြိမ်းခြောက်မှုဖြစ်တာတွေ ရှိနေတာပါ။ ယူကရိန်းအခြေအနေတွေနဲ့ ပတ်သက်လို့ ကရင်မလင်က နောက်ဆုံးထွက်ပေါ်နေတဲ့ အပြောတွေကို လူကြီးမင်း ဘယ်လိုမြင်ပါသလဲ။**

ယူကရိန်းမှာ ပြည်တွင်းစစ် မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပူတင်ရဲ့ ကျူးကျော်မှုက ယူကရိန်းတောင်ပိုင်းနဲ့ အရှေ့ပိုင်းမှာ ထောက်ခံမှုလုံးဝမရှိပါဘူး။ အရှေ့ပိုင်းက ပြည်သူ ၁၈ ရာခိုင်နှုန်းနဲ့ တောင်ပိုင်းက ဒိုးနက်စ်၊ လူဟန့်စ်နဲ့ ကာကစ်ဗ်မြို့တွေကသာ ယူကရိန်းက ခွဲထွက်သင့်ပြီး ရုရှားနဲ့ ပူးပေါင်းသင့်တယ်ထင်တာ ဖြစ်ပါတယ်။ ဒါဟာ အလွန်သေးငယ်တဲ့ ကိန်းဂဏန်းပါပဲ။ ဘာမှမပြောပလောက်ပါဘူး။ ကြီးကြီးမားမား ခွဲထွက်ရေးလုပ်တာမျိုး၊ ပြည်တွင်းစစ်မျိုး မရှိပါဘူး။ ပူတင်က ယူကရိန်းကို မကြေညာဘဲ တိုက်နေတဲ့ နောက်ကွယ်က စစ်ပွဲမျိုးပဲရှိပါတယ်။ ဒီစစ်ပွဲကတော့ အချိန်မဆိုင်းဘဲ ရပ်တန့်ရမှာဖြစ်ပါတယ်။

**အီးယူအဖွဲ့ဝင်နိုင်ငံတွေ အားလုံးဟာ ရုရှားကို ဆန့်ကျင်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ထင်ပါသလား။ ဘာကြောင့်လဲဆိုတော့ သူတို့ထဲက တချို့နိုင်ငံတွေက ရုရှားနဲ့ အလွန်ကောင်းတဲ့ ဆက်ဆံရေး ရှိနေလို့ပါ။ အထူးသဖြင့် တချို့ အီးယူနိုင်ငံ့ခေါင်းဆောင်တွေဟာ ပူတင်နဲ့ ပုဂ္ဂိုလ်ချင်းရင်းနှီးမှု ဆက်ဆံရေးကောင်းတွေလည်း ရှိထားပါတယ်။ ဒီတော့ လူကြီးမင်းအနေနဲ့ အီးယူဟာ ရုရှားကို အရေးယူဖို့ အဆင်သင့်ဖြစ်နေပြီလို့ တကယ်ထင်ပါသလား။**

တံခါးပိတ်ထားတဲ့ စီးပွားရေးတစ်ခုနဲ့အတူ ရုရှားမှာ အာဏာရှင်အစိုးရတစ်ရပ်ကို ဖန်တီးမိခဲ့ပြီဆိုတာကို ကမ္ဘာကတော့ သိထားတာတော်တော်ကြာပြီလို့ ကျွန်မထင်ပါတယ်။ ပြီးတော့ မကောင်းတဲ့ဖြစ်စဉ်တွေလည်း ဖြစ်လာခဲ့ပါတယ်။ ကမ္ဘာက ဒီအခြေအနေကို ပုံမှန်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲလို့ သိချင်ခဲ့တယ်။ ပူတင်က အခုတော့ ကမ္ဘာကြီးကို၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေတဲ့ ရုရှားက အစိုးရကို ဖျက်ဆီးပစ်ဖို့ အခွင့်အလမ်းကို ပေးအပ်နေပါပြီ။ ခရိုင်းမီးယားနဲ့ ယူကရိန်းဟာ ပူတင်အတွက် ထောင်ချောက်တွေဖြစ်ပြီး သူက အဲဒီထဲကို လမ်းလျှောက်ဝင်လာခဲ့ပါတယ်။ ဒါကြောင့် သူ့အစိုးရရဲ့ အဆုံးသတ်ဇာတ်သိမ်းကို စတင်ရေတွက်ရတော့မယ်လို့ ကျွန်မ ထင်ပါတယ်။

**သမ္မတရွေးကောက်ပွဲအကြောင်း ပြောချင်ပါတယ်။ လူထုသဘောထားဆန္ဒစစ်တမ်းတွေက လူကြီးမင်းဟာ ရလဒ်ကောင်းတွေ ပိုတိုးပြီး ရလာတယ်ဆိုတာကို ပြသနေခဲ့ပါတယ်။ ဒါပေမဲ့ ပိုရိုရှင်ကိုကတော့ အရှေ့ကနေပြီး ဦးဆောင်နေပါတယ်။ ရုရှားနဲ့ ဖြစ်နေတဲ့ အကျပ်အတည်းက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်မယ် ထင်ပါသလား။ ဘာလို့လဲဆိုတော့ အဲဒီလို ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းဖြစ်ရင် လူကြီးမင်းအနေနဲ့ ရလဒ်ကောင်းတွေ ပိုရလာနိုင်တယ် မဟုတ်လား။**

သမ္မတရွေးကောက်ပွဲကို နောက်ထပ်ရက်ချိန်းတစ်ခုဆီ ထပ်ရွှေ့မှာကို ကျွန်မ အပြင်းအထန်ကန့်ကွက်ပါတယ်။ ရွေးကောက်ပွဲတွေဟာ ဘာပဲဖြစ်နေနေ လာမယ့် မေလ ၂၅ ရက်မှာပဲ ကျင်းပသင့်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံအတွက် ဒါဟာ တရားဝင်ရွေးကောက်တင်မြှောက်ထားတဲ့ သမ္မတတစ်ယောက်ရှိဖို့ အလွန်အရေးကြီးလို့ပါ။ အဲဒီလိုဖြစ်တာဟာ ယူကရိန်းအခြေအနေအတွက် တည်ငြိမ်မှုရစေမယ့် အားကောင်းတဲ့တစ်ချက် ဖြစ်လာမယ်လို့ ကျွန်မ ထင်ပါတယ်။ စီးပွားရေးအကျပ်အတည်းကိုလည်း ရပ်တန့်နိုင်မယ့်အချက်ပါ။ သမ္မတသစ်ဟာ ခိုင်မာတည်ငြိမ်စွာနဲ့ အပြောင်းအလဲတွေ အများကြီးကို အဆက်မပြတ် လုပ်နိုင်မယ်လို့ သေချာပြောရဲပါတယ်။ ဒါကြောင့်ပဲ ကျွန်မ ဝင်ပြိုင်ဖြစ်တာပေါ့။

**လူကြီးမင်းကို ထောင်ကလွှတ်လိုက်စဉ်မှာ မိုင်ဒန်ရင်ပြင် (လွတ်လပ်ရေးရင်ပြင်)ထဲက စင်ပေါ်ကို လူကြီးမင်းတက်ခဲ့တာကို ကျွန်တော်တို့ ကောင်းကောင်းအမှတ်ရနေဆဲပါ။ အဲဒီတုန်းက ဒီလိုမျိုး ရလဒ်မျိုးနဲ့ ကြီးမားတဲ့နိုင်ငံရေးပြဿနာ၊ ပထဝီနိုင်ငံရေးပြဿနာဖြစ်တဲ့ ရုရှားနဲ့ အကျပ်အတည်းမျိုးကို ကြုံရမယ်လို့ မျှော်လင့်မိခဲ့သေးလား။**

ကျွန်မ မခန့်မှန်းနိုင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ လွတ်လပ်ရေး ၂၃ နှစ်ကာလမှာ ရုရှားက ယူကရိန်းကို စစ်တိုက်ဖို့ စတင်လာလိမ့်မယ်လို့ ဘယ်သူမှ မထင်ခဲ့လို့ပါ။ ဒါပေမဲ့ တော်လှန်ရေးအောင်မြင်ပြီးတော့ ယူကရိန်းကို လွတ်လပ်ရေးနဲ့ ဒီမိုကရေစီ အစစ်အမှန် ပေးခဲ့ပါတယ်။ ပူတင်က ဒီတော်လှန်ရေးကို လုံးဝလက်မခံနိုင်ခဲ့ပါဘူး။ သူက ဒီနိုင်ငံရဲ့ အစိုးရထဲမှာ သူ့ကို မှီခိုနေကြရတာကို အသားကျနေပြီ။ သူ့မူဝါဒတွေလည်း ဖော်ဆောင်နိုင်ခဲ့တယ်။ သူ့အင်ပါယာကို ယူကရိန်းမှာ ချဲ့ထွင်ဖို့ပြင်ဆင်ခဲ့တယ်။ ကျွန်မတို့ တော်လှန်ရေးက သူ့ရဲ့ အဲဒီအစီအစဉ်တွေကို ပြောင်းပြန်လှန်ပစ်လိုက်တာပါ။

**ယူကရိန်းနိုင်ငံအရှေ့ပိုင်းဒေသမှာ ဒီမိုကရေစီနည်းအရရော၊ လူမှုနည်းလမ်းအရပါ ကိုယ်စားပြုမှုမှာ ပြဿနာကြီးတစ်ရပ် ရှိနေပါတယ်။ ဘာကြောင့်လဲဆိုတော့ Party of Regions ပါတီတစ်ခုဖြစ်ပြီးယာနူကိုဗစ်ချ်က ဒီပါတီရဲ့ အသံဖြစ်ပါတယ်။ ယာနူကိုဗစ်ချ် မပါဘဲနဲ့ဆိုရင် Party of Regions က ခြေကျိုးနေတဲ့ ဘဲတစ်ကောင်လိုပဲဖြစ်မှာပါ။ ပြဿနာတွေကလည်း ဆက်ကျန်ရှိနေမယ်။ အဲဒီလိုဖြစ်နေတာ မဟုတ်လား။**

ရှင်ပြောတာ မှန်ပါတယ်။ ယူကရိန်းအရှေ့ပိုင်းနဲ့ တောင်ပိုင်းတို့က သူတို့ကို အာရုံစိုက်မှုနည်းတယ်လို့ ခံစားနေကြတယ်။ သူတို့မှာ အားထားရမယ့် နိုင်ငံရေးသမားတွေ မရှိဘူး။ ဒါကြောင့် ပြီးခဲ့တဲ့ သီတင်းပတ်တွေထဲမှာ ကျွန်မ ယူကရိန်းအရှေ့ပိုင်း ဒိုးနက်စ်၊ လူဟန့်စ်တို့လို နေရာတွေကို သွားခဲ့ပြီး အရှေ့ပိုင်းက ယူကရိန်းနိုင်ငံသားတွေရဲ့ အသံတွေကို နားထောင်ဖို့၊ ယူကရိန်းအစိုးရကို သူတို့ပြောချင်တာတွေကို နားလည်နိုင်ဖို့ သွားခဲ့တာပါ။ အစိုးရသစ်ဆီက သူတို့ ဘာလိုချင်တာလဲဆိုတာကို နားလည်ချင်ပါတယ်။ သူတို့ကို ထောက်ခံအားပေးဖို့ ကျွန်မ အဆင်သင့်ဖြစ်နေပါတယ်။ တစ်ဦးနဲ့တစ်ဦး နားလည်ဖို့ ကြိုးပမ်းတာဟာ ငြိမ်းချမ်းရေးဆီ ပြန်ရောက်ဖို့ နည်းလမ်းလည်းဖြစ်ပါတယ်။

**လူကြီးမင်းက လိမ္မော်ရောင်တော်လှန်ရေးရဲ့ ခေါင်းဆောင်တွေထဲက တစ်ဦးနော်။ ဒါကြောင့် ကျွန်တော်တို့ဘက်က အမြင်တွေအရဆိုရင် ယူကရိန်းမှာတင်မကဘဲ တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံတွေကိုပါ လိမ္မော်ရောင်တော်လှန်ရေးနဲ့ မိုင်ဒန်ရင်ပြင်ထဲက ဖြစ်စဉ်တွေရဲ့ ကွာခြားချက်ကို ရှင်းပြပေးနိုင်မလား။**

လိမ္မော်ရောင်တော်လှန်ရေးက သမ္မတလောင်းတစ်ဦးကို ထောက်ခံမှုတစ်စိတ်တစ်ပိုင်းနဲ့ မွေးဖွားလာခဲ့တာပါ။ ဗစ်တာယူရှင်ကိုကို ထောက်ခံခဲ့တာပေါ့။ ဒါကြောင့် ဒီတော်လှန်ရေးဟာ နိုင်ငံရေးသမားတွေက ထောက်ခံအားပေးမှုရှိခဲ့ပြီး ပြည်သူတွေက အနိုင်ရခဲ့ကြတယ်။ အခု မိုင်ဒန်တော်လှန်ရေးကတော့ လုံးဝကွဲပြားပါတယ်။ ဒီတော်လှန်ရေးက နိုင်ငံရေးနဲ့ နိုင်ငံရေးသမားတွေ မပါဘဲဖြစ်လာခဲ့တာပါ။ ဒီပွဲက အရပ်ဘက် လူ့အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ သူတို့နောက်ကို လိုက်တဲ့သူတွေရဲ့ တော်လှန်ရေးဖြစ်ပါတယ်။ လွတ်လပ်ရေးကို လိုချင်တဲ့ ယူကရိန်းနိုင်ငံသားတွေရဲ့ တော်လှန်ရေးဖြစ်ပါတယ်။ ဒါကပဲ အရေးကြီးတဲ့ ကွဲပြားခြားနားချက်ပေါ့။

*—Ref: Tymoshenko dismisses civil war fears, says Putin's regime facing its end, 1st May: Euronews.*

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



## Leader's Profile

# ဖင်လန်နိုင်ငံသမ္မတ ဆော်လီနီနစ်စထရိ

ရဲမင်း

မစ္စတာဆော်လီနီနစ်စထရိ သည် ဖင်လန်နိုင်ငံ၏ ၁၂ ယောက် မြောက် သမ္မတဖြစ်သည်။ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်မှစ၍ ယခုအချိန်ထိ သမ္မတတာဝန်ထမ်းဆောင် ဆဲဖြစ်သည်။

မစ္စတာဆော်လီကို ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်က ဖင်လန် နိုင်ငံ ဆာလိုမြို့တွင် မွေးဖွားခဲ့ သည်။ ဆော်လီသည် တာကူး တက္ကသိုလ်တွင် ပညာသင်ကြား ခဲ့ပြီး ဥပဒေဘွဲ့ရရှိကာ ဖင်လန်ရေ တပ်တွင် ဗိုလ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်း နောက်တွင် ဆော်လီသည် ၎င်း မွေးဖွားရာ ဆာလိုမြို့တွင် ဥပဒေ ကုမ္ပဏီတစ်ခုကို တည်ထောင်ခဲ့ သည်။

ဆော်လီသည် ဆာလိုမြို့ မြူနီစီပယ်ကောင်စီတွင် ၁၉၇၇ မှ ၁၉၉၂ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ် တွင် ဖင်လန်ပါလီမန်အမတ် အ ဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၄ ခုနှစ်တွင် အမျိုးသားညွန့်ပေါင်း ပါတီခေါင်းဆောင်ဖြစ်လာခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဝန်ကြီးချုပ် ပါဗို လစ်ပိုနင်၏ အစိုးရအဖွဲ့၌ တရား ရေးဝန်ကြီးအဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။

ဆော်လီသည် ၁၉၉၆ မှ ၂၀၀၃ ခုနှစ်အတွင်း ဘဏ္ဍာရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြီး တင်းကျပ်သော ငွေကြေးမူ ဝါဒကို ကျင့်သုံးခဲ့သည်။ ထို့အ ပြင် ဆော်လီသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က ယူရိုငွေ ကြေးဖြင့် ပစ္စည်းဝယ်ယူသော ပထမဆုံး ဖင်လန်နိုင်ငံသား ဖြစ်ခဲ့ သည်။ ၂၀၀၀ ပြည့်နှစ်ရွေးကောက် ပွဲတွင် ၎င်း၏အမျိုးသားမဟာမိတ် ပါတီက ဆော်လီကို သမ္မတရွေး ကောက်ပွဲဝင်ရန် ပြောကြားခဲ့ သော်လည်း ၎င်းက ငြင်းဆန်ခဲ့ သည်။ ၂၀၀၁ ခုနှစ်တွင် နိုင်ငံရေး မှ တဖြည်းဖြည်းအနားယူမည်ဟု ပြောကြားခဲ့၍ ပါတီခေါင်းဆောင် နေရာတွင် အခြားတစ်ဦးဖြင့် အ စားထိုးခဲ့ရသည်။ သို့သော် ၂၀၀၃ ခုနှစ်တွင် ဖင်လန်နိုင်ငံ ဘဏ္ဍာ ရေးဝန်ကြီးတာဝန် ထမ်းဆောင် ခြင်း သက်တမ်းပြည့်ပြီး နောက် ဥရောပရင်းနှီးမြှုပ်နှံမှု ဘဏ်၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

၂၀၀၅ ခုနှစ်တွင်မူ အမျိုး သားညွန့်ပေါင်း ပါတီကိုပင် ကိုယ် စားပြု၍ ဖင်လန်သမ္မတရွေး ကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ သည်။ ဒုတိယအကျော့ ထိပ်တိုက် မဲခွဲမှု အဆင့်အထိ ရောက်ရှိခဲ့ သော်လည်း မစ္စတာဂျာဟာလိုနင် ကို ရှုံးနိမ့်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ပါလီမန် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။ ယင်းနောက် ဆော်လီသည် ၂၀၀၇ မှ ၂၀၁၁ ခုနှစ်အထိ ဖင်လန်ပါလီမန်ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ဆော်လီသည် ဥရောပ ပြည်သူ့ ပါတီ၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌလည်း ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် အမျိုးသား ညွန့်ပေါင်းပါတီကိုပင် ကိုယ်စား ပြု၍ ဒုတိယအကြိမ် သမ္မတရွေး ကောက်ပွဲဝင်ခဲ့ပြီးဒုတိယအကျော့ အထိ ယှဉ်ပြိုင်ခဲ့ရသော်လည်း ပြိုင်ဘက်ဖြစ်သူ ဟာဗစ်စတိုကို အနိုင်ရရှိခဲ့သည်။

ဆော်လီသည် အိမ်ထောင် နှစ်ဆက်ကျခဲ့သည်။ ၁၉၉၅ ခုနှစ် တွင် ဇနီးဖြစ်သူ မာဂျာလီနာ သေ ဆုံးခဲ့ပြီးနောက် ၂၀၀၉ ခုနှစ် ဇန်န ဝါရီလတွင် ဒုတိယဇနီးသည် ဂျင် နီဟောကီယိုကိုလက်ထပ်ခဲ့သည်။ ဖင်လန်နိုင်ငံတွင် ဆော်လီမှာ ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူ နာမီတွင် အသက်ရှင်ကျန်ရစ်သူ အဖြစ်လည်း အမှတ်ရနေကြ သည်။ ဆူနာမီလှိုင်းများ ဝင် ရောက်ချိန်တွင် ထိုင်းနိုင်ငံ ကောင် လက်ဒေသတွင် ရောက်ရှိနေသော ၎င်းနှင့် သားဖြစ်သူ မာသီမက်ကို သည် တယ်လီဖုန်းတိုင်တစ်တိုင် ပေါ်တက်ရောက်ဖက်တွယ်ထား ရင်း အသက်ဘေးမှ လွတ်မြောက် ခဲ့သည်။ *—Ref: Wikipedia*

## CAREER OPPORTUNITY: FOR JOINING BMW LUXURY CAR OPERATION

| No | Job Title | Experience | Age | Qualification | No of Requirement |
|---|---|---|---|---|---|
| 1 | Sales Manager | 3 years experience in Sales and Team Management | between 25-50 years old | Any Graduate (or) Preferable for MBA/ BBA / DBA | 1 person (Male / Female) |
| 2 | Sales Consultant | at least 2 years experience in related field | between 22-35 years old | Any Graduate | 6 persons (Male / Female) |
| 3 | Parts Manager | at least 3 years experience in related field. Strong Knowledge of Parts, Logistics process and system | between 30-50 years old | M.E / B.E / A.G.T.I / G.T.I / B.Tech | 1 person (Male / Female) |
| 4 | Service Advisor | at least 2 years experience in related field | between 25-35 years old | M.E / B.E / A.G.T.I / G.T.I / B.Tech | 2 persons (Male / Female) |
| 5 | Service Technician | at least 2 years experience in related field. Basic Computer and English Speaking | between 22-35 years old | M.E / B.E / A.G.T.I / G.T.I / B.Tech | 10 persons (Male / Female) |
| 6 | Trainer | at least 3 years experience in related field. Good Teaching Skills person and Good Skill for English speaking, computer | between 30-50 years old | Any Graduate | 2 persons (Male / Female) |

Please send your CV, copy of degree certificate, NRC, Labour Registration card (if any) and recent (3) photos to:

**Prestige Automobiles Co.,Ltd**
No:42-47, Corner of Yangon-Pathein Road and YTU Street,Hlaing Tharyar Township, Yangon,Myanmar.
Tel : 09-49342295, 09-73065032
E-Mail: hr@pac-bmw.com

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ကမ္ဘာ့ဘဏ်မှ ငါးနှစ်သက်တမ်း ချေးငွေ ဒေါ်လာ ၁၂ ဘီလီယံ ပါကစ္စတန်ရရှိ

**အစ္စလာမာဘတ်၊ မေ-၃**

ကမ္ဘာ့ဘဏ်သည် ငွေကြေးအကျပ်အတည်း ကြုံတွေ့နေသော ပါကစ္စတန်နိုင်ငံသို့ ချေးငွေ ဒေါ်လာ ၁၂ ဘီလီယံ ထုတ်ချေးရန် အတည်ပြုလိုက်သည်။

ထိုချေးငွေများမှာ နှစ် ၃၀ ကာလအပိုင်းအခြားဖြင့် ပြန်ဆပ်ရမည်ဖြစ်ပြီး အတိုးနှုန်းမှာ ၂ ရာခိုင်နှုန်းဖြစ်ကြောင်း ဆိုသည်။

ပါကစ္စတန် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ထိုချေးငွေများကို စွမ်းအင်၊ စီးပွားရေး၊ အစွန်းရောက်ဝါဒ တိုက်ဖျက်ရေးနှင့် ပညာရေးကဏ္ဍများတွင် သုံးမည်ဖြစ်ကာ လာမည့်အပတ်တွင် ပါကစ္စတန်သို့ ဒေါ်လာတစ်ဘီလီယံ လွှဲပေးသွားမည်ဖြစ်ကြောင်း ဆိုသည်။

ပါကစ္စတန်သည် စွမ်းအင်အကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီး အလုပ်လက်မဲ့နှုန်းမြင့်မားမှု၊ အစိုးရက အခွန်မှရရှိသည့် ငွေပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရပြီး အစိုးရအသုံးစရိတ်များအတွက် ကြွေးမြီများကိုလည်း ပေးချေရန်ရှိနေသည်။

နိုင်ငံသည် ၎င်း၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ပြည်ပမှ တင်သွင်းသည့် ရေနံကို အဓိကမှီခိုနေရသည်။

ကမ္ဘာ့ဘဏ်က ၎င်းတို့ ချေးငွေမှ ဒေါ်လာ သန်း ၆၀၀ ကို လျှပ်စစ်ဓာတ်အားကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် သုံးရမည်ဖြစ်ပြီး သန်း ၄၀၀ ကို အလုပ်အကိုင် ဖန်တီးရေးနှင့် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ရေးတွင် ရင်းနှီးမြှုပ်နှံစေမည်ဖြစ်ကြောင်း ဆိုသည်။ —*Ref: Reuters*






CHANNELSTV.COM

# အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် အပူလှိုင်း ရိုက်ခတ်မှုများကျရောက်

**နယူးဒေလီ၊ မေ-၃**

အိန္ဒိယနိုင်ငံ နေရာအနှံ့အပြားတွင် အပူလှိုင်းရိုက်ခတ်မှုများရှိနေပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ လေအေးပေးစက်များ မသုံးနိုင်မှုတို့ကြောင့် အများစုမှာ ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ဝန်းကျင်ရှိသည့် အပူဒဏ်များကို ခံစားနေရသည်။

အိန္ဒိယနိုင်ငံတွင် နွေရာသီဝင်ရောက်မှုမှာ အစပိုင်းပင်ရှိသေးသော်လည်း အလွန်ပူပြင်းနေပြီး မြို့တော်နယူးဒေလီမှာ အပူဆုံးရက်ကို ဖြတ်သန်းခဲ့ရကာ ၄၂ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့သည်။

ထိုစံချိန်မှာ ပုံမှန်အပူချိန်ထက် သုံးဒီဂရီပိုများနေသည်။

"ပြီးခဲ့တဲ့တစ်ပတ်လောက်ကပဲ ရာသီဥတုက နေထိုင်ကောင်းရုံအေးပါသေးတယ်။ ဒါပေမဲ့ အခုအရမ်းပူလာတယ်။ ပူတာလည်း မြန်လွန်းတယ်။ မေနဲ့ ဇွန်လတွေကတော့ ဒီထက်ပိုဆိုးမယ်ထင်တယ်"ဟု ဒေလီမြို့ဒေသခံတစ်ဦးဖြစ်သူ ဟီတက်ရှ်ကူးမားက ပြောသည်။

အပူရှိန်မြင့်တက်မှုများမှာ နိုင်ငံအရှေ့ပိုင်း နေရာများကိုလည်း သက်ရောက်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားရာ ဗုဒ္ဓဂယာတွင်လည်း အပူဒဏ် မြင့်မားခဲ့သည်။

အပူဒဏ်ပြင်း၍ ဘုရားဖူးခရီးစဉ်များကို ဖျက်သိမ်းခဲ့ကြသည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးကလည်း ယခုရာသီမှာ အပူရှိန်မြင့်လွန်းသောကြောင့် ဘုရားဖူးများ အလာအနည်းဆုံး ရာသီဖြစ်ကြောင်း ဆိုသည်။

နိုင်ငံအရှေ့ပိုင်းမှ ဩဒိဿပြည်နယ်မှာ အပူဒဏ်များကို အဆိုးရွားဆုံးခံရသည့်နေရာ ဖြစ်သည်။

ပြီးခဲ့သည့်ဆယ်ရက်တာအတွင်း အပူဒဏ်ကြောင့် သေဆုံးသူဦးရေ ၃၀ ဦးရှိခဲ့သည်။

ပြည်နယ်အစိုးရက အပူဒဏ်ကြောင့် စာသင်ကျောင်းများအားလုံးကို ပိတ်ခိုင်းထားပြီး လေအေးပေးစက်မပါဝင်သော ဘတ်စ်ကားများကို နံနက် ၁၁ မှ ညနေ ၃ နာရီအတွင်း ပြေးဆွဲခြင်းမပြုရန် ပိတ်ပင်ထားသည်။

—*Ref: CAN*

7 DAY NEWS JOURNAL

Entertainment

Vol.13, No.9 • MAY 7 , 2014



# ကိုရီးယားအနုပညာရှင်များထဲမှာ တွစ်တာပရိသတ်အများဆုံးဖြစ်တဲ့ ရှီဝမ်

**ဆိုးလ်၊**
**မေ-၃**

တောင်ကိုရီးယားနာမည်ကျော် အဆိုရှင်များအဖွဲ့ Super Junior မှ အဖွဲ့သား ချွဲရှီဝမ်သည် လူမှုမီဒီယာတွစ်တာတွင် ကြည့်ရှုသူ လေးသန်းကျော်ရှိသည့် ပထမဆုံး ကိုရီးယားအနုပညာရှင်ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် တွစ်တာပရိသတ် တစ်သန်းခန့်ရှိသော ရှီဝမ်သည် နှစ်စဉ် တွစ်တာပရိသတ် တစ်သန်းစီ တိုးခဲ့ရာမှ လာမည့် ၂၀၁၅ ခုနှစ်၌ လူမှုမီဒီယာတွစ်တာတွင် ဖောလိုးလုပ်သူပေါင်း ငါးသန်းကျော်ရှိလိမ့်မည်ဟု ခန့်မှန်းထားသည်။

ကေပေါ့ပ်စတား ချွဲရှီဝမ်သည် တွစ်တာနှင့်ဆင်တူသော တရုတ်လူမှုမီဒီယာ Weibo တွင် ကြည့်ရှုသူ ၁၃ သန်းခန့်ရှိသည်ဟု Allkpop သတင်းက ဖော်ပြသည်။ ချွဲရှီဝမ်သည် တွစ်တာစာမျက်နှာတွင် ၎င်း၏ နေ့စဉ်ဘဝကို အဓိကဖော်ပြလေ့ရှိပြီး ယင်းလူမှုမီဒီယာတွစ်တာကို ပရိသတ်များနှင့် အပြန်အလှန်ဆက်သွယ်ရေး ဗဟိုချက်အဖြစ် အသုံးပြုသည်။

ချွဲရှီဝမ်သည် ဟောင်ကောင်နာမည်ကျော်မင်းသား ဂျက်ကီချန်းနှင့် ခင်မင်ရင်းနှီးသူဖြစ်ပြီး ဂျက်ကီချန်းစီစဉ်သော Dragon Blade သမိုင်းအခြေခံ အက်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်မည်ဟူသော သတင်းများ ထွက်ပေါ်လျက်ရှိသည်။

*—Ref: KpopStarz*



# “ဇာတ်ကားရိုက်ချိန်နဲ့ ရုံတင်ချိန် ကွာဟနေတော့ ပရိသတ်က ပုပ်ကုန်တွေစားနေရတယ်”

## ■ ဒါရိုက်တာဝိုင်းနှင့်တွေ့ဆုံခြင်း

**ဇွဲဉာဏ်**

**ဇာတ်ကားတိုင်းလိုလို ပရိသတ် အားပေးမှုရနေပြီး ပရိသတ်ပေးသည့် အကယ်ဒမီရရှိထားသူမှာ ဒါရိုက်တာဝိုင်းဖြစ်သည်။ ကိုယ်တိုင်ရုပ်ရှင်ထူးချွန်ဆု မရရှိသေးသော်လည်း ၎င်းရိုက်ကူးသည့် ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်သော ဇာတ်ဆောင်များအကယ်ဒမီရရှိအောင် စွမ်းဆောင်ပေးကာ ၎င်း၏အရည်အချင်းကို ပြသနိုင်ခဲ့သည်။ လတ်တလောတွင်လည်း ၎င်းရိုက်ကူးထားသည့် ‘မာယာပရောဂျက်’ ဇာတ်ကားရုံတင်ပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့ပြီး မကြာမီရက်ပိုင်းတွင်လည်း ‘စေတန်ရဲ့ကချေသည်’ ဇာတ်ကားရုံတင်ပြသတော့မည် ဖြစ်သောကြောင့် ဒါရိုက်တာဝိုင်း ကို လက်ရှိရုပ်ရှင်လောကတွင်ရင်ဆိုင်နေရသည့် ရုံတင်စနစ်အပါအဝင် ၎င်း၏အနုပညာလှုပ်ရှားမှုများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေ ၉ရက်မှာရုံတင်မယ့်‘စေတန်ရဲ့ကချေသည်’ ဇာတ်ကားက ကိုယ်တိုင်လည်း အားရကျေနပ်မှုရှိတဲ့ ရုပ်ရှင်ဆိုတော့ ဒီရုပ်ရှင်နဲ့ပတ်သက်ပြီး ပရိသတ်တွေဆီက ဘာတွေမျှော်လင့်ထားလဲ။**

အာဒံ ဧဝ ဒဿပြီးတဲ့ အချိန်နောက်ပိုင်းမှာ အစ်ကို့စိတ်ကြိုက် အချစ်ကားကိုပြောပါဆိုရင် စေတန်ပဲ။ ဒီကားလို အဆုံးသတ်မျိုးဆိုတာက နည်းနည်းမော်ဆန်တဲ့ အတွေးမျိုးရမှဖြစ်တာပါ။ ရှင်းရှင်းပြောရရင် အစ်ကိုအဲဒီလိုအဆုံးသတ်မျိုးစိတ်ကူးရလိုက်တာက ကြက်ကန်းတိုးသွားတာဖြစ်မှာပါ။ စေတန်ရဲ့ ကချေသည်က အရမ်းကို သေသပ်ကောင်းမွန်တဲ့ ဇာတ်ကားပါ။ အဲဒါကြောင့် ဒီကားနဲ့ပတ်သက်ပြီး အများကြီးမျှော်လင့်ထားပါတယ်။

**ရုပ်ရှင်တွေရိုက်ထားပြီး ရုံတင်မယ့်အချိန်နဲ့ ကွာဟမှုဖြစ်နေတာကရော ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိပါသလဲ။**

အဓိက ကတော့ ၂၀၁၃မှာ ရိုက်ရင် ၂၀၁၃မှာ လူတွေဘာကြိုက်လဲ။

**စာမျက်နှာ ၄၁ ››**






7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# Brain On Fire ဇာတ်ကားမှာ ရူးကြောင်ကြောင်ဇာတ်ရုပ်နဲ့ တွေ့ရမယ့် ဒါကိုတာဖန်းနင်း

**လော့အန်ဂျလိစ်၊ မေ-၃**

အမေရိကန်သရုပ်ဆောင်မင်းသမီး ဒါကိုတာ ဖန်းနင်းသည် ၂၀၁၂ ခုနှစ်တွင် ရောင်းအားအကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့သော Brain On Fire ကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။



ယင်းရုပ်ရှင်သည် နယူးယောက်ပို့စ် စာရေးဆရာမ ဆူဇန်နာကာဟယ်လန်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ Brain On Fire : My Month of Madness ကို အခြေခံရိုက်ကူးမည်ဖြစ်သည်။ စာရေးဆရာမသည် အသက် (၂၄) နှစ်အရွယ်တွင် ဦးနှောက်ရောင်ခြင်းရောဂါတစ်မျိုးဖြစ်ပွားခဲ့ပြီး မှတ်ဉာဏ်များပျောက်ဆုံးကာ စိတ်မနှံ့သူတစ်ဦးဖြစ်ခဲ့သည်။

ဆူဇန်နာကာဟယ်လန်သည် ဆေးရုံတက်စဉ် အခြေအနေများကို ဆေးရုံလုံခြုံရေး ဗီဒီယိုမှတ်တမ်းများ၊ ဆရာဝန်များ၊ မိသားစုဝင်များနှင့် သူငယ်ချင်းများ၏ ပြောကြားချက်များအပေါ် အခြေခံ၍ Brain on Fire စာအုပ်တွင် ရေးသားခဲ့သည်။

အသက် (၂၀) အရွယ်ရှိ ဒါကိုတာဖန်းနင်းသည် Brain On Fire ဇာတ်ကားတွင် စာရေးဆရာမ ဆူဇန်နာကာဟယ်လန်အဖြစ် သရုပ်ဆောင်သွားမည်ဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကို ဟောလိဝုဒ်မင်းသမီး ရှာလစ်သီရွန်၏ ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက ထုတ်လုပ်သွားမည်ဖြစ်သည်။ ဒါကိုတာဖန်းနင်းသည် ယခုလတွင် ရုံတင်ပြသမည့် ဗြိတိန်ရုပ်ရှင်ဇာတ်ကား Effie Gray ၌ ပါဝင်သရုပ်ဆောင်ထားသည်။

*—Ref: UPI*

# ပြင်ဦးလွင်မှာ ဖျော်ဖြေမယ့် အိုင်စီ

**ဖွဲ့ဉာဏ်**

**ရန်ကုန်၊ မေ-၃**

ပြီးခဲ့သည့်ရက်ပိုင်းက ဂီတသက်တမ်း (၂၄)နှစ်ပြည့်မြောက်ခဲ့သော အိုင်းရင်းခရေ့စ်အဖွဲ့၏ ဖျော်ဖြေပွဲကို ကဆုန်လပြည့်နေ့တွင် ပြင်ဦးလွင်မြို့၌ ပြုလုပ်မည်ဖြစ်ကြောင်း ပုဂံအင်တာတိန်းမန့်မှ စျေးကွက်မန်နေဂျာ ကိုညီက ပြောသည်။

အိုင်းရင်းခရေ့စ်၏ ဖျော်ဖြေပွဲကို အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ပြုလုပ်မည်ဖြစ်ပြီး အဖွဲ့၏ ပင်တိုင်အဆိုရှင်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့နှင့်အတူ နီနီခင်ဇော်နှင့် အိုင်းရင်းဇင်မာမြင့်တို့လည်း ပါဝင်သီဆိုမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ ဖျော်ဖြေပွဲဝင်ကြေးကို ကျပ် ၆,၀၀၀ သတ်မှတ်ထားပြီး မေလ ၁၃ ရက် (ကဆုန်လပြည့်နေ့) နေ့လယ် ၁ နာရီခွဲတွင်မှ စတင်ဖျော်ဖြေမည်ဖြစ်သည်။

ပြီးခဲ့သည့်လအတွင်းက ပြင်ဦးလွင်မြို့၌ ပုဂံအင်တာတိန်းမန့်မှ စီစဉ်ခဲ့သော ဖျော်ဖြေပွဲအချို့မကျင်းပဖြစ်ဘဲ ယခုပွဲကိုမူ ကျင်းပခွင့်ပါမစ်ရရှိပြီဖြစ်ကြောင်း ကိုညီက ပြောသည်။









7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



စာ(၃၉)မှ

# ဒါရိုက်တာဝိုင်းနှင့်တွေ့ဆုံခြင်း

လူတွေဘာလုပ်နေလဲဆိုတဲ့ လူတွေရဲ့စိတ်တွေကိုပဲမှန်းပြီးရိုက်လို့ရပါတယ်။ ၂၀၁၅ကိုမှန်းပြီး ရိုက်လို့ရရင် အစ်ကိုလည်းမြန်မာနိုင်ငံမှာ မနေတော့ဘူး။ အမေရိကပဲသွားနေတော့မယ်။ အဲဒီလိုဆိုတော့ ၂၀၁၃က အတွေးတွေကို ၂၀၁၅မှာ ပြတဲ့အခါပုပ်သိုးသွားတယ်။ အစ်ကိုမြင်တာကတော့ ရုပ်ရှင်ဟာ လတ်ဆတ်တဲ့ကုန်ပစ္စည်းကို ပရိသတ်ကမစားသုံးရဘဲ ပုပ်သိုးတဲ့ကုန်ပစ္စည်းကိုစားသုံးခိုင်းသလိုဖြစ်နေတယ်။ ဒါကလည်း အစ်ကိုတို့ရုပ်ရှင်လောက ကျဆင်းရတဲ့ အကြောင်းရင်းတစ်ခုထဲမှာအပါအဝင်ပဲ။ အစ်ကိုတို့ရဲ့ ကားတွေကိုကြည့်နေရတာ ပရိသတ်တွေက ပုပ်ကုန်တွေကိုစားနေရတာ။ စေတန်ရဲ့ကချေသည်ဆိုအစ်ကိုရိုက်ထားတာလေးနှစ်ရှိပြီ။ သက်မွန်မြင့်အကယ်ဒမီမယူခင်ကတည်းက ရိုက်ထားတဲ့ဇာတ်ကား။ ခု သက်မွန်မြင့် အကယ်ဒမီတောင်ရပြီး ယောကျ်ားတောင်ရနေပြီ။

**မြန်မာရုပ်ရှင်ဇာတ်ကားရုံတင်ပြသတဲ့ ရုံတွေနည်းလာသလို မြန်မာကားဆိုရင် မကြည့်ဘူးဆိုတဲ့ လူတွေများလာစေခဲ့တဲ့အဓိကအကြောင်းရင်းက ဘာဖြစ်မယ်လို့ ထင်ပါသလဲ။**

အဲဒါက ပြသရေးစနစ် မှားယွင်းတာ၊ အခုရုံတင်နေတဲ့ တချို့ကားတွေဆိုရုံမှာ လူမှမရှိတာ။ ပထမပတ်ကတည်းက သိနေပြီ။ ဒီကားက ဒုတိယတစ်ပတ်လည်း လူရှိမှာ မဟုတ်ဘူးဆိုတာ။ ဒါပေမဲ့ အဲဒီကားတွေကို ရုံပေါ်ကနေဆွဲချခွင့် မရှိဘူး။ ရုံကြီးက ဟောင်းလောင်းကြီး။ ပရိသတ်က ကြည့်ချင်လည်း သူ့မှာကြည့်ဖို့ ရုံမရှိဘူး။ ဒီကားကြီးလည်း သူမကြည့်ချင်ဘူးလေ။ ကြည့်ချင်ကြည့်၊ မကြည့်ချင်နေ၊ ငါတို့က တင်ထားမှာပဲဆိုတဲ့ စိတ်ဓာတ်မျိုးက အောက်တန်းကျလွန်းတယ်။ အမှန်မှန်ပရိသတ်က မကြည့်ချင်မှတော့လဲပေးရမှာ။ လဲမပေးတဲ့အခါကျတော့ ပရိသတ်တွေက ရုပ်ရှင်ရုံကို လာဖို့တွန့်သွားတယ်။ ကြည့်လည်းကောင်းမှာမှမဟုတ်တာ။ ဒီကားကြီးပဲ အကြာကြီးတင်နေတာဆိုပြီး ရုပ်ရှင်ရုံကိုမလာတော့ဘူး။ အဲဒီလို အလေ့အကျင့်တွေ ဖြစ်သွားပြီးဒီလိုဖြစ်လာတာ။ ဒီပြသရေးစနစ်ကို ဆက်သွားမယ်ဆို ဒီ့ထက်ပိုဆိုးဖို့ပဲ ရှိတယ်။ အမြန်ဆုံးပြုပြင်ပြောင်းလဲမှ ဖြစ်မှာ။

**ရုပ်ရှင်ဇာတ်ကားတွေကို ရုံပြိုင်စနစ်နဲ့ ပြသနိုင်ရင် ပရိသတ်တွေအတွက် ရွေးချယ်ပြီးကြည့်လို့ရနိုင်တာဆိုတော့ အဲဒီလိုပြောင်းလဲနိုင်ရင်ရုပ်ရှင်လောကအတွက် အကျိုးသက်ရောက်မှုရှိနိုင်မယ်လို့ ထင်လား။**

ရုံပြိုင်စနစ်ကလည်း ရုံများရင် ကောင်းပါတယ်။ အခုလောလောဆယ် ရုံပြိုင်စနစ်မဟုတ်ဘဲ ပရိသတ်ကြည့်ရှုနှုန်းအပေါ်မူတည်ပြီးတော့ ဘယ်နှပတ် ရုံတင်ဆိုပြီး လုပ်သင့်တယ်။ ပရိသတ်မရှိရင် ဆင်း၊ ရုပ်ရှင်တစ်ကားကို သုံးပတ်ရုံတင်ဖို့ သတ်မှတ်ထားပေမယ့် ပရိသတ်မကြိုက်ရင် တစ်ပတ်နဲ့လည်း ဆင်းရမယ်။ နှစ်ပတ်နဲ့လည်း ဆင်းရမယ်။ အဲဒီလို ပြောင်းလဲမှ ကောင်းအောင်ရိုက်မှာ။ အဲဒီလို မဟုတ်ဘဲ ငါဘာရိုက်ရိုက် ကြည့်ဆိုပြီး ရုံပေါ်တင်ထားရင်တော့ သူလည်းပိုက်ဆံမရ။ နောက်ကားကလည်း မတက်၊ ပရိသတ်ကလည်း မကြည့်ရ အကုန်လုံးရှုံးတာ။ တစ်ယောက်တည်း ရှုံးတာ မဟုတ်ဘူး။ အဲဒီလိုနောက်တစ်ပတ်ရုံတင်ထားလည်းအဲဒီလူရမယ့် ပိုက်ဆံက သိန်းနှစ်ဆယ်ထက် မပိုဘူး။ အဲဒီပိုက်ဆံကို မက်နေတဲ့အတွက် လည်စင်းပေးလိုက်ရတာက ရုပ်ရှင်လောကကြီး တစ်ခုလုံး၊ ပရိသတ်တွေအကုန်လုံး၊ အဲဒါတွေကို ဘယ်သူပြင်ဆင်ပေးမှာလဲ။ ဖြေရှင်းပေးမှာလဲ။ သူတို့လုပ်တာမှန်လား။ အခုအစ်ကိုပြောတာ မှန်လားဆိုတာမျက်နှာချင်းဆိုင်လည်း ပြောရဲတယ်။

**ရုပ်ရှင်ဘက်မှာ ကော်ပီရိုက်ကူးမှုတွေရှိတာဆိုတော့အဲဒီလိုရိုက်ကူးတာက မြန်မာ့ရုပ်ရှင်လောကအတွက် ဘယ်လိုဆိုးကျိုးတွေဖြစ်စေလဲ။**

အခုဆို နိုင်ငံခြားမှာတင်တဲ့ကားကို ဒီမှာလည်း တစ်ချိန်တည်းတင်နေပြီ။ ပရိသတ်တွေကလည်း လမ်းဘေးမှာ အချပ်ပေါင်းများစွာ ဝယ်ကြည့်နေတယ်။ အဲဒါကို အရှက်မရှိဘဲ ရိုက်တဲ့လူကတော့ ငတ်နေလို့ပဲ ဖြစ်လိမ့်မယ်။ ငတ်တဲ့အတွက် မခံနိုင်တော့ ခိုးရိုက်တာ။ ဒါက ရုပ်ရှင်လောကကိုလည်း ထိခိုက်တယ်။ အနုပညာဆိုတာ ဖန်တီးမှုလေ။ အစ်ကိုလေ့လာကြည့်တဲ့အခါမှာလည်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ယိုးဒယား၊ စင်ကာပူ၊ အင်ဒိုနီးရှားနဲ့ မလေးရှားမှာ ဘယ်ဟောလိဝုဒ်ကား၊ ဘယ်တရုတ်ကား၊ ဘယ်ကုလားကားကိုမှ ခိုးမရိုက်ပါဘူး။ ကိုယ်ပိုင်ဇာတ်လမ်း၊ ကိုယ်ပိုင်အတွေးအခေါ်နဲ့ ရိုက်ကြတာချည်းပဲ။ အဲဒီအခါ ဘာဖြစ်လာလဲဆိုတော့ အာဆီယံထဲမှာ မြန်မာအနုပညာရှင်တွေက သူခိုးတွေဆိုပြီး ဖြစ်လာလိမ့်မယ်။ အဆိုတော်တွေလည်း ကြည့်တော်တော်များများ ကော်ပီတွေပဲ၊ ရုပ်ရှင်တွေလည်း ကော်ပီတွေပဲဆိုတော့ ကြာတဲ့အခါ သူခိုးတွေဆိုတဲ့ မျက်လုံးနဲ့ကြည့်ရင် နိုင်ငံက သေပြီပဲ။

**ရုပ်ရှင်တစ်ကားကို ပရိသတ်တွေကြိုက်အောင်ဖန်တီးနိုင်ဖို့ အဓိကလိုအပ်ချက်က ဘယ်အရာလို့ ယုံကြည်ထားပါသလဲ။**

အရေးကြီးတာကတော့ ဇာတ်လမ်းရွေးချယ်မှု အပိုင်းပါပဲ။ ပြီးတော့ ဇာတ်ညွှန်းပိုင်းကိုလည်း အဓိကထားဖြစ်တယ်။

**ရိုက်ပြီးသား ရုပ်ရှင်ဇာတ်ကားတွေလည်း ရုံတင်ဖို့ရှိတာဆိုတော့ နောက်ထပ်ရုံတင်မယ့် ဇာတ်ကားတွေကကော ပရိသတ်အတွက်ထူးထူးခြားခြား တင်ပြပုံတွေနဲ့ ဘယ်လိုဇာတ်ကားတွေ ရှိဦးမလဲ။**

အစ်ကိုကတော့ ကားတိုင်းကို ကြိုးစားတယ်။ လမ်းဘေးစကားနဲ့ ပြောရင် စားသုံးသူနဲ့ပဲဆိုင်ပါတယ်။ အစ်ကိုက ကြိုးစားပြီး အရသာမတူအောင်တော့ ချက်တယ်။ တစ်ခါတလေကျလက်လွန်ပြီး အစပ်များရင်လည်း များ၊ အချဉ်များရင်လည်း များသလို အစပ်အဟပ်တည့်ချင်လည်း တည့်သွားမှာပေါ့။ ဒါပေမဲ့ အစပ်များတာကို ကြိုက်သွားတာမျိုးလည်း ရှိနိုင်တယ်။ အဓိကကတော့ ပရိသတ်နဲ့ အစပ်အဟပ်တည့်မှု၊ မတည့်မှုပါပဲ။ အစ်ကို့ဘက်ကတော့ ကြိုးစားထားတယ်လို့ လေးလေးနက်နက် ပြောချင်တယ်။ အစ်ကို့ကြိုးစားမှုကိုလည်း ကားတိုင်းမှာ တွေ့ရမှာပါ။

**ပရိသတ်တွေအနေနဲ့ အက်ရှင်ကားကောင်းကောင်းဆိုရင်ကြိုက်ကြတာဆိုတော့ ရုပ်ရှင်ဇာတ်ကားကို အက်ရှင်ပုံစံဖန်တီးပြဖို့ အစီအစဉ်ရှိလား။**

ရုပ်ရှင်ရုံ သုံးရာရှိတဲ့အချိန်ကျရင် အက်ရှင်ကားကောင်းကောင်းတစ်ကား ရိုက်ပြပါမယ်။ လောလောဆယ် ရုပ်ရှင်ရုံသုံးဆယ်နဲ့တော့ အဲဒီပိုက်ဆံကို မသုံးနိုင်ဘူးနဲ့တူတယ်။ ယမ်းတစ်ချက်ဖောက် ဟိုဘက်က တစ်ချက်လဲပဲ ရိုက်နိုင်မှာဆိုတော့ ဟောလိဝုဒ်အက်ရှင်ကားတွေ ကောင်းနေတဲ့အချိန်မှာ အဲဒီရိုက်ချက်တွေက ခေတ်မစားတော့ဘူး ထင်တယ်။

**ရုပ်ရှင်တစ်ကား ရိုက်ကူးဖို့ရှိတာဆိုတော့ အဲဒီဇာတ်ကားအကြောင်းကိုပြောပြပေးပါလား။ ဘယ်လိုပုံစံ ဇာတ်လမ်းမျိုးဖြစ်မလဲ။**

ရုပ်ရှင်ကားကြီးအနေနဲ့ ချစ်လှစွာသော အမုန်းကို မေလ ၂၃ လောက်မှာ ရိုက်မယ်။ ဒီကားက တခြားကားတွေနဲ့ယှဉ်ရင် နည်းနည်းအေးပါလိမ့်မယ်။ ဒါပေမဲ့ ပရိသတ်ကို Positive Thinking ပေးချင်လို့ ရိုက်ဖြစ်တာ။

**ကျေးဇူးတင်ပါတယ်။** ။

Put your career in gear

We are one of the world's largest air services providers with over 20,000 employees across five continents. The airlines we serve demand the best in efficiency, safety and service excellence. That's exactly what we deliver. Our services on the ground keep the world's airlines in the skies.

**Technical and Ground Handling professionals**
We are seeking qualified professionals to join our Technical Services and Ground Handling teams in Dubai.

- **Metal Workers and Fabricators** (140001YI)
- **Push Back Operator** (1400008F)
- **Maintenance Technicians, Mechanics and Planners-Ground Handling** (140000DD)

**Do you have...?**
- At least 3 years' relevant industry experience with certification in Mechanical or Technical Engineering
- A valid driving licence
- Fluency in English (verbal & written)

Apply before 20th May , 2014 through our appointed agency at arakhr.myanmar2@gmail.com or by visiting Room No 402, 1st Floor, No.246, Upper Pansoedan St., Kyauktada Township, Yangon, Myanmar. Tel: 01-398434.

Assessments will be conducted in Myanmar during the last week of May 2014. Successful candidates will maintain and service ground handling equipment, vehicles and parts excluding aircraft or aircraft parts.

Build your career with one of the world's most respected air services companies.

For full details on each position, please visit **dnata.com/careers**

AMC-HR ARAK MANAGEMENT CONSULTANCY HUMAN RESOURCE

dnata

# စင်ကာပူဆီးဂိမ်းတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၃၀ ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်မည်

## ဆီးဂိမ်းတွင် အမျိုးသမီးဘောလုံးအားကစားနည်း ပါဝင်မည်မဟုတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၅**

စင်ကာပူနိုင်ငံက လက်ခံကျင်းပမည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း သုံးဆယ်ဝန်းကျင်ခန့် ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

"၂၀၁၅ စင်ကာပူဆီးဂိမ်းမှာ အားကစားနည်း ၃၆ မျိုးမှာ မြန်မာနဲ့ မရင်းနှီးတဲ့ အားကစားနည်း ဆယ်မျိုးခန့် ပါဝင်နေပါတယ်။ ဒါပေမဲ့ မြန်မာအားကစားအဖွဲ့အနေနဲ့ လာမယ့် ဆီးဂိမ်းမှာ အားကစားနည်းသုံးဆယ် ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ ရည်ရွယ်ထားပါတယ်" ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူက ပြောသည်။

ဆီးဂိမ်းအဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ပြီးခဲ့သည့် ဧပြီ ၂၈ မှ ၃၀ ရက်အထိ စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၆ မျိုးအား အတည်ပြုခဲ့ကြသည်။

၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစား ၃၆ မျိုးတွင် အိုလံပစ်အားကစားနည်း ၂၄ မျိုး ပါဝင်ခဲ့သော်လည်း မြန်မာလူမျိုးများနှင့် ရင်းနှီးမှုနည်းနေသေးသည့် ဓားရေး၊ နက်ဘော၊ ရပ်ဘီ၊ ဆော့ဖ်ဘော၊ စကွက်ရှ်၊ သုံးမျိုးစုံ၊ ဝါတာစကီ၊ ဖလိုးဘော၊ ဘိုးလင်းစသည့် အားကစားနည်းများလည်း ပါဝင်လာခဲ့သည်။ ထို့အပြင် စင်ကာပူဆီးဂိမ်း၌ အမျိုးသားဘောလုံးပြိုင်ပွဲတစ်ခုသာ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးဘောလုံး အားကစားနည်းအား ထည့်သွင်းကျင်းပမည်မဟုတ်ကြောင်း သတင်းရရှိသည်။

"လာမယ့်ဆီးဂိမ်းမှာ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပဖို့ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတွေက တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ပေမယ့် မရခဲ့ပါဘူး" ဟု ဒုတိယအကြိမ်မြောက် ဆီးဂိမ်းအဖွဲ့ချုပ် အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း ပြိုင်ပွဲအမျိုးအစား (Events) အရေအတွက်အရ ရွှေတံဆိပ် ၄၀၂ ဆုချီးမြှင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်ပြုလုပ်ခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင်မူ အားကစားနည်း ၃၃ မျိုးသာ ထည့်သွင်းကျင်းပခဲ့သော်လည်း ရွှေတံဆိပ် ၄၆၁ ခု ချီးမြှင့်ခဲ့သည်။




*(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားနေပြည်တော်တွင် ကျင်းပနေစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

မြန်မာအားကစားအဖွဲ့အနေဖြင့် လာမည့် ၂၀၁၅ ဆီးဂိမ်းအတွက် ရည်ရွယ်၍ လက်ရှိတွင် အားကစားနည်း ၂၃ မျိုးတွင် အားကစားသမားစုစုပေါင်း လေးရာကျော်ဖြင့် နေပြည်တော်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

"လက်ရှိတော့ နေပြည်တော်မှာ အားကစားနည်း ၂၃ မျိုးအတွက် လေ့ကျင့်နေပါပြီ။ မြန်မာနဲ့ မရင်းနှီးသေးတဲ့ အားကစားနည်းတွေကိုလည်း ဖွဲ့စည်းစုစည်းပြီး ထပ်မံလေ့ကျင့်ပေးသွားဖို့ စီစဉ်နေပါတယ်။ အကောင်းဆုံး ပြင်ဆင်သွားမှာပါ။ ၂၀၁၅ ဆီးဂိမ်းမှာ ဆုတံဆိပ်မျှော်မှန်းချက်နဲ့ ပတ်သက်လို့ကတော့ ပြောဖို့ စောပါသေးတယ်" ဟု မြန်မာအားကစားအဖွဲ့ယှဉ်ပြိုင်လေ့ကျင့်ရေး တာဝန်ရှိသူက မေလ ၅ ရက်က ပြောသည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၆ ခု အပါအဝင် ဆုတံဆိပ်စုစုပေါင်း ၂၃၃ ခု ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုတွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ ရွှေတံဆိပ်ဆုများ ရရှိခဲ့ကြသည့် ဗိုဗီနမ်၊ ကမ်ပို၊ စစ်တုရင်၊ နပန်း၊ ကရာတေးဒို၊ ကာယဗလ၊ အလေးမစသည့် အားကစားနည်းများသည် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ခြင်းမရှိပေ။ မြန်မာအားကစားအဖွဲ့သည် ပြီးခဲ့သည့် ဆီးဂိမ်းတွင် အထက်ပါ အားကစားနည်းခုနစ်မျိုးမှ ဆုတံဆိပ် ၂၄ ခု ဆွတ်ခူးနိုင်ခဲ့သည်။

(၂၇) ကြိမ်မြောက် မြန်မာဆီးဂိမ်းတွင် ပါဝင်ခဲ့သည့် အားကစားနည်းအများစု မပါဝင်လာခြင်း၊ မြန်မာလူမျိုးများနှင့် ရင်းနှီးမှုမရှိသည့် အားကစားအချို့ ပါဝင်လာခြင်းတို့ကြောင့် လာမည့် ၂၀၁၅ စင်ကာပူဆီးဂိမ်းတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အိမ်ရှင်ဆီးဂိမ်းတွင် ရရှိထားသည့် အဆင့်ရပ်တည်မှုထက် အဆင့်များ ကျဆင်းသွားနိုင်ကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက အောင်ပွဲရ လက်ဖွေ့သမားများ ဂုဏ်ပြုပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

(၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို လာမည့် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံက လက်ခံကျင်းပမည်ဖြစ်သည်။

**၂၀၁၅ ဆီးဂိမ်းတွင်**
**ထည့်သွင်းကျင်းပမည့်**
**အားကစားနည်း ၃၆ မျိုး**

၁။ ရေကူး၊ ၂။ မြားပစ်၊ ၃။ ပြေးခုန်ပစ် ၄။ ကြက်တောင် ၅။ ဘတ်စကက်ဘော ၆။ ဘိလိယက်/စနူကာ ၇။ ဘိုးလင်း ၈။ လက်ဝှေ့ ၉။ ကနူးယက် ၁၀။ စက်ဘီး ၁၁။ မြင်းစီး ၁၂။ ဓားရေး ၁၃။ ဖလိုးဘော ၁၄။ ဂေါက်သီး ၁၅။ ကျွမ်းဘား ၁၆။ ဟော်ကီ ၁၇။ ဂျူဒို ၁၈။ နက်ဘော ၁၉။ ပန်ကြပ်ဆီလတ် ၂၀။ ပီတန်း ၂၁။ အနောက်တိုင်းလှေ ၂၂။ ရပ်ဘီ ၂၃။ ရွက်လှေ ၂၄။ ပိုက်ကျော်ခြင်း ၂၅။ သေနတ်ပစ် ၂၆။ ဆော့ဖ်ဘော ၂၇။ စကွက်ရှ် ၂၈။ စားပွဲတင်တင်းနစ် ၂၉။ တိုက်ကွမ်ဒို ၃၀။ တင်းနစ် ၃၁။ ရိုးရာလှေ ၃၂။ သုံးမျိုးစုံ ၃၃။ ဘော်လီဘော ၃၄။ ဝါတာစကီ ၃၅။ ဝူရှူး ၃၆။ ဘောလုံး

# ကမ္ဘာ့အဆင့် သတ်မှတ်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမဆုံးအကြိမ် လက်ခံကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၅**

ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ (World Super Series) ကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်တွင် လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အဆိုပါပြိုင်ပွဲကို လာမည့် ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲတွင် သုံးယောက်တွဲ (Regu) ပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး) တစ်မျိုးတည်းကိုသာ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ တစ်နှစ်လျှင် လေးပွဲနှုန်းကျင်းပလျက်ရှိသည့် ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် တတိယအကြိမ်မြောက်ပွဲစဉ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲသို့အမျိုးသား ၁၂ သင်းနှင့် အမျိုးသမီး ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ရန် ရှိနေပြီး မြန်မာပိုက်ကျော်ခြင်းအဖွဲ့ကလည်း (အမျိုးသား၊ အမျိုးသမီး) နှစ်သင်းစလုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

"မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့အနေနဲ့ အတွေ့အကြုံရှိ လူဟောင်းနဲ့ လူငယ်မျိုးဆက်သစ်ကစားသမားတွေ ပူးပေါင်းပြီး ပဏာမလက်ရွေးစင်အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၇ ဦးနဲ့ စခန်းသွင်းလေ့ကျင့်နေပါတယ်" ဟု အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဇင်မိုးကပြောသည်။

မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်းအနေဖြင့် ပြီးခဲ့သည့် မတ်လဆန်းက မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေးပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အဆင့် (၄) နေရာရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် အိမ်ရှင်ပြုလုပ်ခဲ့သည့် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ် နှစ်ခုဆွတ်ခူးရရှိခဲ့သော်လည်း သုံးယောက်တွဲပြိုင်ပွဲမှ ရွှေတံဆိပ်ရရှိခြင်း မရှိခဲ့ပေ။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# အာစင်ဝင်းဂါးသည် စပိန်တွင်သာဆိုပါက အလုပ်ထုတ်ခံရဖွယ်ရှိဟု ဝက်စ်ဘရွန်းနည်းပြပြောကြား



FACUNDO ARRIZABALAGA/ EPA

**လန်ဒန်၊ မေ-၄**

ဝက်စ်ဘရွန်းနည်းပြ ပီပီမဲလ်က နှစ်ပေါင်းများစွာဖလားလက်မဲ့ဖြစ်နေသော အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် စပိန်တွင်သာလုပ်ကိုင်နေပါက နည်းပြရာထူးမှ အလုပ်ထုတ်ခံရဖွယ်ရှိကြောင်း ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ဝင်းဂါးလက်အောက်တွင် ၂၀၀၅ ကအက်ဖ်အေဖလားရခဲ့ပြီးနောက် မည်သည့်ဖလားမှ ထပ်မရတော့ဘဲ ယခုရာသီတွင်လည်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် ရနိုင်မည့် စတုတ္ထနေရာနှင့်သာ ကျေနပ်ရမည်ဖြစ်ကာ ရနိုင်ခြေရှိသည့် ဖလားအဖြစ် မေလ ၁၇ ရက်တွင် ဟူးလ်စီးတီးနှင့် အက်ဖ်အေဖလားဗိုလ်လုပွဲကစားရန်ရှိသည်။

"အာစင်ဝင်းဂါးဟာ စပိန်မှာဆိုရင် ရှင်သန်ဖို့မလွယ်ဘူးလို့ကျွန်တော် ထင်ပါတယ်။ ရီးရဲလ်မှာ အန်ဆယ်လော့တီကြုံခဲ့တာနမူနာကောင်းပါပဲ။ သူဟာ သုံးလလောက် ဖိအားတွေဝင်ခဲ့ပြီး အခုမှ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရောက်ခဲ့တာပါ။ စပိန်နဲ့ ဂျာမနီတို့မှာလည်း ဒီလိုပါပဲ။ နည်းပြချုပ်တွေဟာ ရလဒ်တွေကြောင့်သာ ရှင်သန်ရတာဖြစ်ပါတယ်"ဟု စပိန်သား နည်းပြပီပီမဲလ်က ပြောသည်။

သို့သော် မဲလ်က ဝင်းဂါး အလုပ်မပြုတ်သည်ကိုမအံ့သြကြောင်း၊ ၎င်းသည် အတွေးအခေါ်ကောင်းသူဖြစ်ကြောင်း ဆိုသည်။

အာဆင်နယ်သည် ယခုနှစ်တွင် အက်ဖ်အေဖလားသာရခဲ့ပါက ၂၀၀၅ မှစ၍ ဖလားလက်မဲ့ ဖြစ်နေခြင်းကို အဆုံးသတ်နိုင်မည်ဖြစ်သည်။

အာဆင်နယ်သည် ယခုနှစ် ချန်ပီယံလိဂ်တွင်လည်း (၁၆)သင်းရှုံးထွက်အဆင့် ရောက်ခဲ့ပြီး ဘိုင်ယန်ကို ပထမအကျော့တွင် တစ်ဂိုးစီသရေရကာ ဒုတိယအကျော့အိမ်ကွင်းတွင် ၀–၂ ဂိုးပြတ်ဖြင့် ရှုံးခဲ့ရသည်။

*—Ref: Soccerway*

# အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ မြန်မာဝင်ရောက် ယှဉ်ပြိုင်မည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ မေ-၄**

၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကစားနည်းရှစ်မျိုးဖြင့် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။


မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းလက်ရွေးစင်များ ရွေးချယ်ကာ ပြိုင်ပွဲကိုဝင် ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယခုလက်ရှိတွင် ကစားနည်းတစ်မျိုးတည်းကိုသာ လက်ရွေးစင် ရွေးချယ်ထားပြီး ကျန်ကစားနည်းများအတွက် လူရွေးချယ်ပွဲကို တက္ကသိုလ်များ ပြန်ဖွင့်ချိန်တွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း ဒဂုံတက္ကသိုလ်အားကစားမှူး ဦးညွန့်ဝင်းက ပြောသည်။

"တက္ကသိုလ်များအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ပိုက်ကျော်ခြင်းတစ်မျိုးတည်းပဲ လူရွေးပြီး သွားတယ်။ ကျန်တာတွေကတော့ ကျောင်းပြန်ဖွင့်မှ ရွေးရမယ်" ဟု ၎င်းက ပြောသည်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ၂၀၁၀ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ရွှေတံဆိပ်တစ်ခုသာ ရရှိထားကြောင်း အဆိုပါ ရွှေတံဆိပ်ကို အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ ရယူပေးထားခြင်းဖြစ်ကြောင်း ဦးညွန့်ဝင်းက ပြောသည်။

ယခုနှစ်အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ရေကူး၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် စစ်တုရင်အစရှိသည့် ကစားနည်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ကျင်းပလျက်ရှိသည့် တက္ကသိုလ်များ ချန်ပီယံလိဂ်ပြိုင်ပွဲမှ တက္ကသိုလ်လက်ရွေးစင်များကို ရွေးချယ်သွားမည်ဖြစ်ပြီး ဆန်ခါတင်အဆင့်အနေဖြင့် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နှစ်ခုရှိ တက္ကသိုလ်များ ပူးပေါင်းကာ ထပ်မံရွေးချယ်သွားမည်ဖြစ်ပြီး ပြည်တွင်းနည်းပြ တစ်ဦးငှားရမ်းကာ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရှိရသည်။



7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ချန်ပီယံကို စောင့်ကြည့်ရမယ့် ပရီးမီးယားလိဂ်၊ လာလီဂါပွဲများနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲများ


REUTERS

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်တွေထဲမှာ ပရီးမီးယားလိဂ်ကတော့ နောက်ဆုံးပွဲစဉ်(၃၈)ကို ရောက်လာပါပြီ။ စီးရီးအေမှာတော့ ဂျူဗင်တပ် ဗိုလ်စွဲသွားပြီး ရိုးမားတို့ ဂုဏ်သိက္ခာအရ ကစားနိုင်ပါတယ်။ လာလီဂါမှာတော့ အကြိတ်အနယ် ဆက်ကစားရမှာဖြစ်ပြီး မာလာဂါနဲ့ အိမ်ကွင်းကစားရမှာကြောင့် ကြည့်ကောင်းဦးမယ်ဖြစ်ပြီး ရီးရဲလ်ကတော့ ဆယ်လ်တာဗီဂိုနဲ့ အဝေးကွင်းကစားရမှာဖြစ်ပါတယ်။

**ပရီးမီးယားလိဂ်**

**၁၁၊ မေ၊ တနင်္ဂနွေ**

**ကာဒစ်ဖ်-ချယ်လ်ဆီး**

**ပကျော့ရလဒ် ၁-၄**

ဇယားအောက်ဆုံးက ကာဒစ်ဖ်တို့ တန်းဆင်းရဖို့ သေချာနေပေမယ့် ချယ်လ်ဆီးကို ခံကစားသွားနိုင်ပါတယ်။ ချယ်လ်ဆီးတို့လိဂ် မှာရော၊ အက်ဖ်အေပွဲမှာပါ ၄-၁ ဂိုးရလဒ်တွေနဲ့ချည်း နိုင်ထားဖူးတယ်။ ချယ်လ်ဆီး နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**လီဗာပူး-နယူးကာဆယ်**

**ပကျော့ရလဒ် ၂-၂**

လီဗာပူးအိမ်ကွင်းမှာ အကောင်းဆုံးကစားနိုင်ပြီး ဂိုးသွင်းများနိုင်တယ်။နယူးကာဆယ် ခံစစ်ကစားနိုင်ပေမယ့် လီဗာပူးကို အသင်းလိုက် မယှဉ်နိုင်ပါဘူး။ လီဗာပူး နှစ်ဂိုးအသာလောက်ရနိုင်ပြီး ဂိုးများနိုင်တယ်။

**မန်စီးတီး-ဝက်စ်ဟမ်း**

**ပကျော့ရလဒ် ၃-၀**

ဝက်စ်ဟမ်း ခံစစ်အားနည်းတာကြောင့် အိမ်ရှင်နိုင်ပွဲရသွားမှာပါ။ မန်စီးတီး ဂိုးမများတောင်မှ တစ်ဂိုးအသာနဲ့ အပြန်အလှန်သွင်းရင်း နိုင်မယ့်ပွဲဖြစ်ပါတယ်။

**နော့ဝှစ်ချ်-အာဆင်နယ်**

**ပကျော့ရလဒ် ၁-၄**

နော့ဝှစ်ချ်အသင်း အာဆင်နယ်နဲ့တွေ့တိုင်းဂိုးပြတ်ရှုံးတာများပါတယ်။ အာဆင်နယ် အဆင့်(၄)နဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ခိုင်မြဲဖို့ အနိုင်ကစားသွားမယ့်ပွဲ ဖြစ်ပါတယ်။ အာဆင်နယ် ဂိုးနည်းနိုင်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားနိုင်ပါတယ်။

**စီးရီးအေ**

**၁၀၊ မေ၊ စနေ**

**ရိုးမား-ဂျူဗင်တပ်**

**ပကျော့ရလဒ် ဝ-၃**

ရိုးမား အိမ်ကွင်းနောက်ဆုံးငါးပွဲမှာ လေးပွဲနိုင် တစ်ပွဲသရေကျနေပြီး ဂျူဗင်တပ်ကို အပြန်အလှန်ကစားသွားမှာ ဖြစ်ပါတယ်။ ရိုးမားကပ်နိုင်သွားနိုင်ခြေရှိပြီး သရေပွဲလည်း ဖြစ်နိုင်ပါတယ်။

**၁၁၊ မေ၊ တနင်္ဂနွေ**

**အင်တာမီလန်-လာဇီယို**

**ပကျော့ရလဒ် ဝ-၁**

လာဇီယိုဟာ ကစားရခက်တဲ့ အသင်းဖြစ်ပြီး အင်တာအိမ်ကွင်းဆိုပေမယ့် ထိန်းကစားရနိုင်တယ်။ သရေဖြစ်နိုင်ပြီး အင်တာ နိုင်ရင်လည်း ဂိုးမပြတ်ဘဲ နိုင်မှာပါ။

**လီဗော်နို-ဖီအိုရင်တီးနား**

**ပကျော့ရလဒ် ဝ-၁**

ဖီအိုရင်တီးနား ယူရိုပါလိဂ်ဝင်ခွင့် ကျိန်းသေနေပြီး ဖိအားမရှိဘဲ ကစားနိုင်မှာပါ။ အိမ်ကွင်းမှာ သရေ (သို့မဟုတ်) တစ်ဂိုးအသာပဲ ယူနိုင်မယ်။ လီဗော်နိုနောက်ဆုံးပွဲတွေမှာ ဇယားအောက်ခြေကနေ ရုန်းဖို့ ကြိုးပမ်းနိုင်လို့ပါ။

**လာလီဂါ**

**၁၁၊ မေ၊ တနင်္ဂနွေ**

**အက်သလက်တီကို-မာလာဂါ**

**ပကျော့ရလဒ် ၁-၀**

အက်သလက်တီကို သတိထားရမယ့်ပွဲဖြစ်ပါတယ်။ အာရုံစူးစိုက်မှုလွတ်ရင် ခံရနိုင်တယ်။ အိမ်ကွင်းဆိုပေမယ့် နောက်ဆုံး တွေ့ဆုံမှုတွေအရ ဂိုးမပြတ်နိုင်ဘူး။ အက်သလက်တီကို ဂိုးအနည်းနဲ့ နိုင်ခြေရှိတယ်။

**အယ်လ်ချီ-ဘာစီလိုနာ**

**ပကျော့ရလဒ် ဝ-၄**

အယ်လ်ချီကို ဘာကာ အနိုင် ကစားနိုင်ပါတယ်။ဒါပေမဲ့အယ်လ်ချီ တန်းဆင်းဇုန်ထိပ်နားက ထပ်တက်နိုင်အောင် ဘာကာဆီက အမှတ်ရဖို့ကြိုးပမ်းနိုင်တယ်။ဘာကာ နှစ်ဂိုးလောက် ရနိုင်ပါတယ်။

**ဆယ်လ်တာဗီဂို-ရီးရဲလ်**

**ပကျော့ရလဒ် ဝ-၄**

ဆယ်လ်တာဗီဂိုအိမ်ကွင်းမှာ ရီးရဲလ် သတိထားရမယ့် ပွဲကျပ်ဖြစ်လာနိုင်တယ်။ ပထမအကျော့ ဂိုးရလဒ်မျိုး မထွက်နိုင်ဘဲ နှစ်ဂိုးအများဆုံးပဲ ရီးရဲလ်ရနိုင်တယ်။



# စုံစမ်းစစ်ဆေးမှုတွင် သက်သေခံရန် စနိုးဒန်အား ဖိတ်ကြားမှု ဂျာမနီအစိုးရသတိပေး

**ဘာလင်၊ မေ-၃**

အမေရိကန်နိုင်ငံ၏ သူလျှိုလုပ်ခြင်းကို လွှတ်တော်က စုံစမ်းစစ်ဆေးရာတွင် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ ဝန်ထမ်းဟောင်း အက်ဒဝပ်စနိုးဒန်အား သက်သေအဖြစ် ဆောင်ရွက်ပေးရန် ခေါ်ယူမှုမှာ အမေရိကန်နှင့် ဆက်ဆံရေးကို ထိခိုက်စေလိမ့်မည်ဟု ဂျာမနီအစိုးရက သတိပေးပြောကြားလိုက်သည်။

အမိမြေနှင့် နိုင်ငံရပ်ခြားတွင် အမေရိကန်နိုင်ငံ၏ ထောက်လှမ်းရေး အစီအစဉ်များစွာ၏ အသေးစိတ်အချက်အလက်များကို ဖွင့်ချလိုက်ပြီးနောက် ထွက်ပြေးတိမ်းရှောင်သွားသည့် စနိုးဒန်မှာ ပြီးခဲ့သည့်နှစ်က ရုရှားနိုင်ငံတွင် ခိုလှုံခွင့်ရရှိခဲ့သည်။

၎င်းမှာ ဖမ်းဆီးခံရနိုင်ပြီး အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခံရမည့်အန္တရာယ်များကြောင့် ဂျာမနီကဲ့သို့ အမေရိကန်၏ မဟာမိတ်နိုင်ငံများသို့ ခြေချဖွယ်မရှိဟု ထင်မှတ်ရသည်။

အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် ထောက်လှမ်းရေးပူးပေါင်းဆောင်ရွက်မှုအပေါ် ထိခိုက်နိုင်ပြီး အမေရိကန်–ဂျာမနီ ဆက်ဆံရေးကို အနုတ်သဘော အကျိုးသက်ရောက်စေမည် ဖြစ်သဖြင့် လွှတ်တော်တွင် စနိုးဒန် လာရောက်သက်သေခံစေရန် ဂျာမနီအစိုးရက ဆန္ဒမရှိဟု ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

စနိုးဒန်မှာ နိုင်ငံရပ်ခြားသို့ လာရောက်သက်သေခံရန် ဖြစ်နိုင်သော်လည်း ဂျာမနီနိုင်ငံ၏ လုံခြုံရေး အကျိုးစီးပွားမှာ လွှတ်တော်၏ စုံစမ်းစစ်ဆေးမှုထက် ဦးစားပေး ဖြစ်သင့်သည်ဟု ယင်းကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန် ဥပဒေလုပ်ငန်းတစ်ခုက ဝါရှင်တန်မြို့ရှိ ဂျာမနီသံရုံးသို့ ပေးပို့လိုက်သော အစီရင်ခံချက်တစ်ရပ်တွင် အမေရိကန်နိုင်ငံ၏ထိပ်တန်းလျှို့ဝှက်သတင်းအချက်အလက်များကို ဂျာမနီ၊ ရုရှား (သို့မဟုတ်) အခြားသော နိုင်ငံတစ်နိုင်ငံမှတစ်ဆင့် ဖွင့်ချခြင်းဖြင့် ရာဇဝတ်မှုကျူးလွန်ပါက အမေရိကန်နိုင်ငံက တရားစီရင်ပိုင်ခွင့်ရှိသည်ဟု ဖော်ပြသည်။

အကယ်၍ စနိုးဒန် လာရောက်သက်သေခံပါက အမေရိကန်နိုင်ငံ၏ လျှို့ဝှက်သတင်း အချက်အလက်များကို အများသိစေလိုက်သည့် ဂျာမနီလွှတ်တော်အမတ်တစ်ဦးအနေဖြင့် ဥပဒေချိုးဖောက်ရာကျမည်ဖြစ်သည်။

ဂျာမနီလွှတ်တော်အမတ်များ၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို အမေရိကန်က လေးစားရမည်ဖြစ်သော်လည်း ယင်းသို့ လုပ်ဆောင်ရန် မလိုအပ်ဟု အမေရိကန်ဥပဒေလုပ်ငန်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

—*Ref: Reuters*

# သဘာဝဓာတ်ငွေ့ဈေးနှုန်းသတ်မှတ်ရန် အီးယူ၊ ယူကရိန်းနှင့် ရုရှား ဆွေးနွေးမည်

**ဝါဆော၊ မေ-၃**

သဘာဝဓာတ်ငွေ့ ပေးပို့မှုများတွင် ပြတ်တောက်မှုများ ရှောင်လွှဲနိုင်ရန် ဓာတ်ငွေ့ဈေးနှုန်းကိစ္စကို ယူကရိန်း၊ ရုရှားနိုင်ငံတို့နှင့် ယခုလအတွင်း ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဟု အီးယူက ပြောကြားသည်။

ဝါဆောမြို့တွင် ပြုလုပ်သော သုံးပွင့်ဆိုင် အစည်းအဝေးအပြီး အီးယူ၏ စွမ်းအင်ကော်မရှင်နာမင်းကြီး ရူအန်သာအိုတင်ဂျာက ယင်းသို့ ပြောကြားခြင်းဖြစ်ကာ ယူကရိန်းနှင့် ရုရှား အငြင်းပွားမှုတွင် ဘုံရပ်တည်မှုတစ်ရပ် ရှာဖွေရမည်ဟု ပြောသည်။

ယူကရိန်းက ရုရှားနိုင်ငံနှင့် ပူးပေါင်းမည့်အစား အီးယူနှင့် ပူးပေါင်းရေး လက်မှတ်ထိုးခဲ့ပြီးနောက် ရုရှားက ယူကရိန်း၏ ခရိုင်မီးယားဒေသကို သိမ်းယူခဲ့သည်။

ယင်းနောက် ယူကရိန်းအရှေ့ပိုင်းတွင် ရုရှားက မတည်မငြိမ်ဖြစ်စေသည်ကို အီးယူနှင့် အမေရိကန်တို့က စွပ်စွဲထားသည်။

မော်စကိုက ယူကရိန်းသို့ ရောင်းချသည့် ဓာတ်ငွေ့ဈေးနှုန်းကိုလည်း ၁,၀၀၀ ကုဗမီတာလျှင် ၂၆၈ ဒသမ ၅၀ ဒေါ်လာမှ ၄၈၅ ဒေါ်လာသို့ ဈေးတက်ခဲ့သည်။

ယူကရိန်းက ဈေးနှုန်းသစ်အတိုင်း မပေးဘဲ ကြွေးမြီ ကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံကို မပေးလျှင် ဓာတ်ငွေ့ပေးပို့မှု ကန့်သတ်မည်ဟု မော်စကိုက ခြိမ်းခြောက်ထားသည်။

အီးယူစွမ်းအင်ကော်မရှင်နာအိုတင်ဂျာက ရုရှားနှင့် ယူကရိန်း စွမ်းအင်ဝန်ကြီးများနှင့် တွေ့ဆုံခဲ့ကာ တရားမျှတသော ဈေးနှုန်းတစ်ရပ် ပေါ်ထွက်ရေး အီးယူက ကြားဝင်ညှိနှိုင်းပေးလိုသည်ဟုပြောကြားသည်။

—*Ref: AP*

# ရည်ရွယ်ချက်ရှိရှိ အိတ်ချ်အိုင်ဗီကူးစေလျှင် ရာဇဝတ်မှု သတ်မှတ်မည်

**ကမ်ပါလာ၊ မေ-၃**

အေ့ဒ်စ်ရောဂါ ဖြစ်ပွားစေသော အိတ်ချ်အိုင်ဗီဗိုင်းရပ်စ်အား တမင်တကာ ရည်ရွယ်ချက်ရှိရှိ ပျံ့နှံ့စေပါက ရာဇဝတ်မှုသတ်မှတ်မည့် ဥပဒေကြမ်းတစ်ရပ်ကို ယူဂန်ဒါနိုင်ငံမှ အမတ်များက အတည်ပြုရန် ပြင်ဆင်နေကြသည်။

အစိုးရက အိတ်ချ်အိုင်ဗီကူးစက်ခံရမှု များပြားလာခြင်း ရပ်တန့်ရန် ကြိုးပမ်းခြင်းဖြစ်သော်လည်း တက်ကြွလှုပ်ရှားသူများကမူ အိတ်ချ်အိုင်ဗီပိုးရှိသူများအပေါ် ခွဲခြားဆက်ဆံမှုရှိမည်ကို စိုးရိမ်နေကြသည်။

ယခု ဥပဒေအရ အိတ်ချ်အိုင်ဗီပိုးအား စိတ်ပါလက်ပါနှင့် ရည်ရွယ်ချက်ရှိရှိ ကူးစက်စေကြောင်း ပြစ်မှုထင်ရှား တွေ့ရှိသူများကို ထောင်ဒဏ် ၁၀ နှစ် ချမှတ်သွားမည်ဖြစ်သည်။

သို့သော် ယခုဥပဒေကြောင့် လူအများ အိတ်ချ်အိုင်ဗီစစ်ဆေးမှု လျော့နည်းသွားစေနိုင်သလို ရောဂါပိုးရှိသူများကို ခွဲခြားဆက်ဆံခြင်း အကြောင်းပြချက်လည်း ဖြစ်နိုင်သည်ဟု ယူဂန်ဒါအိတ်ချ်အိုင်ဗီ/အေ့ဒ်စ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ကွန်ရက်အဖွဲ့မှ တက်ကြွလှုပ်ရှားသူ ရှေ့နေဒိုရာကီကွန်ကိုက ပြောကြားသည်။

—*Ref: AP*



Available at :
BONIA Boutique: JUNCTION SQUARE . MDY I Sky Walk
And major Departmental Stores: KABARAYE I Gamone Pwint . NAY PYI TAW I Junction Centre
TAW WIN I Blazon . FMI CENTRE I Parkson
Tel : 09 - 73190362 E-mail : bdt1.bonia@gmail.com FB : Bonia Myanmar
BONIA
The Italian Inspiration

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# အီရန်နျူအစီအစဉ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူများ ယခုသီတင်းပတ်တွင်တွေ့မည်

**ကုလသမဂ္ဂ၊ မေ-၅**

နောက်ဆုံးသတ်မှတ်ရက် ဂျူလိုင် ၂၀ ရက်မတိုင်မီ အီရန်နျူကလီးယား လက်နက်များ ထုတ်လုပ်နိုင်သည့် စွမ်းရည်ကို ကန့်သတ်ထိန်းချုပ်ရန် သဘောတူညီမှုတစ်ရပ် ရရှိရေး မျှော်လင့်ချက်များဖြင့် အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံမှ နျူကလီးယား ကျွမ်းကျင်သူများယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ယင်း အခက်ခဲဆုံး ကိစ္စကို ညှိနှိုင်းဆွေးနွေးရဦးမည်ဖြစ်ကာ မည်သည့်သဘောတူညီမှုမဆို ပျက်ပြယ်နိုင်သည့် အခြေအနေတွင် ရှိနေဆဲဖြစ်သည်။ သို့သော် ယင်းညှိနှိုင်းဆွေးနွေးပွဲများ ပါဝင်သည့် ရုရှား၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)နှင့် ပြင်ပမှ ကျွမ်းကျင်သူများကမူ အီရန်နိုင်ငံမှာပူးပေါင်းဆောင်ရွက်လိုပြီး ယခင်က ရှောင်လွှဲဖူးသည့် မေးခွန်းများကိုဖြေကြားကာအီရန်နိုင်ငံကို ထိခိုက်စေသည့် တားဆီးပိတ်ဆို့မှုများကို အဆုံးသတ်စေမည့် သဘောတူညီချက်တစ်ရပ် ရယူလိုပုံပေါ်သည်ဟု ပြောသည်။

ကုလသမဂ္ဂနျူစောင့်ကြည့်ရေးအဖွဲ့၏ တောင်းဆိုမှုများ အပြည့်အဝရရှိလိမ့်မည်ဟု မေလ ၄ ရက်တွင် အီရန်အရာရှိတစ်ဦးက ပြောကြားထားပြီး အီရန်နိုင်ငံရှိ နေရာနှစ်ခုသို့ နိုင်ငံတကာ နျူ စုံစမ်းစစ်ဆေးရေးမှူးများ လာမည့်ရက်ပိုင်းအတွင်း သွားရောက်စစ်ဆေးမည်ဆိုသော သတင်းကြောင့် သဘောတူညီမှုရရှိရေး မျှော်လင့်ချက်များအတွက် အားတက်စရာဖြစ်ခဲ့သည်။

အီရန်နိုင်ငံ အလယ်ပိုင်းရှိ အာဒါကန်မြို့နှင့် ယာ့ဇ်မြို့တို့ရှိ ယူရေနီယမ်တူးဖော်ရေး မိုင်းတွင်းနှင့် ယူရေနီယမ်သန့်စင်ရေးစက်ရုံတို့သို့ နိုင်ငံတကာစုံစမ်းစစ်ဆေးရေးမှူးများ မေလ ၅ ရက်နှင့် ၆ ရက်တွင် သွားရောက်စစ်ဆေးမည်ဟု အီရန်နိုင်ငံအဏုမြူဌာန ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် ဘီဟာရူကာမယ်ဗန်ဒီကို ကိုးကား၍ အီရန်နိုင်ငံပိုင် IRNA သတင်းဌာနက ဖော်ပြသည်။ မိမိတို့၏နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးအတွက်ဖြစ်ပြီး နျူကလီးယားစွမ်းအင်ထုတ်လုပ်ရန် ရည်ရွယ်သည်ဟု အီရန်နိုင်ငံက ပြောကြားသော်လည်း အမေရိကန်နှင့် မဟာမိတ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံ၏ အမှန်တကယ် ရည်ရွယ်ချက်မှာ နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ဖြစ်သည်ဟု ယုံကြည်ထားကြသည်။

—Ref: AP

နောက်ကျောဖုံး မှ

## မိုဘိုင်းဖုန်းများဖြင့် ဝက်ဘ်ဆိုက်ရှာဖွေမှုလေးပုံတစ်ပုံကို ဖေ့စ်ဘွတ်ခ်ရှာဖွေပေး

အောက်တိုဘာလအတွင်း လေ့လာမှုအရ သိရသည်။

ဖေ့စ်ဘွတ်ခ်မှ သတင်းရရှိသည့် သတင်းတစိုက်မတ်မတ်ရှာသူများ၏ သုံးပုံတစ်ပုံ (၃၈ ရာခိုင်နှုန်း)က ဖေ့စ်ဘွတ်ခ်မှာ သတင်းရရှိရန် အရေးပါသော ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်ဟု ပြောကြားပြီး ခဏတစ်ဖြုတ်သတင်းလိုက်ရှာလေ့ရှိသူများကြား ယင်းသို့ ပြောသူအရေအတွက်မှာ ၄၇ ရာခိုင်နှုန်းရှိသည်။

ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြထားသော သတင်းများကြောင့်သာ မဟုတ်ပါက မိမိမှာ ဝက်ဘ်ဆိုက်အများအပြား၌ သတင်းရှာရန် အချိန်မရှိသောကြောင့် ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကိုလုံးဝအမှန်တကယ် သိရှိနိုင်ဖွယ်မရှိဟု ယင်းလေ့လာမှုအတွင်း ဖြေကြားခဲ့သူတစ်ဦးက မှတ်ချက်ပြု ရေးသားထားသည်။

—Ref: AFP

# တောင်ဆူဒန်အစိုးရ ထိုးစစ်ဆင်မှုရပ်တန့်

**ဘင်တူး၊ မေ-၅**

သူပုန်များလက်မှ ရေနံကြွယ်ဝရာ ဘင်တူးမြို့ကို ပြန်လည်သိမ်းပိုက်ရန်ကြိုးပမ်းနေသော တောင်ဆူဒန်တပ်ဖွဲ့များသည် အပြင်းအထန်ပစ်ခတ်မှုများကြားမှ နောက်ပြန်ဆုတ်ခဲ့သည်ဟု ဘီဘီစီသတင်းထောက်တစ်ဦးက ပြောကြားသည်။

တောင်ဆူဒန်အစိုးရတပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်သီတင်းပတ်ကုန်တွင် သံချပ်ကာယာဉ်တန်းဖြင့် ဘင်တူးမြို့လယ်သို့ ချီတက်ခဲ့ကြသည်။

သို့ရာတွင် ဘင်တူးမြို့စွန်ရှိ ကုလသမဂ္ဂခြံဝင်းအတွင်း နေထိုင်နေသော ဘီဘီစီသတင်းထောက်က တပ်ဖွဲ့တစ်ဖွဲ့ ဆုတ်ခွာလာသည်ကို မြင်တွေ့ခဲ့သည်ဟု ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ တောင်ဆူဒန်နိုင်ငံတွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ပြီး ဘင်တူးမြို့သည် အကြိမ်ကြိမ် လက်ပြောင်းလက်လွှဲဖြစ်ခဲ့သည်။

တောင်ဆူဒန်သမ္မတ ဆယ်ဗာကီယာနှင့် ဒုသမ္မတဟောင်း ရီယက်မေချာတို့အကြား ပဋိပက္ခများကြောင့် တောင်ဆူဒန်နိုင်ငံတွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ပြီး လူရာပေါင်းများစွာ သေဆုံးခဲ့ရသည်။

ရီယက်မေချာ၏သူပုန်တပ်ဖွဲ့များသည် ဧပြီလတွင် ဘင်တူးမြို့ကို သိမ်းပိုက်ခဲ့ပြီး လူရာပေါင်းများစွာအား သတ်ဖြတ်ခဲ့သည်ဟု ကုလသမဂ္ဂက စွပ်စွဲခဲ့သည်။

ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် သမ္မတကီယာနှင့် မေချာတို့အကြား ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူညီမှုရယူနိုင်ခဲ့သည်။

တောင်ဆူဒန်လွတ်လပ်ရေးမရရှိမီ ပြည်တွင်းစစ်အတွင်း စစ်အတူတိုက်ခဲ့သော ကီယာနှင့် မေချာတို့အကြား အာဏာလုမှုကြောင့် လူမျိုးရေးတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့သည် တောင်ဆူဒန်နိုင်ငံသို့ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၈,၅၀၀ ခန့် စေလွှတ်ထားခဲ့သည်။

—Ref: BBC



7DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# ရာဇဝတ်ဂိုဏ်းများနှင့် ပတ်သက်ဖွယ်ရှိသည့်ကလေးများ အသတ်ခံရမှု ဟွန်ဒူးရပ်စ်အာဏာပိုင်များ စစ်ဆေးနေ

**တီဂူစီဂယ်ပါ၊ မေ-၃**

ရာဇဝတ်ဂိုဏ်းများသို့ ဝင်ရောက်ရန် ငြင်းပယ်ပြီးနောက် သတ်ဖြတ်ခံရဖွယ်ရှိသည့် ကလေးငယ် အနည်းဆုံး ခုနစ်ဦးသေဆုံးမှုကို ဟွန်ဒူးရပ်စ်အာဏာပိုင်များက စုံစမ်းစစ်ဆေးနေသည်။

နောက်ဆုံးအမှုတွင် နှိပ်စက်ခံထားရပုံပေါ်သော အသက်ခုနစ်နှစ်အရွယ် ယောက်ျားလေးတစ်ဦး၏ အလောင်းကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းမတိုင်မီတစ်ရက်ကလည်း ၏အသက်(၁၃)နှစ်အရွယ် အစ်ကိုဖြစ်သူ၏အလောင်းကိုတွေ့ရှိထားပြီးဖြစ်သည်။

ယင်း အမှုများအားလုံးမှာ စက်မှုမြို့ ဆန်ပက်ဒရိုဆူလာရှိ လမ်းသရဲဂိုဏ်းများ ကြီးစိုးရာဒေသတစ်ခုအတွင်း ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှာ ကမ္ဘာပေါ်တွင် လူသတ်မှုနှုန်း အမြင့်မားဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။



JORGE CABRERA/REUTERS

***အမေရိကန်က အလိုရှိနေသော မူးယစ်ရာဇာ ကားလို့စ်အာနိုလ်ဒိုလိုဘိုကို ထိန်းသိမ်းထားသည့် စစ်စခန်းစစ်ဆေးရေးဂိတ်အနီး ကစားနေသော ကလေးငယ်များကို ကြည့်နေသည့် လုံခြုံရေးတစ်ဦး***

ယင်းအကြမ်းဖက်တိုက်ခိုက်မှု အများစုမှာ ဟွန်ဒူးရပ်စ်နိုင်ငံ၏ အဓိက လမ်းသရဲဂိုဏ်းများဖြစ်သော မာရာ–၁၈ ဂိုဏ်းနှင့် မာရာဆာလ်ဗာထရူချာတို့ကြား အမြဲမပြတ်တိုက်ခိုက်မှုများကြောင့်ဖြစ်ပွားခြင်းဖြစ်သည်ဟု ဘီဘီစီသတင်းထောက်များက ပြောသည်။

တိုက်ခိုက်မှုများအတွင်း လူထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီးဖြစ်သည်။

စုံစမ်းစစ်ဆေးမှုများကြီးကြပ်ရန် မြောက်ပိုင်းမြို့ ဆန်ပက်ဒရိုဆူလာသို့ ဟွန်ဒူးရပ်စ်ရှေ့နေချုပ် အော်စကာဖာနန်ဒိုချင်ချီလာသည် မေလ ၂ ရက်တွင် သွားရောက်ခဲ့သည်။

ရာဇဝတ်ဂိုဏ်းများ ပါဝင်နေမှုကို စုံစမ်းစစ်ဆေးသွားမည်ဟု ၎င်းကပြောသည်။

သို့သော် ယင်းသတ်ဖြတ်မှုများတွင် လမ်းသရဲဂိုဏ်းများ ပါဝင်သည်ဟု မိမိတို့ ယုံကြည်ကြောင်း ရဲတပ်ဖွဲ့စုံစမ်းစစ်ဆေးရေးမှူးများက ယခင်ကပင် ပြောကြားထားသည်။

*—Ref: BBC*

# တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ဆောက်လုပ်ဆဲ အဝေးပြေးလမ်းလိုဏ်ခေါင်းပြိုကျ၍ လုပ်သားခြောက်ဦးသေဆုံး

**ဘေဂျင်း၊ မေ-၃**

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွီပြည်နယ်တွင် စနေနေ့အစောပိုင်း၌ ဆောက်လုပ်ဆဲ လိုဏ်ခေါင်းတစ်ခု ပြိုကျခဲ့ရာ လုပ်သားခြောက်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်။

ပြိုကျခဲ့သော လိုဏ်ခေါင်းမှာ ချီကျိုးခရိုင်အနီး ယန်ဇီမြစ်ကိုဖြတ်မည့် အဝေးပြေးလမ်းမပေါ်မှ တံတားတစ်ခုအတွက် ဆောက်နေသည့် လိုဏ်ခေါင်းဖြစ်သည်။

ဒဏ်ရာရခဲ့သော လုပ်သားများကို ဒေသခံဆေးရုံသို့ လွှဲပြောင်းကုသပေးထားပြီး မတော်တဆမှုဖြစ်စဉ်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။

သတင်းတွင် သေဆုံးဒဏ်ရာရသည့် လုပ်သားများ၏ အခြေအနေ အသေးစိတ်နှင့် အခြားအချက်အလက်များကို သော်လည်းကောင်း၊ တည်ဆောက်သည့် လုပ်ငန်းခွင်ကို တာဝန်ခံလုပ်ကိုင်သည့် အစိုးရဌာန (သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီအမည်ကိုလည်းကောင်း ဖော်ပြထားခြင်းမရှိပေ။

*—Ref: China.org*



7DAY NEWS JOURNAL

# International

Vol.13, No.9 • MAY 7 , 2014

## ဒေသတွင်းငြိမ်းချမ်းရန် ကြိုးပမ်းသော အင်ဂိုလာနိုင်ငံအခန်းကဏ္ဍ ဂျွန်ကယ်ရီ ချီးကျူး

**လူအန်ဒါ၊ မေ-၅**

အာဖရိကတိုက်တွင် ကြာရှည်စွာဖြစ်ပေါ်နေသည့် ပဋိပက္ခများ ဖြေရှင်းရေး ကြိုးပမ်းမှုများ၌ ရေနံကြွယ်ဝသော အင်ဂိုလာနိုင်ငံ၏ခေါင်းဆောင်မှု အခန်းကဏ္ဍကို ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ချီးကျူးလိုက်သည်။

"ကြာရှည်ကြာညောင်းဖြစ်ပေါ်နေတဲ့ပဋိပက္ခတွေ ဖြေရှင်းရေး အင်ဂိုလာနိုင်ငံရဲ့ ဦးဆောင်မှုနဲ့ ပူးပေါင်းပါဝင်မှုအတွက် အင်ဂိုလာကို ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အင်ဂိုလာသမ္မတ ဒေါ့စ်ဆန်းတို့စ်နဲ့ အင်ဂိုလာနိုင်ငံဟာ အရေးကြီးတဲ့ဦးဆောင်မှု ပေးခဲ့ပါတယ်"ဟု အာဖရိကခရီးစဉ်နောက်ဆုံးခရီးတစ်ထောက် လူအန်ဒါမြို့သို့ ရောက်ရှိလာသော ဂျွန်ကယ်ရီက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်က အီသီယိုပီးယားနိုင်ငံမှ စတင်ခဲ့သော အာဖရိကခရီးစဉ်အတွင်း ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ဒေသတွင်း ဖြစ်ပေါ်နေသော အရက်စက်ဆုံး ပဋိပက္ခများအပေါ် အဓိကအာရုံစူးစိုက်ခဲ့သည်။



SAUL LOEB/POOL/REUTERS

*မေလ ၅ ရက်က လူအန်ဒါမြို့ ဘဏ္ဍာရေးဝန်ကြီးရုံးတွင် တွေ့ဆုံပြီးနောက် အင်ဂိုလာနိုင်ငံခြားရေးဝန်ကြီး ရီဘီလိုချီကိုတီက ကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီအား အစိုးရအဆောက်အအုံများကို ပြသနေစဉ်*

အင်ဂိုလာနိုင်ငံသည် ဒေသတွင်း ပဋိပက္ခများ အထူးသဖြင့် ဗဟိုအာဖရိကနိုင်ငံနှင့် ဒီမိုကရက်တစ် ကွန်ဂိုသမ္မတနိုင်ငံတို့တွင် သာမန်ထက် လွန်ကဲသော အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ဂျွန်ကယ်ရီနှင့် ခရီးသွားနေသော အရာရှိကြီးတစ်ဦးက ပြောသည်။

အင်ဂိုလာသမ္မတ ဒေါ့စ်ဆန်းတို့စ်သည် မကြာသေးမီက အာဖရိကမဟာရေကန်ကြီးများ ဒေသ နိုင်ငံတကာဆက်သွယ်ရေး အဖွဲ့အကြီးအကဲ ဖြစ်လာသည်။

ယင်းအဖွဲ့ကို ဆန်းတို့စ်က တက်တက်ကြွကြွ ဦးဆောင်နေသည်ဟု ကန်နိုင်ငံခြားရေးဌာန အရာရှိကြီးက ဆက်လက်ပြောသည်။

—*Ref: AFP*

## ပေါ်တူဂီနိုင်ငံကို ချေးငွေထပ်မံပေးရန် မလိုအပ်တော့ဟု ဝန်ကြီးချုပ်ပြော

**လစ္စဘွန်း၊ မေ-၅**

ပေါ်တူဂီနိုင်ငံသည် နောက်ထပ်အဆင်သင့် ပြင်ဆင်ထားသော ချေးငွေမလိုအပ်ဘဲ မေလ ၁၇ ရက်တွင် သုံးနှစ်ကြာ ယူရို ၇၈ ဘီလီယံ ကယ်ဆယ်ရေးအစီအစဉ်မှ လွတ်မြောက်တော့မည်ဟု ပေါ်တူဂီဝန်ကြီးချုပ်က ပြောသည်။

ပေါ်တူဂီအတွက် ချေးငွေများကို အီးယူနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)တို့က ၂၀၁၁ မေလက စတင်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှစ၍ ပေါ်တူဂီနိုင်ငံမှာ ကယ်ဆယ်ရေးအစီအစဉ်က ချမှတ်ထားသော သတ်မှတ်ချက်များကို တင်းကျပ်စွာလိုက်နာခဲ့သည်။

"ကြိုတင်သတိထားပြင်ဆင်ထားတဲ့ ဘယ်လိုငွေကြေးအစီအစဉ်မျိုးကိုမှ အားမကိုးဘဲ ငွေကြေးအကူအညီ အစီအစဉ်ကနေ နုတ်ထွက်ဖို့ အစိုးရက ဆုံးဖြတ်ခဲ့ပါတယ်"ဟု ပေါ်တူဂီဝန်ကြီးချုပ် ပက်ဆော့စ်ကိုအယ်ဟိုက နိုင်ငံတော်ရုပ်သံမှ ပြောကြားသည်။

—*Ref: BBC*

## ဖောက်ထွင်းမှုနှင့် ခိုးမှုများကြောင့် အပြစ်ရှိဟု နယူးဇီလန်ဘုရင်၏သားဝန်ခံ

**ဝယ်လင်တန်၊ မေ-၅**

နယူးဇီလန်နိုင်ငံ မာအိုရီဘုရင်၏ သား ကိုရိုတန်ဂီပါကီသည် မေလ ၅ ရက်တွင် အော့ကလန်ခရိုင်တရားရုံး၌ ဖောက်ထွင်းမှုနှင့် ခိုးမှုတို့အတွက် တရားရင်ဆိုင်ခဲ့ပြီး အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်။

အသက်(၁၈)နှစ်အရွယ် ကိုရိုတန်ဂီပါကီနှင့် အပေါင်းအပါသုံးဦးတို့သည် ယခုနှစ်အစောပိုင်းတွင် ဂစ်ဘွန်းမြို့ရှိ အပန်းဖြေဥယျာဉ်တစ်ခုမှ ရေလွှာလှိုင်းစီးရန် ပျဉ်ချပ်ရှည်များကို ခိုးယူခဲ့ပြီး အဆောက်အအုံတစ်ခုအတွင်းသို့ ချိုးဖျက် ဝင်ရောက်ခဲ့သည်ဟု တရားစွဲခံရသည်။

ကိုရိုတန်ဂီပါကီ၏ဖခင် မာအိုရီဘုရင် တူဟီတီယာက သားဖြစ်သူ အမှုရင်ဆိုင်ရသည့်သတင်းကို ဖော်ပြခွင့်ပြုခဲ့ပြီး လူသိရှင်ကြား ထုတ်ဖော် ပြောကြားခြင်းဖြင့် အများကိုသိစေရန် ရည်ရွယ်သည်။

မာအိုရီဘုရင်သည် သားဖြစ်သူတရားမရင်ဆိုင်မီ သြစတြေးလျ Fairfax မီဒီယာနှင့် တွေ့ဆုံခဲ့သည်။ ယင်းတွေ့ဆုံမှုတွင် မာအိုရီဘုရင်က သားဖြစ်သူ၏ လုပ်ရပ်များကို အလွန်စိတ်ပျက်သည်ဟု ထုတ်ဖော်ပြောကြားသည်။

"ကိုရိုတန်ဂီ သင်ခန်းစာရပြီလို့ ထင်တယ်။ သူ့ကြောင့် အဖေဖြစ်သူ ဘေးကျပ်နံကျပ် ဖြစ်ရတာကိုလည်း သိလိမ့်မယ်ထင်တယ်။ နောက်ထပ်လည်း သူ ဘာမှ ထပ်လုပ်ရဲတော့မှာ မဟုတ်ပါဘူး"ဟု မာအိုရီဘုရင်က Fairfax အား ပြောကြားသည်။

လက်ရှိ မာအိုရီဘုရင် တူဟီတီယာသည် နယူးဇီလန်ကျွန်းတစ်ကျွန်းဖြစ်သော North Island မှ လူမျိုးများ၏ ပြယုဂ်ဖြစ်သည်။

ယင်းဘုရင်သည် နယူးဇီလန်နိုင်ငံတွင် တရားရေးရာအာဏာများ မရှိသော်လည်း မာအိုရီလူမျိုးများအတွက် ကြီးမားသော သင်္ကေတအဖြစ် ရှိနေသည်။

မာအိုရီဘုရင်၏သား ကိုရိုတန်ဂီပါကီသည် အာမခံရရှိခဲ့သော်လည်း ဇူလိုင်လတွင် တရားပြန်လည်ရင်ဆိုင်ရမည်ဖြစ်သည်။

—*Ref: AFP*

## မိုဘိုင်းဖုန်းများဖြင့် ဝက်ဘ်ဆိုက်ရှာဖွေမှု လေးပုံတစ်ပုံကို ဖေ့စ်ဘွတ်ခ်ရှာဖွေပေး

**ဆန်ဖရန်စစ္စကို၊ မေ-၅**

စမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာအသုံးပြုသူများကိုအခြားသော ဝက်ဘ်ဆိုက်များရှိ စိတ်ဝင်စားဖွယ်ရာ သတင်းနှင့် အခြားကဏ္ဍများသို့ ညွှန်ပြပေးသည့် လူမှုကွန်ရက်များအနက် ဖေ့စ်ဘွတ်ခ်မှာ ၂၄ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်းဝက်ဘ်ဆိုက်လမ်းညွှန်မှု အထူးလုပ်ဆောင်ပေးသည့် Quantcast ကုမ္ပဏီ၏ လေ့လာမှုအရ သိရသည်။

Quantcast ကုမ္ပဏီက အွန်လိုင်းသတင်းနှင့် ဖျော်ဖြေရေးကဏ္ဍများ ထုတ်လုပ်သည့် လုပ်ငန်းပေါင်း ၂၅၀ အတွက် ညွှန်ပြပေးမှုများကို လေ့လာစစ်ဆေးခဲ့ရာ ဖေ့စ်ဘွတ်ခ်က အခြားသောလူမှုကွန်ရက်အားလုံးထက် ပို၍ညွှန်ပြပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။

အသုံးပြုသူများကို အခြားသော ဝက်ဘ်ဆိုက်များသို့ ညွှန်ပြပေးမှုတွင် တွစ်တာက ၇ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၌ ရှိနေပြီး Pinterest က ၂ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင် ရှိနေကြောင်း Quantcast ကုမ္ပဏီ၏ လေ့လာမှုတွင် ဖော်ပြသည်။

အခြားသော လူမှုကွန်ရက်များမှာ ၁ ရာခိုင်နှုန်းစွန်းစွန်းစီရှိကြသော်လည်း Google+ မှာ ယင်းကဲ့သို့ ဝက်ဘ်ဆိုက်ညွှန်ပြသည့် ကွန်ရက်တစ်ခုအဖြစ် မမြင်တွေ့ရပေ။

အရွယ်ရောက်ပြီးသူ ၃၀ ရာခိုင်နှုန်းက ၎င်းတို့အတွက် သတင်းများကို ဖေ့စ်ဘွတ်ခ်မှတစ်ဆင့်ရရှိပြီး ယင်းလူမှုကွန်ရက်ကို ၎င်းတို့၏အရေးကြီးဆုံး သတင်းရင်းမြစ်အဖြစ် ၄ ရာခိုင်နှုန်းက ရှုမြင်ကြကြောင်း သုတေသနဌာန၏

စာမျက်နှာ ၄၆ ››



7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014



# ကာကွယ်ရန် အချိန်ကျလာသော ဘာသာရေးအထွတ်အမြတ်များ

**အေးသူစံ၊ သူရကျော်၊ ဇေနွေထွန်း**

ဆယ်စုနှစ်များစွာကြာပြီးမှ တံခါးဖွင့်ဝါဒကျင့်သုံးလိုက်သော မြန်မာနိုင်ငံတွင် အထွတ်အမြတ်ထားရာ ဓလေ့ထုံးစံများနှင့်ဘာသာရေးအဆောက်အအုံများကို နိုင်ငံခြားသားအချို့ မျက်စိကျလာကြသည်။

ကမ္ဘာနှင့်အတန်ကြာအောင် အဆက်ပြတ်နေခဲ့သော အနုလက်ရာမြောက် ဘာသာရေးနှင့် ယဉ်ကျေးမှု အဆောက်အအုံများကိုဘွားခနဲမျက်မြင်တွေ့ရချိန်တွင် နိုင်ငံခြားသားအချို့က ၎င်းတို့၏စီးပွားရေးနှင့် အနုပညာလုပ်ငန်းတို့တွင် ကြော်ငြာကုန်ပစ္စည်းတစ်ခုအဖြစ် ရှုမြင်၍ ဖန်တီးအသုံးချလာကြခြင်းဖြစ်သည်။

ပြည်တွင်းသို့ နေ့စဉ်ဝင်ရောက်နေသော နိုင်ငံခြားသားများထဲတွင် ကမ္ဘာလှည့်ခရီးသွားများပါသလို စီးပွားရေးအရ ရင်းနှီးမြှုပ်နှံရန် လာကြသူများလည်း ပါဝင်သည်။ ထိုသို့ နိုင်ငံခြားသားဝင်ရောက်မှုက နိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများရှိသော်လည်း တစ်ဖက်တွင် မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာရေးအမွေအနှစ်များကို နှိမ့်ချစော်ကားမှုဖြစ်စေသည့် တလွဲအသုံးချမှုများ တစ်စစမြင့်တက်လာနေသည်။ ယုံကြည်ကိုးကွယ်ရာရုပ်တုအပါအဝင် အများပြည်သူတန်ဖိုးထားမှုကို စော်ကားပါက သာသနာတော်ညှိုးနွမ်းစေမှုပုဒ်မ ၂၉၅ ဖြင့် တရားစွဲနိုင်သည့်အပြင် ဘာသာရေးပုံရိပ်များကို ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုခွင့်ကို မြန်မာဥပဒေများက ခွင့်ပြုမထားပါ။

သို့သော် ဥပဒေအသက်ဝင်ရန်ပညာပေးမှုအပိုင်းအားနည်းနေသေးခြင်းကြောင့် ကမ္ဘာ့မျက်နှာစာတွင် ရွှေတိဂုံ၊ ပုဂံ၊ ကျိုက်ထီးရိုး၊ ကောင်းမှုတော် အပါအဝင် မြန်မာတန်ခိုးကြီးဘုရားများမှာ အပျော်သဘော ဓာတ်ပုံများတွင်သာမဟုတ်ဘဲ စီးပွားရေးပြယုဂ်အဖြစ်ပါ အသုံးတော်ခံနေရသည်။

“တရုတ်နိုင်ငံက နန်းတော်ကိုသွားရင် ဘုရင်ကြီးရုပ်တုခေါင်းကို မကိုင်ရဘူး။ ပလ္လင်ပေါ်တက်မထိုင်ရဘူးဆိုတာ နိုင်ငံခြားသားတိုင်းသိအောင် ပညာပေးဖြန့်ဝေထားတယ်။ အမေရိကန်မှာ ရေချိုးနေတုန်းဓာတ်ပုံမရိုက်ရဘူး ရိုင်းတယ်ဆိုတာ လူတိုင်းသိအောင် လုပ်ထားတယ်။ ဒီမှာ အဲဒီလို awareness ကို ဘယ်အဖွဲ့က တာဝန်ယူပြီး လုပ်နေလဲဆိုတာ မသိဘူး။ ဘုရားဂေါပကဆိုတာ အလှူခံနေရုံနဲ့ အလုပ်မဖြစ်ဘူး။ ဒါမျိုးတွေကိုလည်း ကာကွယ်ဖို့ သူတို့မှာ တာဝန်ရှိတယ်”ဟု ကွန်ပျူတာပညာရှင် ဦးရဲမြတ်သူက ပြောသည်။

ဥပဒေဖြင့် နေရာတိုင်း လိုက်ထိန်းခြင်းထက် ကျင့်ဝတ်အရ နိုင်ငံတစ်နိုင်ငံတွင် ဆောင်ရန်၊ ရှောင်ရန် (Dos and Don'ts)ကို နိုင်ငံခြားသားတိုင်း လိုက်နာမှု ရှိ၊မရှိ စောင့်ကြည့်သည့်စနစ်က မြန်မာတွင် အားမကောင်းသေးပါ။

ဥရောပလေကြောင်းလိုင်း ဖွင့်ပွဲတစ်ခုတွင် ရွှေတိဂုံစေတီပုံ ကိတ်မုန့်ပုံစံပြုလုပ်၍ ကိတ်မုန့်ခွဲဓားဖြင့်လှီး၍ ခွဲကြသည်။ ထိုပွဲတွင် မြန်မာသံအမတ်ကြီးတစ်ယောက် လုံးရှိလျက်နှင့် တားမြစ်ရန်ပျက်ကွက်ခဲ့၍ မြန်မာပြည်သူတို့ ဒေါသထွက်ခဲ့ရသည်။ လူကုန်ကူးမှုတားမြစ်ရေး လှုံ့ဆော်ဖျော်ဖြေပွဲတွင် ဂျေဆင်မရက်ဇ် စတိတ်ရှိုးပွဲအတွက် လက်မှတ်၊ ပိုစတာနှင့်ဗီနိုင်းတို့တွင် ရွှေတိဂုံစေတီပုံတော်ကို နောက်ခံထား အသုံးပြုခဲ့သည်။

လက်ဖက်ခြောက်များကို စီးကရက်ဘူးခွံပုံစံဖြင့် ထုပ်ပိုးရောင်းချသည့် တရုတ်ကုမ္ပဏီက ဘူးခွံပေါ်တွင် ရွှေတိဂုံစေတီပုံရိုက်နှိပ်ခဲ့သည့်အတွက် သာသနာရေးဝန်ကြီးဌာနက ကန့်ကွက်ခဲ့ရသည်။

အနုပညာအသစ်တစ်ခု ဖန်တီးသည်ဟု ခေါင်းစဉ်တပ်၍ ဝတ်လစ်စားလစ်နီးပါး ဖက်ရှင်ဖြင့် ဥရောပနိုင်ငံသားတစ်ယောက် ကောင်းမှုတော်ဘုရား အပါအဝင် အထွတ်အမြတ်တန်ဖိုးထားရာရုပ်ပုံများကို မဖွယ်မရာပြုလုပ်ခဲ့သည့် ဓာတ်ပုံများရိုက်ကူးသွားခဲ့သည်။

အဆိုးဆုံးက မိန်းကလေးများပင်မတက်ရဟု ဘာသာရေးအရ တားမြစ်ထားသည့် ရွှေတိဂုံစေတီအထက်ပစ္စယံသို့ နိုင်ငံခြားသူ မော်ဒယ်က တက်၍ ဘုရားအနေကဇာတင်ရာတွင်သုံးသည့် ရွှေထီးကို ထဘီကြားတွင် ထိုးစိုက်ထားသည်ဟု ထင်ရသောပုံကို ကမ္ဘာကျော် ဓာတ်ပုံဆရာတစ်ဦးက ဒီဇိုင်းပညာဖြင့် ပေါင်းစပ်ပုံဖော်ကာ ဖက်ရှင်ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြခဲ့ခြင်း ဖြစ်သည်။

“အစိုးရက ဘာသာတရားကိုင်းရှိုင်းပုံတွေကို သတင်းစာတွေ၊ တီဗီတွေမှာတွေ့နေရတာထက် ဒီကိစ္စတွေကို အလေးအနက်ထားလုပ်ရတော့မှာ”ဟု လှိုင်မြို့နယ်မှ အသက်(၆၀)အရွယ် သတင်းစာဖတ် ပရိသတ်တစ်ဦးကပြောသည်။

“ကျွန်တော့်ဘုရားပတ်ဝန်းကျင်မှာဆို ကွမ်းယာဆိုင်မှာ ဘုရားပုံချိတ်ဆွဲပြီး ရောင်းတာကအစ ခွင့်မပြုဘူး။ အမုန်းခံပြီးတားတယ်။ တန်ဖိုးထားရမယ့်အရာကို မထားသင့်တဲ့နေရာမှာ မထားမိဖို့ နည်းနည်းလေးကစပြီး ထိန်းချုပ်ရမယ်”ဟု ရွှေစက်တော်ဂေါပကဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

မူပိုင်ခွင့်ဥပဒေတစ်ရပ်မပေါ်သေးမီ ဘာသာသာသနာ အမှတ်အသားရုပ်ပုံများကို စီးပွားရေးအလို့ငှာ ကြော်ငြာလုပ်ငန်းနှင့် အရောင်းမြှင့်တင်ခြင်းတို့တွင် သုံးစွဲခြင်းမပြုရဆိုသည့် စကားရပ်ကို လက်ရှိတည်ဆဲပုဒ်မ ၂၉၅ တွင် ထည့်သွင်းသင့်ကြောင်း ဥပဒေပညာရှင် ဦးမင်းတေဇညွန့်တင်က အကြံပြုသည်။



*စေတီပုံကိတ်မုန့်ကိုလှီးနေကြစဉ်*

“ရွှေတိဂုံစေတီကို ကိတ်မုန့်လုပ်ခဲ့တာ ၂၉၅ (က) မြောက်တယ်။ ရဲအရေးပိုင်တယ်။ ရဲကတရားလိုလုပ်ပြီး တရားစွဲသင့်တယ်”ဟု ၎င်းကပြောသည်။

ယင်းဥပဒေအရ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၂ နှစ်(သို့မဟုတ်) ငွေဒဏ်ဖြစ်စေ(သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးကိုချမှတ်နိုင်သည်။ အရေးကြီးဆုံးက ယင်းဥပဒေကို အသက်ဝင်အောင် ပြုလုပ်ရန်ဖြစ်ကြောင်း ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

**အချုပ်ပို** A3 »



7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## လာဘ်ပေးလာဘ်ယူ အမှုများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက အများဆုံးကျူးလွန်

ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်သောလာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီသို့တိုင်ကြားလာသည့် အမှု ၃၁၈ မှုအနက်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် လာဘ်ပေးလာဘ်ယူ ကျူးလွန်မှုအများဆုံးဖြစ်နေပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့က ဒုတိယအများဆုံးဖြစ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်ထံ စာဖြင့်ပေးပို့ဖြေကြားထားသည်။ အစဉ်ဝေဖန်ခံနေရသောတရားစီရင်ရေးနှင့်ပတ်သက်၍ တရားလွှတ်တော်ချုပ်ရုံးတွင် လာဘ်ပေးလာဘ်ယူမှု သုံးမှုသာရှိနေ၍ ပြန်စမည့်လွှတ်တော်တွင် တရားစီရင်ရေးနယ်ပယ်က ခြစားမှုများကို ဦးတည်မေးမြန်းမည်ဟု ဦးသိန်းညွန့်က ပြောသည်။

## ငြိမ်းချမ်းရေးကော်မတီနှင့် ကေအိုင်အို မေလ ၁၃ရက်တွင်တွေ့မည်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် ကေအိုင်အိုတို့ မေလ ၁၃ ရက်တွင် မြစ်ကြီးနားမြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ လတ်တလောပြန်လည်ဖြစ်ပွားနေသော တိုက်ပွဲများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန် ကေအိုင်အိုဘက်မှ အစိုးရထံစတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ကေအိုင်အိုနှင့်တွေ့ဆုံဆွေးနွေးပြီးပါက အစိုးရနှင့် တိုင်းရင်းသားရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)တို့ မေလ တတိယပတ်တွင် ရန်ကုန်မြို့၌ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။

## ဒုက္ခသည် ၁၄ ဦးကို တပ်မ(၈၈)က ဖမ်းဆီးခေါ်ဆောင်

မေလ ၃ ရက်က အစိုးရနှင့် ကေအိုင်အေတို့ကြား မန်ဝိန်းကြီးဒေသတွင် တိုက်ပွဲပြန်လည်ဖြစ်ပွားခဲ့ပြီးနောက် လဂတ်ယန်စစ်ဘေးဒုက္ခသည်စခန်း၌ နေထိုင်သူအမျိုးသား ၁၄ ဦးကို အစိုးရတပ်တပ်မ ၈၈ ကဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးပြီး ၁ ရက်အကြာတွင် အဆိုပါအမျိုးသား၁၄ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း တစ်ဦးကိုမူ နာရီပိုင်းအတွင်း ပြန်လည်ဖမ်းဆီးသွားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ကေအိုင်အေဘက်မှ မိုင်းခွဲတိုက်ခိုက်သဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး အမျိုးသား ၁၄ ဦးကို ဖမ်းဆီးခြင်းမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့သည်။

## စင်ကာပူရှိ မြန်မာPRအချို့ နေရပ်ပြန်လာ

စင်ကာပူနိုင်ငံတွင် နိုင်ငံခြားသားများ၏နေထိုင်ခွင့်တင်းကျပ်လာသည့်အပြင် ပြည်တွင်းတွင် ကျေနပ်ဖွယ်လုပ်ခလစာနှင့် အလုပ်ရှင်များ၏ ကမ်းလှမ်းခံရမှုကြောင့် အမြဲတမ်းနေထိုင်ခွင့်ရ (Permanent Resident)မြန်မာနိုင်ငံသားပညာတတ်အချို့ PRကို စွန့်လွှတ်၍ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာနေကြသည်။ စီးပွားရေးအရ စင်ကာပူက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများရှိလာပြီး နိုင်ငံတွင်းပြည်ပ အလုပ်သမားများ ၄၀ ရာခိုင်နှုန်းကျော်နေ၍ စင်ကာပူအစိုးရက PRအပါအဝင် နေထိုင်ခွင့်အမျိုးအစားများကို တင်းကျပ်ခဲ့ပြီး နေအိမ်ဝယ်ယူခွင့်ကိုလည်း သုံးနှစ်ကြာမှခွင့်ပြုလိုက်သဖြင့် ပညာတတ် PR ရ မြန်မာအချို့ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။



ဓာတ်ပုံ – ကျော်ဇင်သန်း

## အချိန်ပိုအဓမ္မအလုပ်ဆင်းခိုင်းသောစက်ရုံ ၅၀ ကျော်အား ခံဝန်ထိုးစေကာ သတိပေးခဲ့

ဥပဒေနှင့်မကိုက်ညီဘဲ အလုပ်အချိန်ပိုအဓမ္မခိုင်းစေခဲ့မှုဖြင့် စက်ရုံ၊ အလုပ်ရုံ ၅၀ ကျော်ခံဝန်ကတိ လက်မှတ်ရေးထိုးစေ၍ သတိပေးခဲ့သည်။ မြန်မာနှစ်သစ်ကူးကာလ ရုံးပိတ်ရက်ကြောင့် စက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံတို့တွင် သတ်မှတ်ထားသည့် အလုပ်ချိန်ထက်ကျော်လွန်၍ အချိန်ပိုအလုပ်များ အဓမ္မခိုင်းစေသည့်စက်ရုံ၊ အလုပ်ရုံ ၁၀၀ ကျော်စစ်ဆေးတွေ့ရှိခဲ့သည့်အနက် ၅၀ ကျော်ကို ခံဝန်ကတိလက်မှတ်ရေးထိုးခိုင်းပြီး သတိပေးအရေးယူထားပြီး ထပ်မံချိုးဖောက်ပါက ဝန်ကြီးဌာနက တရားစွဲဆိုမည်ဟုညွှန်ကြားထားသည်။ သို့သော်ယခုအချိန်ထိတရားစွဲဆိုအရေးယူခံရသောစက်ရုံ၊ အလုပ်ရုံများမရှိသေးပေ။

## ပဲဈေးမြင့်၍ ကြိုပွိုင့်စနစ်ငွေကြေးပြဿနာများဖြစ်ပေါ်

ရန်ကုန်အခြေစိုက် မိုးသက်ပဲကုမ္ပဏီသည် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ပဲများကိုကြိုပွိုင့်စနစ်ဖြင့် အရောင်းအဝယ်ပြုထားချိန်တွင် ပဲဈေးတစ်တန်လျှင် ကျပ်တစ်သိန်းနီးပါးမြင့်တက်သွားခြင်းကြောင့် ငွေကြေးပြဿနာများဖြစ်ပေါ်ခဲ့ပြီး မဖြေရှင်းနိုင်တော့၍ ပဲအသင်းနှင့်တာဝန်ရှိသူများဝင်ရောက်ဖြေရှင်းပေးရန်အကူအညီတောင်းခံခဲ့ရသည်။ ပြည်တွင်းပဲကုမ္ပဏီများနှင့် သာမက အိန္ဒိယပဲကုန်သည်များထံမှလည်း ငွေများကြိုယူထားခဲ့၍ ပြည်ပကုမ္ပဏီများနှင့် ရှင်းလင်းရမည်ဖြစ်သည်။ မိုးသက်ကုမ္ပဏီနှင့် အရောင်းအဝယ်ပြုလုပ်ထားပြီး ပေးရန်ရရန်ရှိသော ပဲကုန်သည်များကိုပဲအသင်းနှင့်ဆက်သွယ်ရန် မေလ ၄ ရက်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

## ဘင်္ဂလားဒေ့ရှ်မှခိုးဝင်လာသူ လက်နက်ကိုင်များ ဘင်္ဂါလီရွာသူကြီး မိသားစုကို သတ်ဖြတ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ခိုးဝင်လာသော လက်နက်ကိုင်လူတစ်စုက မောင်တောမြို့နယ်ရှိ သဘော်ကွေ့ဘင်္ဂါလီရွာကို ဝင်ရောက်အနုကြမ်းစီးကာ ရွာသူကြီးမိသားစုကိုသတ်ဖြတ်ခဲ့သည်။ ရွာသားကိုးဦးမှာလည်း ဒဏ်ရာပြင်းထန်စွာရခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းကိုယ်တိုင် မေလ ၃ ရက်နေ့လယ်တွင် သွားရောက်စစ်ဆေးခဲ့ပြီး နယ်မြေခံစစ်တပ်နှင့် နယ်ခြားစောင့်တပ်အင်အားပါတိုးမြှင့်ထားကြောင်းအမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

## အဝေးပြေးအမြန်လမ်းများဆိုင်ရာ အထူးခရီးသွားအာမခံစတင်

အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားနေသဖြင့် မြန်မာ့အာမခံလုပ်ငန်းက အဝေးပြေးအမြန်လမ်းများဆိုင်ရာအထူးခရီးသွားအာမခံသစ်ကို စီစဉ်လိုက်ပြီဖြစ်သည်။ ခရီးသွားယာဉ်လိုင်းများက တာဝန်ယူရောင်းချပေးရမည်ဖြစ်ပြီး ယင်းအာမခံသစ်ကို မေလ ၈ ရက်တွင် မြန်မာ့အာမခံရုံး၌ စတင်ဝယ်ယူနိုင်ပြီဖြစ်သည်။

## ထမင်းကြော်ထဲ ဆားနှင့်ယမ်းစိမ်း မှားထည့်မိပြီး အစာအဆိပ်သင့်

လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ သားရေစက်ရုံရှိ အလုပ်သမားများ နံနက်စာစားမည့် ထမင်းကြော်နှင့်ပဲပြုတ်ထဲတွင် ဆားနှင့်ယမ်းစိမ်းမှားထည့်မိ၍ ထိုနံနက်စာစားသုံးမိသော အလုပ်သမား ၃၃ ဦးသည် အစာအဆိပ်သင့်မှု မေလ ၂ရက်ကဖြစ်ပွားခဲ့သည်။ အစာအဆိပ်သင့်လူနာများအား မြောက်ဥက္ကလာပဆေးရုံမှ ဆရာဝန် ၃၀ ကျော်က အရေးပေါ်ကုသပေးခဲ့ရသည်။

## မြန်မာသတင်း လွတ်လပ်ခွင့် အဆင့်သုံးဆင့် တိုးတက်

မြန်မာသတင်းလွတ်လပ်ခွင့် ယခင်နှစ်ထက် သုံးဆင့်တိုးတက်လာသော်လည်း မီဒီယာအပါအဝင် နယ်ပယ်အသီးသီးတွင် လွတ်လပ်မှုအပြည့်အဝရရှိရန် မြန်မာပြည်သူများစိုးရိမ်ရဆဲအနေအထာဖြင့် ရင်ဆိုင်နေရကြောင်း အမေရိကန်အခြေစိုက် Freedom House အဖွဲ့က မေ ၁ ရက်၌ ထုတ်ပြန်ခဲ့သည်။ တရားဥပဒေစိုးမိုးရေး အားနည်းခြင်း၊ ဘာသာရေးအရ ခွဲခြားဖိနှိပ်မှုများရှိနေခြင်း၊ တက်ကြွလှုပ်ရှားသူများကို ပုဒ်မ ၁၈ ကဲ့သို့ဥပဒေများဖြင့် ဖမ်းဆီးထောင်ချခြင်းတို့ ၂၀၁၃ တွင် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မြန်မာ့မီဒီယာလွတ်လပ်ခွင့်အပါအဝင် မြန်မာပြည်သူများ လူမှုရေးလွတ်လပ်ခွင့် နိုင်ငံသားအခွင့်အရေးလွတ်လပ်ခွင့်တို့မှာ စိုးရိမ်နေရဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

## မြန်မာနိုင်ငံတွင် လက်နက် နှစ်သန်းခန့်ရှိ

မြန်မာနိုင်ငံတွင် တရားဝင်နှင့် တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်အရေအတွက်မှာ နှစ်သန်းခန့်ရှိသည်ဟု ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်က မေလ ၄ ရက်တွင်ထုတ်ပြန်သော နိုင်ငံတကာလက်နက်ကိုင်ဆောင်မှုထိန်းချုပ်တားဆီးရေးဆိုင်ရာ စစ်တမ်း၌ ဖော်ပြထားသည်။ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံသားများလက်နက်ကိုင်ဆောင်ထားသည့်အရေအတွက်ကို စစ်တမ်းကောက်ယူထားခြင်းဖြစ်ပြီး အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များကိုင်ဆောင်ထားသည့်အရေအတွက်မှာ ခြောက်သိန်းခွဲခန့်ရှိသည်ဟု သီးသန့်ဖော်ပြခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်အထိထွက်ရှိခဲ့သော ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပြုစုထားသည့် လက်နက်ကိုင်ဆောင်ခြင်းဆိုင်ရာစာတမ်းပေါင်း ၃၈ ခုပေါ်မူတည်၍ စစ်တမ်းကောက်ယူတွက်ချက်ထားခြင်းဖြစ်သည်။

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

တကယ့်ကို လူစိတ်မရှိတဲ့သူတွေပဲ။ ကျွန်တော်ဗျာ နာဂစ်သတင်းတွေနားထောင်ပြီး မျက်ရည်ကျခဲ့ဖူးပါရဲ့"

ကိုသက်ခိုင်၏မျက်နှာသည် ညှိုးမှိုင်းနေလေ၏။ နာဂစ်တစ္ဆေသည် ကိုသက်ခိုင်ကို ခြောက်လှန့်နေဆဲဖြစ်ဟန်ရှိသည်။ ကျွန်တော်က အလိုက်တသိဖြင့် ဘာတစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာရှိနေသည့်အခါ ကိုသက်ခိုင်သည် သူ့ရှေ့တည့်တည့်မှ နံရံဆီသို့ငေးကြည့်ရင်း သူ့နှုတ်မှ နာဂစ်ကာလရင်နာဖွယ်ဇာတ်လမ်းကို ဆက်လျက်ရှိလေသည်။

"နာဂစ်ဝင်တိုက်တာ ၂၀၀၈ မေလ ၂ ရက်ဗျ။ အဲဒီနာဂစ်ဖြစ်လာမယ့် ဆိုင်ကလုန်းမုန်တိုင်းဟာ ဘင်္ဂလားပင်လယ်အော်မှာ ဧပြီ ၂၇ ရက်ကတည်းက စဖြစ်နေတာတဲ့။ ဒီမုန်တိုင်း ဗမာပြည် ကုန်းတွင်းပိုင်းကို ဝင်ရောက်တဲ့အခါ တစ်နာရီမိုင်တစ်ရာ့ငါးဆယ်ဝန်းကျင်အထိဖြစ်နိုင်ပြီး အသေအပျောက်ဆုံးရှုံးမှုများနိုင်တဲ့ သတင်းကို နိုင်ငံတကာမိုးလေဝသသတင်းဌာနတွေက ဗမာအစိုးရကို ကြိုပြီး အသိပေးထားပြီးသားတဲ့။ ဒါကို ရွှေကိုယ်တော်စစ်ဗိုလ်ချုပ်တွေက သူတို့အာဏာ ဆက်တည်မြဲနေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုမယ့်အချိန်နဲ့ တိုက်ဆိုင်နေတာမို့ သိသိကြီးနဲ့လျစ်လျူရှုခဲ့ကြတယ်။ အဲဒီတုန်းက နိုင်ငံခြားရေးဝန်ကြီးဟာ ဦးဉာဏ်ဝင်းပဲဗျာ။ နာဂစ်ဖြစ်ဖြစ်ချင်း သူ့ပြောပေါက်က လူနှစ်ရာလောက်တော့သေဆုံးနိုင်သတဲ့။ တော်တော့်ကိုတော်တဲ့ဝန်ကြီးပါပဲ။ နောက်ပိုင်းအခြေအနေဆိုးမှန်းရိပ်မိတော့ ငါးထောင်လောက်တော့ သေကျေပျောက်ဆုံးနိုင်တယ်လုပ်ပြန်ရော။

"နာဂစ်ဖွဲ့စည်းပုံအတည်ဖြစ်ခဲ့ပေမယ့် နာဂစ်မုန်တိုင်းကြောင့် အသေအပျောက်စာရင်းကတော့ လူဦးရေ သုံးသိန်းအထိ ရှိနိုင်လေရဲ့။ နိုင်ငံတကာက အကူအညီပေးဖို့ နည်းမျိုးစုံနဲ့ ကမ်းလှမ်းခဲ့ကြပေမယ့်ဘယ်သူသေသေငတေမာရင်ပြီးရောဆိုတဲ့ စစ်ဗိုလ်ချုပ်တွေဟာစားနပ်ရိက္ခာအပြည့်တင်ထားတဲ့ အမေရိကန် ကယ်ဆယ်ရေးသင်္ဘောကြီးတွေ ရန်ကုန်မြစ်ဝအထိ ရောက်လာခဲ့တာတောင် ဝင်ခွင့်မပေးခဲ့ဘူးဗျာ။ ဒီလုပ်ရပ်ကြောင့် တစ်ကမ္ဘာလုံး ပွက်လောရိုက်ကုန်တယ်။ ဆိုးချက်ကမ်းကုန်ပုံက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း ကိုယ်တိုင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ဖျောင်းဖျနားချနိုင်ဖို့ ဖုန်းဆက်တာ ကိုယ်တော်ချောက ဖုန်းမကိုင်ဘူးတဲ့။ ဒီသတင်းဟာ ဒဏ္ဍာရီမဟုတ်ဘူးဗျ။ အဲဒီ အချိန်တုန်းက ချင်းမိုင်မှာရှိနေတဲ့ ဗမာအတိုက်အခံတချို့က တောင် ဗိုလ်ချုပ်မှူးကြီး ဖုန်းကိုင်အောင် ဖျောင်းဖျပေးနိုင်တဲ့သူကို ရှာဖွေပေးဖို့ ကျွန်တော့်ဆီဆက်သွယ်ပြီး အကူအညီတောင်းခဲ့ဖူးတယ်။ ကျွန်တော်အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသေးတယ်။ အဆင်မပြေခဲ့ပါဘူးဗျာ။

"နာဂစ်နောက်ပိုင်းမှာ ဖူးခက်မှာရှိနေတဲ့ ဗမာအလုပ်သမားတွေဆီကနေ အစားအသောက်နဲ့ အဝတ်အစားတွေ ဟိုင်းလတ်ကားလေးစီးတိုက်လောက်လိုက်အလှူခံပြီး ပို့ပေးခဲ့သေးတယ်။ ကြုံရပုံများဗျာ။ ထိုင်းလူမျိုးတစ်ယောက်အိမ်မှာ အိမ်ဖော်လုပ်နေတဲ့ အသက်ငါးဆယ်ကျော်အရွယ် ရုပ်ရည်သန့်သန့်ပြန့်ပြန့် မွန် အမျိုးသမီးကြီးတစ်ယောက်က မြန်မာပြည်ပြန်တဲ့အခါ ရွာမှာ ကျန်ရစ်ခဲ့တဲ့ သူ့ယောကျ်ားအတွက် တရိုတသေ ဝယ်ပြီးစုဆောင်းထားတဲ့ အဖိုးတန်အဝတ်အစားလေး ငါးစုံကို ကျွန်တော့်လက်ထဲ လာထည့်ဖူးတယ်ဗျာ။ ကျွန်တော် မျက်ရည်ကျမိတယ်"

ကိုသက်ခိုင်သည် အမှန်ပင် ဘဝစုံသူ၊ တွေးတော ခံစားတတ်သူပေတကား။ ကျွန်တော်သူ့မျက်နှာကို စေ့စေ့လှမ်းကြည့်ရင်း စိတ်ပျက်အားလျော့သော လေသံ ဖြင့် မေးခွန်းထုတ်လိုက်မိပြန်သည်။

"ထိုင်းမှာနေတော့ ချိုင်းလိုလူတွေ၊ ဗမာပြည်မှာတော့ ကိုယ်ချင်းစာတရားခေါင်းပါးတဲ့ စစ်ဗိုလ်ချုပ်တွေ၊ ဒီလိုလူတွေနဲ့ ဘယ်လိုလုပ်ဆက်ပြီး စခန်းသွားကြပါ့မတုံးဗျာ"

"ဒီလိုတော့လည်း မဟုတ်သေးဘူးဗျာ။ ကြုံတွေ့နေရတဲ့ အခက်အခဲတွေဟာ လောကကြီးရဲ့ ဒုက္ခသစ္စာကို ဖော်ပြနေတာပါပဲ။ ဒုက္ခဆင်းရဲ အကျပ်အတည်းဆိုတာ နေရာတကာမှာ ရှိနေတတ်တဲ့အရာပါ။ ကျွန်တော်တို့ ဒီအခြေအနေတွေကို ကြံ့ကြံ့ခံနိုင်ရမယ်။ လွတ်မြောက်သည်အထိ ဆက်ပြီး ရုန်းကန်ကြရမယ်။ ကျွန်တော်ဖတ်ဖူးတဲ့ အမေရိကန် လင်းယုန်ငှက်တစ်မျိုးရဲ့ အားမာန်ကို အတုယူလို့ပေါ့"

ဤနေရာတွင် ကိုသက်ခိုင်ရှေ့ဆက်လေသော လင်းယုန်ငှက်ပုံပြင်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"အမေရိကန် ကယ်လီဖိုးနီးယားက ကျွန်းမှာ American Eagle လို့ခေါ်တဲ့ လင်းယုန်ငှက်တစ်မျိုး ရှိခဲ့သတဲ့ဗျ။ အဲဒီငှက်ကို လူတချို့က ဈေးကြီးပေးပြီး ဝယ်ယူကြတဲ့အတွက် ဒေသခံတွေ အလုအယက် ဖမ်းဆီးခဲ့ကြတာကြောင့် တဖြည်းဖြည်း ကျွန်းပေါ်က လင်းယုန်ငှက်တွေမျိုးတုံးလာခဲ့ပြီး နောက်ဆုံး ငှက်တွေရဲ့ အရိပ်အယောင်တောင် မတွေ့တော့တဲ့အတွက် လူတွေက ဒီလင်းယုန်ငှက်တွေ ကမ္ဘာပေါ်မှာ လုံးဝမရှိတော့ဘူးလို့ထင်ခဲ့ကြတဲ့အထိပေါ့ဗျာ။ အရွယ်ရောက်ပြီး လင်းယုန်ငှက်တစ်ကောင်ရဲ့ ကိုယ်အလေးချိန်ဟာ ကီလိုနှစ်ဆယ်အထိ ရှိနိုင်ပြီး ဖြန့်ထားတဲ့အတောင်ပံက သုံးမီတာအထိ ရှိသတဲ့။ အဲဒီအမေရိကန် လင်းယုန်ဟာ ရေပြင်ပေါ် ပျံဝဲရင်း ရုတ်တရက် ထိုးဆင်းပြီး ပင်လယ်ဖျံတစ်ကောင်ကိုအလွယ်တကူ ကုပ်ယူနိုင်တဲ့ ငှက်မျိုးဖြစ်တာမို့ ဒီလို ငှက်မျိုးမျိုးတုံးသွားတဲ့အတွက်လူတွေနှမြောနောင်တရခဲ့ကြတယ်။

"အမေရိကန် လင်းယုန်ငှက်တွေကို ကမ္ဘာပေါ်မှာ ဘယ်တော့မှ မတွေ့နိုင်တော့ဘူးလို့ လူတွေထင်နေချိန်မှာ ဒီငှက်မျိုးကို အထူးလေ့လာ သုတေသနပြုနေတဲ့ အမေရိကန်လူမျိုး (Ah.Steven) ဆိုတဲ့ပုဂ္ဂိုလ်က တောင်အမေရိကားမှာရှိတဲ့(Andes) တောင်တန်းရဲ့ ဂူတစ်ခုမှာ ဒီငှက်တွေကို ရှာဖွေတွေ့ရှိခဲ့တယ်။ ကျယ်ပြန့်တဲ့နေရာ၊ ပင်လယ်ရေပြင်တွေပေါ်မှာ ကျက်စားတတ်တဲ့ လင်းယုန်ငှက်ဟာ ဒီလိုကျဉ်းမြောင်းသေးငယ်တဲ့ ဂူထဲမှာ ရှင်သန်နိုင်ခဲ့မယ်လို့ လူတွေတစ်ခါမှ တွေးထင်မထားခဲ့မိကြဘူး။

"ဂူထဲမှာ ထိုးထိုးထောင်ထောင် ထိုးထွက်နေတဲ့ ကျောက်ချွန်းတွေရှိတာကို (Ah.Steven) သတိထားခဲ့မိတယ်။ အဲဒီအပြင် ဂူနံရံတစ်ခုနဲ့ တစ်ခုကြား အကွာအဝေးဟာလည်း ခြောက်လက်မပဲ ရှိခဲ့တယ်။ အကျဉ်းဆုံးနေရာက နံရံနှစ်ခု ထပ်လုနီးနီးပါပဲ။ တချို့ကျောက်တွေက ဓားသွားလို ထက်မြက်ပါးလွှာပြီး တချို့က သံချောင်းလို ချွန်ထက်နေခဲ့တယ်။ ဒီလိုနေရာမျိုးမှာ ကိုယ်ထည်ကြီးမားတဲ့ လင်းယုန်ငှက်မဆိုထားနဲ့ စာကလေးတောင် ရှင်သန်ဖို့ရာ မလွယ်ကူလှဘူး။ ပညာရှင်တွေတောင် ဉာဏ်မီအောင် မတွေးတောနိုင်ခဲ့ကြဘူး။ Steven က အဆင့်မြင့်နည်းပညာနဲ့ ဂူထဲက လင်းယုန်ငှက်တစ်ကောင်ကို ဖမ်းဆီးခဲ့တယ်။ အဲဒီနောက် ငှက်ကို သစ်ဆူးသစ်ခက်တွေနဲ့ ပတ်လည်ဝိုင်းလှောင်ထားပြီး သံဆူးကြိုးနဲ့ ခြောက်လက်မသာသာ ကျယ်ဝန်းတဲ့ ထွက်ပေါက်တစ်ခု လုပ်ပေးထားခဲ့တယ်။အပေါက်ကနေလင်းယုန်ငှက် ဘယ်လိုပျံထွက်မလဲ ဆိုတာကို စူးစမ်းခဲ့တယ်။

"လှောင်အိမ်ထဲကနေ လွှတ်လိုက်တယ်ဆိုရင်ပဲ လင်းယုန်ငှက်ဟာ လျှပ်တစ်ပြက်အတွင်းမှာ အချင်းခြောက်လက်မအရွယ် အပေါက်ကနေ ဖျတ်ခနဲ ပျံထွက်သွားခဲ့တယ်။ မြန်လွန်းလို့ ဘယ်လိုပျံထွက်သွားမှန်းတောင် မသိလိုက်ရဘူး။ ဒါပေမဲ့ Steven က သွင်းထားတဲ့ ဗီဒီယိုအခွေက တစ်ဆင့် အနှေးပြကွက်နဲ့ အဖြေကို ရှာခဲ့ပါတယ်။

"အပေါက်သေးသေးကနေ ပျံ ထွက်ချိန် တစ်ခဏအတွင်းမှာ လင်းယုန်ငှက်ဟာ သူ့အတောင်နှစ်ဖက်ကို ဗိုက်နားကပ်ထားပြီး ခြေနှစ်ချောင်းကို အမြီးနဲ့တစ်ဖြောင့်တည်း ကပ်ထားလိုက်တယ်။ ခေါင်းနဲ့လည်ပင်းကို မျဉ်းဖြောင့်လို အနေအထားမှာထားပြီး ကြီးမားတဲ့ ခန္ဓာကိုယ်ကို ကြိုးတစ်ချောင်းလို ပျော့ပျောင်းပစ်လိုက်တယ်။ လူတွေ မတွေးတောမိအောင်ကို သူ့ရဲ့ လှုပ်ရှားပြောင်းလဲမှုက လွယ်ကူမြန်ဆန်နေသတဲ့ဗျ။

"လင်းယုန်ငှက်ကို Steven လေ့လာစူးစမ်းနေတုန်း သူ့ကိုယ်ပေါ်မှာ ကျောက်တုံးတွေနဲ့ ပွတ်တိုက်သွားနိုင်လောက်တဲ့အထိ မာကျောတဲ့အဖုအပိန့်အသားမာတွေလည်း တွေ့ရသတဲ့။ လူတွေရဲ့ ဖမ်းဆီးမယ့်ရန်က ရှောင်နိုင်ဖို့ လင်းယုန်ငှက်တွေဟာဂူထဲမှာပုန်းအောင်းနေရင်း အသက်ဆက်နိုင်ဖို့ သေးငယ်တဲ့ ဂူနံရံကြားမှာ ပျံသန်းနိုင်ဖို့ ကြီးမားတဲ့ ခန္ဓာကိုယ်ကို အပွန်းပဲ့ခံ၊ အပွတ်တိုက်ခံပြီး ပြောင်းလဲခဲ့တာပေါ့။ ကိုယ်ပေါ်က အသားမာတွေနဲ့ ကျောက်နံရံရဲ့ ပွတ်တိုက်ဒဏ်ကို ကာကွယ်ပြီး မျဉ်းတစ်ကြောင်းလို ပျော့ပျောင်းအောင် ကျင့်ခဲ့လို့ပါပဲ။ အဲဒီလင်းယုန်ငှက်တွေရဲ့ အားမာန်ဟာ ကျွန်တော်၊ ခင်ဗျားနဲ့ မြန်မာပြည်ကြီး ရှေ့ဆက်ရမယ့် ခရီးအတွက် အကောင်းဆုံး နမူနာဆိုပါတော့ဗျာ"

ကိုသက်ခိုင်၏ စကားအဆုံး၌ မသိမသာနားစွင့်နေကြသော ဈေးဝယ်တို့၏ မျက်နှာပြင်တွင် စိတ်သက်သာရာရသည့် အမူအရာတို့ကို မြင်နေရ၏။ ကျွန်တော်ကိုယ်တိုင်လည်း စိတ်ထွက်ပေါက်တစ်ခုရသလို ခံစားရသည်။ အခွင့်အခါ သင့်လျှင်ဖြင့် ကိုသက်ခိုင်ရှေ့ဆက်မည့် သူ့ဘဝ သူ့အတွေးအမြင်ကို ကျွန်တော် ဆက်၍ နားထောင်ချင်၊ ရေးပြချင်ပါသေးသည်။

အချပ်ပို(A1)မှ

## ကာကွယ်ရန် အချိန်ကျလာသော ဘာသာရေးအထွတ်အမြတ်များ

"ဒီကိစ္စတွေကို သက်ဆိုင်ရာမြို့နယ်သာသနာဦးစီးတွေက ဆွေးနွေးကြဖို့ လိုလာပါပြီ။ ဗုဒ္ဓဘာသာမှမဟုတ်ဘူး။ အခြားဘာသာတွေကို သွားစော်ကားရင်လည်း မကောင်းဘူးလေ"ဟု ကျိုက်ထီးရိုးဂေါပကဥက္ကဋ္ဌ ဦးစံမြင့်က ပြောသည်။

နိုင်ငံခြားသားများကသာ တလွဲအသုံးပြုခြင်းမဟုတ်။ မြန်မာပြည်တွင်းက အချို့ဓာတ်ပုံဆရာများက မလုံမခြုံဝတ်စားထားသည့် မော်ဒယ်များကို ပုဂံ၊ ရွှေတိဂုံ ဘုရားများနောက်ခံထား၍ဖက်ရှင်ဟု ခေါင်းစဉ်တပ်ကာ ပြည်တွင်းထုတ်မဂ္ဂဇင်းအချို့တွင် ဖော်ပြခဲ့ဖူးသည်။

ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်တန်ဖိုးထားရာသင်္ကေတရုပ်ပုံများကို တလွဲအသုံးချမှုမှာ မြန်မာနိုင်ငံတစ်ခုတည်း ကြုံရခြင်းတော့ မဟုတ်ပါ။ လန်ဒန်အပါအဝင် ကမ္ဘာ့နိုင်ငံအများစု ကြုံနေရခြင်း ဖြစ်သည်။ သို့သော် ထိုနိုင်ငံတို့က ဥပဒေနှင့် အသိပညာဖြန့်ဝေမှုကို အားကောင်းစွာ ဆောင်ရွက်ထားကြသည်။

ထိုင်းတွင် တော်ဝင်မိသားစုကို မထိပါးစေရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ကာကွယ်ထားသည်။ ထိုင်းဘုရင်နှင့် တော်ဝင်မိသားစုကို သရော်လှောင်ပြောင်ဝေဖန်သောအပြုအမူ၊အပြောအဆို၊ရေးသားမှုအားလုံး ထိုဥပဒေဖြင့် အရေးယူခံရသည်။ သီရိလင်္ကာတွင် ဗုဒ္ဓပုံကို တက်တူးထိုးထားသည့် ဗြိတိန်နိုင်ငံသားနှစ်ဦးကို ပြည်ဝင်ခွင့်မပေးဘဲ လေဆိပ်မှပင်နှင်ထုတ်ခဲ့သည်။

လန်ဒန်တွင် ခရစ်ယာန်တို့ အထွတ်အမြတ်ထားသည့် သခင်ယေရှု၊ မယ်တော်မာရီတို့ပုံကို ကမ္ဘာကျော် ဖက်ရှင်ကုမ္ပဏီ Underated က အင်္ကျီ၊ ဘောင်းဘီများတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲထားသည့်အတွက် ကမ္ဘာတစ်ဝန်း ခရစ်ယာန်ဘာသာဝင်တို့၏ ကန့်ကွက်မှုများကို ခံနေရသည်။

မြန်မာနိုင်ငံတွင်လည်းစောင့်ကြပ်ကြည့်ရှုရန် ယန္တရားတစ်ခု သတ်မှတ်ထားရှိရန် လိုအပ်နေပါပြီ။ ခရီးသွားကုမ္ပဏီများ၊ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့၊ ဘုရားဂေါပက စသည့်အဖွဲ့တစ်ခုခုက ကြီးကြပ်ကိုင်တွယ်ရန် လိုအပ်နေသည်။

အထူးသဖြင့် ဘာသာရေး ပဋိပက္ခမီးများမငြိမ်းနိုင်သေးသည့် အချိန်တွင် ဘာသာတစ်ခုချင်းကို ဖိနှိပ်စော်ကားရာရောက်သည့် အပြုအမူများကို ခွင့်မပြုသင့်ကြောင်း Nature Dream ခရီးသွားကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ မစံပယ်အောင်ကဆိုသည်။ ။

PRIVATE ENGLISH CLASSES
(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)
အသက်(၅)နှစ်မှ (၁၆)နှစ်လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Study Guide
အထူးသင်ကြားပေးသည်။
အချိန်ညှိပေးသည်။
Ph: 09-73126578, 09-5419462,09-421164000

မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံအရှေ့ပိုင်း/တောင်ပိုင်း/ဆိပ်ကမ်း
၀၉-၇၃၂၃၃၈၈၊
၀၉-၇၃၂၃၄၉၅
ဇမ္ဗူသင်္ဂဟအိမ်ခြံမြေ

အမြန်အလိုရှိသည်။
SINGAPORE နိုင်ငံတွင်PSA HARBOUR PILOT
အဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ
အရည်အချင်းနှင့် ပြည့်စုံသူများ
လာရောက်လျှောက်ထားနိုင်ပါသည်။
1. C.O.C Class 2, Class3 ကိုင်ဆောင်ထားသူများ
2. အသက် ၄၅နှစ် အောက်ဖြစ်သူများကို ဦးစားပေးမည်။
3. May လအတွင်း Interview ရှိသည်။
ဆက်သွယ်ရန်လိပ်စာ- TRADE WIND CO.,LTD
အမှတ်(၇)၊လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် ၀၁-၅၇၂၃၇၅၊ ၅၆၄၈၈၂၊ ၅၆၄၉၉၂။

# PYI HTUN AUNG TRADING CO.,LTD

## BRIDGESTONE တာယာ၏ မိုးရာသီအကြိုအထူးဈေးရောင်းပွဲတော်

ပြည်ထွန်းအောင်ကုမ္ပဏီ၏ Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် BRIDGESTONE တံဆိပ် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt နှင့် ကျပ်(15000)တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။

Promotion ကာလ (10.5.2014 မှ 30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏မိတ်ဟောင်း မိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။

ပြည်ထွန်းအောင်ကုမ္ပဏီ၏Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များတွင် BRIDGESTONE တာယာဝယ်ယူ၍ T-shirt နှင့် ဆီကူပွန်ကို ထုတ်ယူပါ။
ဆီထည့်ပြီးလျှင် ဆီဘောက်ချာနှင့်တကွ ကူပွန်နှင့်မိမိဝယ်ယူခဲ့သောဆိုင်တွင်ငွေသားထုတ်ယူပါ။

**Universal တာယာအရောင်းဆိုင်များ**

Universal (မြေနီကုန်း) - အမှတ်(260)၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-01 2304116

Universal (အောင်မင်္ဂလာအဝေးပြေးဝန်း)-အခန်း(ယ-13)၊ပခုက္ကူလမ်း၊ ယ-ပန်းအသစ်၊
အောင်မင်္ဂလာအဝေးပြေးမင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73143283

Universal (မြရတနာမြို့သစ်)- အမှတ်(1)၊ အမှတ်(3)လမ်းမကြီးနှင့်ကာယ(12)လမ်းထောင့်၊
သယံဇာတကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73142042

(အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း - 09 421103088)

**အရောင်းကိုယ်စားလှယ်ဆိုင်များ**

ရွှေမြို့တော်တာယာဆိုင်
- [illegible]
- [illegible]

သုခနှင့်နောင်တာယာဆိုင်
- [illegible]

ပါလီတာယာအရောင်းဆယ်ရေး
- [illegible]

ဦးလှရွှေ (ကံတော်လေး တာယာဆိုင်)
- [illegible]

ကျွန်မြို့ တာ(တာယာဆိုင်)
- [illegible]

ငွေစင်(တာယာအရောင်းဆယ်ရေး)
- [illegible]

မြန်ဆီ(တာယာအရောင်းဆယ်ရေး)
- [illegible]

ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်)
- [illegible]

မဟာမိတ်(ကားပစ္စည်းဆိုင်)
- [illegible]

အန်တီဝင်း
- [illegible]




Promotion ကာလအတွင်း အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပါက ပြည်ထွန်းအောင်ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014

7 DAY NEWS JOURNAL
Vol.13, No.9 • MAY 7 , 2014